www.burmeseclassic.com

သမ္မာအလင်း

# ထွက်လမ်း

BURMESE CLASSIC .com

ကိုမျိုး (မင်္ဂလာ)

အသစ်စစ်စစ်လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

# သစ္စာစကား

ငါ့တွက်မြားမြောက်
ဂုဏ်လာဘ်ရောက်ဖို့
စုလောက်ကြိုးကုတ်
အားမထုတ်ဘူး
ဗုဒ္ဓမြတ်စွာ
သာသနာ၏
သစ္စာလေးပါး
မြတ်တရားသည်
ရှည်လျားကမ္ဘာ
တည်စိမ့်ငှာဟု
ပညာစွမ်းသမျှ
ကြိုးပမ်းရသည်
ဓမ္မသာသနာ
လင်းရောင်ဖြာလျက်
မှောင်စွာပယ်ရှင်း
တည်စေသောင်း။

BURMESE CLASSIC .com

သစ္စာအလင်းစာစဉ်(၃၀)

သစ္စာအလင်း ဓမ္မရေးသာစာပေဖြန့်ချိရေး

ဆိုင်အမှတ် (ဓအ - ၅)၊ ပထမထပ်၊ ညောင်ပင်လေးပလာဇာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်

ဖုန်း - ၀၉ ၅၁၃၀၈၂၆၊ ၀၉ ၇၃၀၅၄၆၈၄

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား၊ ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ထွက်လမ်း

ကိုမျိုး (မဂ်လာ)

အသစ်စက်စက်လုံးချင်းဝတ္ထု

အဒေါမဦးခင်ဦးဝင်းဖင် (မြိတ်) စီစဉ်သည်

သစ္စာအလင်းမွေ့ရသစာပေ အုပ်(၃၀) မြောက်အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၂၀၁၁-ခုနှစ်၊ နိုဝင်ဘာလ (ပထမအကြိမ်)

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၈၀၀

တမူခွင့်ပြုချက်အမှတ် - (၅၀၀၉၄၄၀၈၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၅၀၀၉၅၈၀၈၁၁)

ထုတ်ဝေသူ - ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ

အမှတ်(၂၄)၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်

မျက်နှာဖုံးဖလင် - Eagle အတွင်းဖလင် - AZ

ကွန်ပျူတာစာစီ - ဝင်းအိချို

မျက်နှာဖုံးဒီဇိုင်း - ဝင်းဖေ(မြိတ်)
( WZ Art & Design Group)

အဖုံးနှင့်အတွင်းစာသားပုံနှိပ်

ဒေါ်ကြည်ပြာသွယ်

ဝင်းတိုးအောင် ပုံနှိပ်တိုက် အမှတ် (၁၈၁)၊ လမ်း(၅၀)၊ ရန်ကုန်

စာအုပ်ချုပ် - ဖူးပွင့်မွှေး

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

| | |
|---|---|
| မျိုးကို၊ မင်္ဂလာ | ၈၉၅.၈၃ |
| ထွက်လမ်း / ကိုမျိုး (မင်္ဂလာ) | |
| ရန်ကုန် | |
| ရာပြည့်စာပေ၊ ၂၀၁၁၊ | |
| ၂၀၀ - စာ၊ ၁၈.၂၉ × ၁၂.၇ စင်တီ၊ | |
| (၁)ထွက်လမ်း | |

# စာရေးသူ၏အမှာစာ

ကျွန်တော်သည် လွန်လေခဲ့သော ခြောက်နှစ်တာကာလအထိ သမုတိနယ်ကိုလေသာရေယာဉ်ကြောတွင် စုန်ဆန်မျှော၍ မောပန်းနေရသည်ကို ကိုယ်တိုင်ပင် မသိခဲ့ရိုးအမှန်ပါ။

ကျွန်တော် ဆပ်၍မကုန်နိုင်သော ကျေးဇူးရှင်ဖြစ်လာမည့်သူကို အကြောင်းပြု၍ ပဋိစ္စသမုပ္ပါဒ်သင်တန်းတရား တစ်ချိန်မျှ စတင်ကြားနာဖြစ်ခဲ့ရခြင်းကပင် ကျွန်တော်ဘဝအတွက် သစ္စာအသိ သိရန် ကြောင်းကျိုးချိန်ခါကျလာခဲ့ခြင်းဖြစ်ကြောင်းကို ယခုအချိန်တွင် ကောင်းစွာသိခဲ့ရလေသည်။

တစ်ကြိမ်မျှကြားနာရစဉ်မှာပင် သစ္စာတရားအပေါ်၌ သဒ္ဓါစိတ်ပြင်းစွာဖြစ်ခဲ့ရ၍ ကြိမ်ဖန်များစွာ ကြားနာမှတ်သားခဲ့ရသော စာပဋိစ္စသမုပ္ပါဒ် (သို့) ဒေသနာ ပဋိစ္စသမုပ္ပါဒ်ကို အခြေခံကာ သစ္စာတရားနှင့်ကျင်လည်ပတ်သက်ခဲ့ဖူးသော အရပ်ဒေသများသို့ အကြောင်းပြု၍ ဤထွက်လမ်း သမုတိ - ပရမတ်ဆက်စပ်ကြောင်းကျိုးပြု စိတ်ကူးယဉ်ဝတ္ထုအား ဖန်တီးခဲ့မိပါသည်။

ကျွန်တော်၏ ထွက်လမ်းဝတ္ထုကို ဖတ်ခြင်းအကြောင်းပြု၍ သမုတိနယ်တွင် ကျင်လည်နေသော စာဖတ်သူတို့အား သစ္စာအသိ နှမ်းတစ်စေ့တစ်ထောက်မျှ သဒ္ဓါစိတ်ဖြစ်ခဲ့လျှင်ပင် ဤဝတ္ထုအား ရေးသားရကျိုးနပ်မည်ဟု ခံယူမိပါသည်။

သစ္စာအသိဖြင့်
ကိုမျိုး (မင်္ဂလာ)

www.burmeseclassic.com

www.burmeseclassic.com

## မိတ်ဆက်အမှာစာ

(၂၀၁၁)ခု၊ မေလ (၃) ရက်နေ့က ဦးမျိုးသန့်သည် ပန်းချီဦးဝင်းဇော်(မြိတ်)နှင့်အတူ သာကေတမြို့နယ် ရတနာအိမ်ယာရှိ ကျွန်တော့်နေအိမ်သို့ ရောက်ရှိလာပါသည်။ လွန်ခဲ့သော တစ်ပတ်ခန့်ကပင် နေပြည်တော်မှနေ၍ ဦးမျိုးသန့်က သူရေးထားသော ဝတ္ထုရှည်တစ်ပုဒ်လာပြချင်သည်ဟု ကြိုပြောထားခဲ့ပြီးဖြစ်ပါ၏ လာပါ။ ကြိုဆိုပါသည်။

ဖတ်ပေးပါဆိုတော့ ဖတ်ပေးမှာပေါ့။

လိုအပ်တာ တည်းဖြတ်ပြုပြင်ပေး ပါ ဆိုသည့်အချက်ကိုတော့ ငြင်းပယ်လိုက်ပါသည်။ မလုပ်နိုင်ပါ။

အမှာစာရေးပေးပါဆိုသော အကူအညီတောင်းလာခြင်းကိုကား အများအားဖြင့် ငြင်းဆန်လေ့မရှိသည့်ကြောင့် ရေးပေးပါမည်ဟု ကတိပေးလိုက်ပါသည်။ ဤသို့ဖြင့် စာမူကို ဖတ်ရှုကြည့်ရပါသည်။

ဝတ္ထုရှည်တစ်ပုဒ်ပီသစွာ ဇာတ်ရုပ်တွေ သုံးဆယ်ကျော်ဖြင့် ဖွဲ့စည်းထားသည်။ ဖတ်ရင်း ဖတ်ရင်းပင် သူတို့နှင့် ရင်းနှီးသွားသည်။ နေမျိုး၊ မျိုးမောင်၊ အငယ်လေး၊ ဇင်မောင်၊ နွဲ့လေးငယ် ခေါ် ယုန်မ၊ ကိုကြီးကျော်၊ သန်းညွှန့်၊ သိန်းထွေး၊ ဟင်နရီပေါက်တူး၊ ခင်ငြိမ်းစံ၊ ရှင်ပိုင်းဖြူ၊ ပိုးနှင်းဥ၊ ငြိမ်းချမ်း၊ သီဟ၊ ပိုင်စိုးမောင်၊ ဦးဝင်းထွန်း၊ ဦးဘမောင်၊ ဝက်လက်ဝင်းမောင်၊ မကြင်စိန်၊ မအေးနွဲ့၊ ဇေယျာမောင်၊ ဦးကျင်စွံ၊ ဒေါ်ဝိမလစာရီ၊ ဦးကေတု၊ ဦးဝင်းဇင်၊ ဦးစိန်မောင်၊ ဦးနန္ဒ၊ ဦးဇဝန၊ ဦးဝါသဝ စသည်ဖြင့် ဇာတ်လမ်းဇာတ်ကွက်တွင် အသက်ဝင် လှုပ်ရှားကြသည်၊ သူတို့ခေါ်ရာ လိုက်ပါသွားမိလေတော့သည်။

ဖတ်လို့ကောင်းသော ဝတ္ထုစာအုပ်ဖြစ်ပါသည်။

ဖတ်ချင်စဖွယ် ဆွဲဆောင်သော ဇာတ်ညွှန်း ဇာတ်ကွက်တွေ့ရပါသည်။ သဘာဝယုတ္တိ၊ သာကေယုတ္တိများဖြင့် ဖွဲ့စည်းထားသည်။ ပြီးမှပဲ လက်က ချနိုင်ပေတော့သည်။

အရေးအသားလည်း ကောင်းမွန်ပါသည်။

အကြောင်းအရာက လူငယ်များ၏ဘဝကို ဖွဲ့ဆိုနေရာမှ အချစ်အလွမ်းတွေအပြင် ဘဝ၏ အနှစ်သာရတရားတွေလည်း ဖွဲ့ဆိုတင်ပြထားလေသည်။ သမုတိနယ် ပညတ်လောကကို လွန်မြောက်လျှင် ပရမတ္ထသစ္စာနယ်ပယ်ထိအောင် သိမြင်နားလည်ဖို့ ကြိုးစားချင်အောင် လမ်းညွှန်ဖွဲ့ဆိုထားသည်။

အနုပညာရသပါအောင် ရေးနိုင်စွမ်းရှိသဖြင့် စာရေးဆရာကိုမျိုး(မင်္ဂလာ) ကို ချီးကျူးမိပါသည်။ အကြောင်းအရာ ရည်ရွယ်ချက်က အနှစ်သာရပြည့်ဝသဖြင့် အံ့သြဝမ်းသာစွာ သာဓုခေါ်မိပါသည်၊ ဆောင်းပါးရေးသူအဖြစ် (၂၀)နှစ် ကြာမြင့်ခဲ့သော်လည်း ဤကဲ့သို့ လှပသော ဝတ္ထုကောင်းတစ်ပုဒ်ကို မိမိ ရေးနိုင်သေးပါ။ မရေးဖွဲ့တတ်ပါ။

လူငယ်စာဖတ်ပရိသတ်အတွက် စကားပြေများ ရေးသားခဲ့သူဖြစ်ပါသည်၊ ဆောင်းပါးများသာ မိမိရေးတတ်ခဲ့ပါသည်။ ဤကဲ့သို့ ဝတ္ထုအဖြစ် ဖန်တီးနိုင်စွမ်းရှိသော စာရေးဆရာကိုမျိုးကို အားကျမိပါသည်။ သူ့လို ရေးတတ်ချင်၊ အထူးပင် လေးစားအားကျပါသည်။

စာဖတ်သူများ ဤဝတ္ထုကို ဖတ်လျှင် ပြုံးရ၊ ရယ်ရ၊ လွမ်းရ၊ ဆွေးရ၊ ငိုကြွေးဆင်ခြင်ရ။ ဟာသရသ၊ သိင်္ဂါရ ရသ၊ ကရုဏာ ရသ၊ သန္တ ရသ စသဖြင့် ရသပေါင်းတို့ကို ခံစားရပါလိမ့်မည်။ ခံစားရအောင် ဆွဲဆောင်နိုင်သောဝတ္ထုတစ်ပုဒ်ဟု မိတ်ဆက်ပေးပါရစေ။

ကိုမျိုး (မင်္ဂလာ) စာအုပ်ကောင်းတွေ ဆက်လက်ပြုစု ရေးသား ထုတ်ဝေနိုင်ပါစေဟု ဆန္ဒပြုလိုက်ပါသည်။ ဆက်လက်ထွက်ပေါ်ဦးမည်ဟုလည်း ယုံကြည်မျှော်လင့်ပါသည်။

ချစ်နိုင် (စိတ်ပညာ)

၄-၅-၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## "အယုတ်သစ္စာနှစ်ပါးပြိုင်လည်စဉ်ကာလ"

ဂိမ္မာန်နွေလ၏ သရုပ်အမှန်ကို တပေါင်းလပြည့်ကျော် ရန်ကုန် နွေနေ့များသာ အခိုင်အမာသက်သေထူရန်ရှိနေသည်။ ပြည်လမ်းမကြီးပေါ်ရှိ တံလျှပ်များ ၏ နိုင်မာအသိရှိနေလျက်မှပင် ရွှေသမင်စိတ်ဝင်လာ ပြီး ရေတင်မိရမတတ် မှုလောင်ခြင်းပြင်းထန်လှလေသည်။

"ဒီနားမှာ ငါခဏဆင်းခဲ့မယ်"

တိုးလျှည်သာသော သူ့စကားသံကြောင့် နေမျိုးမှမောင်းလာသော အရှိန်လျှော့၍ အချက်ပြကာ အတိတ်ကပန်းခရမ်းပြာအနီး ကားကို ရပ်ပေးလေသည်။ တံခါးလှပ်၍ သူအဆင်း နောက်ခန်းတွင် အတူထိုင် လာသော အငယ်လေး မှ နားမလည်ဟန်ကို ဖြေသိမ့်ဟန်ရောသောအကြည့်နှင့် လှမ်းကြည့်သည်ကို ပြုံးပြရင်း တံခါးကိုပြန်ပိတ်လိုက် လေသည်။

နေမျိုးသော ရှေ့ခန်းမှဇင်မောင်က လိုက်ဆင်းဟန် တံခါးဖွင့်နေ၍

"ငါတစ်ယောက်တည်း နေပါရစေကွာ"

ဟုသူပြောလျှင် ကားတံခါးဖွင့် ရင်းတန်းလန်းမှ နေမျိုးဖက်သို့လှည့်၍ သယ်လိုလဲဟု မျက်နှာအမူအရာဖြင့်ပြနေသည်ကို ကျောခိုင်းရင်း အင်းယားကန် ဘောင်ဘက် လှမ်းထွက်ခဲ့လေသည်။ အဆုံးစွန်သော ခံစားကြေကွဲရမှုများကြောင့် စိတ်နှင့်ကိုယ် မကပ်သည်ကတော့ အမှန်ပင်။ သတိလက်လွတ်လမ်းဖြတ်ကူးမှုကြောင့် သူ့ကိုမနည်းလွတ်အောင် ရှောင်သွားသော ကားဆရာဆီမှ ဆဲရေးသံကိုပင် ကိုယ်နှင့်မဆိုင်သလို မျိုးနှင့် ကန်ဘောင်ပေါ်လှမ်းတက် ခဲ့လေသည်။

"ဒီအချိန်မှာ သူတစ်ယောက်တည်းနေပါစေကွာ၊ ငါတို့မှာလည်း

www.burmeseclassic.com



ဖြေသိမ့်စရာစကားမှ မရှိတော့တာဘဲ" ဟု တစ်ယောက်တည်းရေရွတ်သလိုမျိုး ခွင်တစ်ခုခုတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရရန် သူကြိုးစားနေစဉ်အချိန်မို့ ပတ်သက် ဆို၍ နေမျိုးမှကားကို လမ်းမပေါ်သို့ ဦးတည်မောင်းထွက်လိုက်လေသည်။ လွန်ခဲ့ သော (၄၈) နာရီ၊ နွဲ့လေးငယ်နှင့်အတူထိုင်ခဲ့ရာ ခုံတန်းလေးသို့ သူတစ်ယောက် တည်း အသာအယာဝင်ထိုင်လိုက်မိသည်။

သူ့လေးတစ်ဖက်တွင် ရင်နှင့်အမျှ မြတ်နိုးတန်ဖိုးထားရသော ချစ်သူနွဲ့ လေးငယ်သည် နေအပူရှိန်ကြောင့် ထွက်လာသောချွေးများကို တစ်သျှူးနှင့်သုတ် ရင်း ချိုသာရိုးရှင်းသောအပြုံးနှင့် .....။

"နေပူထဲလဲတစ်ကယ် လျှောက်ရဲတာပါနော်" ဟုဆိုစကားကို ကြည့်ဖူး သည်။

ပြီးသား ရုပ်ရှင်တစ်ကားလို အတိတ်နှင့်ပစ္စုပ္ပန်ရောထွေးနေသလိုမျိုး အသ ကြောင့် တနာစိတ်နှင့် နှစ်သိမ့်မှုပေးရန် အသက်တမျှချစ်ရသော ချစ်သူနွဲ့လေး ငယ် အနီး တိုးကပ်လိုက်မိသည်။ ပစ္စုပ္ပန်အသိဥကာ သူတစ်ယောက်တည် နွဲ့လေးငယ် မရှိ၊ အကာအကွယ်မဲ့သော ခုံတန်းပေါ်တွင် နေမင်း၏အရှိန်များက လည်း၊ သူနဲ့မဆိုင်သလိုမျိုးခံစားရလေသည်။

ကိုယ်ကျမှသည်အဖြစ်မျိုးဖြစ်ရလေခြင်းဟု ကိုယ်စိတ်နှလုံးကြေကွဲ လောက်အောင် ပြင်းစွာသောချစ်၍ ပူလောင်ရခြင်းက နွေအပူထက် နိုင်းဆမ လောက်အောင် ပိုနေသည်မှာ အသေအချာပင်။ နွဲ့လေးငယ်ကို ခုနစ်ယောက် အုပ်စုထဲသို့ သူရောထွေးပေါင်းစပ်မိသည်ကလည်း ထူးဆန်းသောအကြောင် တစ်ရပ်လိုပင် ရင်မှခံစားသိထားရမိလေသည်။ သူကကွန်ပြူတာတက္ကသိုလ် ပူပူနွေးနွေးကျောင်းပြီးကာစအချိန် နွဲ့လေးငယ်တို့ အုပ်စုကလည်း ဘီအီးဘွဲ့ရရ လပိုင်းမျှအလိုတွင် သူတို့ အုပ်စုထဲမှ နေမျိုးနှင့်အမှတ်မထင် စတင်ရင်းနှီးခဲ့ပြ နေမျိုးမှတဆင့် ခင်မင်ဘွယ်ရာကောင်းသော တစ်အုပ်စုလုံးနှင့် ဆုံဆည်းခဲ့ရခြင် ဖြစ်လေတော့သည်။

အင်းစိန်ဂုံးကျော်တံတားအနီး လက်ဖက်ရည်ဆိုင်တွင် နေမျိုးနှင့် စတ ကြုံပုံကလည်း ဇာတ်လမ်းတစ်ပုဒ်ဆန်နေသလိုလိုပင်၊ ကျောင်းပြီးစမှ လုပ်ငန်



ထူးအိမ်သင်၏ အမေ့အိမ်သီချင်းသံကြောင့် လှမ်းနေသောခြေလှမ်း များရပ်၍ ထိုလက်ဖက်ရည်ဆိုင်တွင်းသို့ ဝင်ထိုင်မိခြင်းကအစပြုရမလိုပင်။

သူ့အရင်ရောက်နှင့်ပြီးသား နေမျိုးတစ်ယောက်တည်း ထိုင်နေသော စားပွဲဝိုင်းတွင်ဝင်ထိုင်ရင်း ကျဆိမ့်ရှယ်တစ်ခွက်နှင့် အမေ့အိမ်သီချင်းမှာ စီး မျောရင်း သူကိုယ်တိုင်အတွေး စိတ်ကူးများနှင့် အမေ့အိမ်ကို ပြန်ဖြစ်ခဲ့လေတော့ သည်။

ဆိုင်အတွင်းဝိုင်းများအားလုံး လူပြည့်နေ၍ နေမျိုးဘေးခုံဝင်ထိုင်ရင်း အပြုံးနှင့်ခေါင်းငြိမ့်ခွင့်တောင်းဟန်ပြုလိုက်သည်ကိုအသိအမှတ်ပြုဟန်နှင့် ပြန်၍ ခေါင်းငြိမ့်ပြသောကြောင့် တေးသံတွင်စီးမျောရင်း ကျဆိမ့်ကိုအရသာခံနေချိန် တွင် အနီးမှ ရုတ်တရက်ထ၍ ဆိုင်အပြင်ထွက်သောသော နေမျိုးကိုလှမ်း ကြည့်တွင် အလုပ်မှပြန် လာဟန်တူသော မိန်းမငယ်တစ်ယောက်ကို ယစ်မူး ခြင်းလွန်ကဲဟန်နှင့် အမျိုးသားသုံးဦးမှ ဆွဲရမ်းခြင်းအမှုကို တွေ့လိုက်ရ၍ စိတ်ဝင် တစား ကြည့်နေလိုက်မိသည်။

ဘေးမှလူအများက ကိုယ်နှင့်မဆိုင်သလို ရှောင်ရှားသွားနေချိန်တွင် သူ့ အနီးမှထသွားသော နေမျိုးမှ ထိုအုပ်စုအနီးတိုး ကပ်၍ တစုံတရာပြောလိုက်ဟန် တူသည်။

ယစ်မူးနေသောအုပ်စုမှ တစ်ယောက်ကနေမျိုးနှင့် အပြန်အလှန် ပြော နေစဉ် ဘေးမှတစ်ယောက်က ဖြတ်ကနဲနေမျိုးကို အနောက်မှသိုင်းချုပ်၍ ခါး ကြားတွင်ပါလာသော ဓါးမြှောင်ဖြင့် လည်မျိုထောက်လိုက်သည် ကိုတွေ့လိုက်ရ ၍ သူ့ခြေသွားများဆူပွက်သွားကာ အခင်းဖြစ်နေသော အုပ်စုအနားသို့ လျှင်မြန် သောအဟုန်နှင့် တိုးကပ်လိုက်မိသည်။

လာပြန်ပြီလား တစ်ယောက်ဟု စကားသံအဆုံးမှာပင် သူ့ခြေလက်

www.burmeseclassic.com

www.burmeseclassic.com



များက အလိုက်သင့် လှုပ်ရှားပြီးသားဖြစ်သွားသည်။ တစ်မိနစ်ပင်မကြာဘဲ ပွဲက အဖြေထွက်သွားသည်။ သူ့ကိုဓါးနှင့်ထောက်သူလက်မှ ဓါးနှင့် ကိုင်မြှောက် လှုပ်ရှား ဟန်ပြုသောနေမျိုးကို ဖြတ်ကနဲဖမ်းတားရင်း ခေါင်းရမ်းပြလိုက်မိသည် ဒေါသကြောင့် နီရဲသောမျက်နှာဖြင့် သူ့ကို၏လှမ်းကြည့်ရင်း လက်ထဲမှဓါးကို လ ဘေးသို့ပြစ်ချလိုက်သော နေမျိုးကိုကြည့်ရင်း မိန်းမငယ်၏ ထမင်းချိုင့်ဂ ကောက်ယူကမ်းပေးလိုက်သည်။

ထိုစဉ် အရပ်ဝတ်နှင့် လွယ်အိတ်လွယ်ထားသော ခပ်ရှယ်ရှယ် လူနှစ်ဦ ရောက်လာပြီး လဲကျနေသော အမူးသမားများကို လက်ထိပ်ခပ်သည်ကိုမြင်၍ ပြည်သူ့ရဲတွေဘဲဟု ရင်မှသိလိုက်ရသည်။

ဘယ်လိုဖြစ်ကြတာလဲဟု အမေးစကားကို နေမျိုးမှ မိန်းမငယ်လေ အား မေးဆပ်ညွှန်ပြရင်း သူကိုဘဲမေးကြည့်ဟုဆိုလေသည်။

ကိုယ့်ညီနှစ်ယောက်လည်း စခန်းကိုလိုက်ခဲ့အုံးဟုဆိုလာစဉ် နေမျိုး သူ့အိပ်ထဲမှ ကျောင်းသားကဒ်ထုပ်၍ပြပြီး လိုအပ်ရင်အိမ်ကို ဖုံးဆက်လိုက်ပါ စာမေးပွဲနီးနေပြီ ဖြစ်နိုင်ရင် နောက်ထပ်မပါချင်တော့ဘူးဟုပြောလျှင် ခေါင်းငြိမ့် အသိအမှတ်ပြုဟန်နှင့် လက်ထိပ်ခပ်ထားခံရသူ အမူးသမားသုံးယောက်ကိုခေ ပြီး ရဲသားကြီးနှစ်ယောက်ထွက်သွားကြလေတော့သည်။

ဘေးမှလူအများ၏ ဝေဖန်သောစကားသံများ သံစုံထွက်လာစဉ်မှာပင် လာသူငယ်ချင်းဟု သူ့ကိုခေါ်ရင်းလက်တစ်ဖက် မှအိပ်ထဲမှ တစ်ထောင်တန်တ ရွက်ထုတ်၍ ရပ်ကြည့်နေသောစားပွဲထိုး ချာတိတ်အား -

ဒါကိုယ့်ဝိုင်းအတွက်ဟု ကမ်းပေးရင်း ရှေ့မှထွက်သွားသောနေမျိုး နောက်သို့ ယောင်ကြောင်ကြောင်နှင့်လိုက်သွားလိုက်မိလေတော့သည်။

လမ်းတစ်ဖက်ရပ်ထားသော အဖြူရောင်ဆူပါဆလွန်းကားကို သော့ လုပ်ပြီး ဘေးတံခါးဖွင့်ကာ သူ့ကိုဝင်ရန်ဟန်ပြ၍ အလိုက်သင့်ဝင်ထိုင်စဉ်မှာပင် သူကကားကိုမောင်းထွက်နေလေပြီ။



ကြို့ကုန်းရိပ်သာရှေ့အရောက်တွင် -

ငါ့နာမည်နေမျိုး နောက်သုံး လေးလဆိုရင် ဘီအီးဗိုင်နယ်ဖြေမှာ သူကအသိအမှတ်ပြုဟန် ခေါင်းငြိမ့်ပြလိုက်လေသည်။

မင်းဘယ်သွားမှာလဲဟု အမေးစကားထပ်ဆိုလာ၍ -

ငါစံရိပ်ငြိမ်ထဲက အမျိုးသားဘော်ဒါဆောင်တစ်ခုမှာနေတာ အဲဒီကိုပြန်မှာ စံရိပ်ငြိမ်မှတ်တိုင်အကျော်လေးဆိုရင် ဆင်းမယ်လေ။

သူ့အဖြေစကားဆုံးလျှင်

မင်းကျောင်းမပြီးသေးဘူးလား।

အပြုံးနှင့်ခေါင်းရမ်းပြရင်း ငါကွန်ပြူတာနဲ့ကျောင်းပြီးသွားပြီ။ အခုနယ်ပြန်သေးဘဲ အလုပ်ရှာနေ တာ -

ဩ ငါ့နာမယ် မျိုးမောင်တဲ့ နောက်ကြုံရင်လည်းခေါ်ကွာ မင်းကဘယ်နယ်ကလဲ।

မိတ္ထီလာ မြို့နာမည်ပြောလိုက်စဉ် -

မင်းက ၊မိတ္ထီလာသား ကိုး- ရေငံသောက်မြက်ခြောက်စားဆိုတာ နေမျိုးစကားမဆုံးခင် သူ လက်ကာပြ၍ မိတ္ထီလာကန်ရေက ရေချိုပါဟုဆိုလျှင် နှစ်ဦးသား ပေါင်းစပ်ရယ်မောလိုက်မိကြလေတော့သည်။

အဆောင်ကိုနောက်မှပြန်ကွာ! ငါ့အိမ်ခဏလိုက်ခဲ့ပါအုန်း တုန့်ပြန်စကားမဆိုဘဲ ငြိမ်သက်၍ အလိုက်သင့်နေလိုက်မိသည်။

အင်းလျားမြိုင်ရှိနေမျိုးအိမ်သို့ရောက်ရှိစဉ်မှာ ပြည့်စုံတဲ့မိသားစုအသိုင်းအဝိုင်းဟုစိတ်ထဲမှအသိအမှတ်ပြုလိုက်မိလေသည်။

သားပြန်လာပြီ! ဟင် သူငယ်ချင်းပါလာတယ်လား।ဟု အမေးစကားနှင့် သူ့ကိုပုံးစမ်းဟန် နှင့်ကြည့်နေသော ဝဖိုင့်ဖိုင့်နှင့်ဖြူစင် ချောမောသော အမျိုးသမီးကြီးကို နေမျိုးအမေပဲဟုသိထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေကြီးပြန်ရောက်ပြီလား! ဟု နေမျိုးအမေးစကားအဆုံးတွင် အခု ရောက်တာ ရေချိုးနေလေရဲ့-

နေမျိုးမှသူ့ဘက်လှည့်ကာ လာသူငယ်ချင်းဟု ရှေ့မှဦးဆောင်၍ တိုက် အတွင်းသို့ လှမ်းဝင်သွား၍ အလိုက်သင့်လိုက်ပါသွားခဲ့လေသည်။

ဧည့်ခန်းအတွင်း သူ့အဖေနှင့် အမေနှစ်ယောက်လှမ်းဝင်လာစဉ် -

ဖေကြီးနဲ့မေကြီးကို မိတ်ဆက်ပေးရအုံးမယ်ဟု နိဒါန်းစကားဆိုရင်း နေမျိုးမှ သူနဲ့ဆုံဆည်းလာရပုံကို အသေးစိတ်ပြောပြလေတော့သည်။

နေမျိုးစကားအဆုံးတွင် -

အမလေး သားရယ် - မသေကောင်း မပျောက်ကောင်း -ဟုဆိုရင်း သူ့ကိုကျေးဇူးတင်စကားများပြောလာသော နေမျိုးအမေကိုကြည့်ရင်း နယ် မိခင်ကြီးကို သတိရခြင်းပြင်းစွာဖြစ်ရပြန် တော့သည်။

နေမျိုးအမေမှ- သားရယ်နောက်ဆိုရင် ကိုယ်နဲ့မဆိုင်တဲ့ကိစ္စတွေ ဝင်မပါနဲ့နော် -

မင်းကလည်းကွာ - ကိုယ့်ရှေ့မှာအမြင်မတော်တဲ့ ကိစ္စကို ဘယ်လို ဥပေက္ခာပြုမလဲ! ဥပေက္ခာပြုလိုက်ရင်လည်း ဘယ်မှာလာယောကျ်ားကောင်း ဖြစ်နိုင်တော့မှာလဲ တရားတဲ့ဘက်ကတော့အတတ်နိုင်ဆုံးကူညီရမှာပေါ့၊ တရား ကို နတ်စောင့်တယ်လို့ဆိုစကားတောင် ရှိသေးတာပဲ၊

သူ့အဖေစကားအဆုံးတွင် နေမျိုးမှ -

တရားကိုနတ်စောင့်တာ မဟုတ်ဘူး- ဒီကောင်မျိုးမောင်စောင့်တာပါ အရွှန်းစကားဆိုလာ၍ လေးဦးသား ပေါင်းစပ်ရယ်မောမိလိုက်ကြလေတော့ သည်။

နေမျိုးအမေမှ -

သားလေး အန်တီတို့အိမ်မှာ အေးအေးဆေးဆေးနဲ့ ထမင်းစားသော့



[illegible] ပြန်နော်ဟုဆိုလာစဉ် -

မစားတော့ပါဘူး အန်တီ၊ ကျွန်တော်အခုပဲ ပြန်တော့မှာပါဟု တုံ့ပြန် ပြောဆိုမိလေသည်။ နေမျိုးမှ -

သူငယ်ချင်း ဘာမှအားမနာနဲ့ - မင်းနဲ့ပတ်သက်ပြီးတော့ အဖေနဲ့အမေ ကို အခုပဲငါခွင့် တောင်းတော့မလို့ -

သားနေတဲ့ဟိုဘက်ကတိုက်ကလေးမှာ သူ့ကိုခေါ်ထားချင်တယ်ဟု ဆိုလေသည်။

မင်းလည်းလာနေနိုင်အောင်ကြိုးစားကွာ၊ ဒီမှာမင့်အတွက်ဖိုပြီး အဆင်ပြေမှာ အားလုံးဘဲ၊ ဖေကြီးနဲ့ပါတ်သက်တဲ့အသိုင်းအဝိုင်းမှာ အလုပ်ရဖို့ ကူညီနိုင်မယ်ထင်တယ်၊

ဟုတ်တယ်ကွ၊ ဦးတို့မှာလည်း ဒီသားတစ်ယောက်တည်းရှိတာ၊ အဲ့ လူလေးက ဘာနဲ့ကျောင်းပြီးထားလဲ -

ကျွန်တော်ကွန်ပြူတာနဲ့ပါ -

ဟင် သားနေမျိုး မင်းဦးငယ်ဆီဖုံးခေါ်ကွာ!

လွန်ခဲ့တဲ့ သုံးရက်လောက်က ကွန်ပြူတာနဲ့ကျောင်းပြီးပြီးသား တစ်ကယ် လည်းကျွမ်းကျင်တဲ့ လူငယ်တစ်ယောက် လိုချင်တယ်လို့ပြောသေး တယ်၊

နေမျိုးမှ တိုက်ဝဖက်ထွက်၍ ဖုံးခေါ်လေတော့သည်။

ရပြီဖေကြီး -ဟုဆိုကာ ဖခင်အား ဖုံးလှမ်းပေးရင်း သူ့အနီးတွင်ဝင်ထိုင် ကာ ပုခုန်းလှမ်းဖက်ကာ သူ့အဖေ ဖုံးပြောတာကို စိတ်ဝင်တစားနားထောင်နေ လေသည်

နေမျိုးဖခင်မှ- အေးအေး ဒါဆိုလည်းပြုကြည့်ကြပေါ့-ဆိုရင်း အင်း- လူလေးကို လူတွေ့စစ်ဆေးကြလိမ့်မယ်၊ ကိုယ်ရေးဖိုင် ကို ဦးကိုပေးထား - တုန့် လေသည်။

www.burmeseclassic.com



ကဲ သူငယ်ချင်း မင်းအဆောင်သွားရအောင် - ပစ္စည်းတွေသိမ်း ဒီနေ့ဘဲ ငါနဲ့လာနေကွာ၊ မင်းနဲ့ငါတွေ့ရတာ အချိန်ပိုင်းလေးဖြစ်ပေမယ့် ငါတစ်ကယ်ဘဲ ရင်းရင်းနှီးနှီးခင်မိတယ်ကွာဟု ပြောလာ သောနေမျိုးကိုကြည့်ရင်း ပင့်သက် အသာအယာရှိုက်သွင်းကာ ငြင်းဆန်ဖို့ ဝန်လေးနေမိတော့သည်။

ထိုစဉ်နေမျိုးမိခင်ဖြစ်သူမှ -

သားရဲ့ဇာတိကိုတောင် မေးမကြည့်ရသေးဘူးဟု ဆိုလာ၍၊ ကျနော် မိတ္ထီလာကပါ။ ကျနော့်မေမေကတော့ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး၊ အခု တော့ ဆရာမကြီးပွဲရုံဖွင့်ထား တယ်။

မိတ္ထီလာဈေးအပြင်ဘက်တန်းမှာပါ။ သူ့စကားအဆုံးတွင် သားဖေဖေ ကကော့ဟု စကားထောက်လာ၍ ပင့်သက်တစ်ချက်ရှိုက်သွင်းရင်း -

ကျနော့်ဘဝမှာ အဖေဆိုတာကို မမြင်ဘူးခဲ့ရပါဘူး။

ငယ်ငယ်က မေမေ့ကိုမေးကြည့်ပေမယ့် သားရဲ့ဖေဖေဟာ မေမေတို့ မိသားစုနဲ့ ကမ္ဘာခြားသွားပြီမို့ နောက်မမေးနဲ့နော်ဆိုတဲ့ စကားတစ်ခွန်းနဲ့ဘဲ အဖေ ဆိုတာ အဆုံးသတ်ခဲ့ရပါတယ်။

မေမေကဘဲ အဖေလိုရော အမေလိုပါ လိုလေသေးမရှိအောင် ပြုစု စောင့်ရှောက်ရင်းနဲ့ ဒီအရွယ်ထိကြီးပြင်းလာခဲ့ရတာပါ။

ကြေကွဲဟန် ရောထွေးနေသော သူ့စကားသံအဆုံးတွင်

ဩ - သားရယ် - ဟု ဝမ်းနည်း ဟန်ရေရွတ်လိုက်သော နေမျိုးမိခင် ထံမှ စာနာဟန် စကားစက မသဲကွဲချင်တော့ .....၊

အဆောင်ရှေ့ကားပေါ်မှ သူ့အဆင်းအဆောင်ရှေ့ခုံတန်းပေါ်တွင် ဂီတာ ကြိုးညှိနေသော ကိုကြီးကျော်မှ -

ဟ မောင်မျိုး ကားတွေဘာတွေနဲ့မိုက်လှချည်လား၊ ဟုနှုတ်ဆက် စကားဆိုရင်း နောက်မှပါလာသော နေမျိုးကိုပြုံးစမ်းဟန်နဲ့ တစ်ချက် လှမ်းကြည့် လေသည်။



ကိုကြီးကျော် ကျနော်အဆောင်ကပြောင်းတော့မလို့ -

သူ့စကားမဆုံးခင်မှာပင် -

မင်းကဆိုင်းမဆင့် ဗုံမဆင့်ဘာလားကွ! ဟုစကားဆိုရင်း လက်မှဂီတာ ကိုချ၍ သူနှင့်အတူ အဆောင်အတွင်း လိုက်ဝင်လာသော ကိုကြီးကျော်အား ပုခုံး ကိုအသာဖက်ကာ ဟုတ်တယ် ကိုကြီးကျော်၊ ဒါနေမျိုးတဲ့ - ကျနော့သူငယ်ချင်း အသစ်ပေါ့ သူ့အိမ်မှာလိုက်နေဖို့အကြောင်းဖြစ်လာလို့။

အဆောင်ပိုင်ရှင်အဖွားကြီးကတော့ ကြေကွဲမှာဘဲ၊ မင်းကိုသူက သံယောဇဉ်အတော်ကြီးတာကွ! ငါလည်းကြေကွဲပေါ့ကွာ၊

ပိုက်ဆံရေး မယ့်သူလျော့သွားလို့ မဟုတ်ဘူးနော်၊ အရွှမ်းစကားဖြင့် ဖြတ်လိုက်သော ကိုကြီးကျော်စကားသံအဆုံးတွင် နေမျိုးထံမှ တီးတိုးရယ်သံ ကြားလိုက်ရလေသည်။

အမေ ကျနော်အဆောင်ကနေပြောင်းတော့မလို -

ဘာရယ် - သားမောင်မျိုး အမေ့ကိုပြန်ပြောစမ်း ထင်မှတ်မထားသော စကားသံအဆုံး အဆောင်ပိုင်ရှင်အမေကြီး၏ တုန့်ပြန်မေးသံကြောင့် ဖြတ်ပြင်း တစ်ချက်အသာအယာ ရှိုက်သွင်းမိလိုက်ရပြန်တော့သည်။

နေမျိုးနှင့် ဆုံတွေ့ပုံမှသည် သူ့အလုပ်ရနိုင်ဘို့အတွက် ရှင်းလင်းအောင် ပြောပြလိုက်လေသည်။

သားလိုအမေက ရင်မှဖြစ်တဲ့သားလိုမျိုးကို သံယောဇဉ်ဖြစ်နေမိတာ အလေ တစ်ကယ်ရင်မှဖြစ်ခဲ့တဲ့သားတောင် ကံကုန်တော့ လမ်းခွဲခဲ့ရသေးတာ ကို သားဘဝတိုးတက်ဖို့အတွက်ဘဲသွားပေါ့၊ ဘယ်မှာနေနေ ရတနာသုံးပါးနဲ့ ဆရာသမားတွေရဲ့ ဂုဏ်ကျေးဇူးကို အမြဲဦးထားနော်၊ အမေမှာလို့ မှာနေ ပါ၊ သားမောင်မျိုးက လိမ္မာပြီးသားပါ၊ သား ခဏနေအုံးဟုဆိုကာ အတွင်းခန်း ဆီလှမ်းဝင်သွားလေသည်။

အဆောင်ပိုင်ရှင် အမေကြီးပြန်ထွက်လာစဉ်မှာပင် ကိုကြီးကျော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးလည်း အခန်းတွင်းဝင်လာကြလေသည်။

သားမောင်မျိုး ပိုက်ဆံ ခြောက်လစာအမေပြန်ပေးလိုက်မယ်။ ဟ
နေပါစေအမေရယ် -

ဘာလို့နေရမလဲသားရဲ့ သားမှအမေ့အဆောင်မှာ မနေဖြစ်တော့တ
သားပိုက်ဆံ သားပြန်ယူရမှာပေါ့။ အမြဲတမ်း တစ်နှစ်စာကြိုပေးပြီးနေတာ အ
အဆောင်မှာ သားတစ်ယောက်တည်းရှိတာ တချို့တွေဆို တစ်လ တစ်ခါပေးတ
တောင်မှ လခပေးခါနီးရင် ပြာယာခတ်ပြီးတော့ တောင်ပြေးမြောက်ပြေးနဲ့

အဆောင်ပိုင်ရှင် အဖွားကြီးစကားသံအဆုံးတွင် အမေကလည်းပျာပ
မလုံလဲသောအသံနှင့် ကိုကြီးကျော်မှ ရေရွတ်လိုက်လေသည်။

ထိုစဉ်အမေကြီးမှ -

အဲ အဲ မောင်ကျော်လိုမျိုးပေါ့ဟု ဆိုလိုက်၍ သူနှင့်နေမျိုး ပေါင်း
ရယ်မောသံဆူညံသွားလေသည်။

အဆောင်ရှေ့မှ နေမျိုးကားပေါ်သို့ သူ့ပစ္စည်းများ တင်ပြီးသွားစဉ် ကိုကြ
ကျော်မှ ကောင်လေးဟု ရင်ထဲကြွေကွဲသံနှင့် သိုင်းဖက်လာလေသည်။ ရယူပို
ဆိုင်လိုခြင်းကင်းသော ယောကျ်ားခြင်းရင်းနှီးမှု သံယောဇဉ်သည် အင်အားကြ
မားပြီး နိုင်ခံသည့်အဖြူရောင်ကြိုး တစ်စဖြစ်ကြောင်းကို ကိုယ်တိုင်ကြုံဖူးသူတို
ခံစားနားလည်ကြမည်ဟု ရင်ထဲမှတွေးမိလေသည်။

ကိုကြီးကျော် ရည်မှန်းချက်အပြည့်နဲ့ ယုံကြည်စွာဆက်တိုးရင်း ပန်းတို
ကို လှမ်းကိုင်နိုင်မှာပါ။ သူ့စကားအဆုံးအဆောင်ပိုင်ရှင် အမေကြီးပြန်ပေးလိုက်
သော ခြောက်လစာငွေအထုပ်လေးအား ကိုကြီးကျော် လက်တွင်းထည့်ပေ
လိုက်လေသည်။

ကိုကြီးကျော်မှ - ဟာ မင်းဘာလုပ်တာလဲကွာ၊ အဓိပ္ပါယ်မရှိ၊

နောက်ဆက်တွဲစကားစုထွက်မလာခင်မှာပင် -



ဘာကိုအဓိပ္ပါယ်မရှိတာလည်း - အရာအားလုံးအတွက် အရေးအပါဆုံး
ကြားခံပစ္စည်း ၊ကျနော့အတွက် ဘာမှမဟုတ်သလို ကိုကြီးကျော်အတွက်လည်း
ဘာမှမဟုတ်ပါဘူး၊ ဒါပေမယ့် ကျနော်တို့နှစ်ယောက်ရဲ့ရင်းနှီးမှုမှာ ဒီကိစ္စအတွက်
လည်း ပြောစရာတောင်မလိုဘူးဗျာ။

အချိန်အတိုင်းအတာတစ်ခုအထိ လွယ်ကူစွာလည်ပတ်နိုင်တဲ့ ချောဆီ
လိုသဘောထား၊ အချိန်ရရင် ရသလိုကျနော်လည်း လာခဲ့မယ်။ အားနာတာတို့
ဘာတို့ဆိုတာ အရောင်ပါတဲ့သဘောတွေပါ။

ကဲ လစ်မယ် ဗျာ၊ သူ့အမေတို့ကစောင့်နေကြမှာ အားနာစရာ သူ့စကား
အဆုံးတွင် နေမျိုးဆီမှ တီးတိုးရယ်သံထွက်လာလေသည်။

ကားနောက်ကြည့်မှန်မှ ရပ်ကြည့်နေသော ကိုကြီးကျော်ကိုကြည့်ရင်း
အဲကြီးကအရမ်းပြည့်တယ်၊အဆောင်မှာရှိတဲ့လူတွေကို ဖေးမသလို နားလည်
ပေးနိုင်တယ်။ သူ့ပညာနဲ့သူ့ရည်မှန်းချက် တစ်နေ့တော့အောင်မြင်မယ်ထင်တာ
ဘဲ -

သူ့စကားအဆုံး နေမျိုးမှ - ဘာလဲကွ! ဟုထောက်လာ၍ လက်ဟန်ပြ
ရင်း အတီးသမားဖြစ်ဖို့ကြိုးစားနေတာ - သီချင်းတွေလည်း ဖန်ဆင်းတယ်ပေါ့
ကိုယ်ပိုင်သံစဉ်တွေနော် - ငါတော့ခံစားလို့ရတယ် - ဩ ဟုနေမျိုးမှ အသံပြုလေ
သည်။

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

## "အဟောင်းမှသည်အသစ်ဆီသို့"

သားအတွက်အိပ်ယာပြင်ထားတယ်၊ သားအိပ်ယာလိပ်ကို ဟိုဗီဒိုထဲမှာသိမ်းထားလိုက်နော်၊ အဲဒီဗီဒိုကသားအတွက် အန်တီတို့အိမ် ကိုသားအိမ်လိုသဘောထား -

နေမျိုးအမေက ချိုသာအေးချမ်းသော စကားသံများနှင့် အားတက်သရောဆိုနေစဉ် - နေမျိုးမှ ဟမ်းဖုန်းတစ်လုံး ဖြင့်အလုပ်ရှုပ်နေလေသည်။

ကဲ - သားတို့လည်း ပင်ပန်းနေပြီ အနားယူကြ အုန်းဟုဆိုရင်း သူတို့အခန်းတွင်းမှ ထွက်သွားသောနေမျိုးမိခင်ကိုကြည့်ကာ အမေကို တမ်းတမ်းတတသတိရမိလေတော့သည်။

ဟမ်းဖုန်းကိုထုပ်၍ မိတ္တီလာကိုခေါ်ရန် နေမျိုးဖုန်းပြောအပြီး အသာစောင့်နေလိုက်မိသည်။ လေး၊ ငါး၊ ခြောက်ကောလောက်ပြောအပြီး သူ့ထံလျှောက်လာသောနေမျိုးမှ လာမယ့် Sunday ငါတို့သူငယ်ချင်း တွေဆုံဆည်းမှုငါးနှစ်မြောက်ပွဲ၊ အဲဒီမှာ အထူးဖြည့်သည်ပါမယ့်အကြောင်း အားလုံးလက်ခံရင် မင်ဘာအသစ်ဖြစ်မယ့်အကြောင်း အားလုံး ဆီကြိုတင်သတင်းပို့နေတာကွ!

ဟင် မင်းဟမ်းဖုန်းလား ဘယ်ကိုဆက်မလို့လဲ ပြောလိုရာများကိုတစ်ဆက်တည်းပြောနေသော နေမျိုးကို အသာအယာပြုံးပြပြီး မိတ္တီလာကိုဟုပြန်ဖြေလိုက်လေသည်။

ဟယ်လို - ဟုတဖက်မှအသံကိုကြားလိုက်တော့ ဖုန်းကိုင်သူမှာသန်းညွှန့်ဟု ချက် ချင်းသိလိုက်လေသည်။

ညွှန့်ကြီးလား ! ငါမေမေနဲ့ စကားပြောချင်လို့ -

ဆရာမကြီး မရှိဘူး - တရားစခန်းဝင်နေတယ်။ လာမယ့်အင်္ဂါနေ့မှာ - အင်္ဂါနေ့ နေ့ခင်းထမင်းစားပြီးချိန်လောက်မှ ပြန်ဆက် ငါ White Board မှာတင်ထားလိုက်မယ်။

ဟေ့ကောင် ! ဘာအရေးကြီးလဲ ငါ့ကိုပြောရရင်ပြောလေကွာ!

ငါ ဒီနေ့အရင်နေတဲ့အဆောင်ကနေ အင်းလျားမြိုင်ထဲပြောင်းနေဖြစ်တာ သတင်းပို့မလို့ - ဟုတ်လား! ဘာတွေ ထူးခြားဖြစ်စဉ်ရှိလဲ ငါ့ကိုပြောအုံးလေကွာ!

ဘာမှထူးထူးခြားခြား မဟုတ်ပါဘူးကွာ! ငါအလုပ်အတွက်ဘဲ ပြောရတော့မှာဘဲ - အင်္ဂါနေ့မေမေနဲ့ ပြောပြီးရင် အေးဆေးတွေ့ကြ အဲ ပြောကြတာပေါ့ကွာ၊ အဲဒီနေ့ သိမ်းတွေးကြီးလည်း အနားခေါ်ထားကွာ!

အေးပါ- ဒါနဲ့ ရန်ကုန်မှာလည်း ငှက်ပျောပင်တွေ ရှိမှာပါဘဲမင်းအတွက်လေ - သူ့ အပြောကို သူ့ဖာသာသူကျေနပ်ဟန်ဖြင့် အားပါးတရရယ်နေသော သန်းညွှန့်ကို နှုတ်ဆက်စကားဆို၍ ပိတ်လိုက်လေသည်။

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## သမုဒယကြိုးတစ်စ ထပ်တိုးရစ်ပတ်နှောင်ဖွဲ့ပြီ

တနင်္ဂနွေနေ့ မနက်လေးနာရီကျော်တွင် မကြာခဏမက်လေ့ရှိသော အိပ်မက် အပိုင်းအစများ အားလုံးပေါင်း၍ မက်လိုက်ခြင်းကို နိုးလာစဉ်မှာပင် မှတ်မှတ်ထင်ထင်သိနေလေသည်။ အိပ်ယာမှအသာထ၍ ရေအေးစက်မှ ဖ... အေးအေးတစ်ခွက်သောက်လိုက်ပြီး သူ့ရှစ်တန်း ကျောင်းသားဘဝလောက်မှာပင် မကြာခဏမက်လေ့ရှိသော ထိုအိပ်မက်သည် ယခု မက်လိုက်သော အိပ်မက်က မက်ခဲ့ဖူးသော အိပ်မက်များကို အားလုံးပေါင်းချုပ်ထုတ်၍ မက်လိုက်ခြင်းဖြစ်၍ အံ့သြကြည်နူးခြင်း စိတ်အစဉ်ဖြစ်ခဲ့ရသည်ကတော့ အမှန်ပင်-

လူပျိုပေါက်ဖြစ်စအချိန်မှသည် ယခုလက်ရှိအချိန်အထိ ကြုံဆုံလာသော ဆန္ဒကျင်ဖက် မိန်းခလေးများကို ကိုယ်နှင့်လားလားမှ မဆိုင်သလိုမျိုး ... လာခဲ့သည်ကလည်း ထူးဆန်းသော အိပ်မက်နှင့် တိုက်ရိုက် အချိုးကျနေသည်ကို ကိုယ်တိုင်ခံစားသိနေလေသည်။

အထက်တန်းကျောင်းသားဘဝမှသည် တက္ကသိုလ်မှ ဘွဲ့ရသည်အထိ ဆန္ဒကျင်ဖက်များအပေါ် ရင်မခုန်ခဲ့ခြင်းကြောင့် ရင်းနှီးသော သူငယ်ချင်းများက stone heart ဟု နောက်ပြောင်ခဲ့ကြသည်က လည်း အကြိမ်ကြိမ်အခါခါ-

မိတ္ထီလာမှ ငယ်ပေါင်းသူငယ်ချင်းများဖြစ်သော သန်းညွန့်နှင့် သိမ်းဖေ... မှလည်း မင်းဆန္ဒကျင်ဖက်တွေကို ရင်မခုန်ဘူးဆိုတော့ ငါတို့ နှစ်ယောက်လုံးက ဖြစ်ဖြစ် တစ်ယောက်ယောက်ကိုဖြစ်ဖြစ် ကြိုက်ပြီး ကြိုက်နေလား မသိဟု ဆိုလာ... စဉ်က အပြုံးနှင့်ငြိမ်သက်နေသောသူ့ကို ဆိတ်ဆိတ်နေဝန်ခံ-တဲ့



ဟော့ကောင်! မင်းတကယ်ပုန်းနေပြီလားကွာ၊-

နေစမ်းပါ ထွေးကြီးရာ- မင်းကငါကို ဒီကောင်ညွှန့်ကြီးလို -

ပွဲဈေးတန်းထဲ တွေ့ကရာအရုပ်ကို လက်ညှိုးထိုးလိုချင်တဲ့ တလေးလို ... ထင်လို့လား! အေး ငါ့ရင်ထဲမှာ တစ်ယောက်ရှိနေတယ်ကွ!

မင်းတို့ကို ပြောပြလိုက်ရင်လည်း ငါကို ရှုးနေပြီပြောအုန်းမယ်-

အို- ဘာတဲ့ သူ့စကားအဆုံးတွင် သန်းညွှန့်အရွှန်းစကားကြောင့် ...သားပေါင်းစပ် ရယ်မောမိခဲ့သည်ကလည်း အမှတ်ထင်ထင်၊

မနက်စောစော တစ်လှုပ်လှုပ်ဖြစ်နေသောသူ့ကြောင့် နိုးသွားဟန်တူ ...သောနေမျိုးမှ -

ဟ- ဘယ်လိုဖြစ်လို့ အစောကြီး အသံတွေထွက်နေတာလဲကွ! ဟု ...နှပ်သံပြု၍ ပြန်အိပ်ရန်ဟန်ပြင်နေ၍-

နေမျိုးကုတင်အနီး တိုးကပ်၍-

ပြန်အိပ်အုံးမလို့လား၊ မအိပ်ပါနဲ့တော့ကွာ၊ ဟုပြောမိလျှင်၊

"ဟကောင်ရ- အစောကြီးရှိသေးတယ်- ပြန်မအိပ်လို့ ဘာထ ...ရမှာတုံး- မင်းကွာ၊ ဆိုရင်းစောင်ကို ခေါင်းမြီးခြုံ၍ အိပ်ရန်ကြိုးစား ...လေသည်။

စောင်ကိုအသာဆွဲ၍ နေမျိုး- ထကွာ!

စိတ်ဆိုးဟန်နှင့်- ကုတင်ပေါ်ထထိုင်းရင်း နေမျိုးမှ.....၊

မင်းဘာဖြစ်နေတာလဲ- အချိန်မဟုတ်- ဘာလဲ မိတ္ထီလာက မင်း ...ငယ်ချင်းတွေ ပြောသလိုမျိုး- ဟော့ကောင် ငါ့ကိုတော့ မလုပ်နဲ့နော် ဆိုလာ၍ ...တ်ပါဘူးကွာ! အခုအချိန်အထိ ဘယ်သူမှ မပြောရသေးဘဲ ငါအိပ်မက် ...နှစ်မက ကြိမ်ဖန်များစွာ မက်လာတဲ့ ငါ့အိပ်မက်ကို မင့်ကို ပြောပြချင်လို့ ... ဒီတစ်ခါမက်တာက အတော်လေးကို ထူးခြားနေလို့ကွာ!

သူ့စကားအဆုံး နေမျိုးမှ သက်ပြင်းရှည်တစ်ချက်ချပြီး-

www.burmeseclassic.com

www.burmeseclassic.com



အေး - ဒါဆိုလည်းပြောကွာ၊ ခဏ ငါမျက်နှာသစ်လိုက်အုံးမယ်

နေမျိုးမှ မျက်နှာသုတ်ရင်း သူနှင့်မျက်နှာချင်းဆိုင်ထိုင်လိုက်ပြီး ကဲ ပြောတော့ကွာ - ဟုဆိုလာလေသည်။

သူလည်းခေတ်အဆက်ဆက်က ကြုံဆုံခဲ့ရသော ချစ်သူနှင့်ဘ အကြောင်းများကို စီကာပတ်ကုံး ပြောပြလိုက်လေသည်။

ဒီနေ့မက်တာကတော့ ခုနစ်သက္ကရာဇ်တွေ အမည်နာမမြို့တွေပါ လာလို့ - ငါအရမ်းအံ့သြမိလို့ မင့်ကိုနှိုးပြီး ပြောမိတာပါကွာ၊ -

ငါက မိတ္ထီလာသားမို့ မန္တလေးကို မကြာခဏရောက်ဖူးတယ်ကွ ဒါပေမယ့် အမရပူရကိုတော့ တစ်ခါမှ မရောက်ဖူးတာအမှန်ဘဲ - အခုအိပ်မက်ထဲ မှာ အမရပူရက ငါကျွမ်းကျွမ်းကျင်ကျင် သွားလာတတ်တဲ့မြို့ဖြစ်နေတယ်၊ ချစ်သူ သူကလည်း ချည်ထည်လုပ်ငန်း၊ ယက္ကန်းရုံတွေ၊ ပိုးချည်တိုက်တွေနဲ့ ပတ်သက် နေတယ်၊ နောက်မင်္ဂလာတိုက်တဲ့၊ တရားပွဲကွ၊

ငါက အဲဒီတရားပွဲမှာ ဝေယျာဝစ္စလုပ်ရတာရယ် - ချစ်သူနဲ့ သူ့မိဘတွေ က တရားနာပရိတ်သတ်တွေ ဆိုတာရယ်၊ တရားပွဲကျင်းပတဲ့ ဓမ္မာရုံထဲမှ ပြက္ခဒိန်က (၁၉၆၀) ခုနှစ် - မြန်မာသက္ကရာဇ် (၁၃၂၂) ခု - အားလုံးကို တကယ့် အပြင်မှာလို တိတိကျကျကြီး မက်တာကွ၊ - ငါ့ဒီဘဝမှာ တစ်ခါမှ တရားမနာဘူး ဘူး၊ အိပ်မက်ထဲက တရားပွဲမှာ ရွတ်တဲ့လင်္ကာဆောင်ပုဒ် အပိုင်းအစလေးကို ငါမှတ်မိနေတယ် - ဝဋ်သုံးဝနှင့် ကာလသုံးဖြာတဲ့ - နောက် ဦးပိန်တံတား မယ်ဇယ်ပင်တန်းတွေ - အားလုံးအမှတ်ထင်ထင်ဘဲကွာ၊ -

ဒီအိပ်မက်ကြောင့် ငါ့စိတ်ထဲမှာ ကျေနပ်ကြည်နူးမှုက အရမ်းပြည့်နေ လို့ - မင်းကိုနှိုးပြီး ပြောရတာပါကွာ၊ - မင်းအတွက် အိပ်နေတုံးမို့ အနှောက် အယှက်ဖြစ်ရင်တော့ ငါ့ကို ခွင့်လွှတ်ကွာ၊ သူ့စကားအဆုံးတွင် နေမျိုးမှ သက်ပြင်း တချက်ချရင်း -

မင်းအိပ်မက်က မြို့တွေ - တရားပွဲကျင်းပတဲ့ ဓမ္မာရုံနာမည်တွေ၊ ခုနှစ်



ရာဇ်တွေ၊ တရားပွဲမှာ ရွတ်တဲ့ လင်္ကာ အပိုင်းအစတွေရယ်ဆိုတော့ ထူးခြား တော့ အမှန်ဘဲ၊ ဒါပေမယ့် - ငါမမှီဘူးကွ၊ ဆိုရင် သူ့ ခေါင်းသူကိုင်ပြရင်း ထောက်လေသည်။

ကဲ - သူငယ်ချင်း မင်းအိပ်မက်ကို နောက်မှ ဆက်ဆွေးနွေးကြတာ ပေါ့ - ရေချိုးတော့ - ဒီနေ့ ငါတို့ သူငယ်ချင်းတွေ ဆုံဆည်းမှု ငါးနှစ် မြောက်ပွဲ - လိုက်ရမယ်၊

အင်းလျားကန်ဘောင်ပေါ်မှာ ဆုံကြပြီးမှ တစ်ခုခုသွားစားကြမှာ ပြီးရင် အစဉ်တွေက အများကြီးဖြစ်မှာ - ရေချိုးပြီးရှိုင်းခဲ့ကွ၊ -

ရေချိုးခန်းအတွင်း အေးမြသောရေအေးနှင့် တစ်ကိုယ်လုံး လောင်းချိုး ခြင်းမှာပင် ကြည်နူးမှုစိတ်အစဉ်တန်းက အင်းအားလျော့ သွားခြင်းမရှိသည်က တော့ အသေအချာပင်၊

သူ့နံမယ်က - သူရကျော် - သူ့အိမ်မှာ အငယ်ဆုံးမို့ အငယ်လေးလို့လဲ ခေါ်ကြတယ် - ပြီးတော့ နေမျိုးစကား မဆက်နိုင်ခင် သူရကျော်မှ .....၊

နေပါတော့ဆရာ - မင်းဘာပြောမလဲဆိုတာ ငါသိတယ် - မင်း မပြောနဲ့ ပြောပြလိုက်မယ် - ပေါက်တူး - ဟုတ်တယ် ငါ့နံမယ် ပေါက်တူး၊

ထိုစဉ်အေးမှတစ်ယောက်က - မပြည့်စုံဘူး - ဟန်နနီပေါက်တူး ဆိုမှ စုံ၊ စကားစုမဆုံးမီ - ဟုတ်တယ်ကွာ ဟန်နနီပေါက်တူး - သူရကျော်၏ စကားသံအဆုံးတွင် အားလုံးပေါင်း၏ရယ်မောသံများ အင်းလျားလေပြေနှင့်အတူ မျောသွားကြပေတော့သည်။

ဟုတ်ကဲ့ - ကျနော့်နံမယ် မျိုးမောင်ပါ -

ဒီတစ်ယောက်က - ဇင်မောင်မောင် - နေမျိုးစကားအဆုံး ပေါက်တူးဆီ မှ - ခေါင်းကြီးလို့လဲ ခေါ်ကြပါတယ် စကားသံထွက်လာ၍ နောက်ဆက်တွဲ ယ်သံများ လွင့်မျောလာပြန်သည် -

ကျနော့် မျိုးမောင်ပါ - ဆိုစဉ် လက်ကမ်းလာ၍ တုန့်ပြန်ကာပေးလိုက်

www.burmeseclassic.com



ဆို့ အင်အားပါသော ဆွဲညှစ်ခြင်းခံလိုက်ရ၍ သူမျက်နှာကို သေချာကြည့်လိုက်ရာ သမ္မတလူကြမ်းအုပ်စုမှ မိုက်ကယ်တစ်ယောက်ပုံပေါက်နေ၍ လက်ဖနော အသာထောက်၍ ဆွဲညှစ်ခြင်းမှ ရုန်းထွက်လိုက်ရလေသည်။

ဒါက ခင်ငြိမ်းစံ နေမျိုးစကားသံအဆုံး ဖြူဖွေးရှင်းသန့်၍ အနည်းငယ် ဟန်ရှိသော ခင်ငြိမ်းစံမှ -

တွေ့ရတာဝမ်းသာပါတယ်- ရင်းနှီးတဲ့သူငယ်ချင်းတွေက "ဝကစ်"( လည်းခေါ်ကြပါတယ်-

ဟုတ်ကဲ့ ကျနော်မျိုးမောင်ပါ-

သူက ရှင်ဝိုင်းဖြူတဲ့- အားလုံးက ဝလကြီးလို့ဘဲခေါ်ကြတယ်၊ ပိန်ပါး နှင့် မျက်နှာပြင်ချောမွေ့သော ရှင်ဝိုင်းဖြူမှ မျိုးမောင်နော် - သိပါတယ်၊ ပ အတည်ပေါက်နောက်၍ အားလုံးထံမှ ရယ်သံများ ပျံ့လွင့်လာပြန်သည်။

အဲဒါက ပိုးနှင်းညတဲ့- အားလုံးက ကောက်ပြားလို့ ခေါ်ကြပါတယ် ဘာကြောင့် ခေါ်တယ်ဆိုတာကိုတော့ ရှင်ကိုယ်တိုင် အဖွဲ့ဝင် ဖြစ်ပြီးမကြာမီ အချိ ကာလတစ်ခုမှာဘဲ သိပါလိမ့်မယ်-

ဩ ဟုတ်ကဲ့ပါ-

ဟိုဖက်အစွန်ဆုံးက တစ်ယောက်ကတော့ နွဲ့လေးငယ်တဲ့ တို့ အားလုံ ကတော့ ယုန်မလို့ဘဲခေါ် ကြတယ်။

ဟိုတစ်ဖက်ခုံအစွန်တွင် ထိုင်နေသောကြောင့် အနားသို့ရောက်အော တိုးလိုက်ပြီး ကျနော် မျိုး.....

အောက်ဖက်အနည်းငယ်ငုံ့ထားသောခေါင်းကို အသာမော့၍ ညှင်သာ စွာထရပ်လိုက်သော နွဲ့လေးငယ်ကိုမြင်လိုက်ရ၍ သူနံမယ်ပင် ဆုံးအောင် မပြေ နိုင်တော့ပဲ ရင်၌အံ့သြခြင်း ကြည်နူးဝမ်းမြောက်ခြင်းတို့ ပေါင်းစပ်သော အမြင့်ဆုံ ခံစားချက်ကြောင့် ခန္ဓာကိုယ်တစ်ခုလုံး လေဟာပြင်ထဲ လွင့်မျောသွားပြီလာ ဟုပင် ထင်မှတ်မိလိုက်လေသည်။



နွဲ့လေးငယ်မှ -

ကြည်လင်အေးမြသောအပြုံးနှင့်.....၊

မျိုးမောင်တဲ့လား၊ ညှင်သာတိုးလျှသော အမေးစကားသံကြောင့် မိမိ နံမယ်ပင်ဆုံးအောင် မပြောလိုက်နိုင်မှန်း သိစိတ်တစ်ချက် ဝင်လာမိတော့သည်-

ဟုတ်ပါတယ်- မျိုးမောင်ပါ-

နွဲ့လေးငယ်တဲ့လား၊ အမေးစကားနှင့်အတူ နွဲ့လေးငယ်၏ လက်အစုံကို အသာအယာ ဆွဲကိုင်လိုက်မိလေသည်။

နေမျိုးမိတ်ဆက်ပေးသော သူငယ်ချင်းအသစ်များသာမက ပတ်ဝန်း ကျင်လောကကြီး တစ်ခုလုံးကိုပင် မေ့လျော့သွားလေသည်။

နွဲ့လေးငယ်ဆီကို ကိုကြီးနေမျိုး ဖုန်းဆက်ပြီးပြောတဲ့နေ့ကတည်းက ခြင်းဆုံရတော့မယ်လို့ ယုံကြည်နေမိတာ.....၊

သူ့ကိုခါးနဲ့ထောက်ထားတဲ့သူရော- ဘေးကနှစ်ယောက်ကိုပါ ရှတ်သိုင်းဝတ္ထုထဲကလို မည်သို့ပင် ပြုလုပ် လိုက်သည်ကိုမသိ- လို့ ပြော သည်းကပေါ့၊ ဘဝပေါင်းများစွာမှာ လည်း ဒီတိုက်ခိုက်တဲ့အတတ်မှာ သူမတူ အောင် ပါရမီထူးခဲ့လို့ဘဲလေ-

ဟ- ဘာတွေလဲဟာ- ယုန်မရာ-

နင်ဟာက အပြင်းစားရိုက်ချက်ကြီးလိုဘဲ၊ နင်တို့နှစ်ယောက် သိနေတာ ဘယ်လောက်ကြာပြီလဲ-

ငါတို့အားလုံးကနင့်ကို စကားနည်း- အားနာ- လိုက်လျော- သည်းခံ- တတ်လွန်းလို့ ယုန်မလို့ အမည်ပေးထားတာ-

တကယ်ပိရိတယ်ဟာ၊ ခေါင်းကြီးမှ မကြေလည်ဟန် အမေးစကားများ တွဲလိုက် လွှတ်လေတော့သည်-

နွဲ့လေးငယ်မှ -

ကိုကြီးခေါင်းကြီး - ယုန်မတို့သိနေတာကြာပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com



အေး - ဒီလိုဘဲ ဖြစ်ရမှာပေါ့၊

နေပါအုန်း ကိုကြီးခေါင်းကြီးရယ်- ယုန်မဆုံးအောင်ပြောပါရစေအုံး
အခုဘဝမှာတော့ ဒီနေ့ဟာ ပထမဆုံးဆုံရတာပါ-

ဒါပေမယ့် သံသရာတစ်လျှောက်မှာ ဘဝပေါင်းများစွာ ရင်းနှီး
အမြင့်ဆုံးနဲ့ သိခဲ့ကြတာပါ၊

ခေါင်းကြီးမှ -

နင့်ဟာက ပုံပြင်တွေဟာ-

ဟုတ်တယ်လေ- အတိတ်အကြောင်းတွေကို ပြန်ပြောရင်ပုံပြင်လို့ သုံးနှုန်းကြတာဘဲ- ဒါကြောင့် အတိတ်ဘဝဟောင်းတွေက အကြောင်း တွေပြန် ပြောရင် ပုံပြင်တွေဘဲပေါ့- သစ္စာတရားကို အခြေပြုလာတဲ့ ပုံပြင်တွေမို့ နောက်တော့ ကိုကြီးခေါင်းကြီးတို့အားလုံး နားလည်ပေးလာကြမှာပါ- အခု သူငယ်ချင်းတွေနဲ့ ရင်းနှီးခင်မင်လာတာ (၅) နှစ်ကြာပြီဆိုတော့ ရက်နဲ့တွက်ရင် ရက်ပေါင်း (၁၈၀၀)တောင် ကြာခဲ့ပြီပဲ၊

အခုဘဝ ယုန်မသစ္စာတရားတွေကို စတင်ကြားနာခဲ့ရတဲ့အချိန် ကစပြီ ကံငါးပါးကိုလုံအောင်ထိန်းပြီး သတိနဲ့နေခဲ့တာပါ၊ ပြောခဲ့တဲ့စကားတွေဟာ အမှ တရားတွေပါလို့ ယုန်မသစ္စာဆိုဝံ့ပါတယ်၊

ရင်းနှီးခင်မင်ခဲ့သော (၅) နှစ်တာသက်တမ်းတွင် ယုန်မစကား အပြော ဆုံးနေ့ဟု အံ့သြခြင်းနှင့် နေမျိုးတစ်ယောက် ငေးစိုက်ကြည့်မိလေတော့သည်၊

ယုန်မမှ -

ကဲပါ- မျိုးမောင်ကို ယုန်မတို့ သူငယ်ချင်းတွေထဲမှာ အဖွဲ့ဝင်အဖြစ် ကိုကြီးနေမျိုး တင်သွင်းခဲ့အဆိုကို နွဲ့ဇလေးငယ်က ရာနှုန်းပြည့် ထောက်ခံ လိုက်ပါပြီ၊ အားလုံးလည်း အကြွင်းမဲ့ လက်ခံပေးပါလို့ လေးစားစွာနဲ့ဘဲ မေတ္တာ ရပ်ခံပါတယ်၊ ဒီတော့ ယုန်မတို့ သူငယ်ချင်းတွေ (၅) နှစ်ပြည့် အထိမ်းအမှတ် မှာ အဖွဲ့ဝင်သစ် မျိုးမောင်ကို လက်ခံကြိုဆိုပွဲအနေနဲ့ သူငယ်ချင်းတွေအားလုံ



ဒီနေ့တာအတွက် ယုန်မကတာဝန်ယူပါမယ်၊ ဒါကြောင့် အခုအချိန်ကစပြီး မနက်ခင်းစာစားဖို့ အားလုံးကို ဖိတ်ကြားပါတယ်ရှင်-

ယုန်မစကားအဆုံး ခင်ငြိမ်းစံဆိုသူ ဝကစ်မှ- လက်ခုတ်တီး၍ ဒီအစီအစဉ်ကို ထောက်ခံပါတယ်ဟု ထအော်လေသည်။

ထိုစဉ်ပေါက်တူးမှ -

ဟဲ့ ယုန်မ- နင်ယုန်မအစစ်ပါနော်- သူငယ်ချင်းတွေ ဖြစ်ခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ စကားတွေအများဆုံးပြောတာ ဒီတစ်ခါဘဲ ကြားဖူးသေးတယ်၊ ပြီးတော့ ယုန်မလေးနဲ့ မတူတော့ဘူး၊ ကေသရာဇာခြင်္သေ့မတစ်ကောင်လိုဘဲ အရှိန်ကိုရဲရင့်နေတယ်၊ တစ်ကယ်..... တစ်ကယ်.....၊

ခေါင်းကြီးမှ မျက်မှောင်ကြုပ်၍ တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေဟန်ရှိသည်၊

နေမျိုးမှ သူ့ပုခုန်းကိုပုတ်၍

မင်းအဖွဲ့ဝင်သစ်ဖြစ်တဲ့နေ့မှာ တို့တစ်ဖွဲ့လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားတာတော့အမှန်ဘဲဟေ့ .....၊

ရှင်ပိုင်းဖြူမှ

အေးလေ- မင်းသားက အခုမှပေါ်လာတာဆိုတော့ လှုပ်ပြီပေါ့၊ နောက်ကို ဒီထက်ပိုပြီး လှုပ်လီမှုံ့အုံးမယ်-ငွေရောင်ပိတ်ကားပေါ်မှ ဆက်ကြည့်ကြတာပေါ့ .....၊

ယုန်မမှဝင်၍ ကဲပါသူငယ်ချင်းတို့ရယ်- မနက်စာကို မင်္ဂလာရှိစွာ စားကြဖို့သွားကြရအောင်၊ လာ - မျိုးမောင်ဟု သူ့လက်ကိုဆုပ်ကိုင်၍ ရှေ့ဆုံးမှ ထွက်သွား၍ ဝမ်းသာကြည်နူးခြင်းအဟုန်နှင့် အလိုက်သင့်မျောပါသွားရလေတော့သည်။

အားလုံးစားသောက်ပြီး၍ ယုန်မလေးငွေရှင်းနေစဉ် ပိုးနင်းညိုမှ ထ၍ - ဒီကမ္ဘာလောကကြီးမှာ စိတ်ကူးယဉ်ဆန်တဲ့ အဖြစ်တွေထက် ပိုပြီးထူးခြား

www.burmeseclassic.com

www.burmeseclassic.com



လေးနက်တဲ့ အရာတွေရှိနေတယ်ဆိုတာကို ဘယ်သူတွေ များ ငြင်းနိုင်မလဲမယ် ဘူးနော်ဟု တစ်ကိုယ်တည်းရေရွတ်လိုက်၍ အားလုံးစက္ကန့်ပိုင်းမျှ ငြိမ်သက်သွား ကြရလေတော့သည်။

□ □ □ □ □

## အခန်း (၄)

## "အဟောင်း အဟောင်းမှသည် အသစ်ဆီသို့"

(၅) နှစ်မြောက်ဆုံဆည်းပွဲကို အရင်နှစ်များကလို ‌လော်ကားဥယျာဉ် ...အစက ဆုံးဖြတ်ထားကြသော်လည်း ယုန်မ၏တောင်းဆိုချက်ကြောင့် ...စဉ်ပြောင်းလိုက်ရလေသည်။

ကိုကြီးနေမျိုး ဒီနှစ်လော်ကားဥယျာဉ်မသွားနဲ့တော့နော် –

အားလုံးကိုကြီးနေမျိုးတို့ အိမ်မှာ စုပေါင်းချက်ပြုတ်စားရင် ပျော်ပျော် ...နေကြရအောင်လေ – အားလုံးကိုပြောတာနော် – ယုန်မကို တစ်ကယ်ခင် ...လိုက်လျောပေးကြပါနော် –

ဝကာစ် – အားလုံးတစ်နေကုန်စားနိုင်ဘို့အတွက် စီစဉ်ပေးနော် – ပြော ...သူမအိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ခင်ငြိမ်းစံထံသို့ ယုန်မမှ ကမ်းပေးလေ ...သည်။

ကိုကြီးနေမျိုး – အန်တီဆီကိုဖုန်းခေါ်ပေးလေ – ဒီနေ့တစ်နေ့လုံး ...လာနေကြဖို့ ခွင့်တောင်းမလို့.....၊

နေမျိုးမှ –

မလိုပါဘူးဟာ – ငါဖာသာဘဲ ပြောလိုက်ပါ့မယ်၊

ယုန်မလေး – နင် ဒီနေ့ အရာအားလုံးကို ပြောင်းပြန်လှန်ပစ် လိုက်သလို ...အံရောကွာ –

ဒါဆိုလည်း ကိုကြီးတို့အဖွဲ့ အိမ်ကိုသွားနှင့်နော်၊ ယုန်မသူ့ကို ရွှေ... ...ကာ ခေါ်သွားချင်လို့ –

ခေါင်းကြီးမှ –အေး ခေါ်သွား ခေါ်သွား.....၊

အဲ – ကျေးဇူးပါနော်၊ လာ – မျိုးမောင်

www.burmeseclassic.com



ရော့ ကားသော့-

ယုန်မလှမ်းပေးသောကားသော့ကိုယူ၍ နေမျိုးထံလှမ်းကြည့်က ခေါင်းငြိမ့်ခွင့်တောင်းဟန်ပြု၍ အလိုက်သင့်မောင်းထွက်ခဲ့လေသည်

ရှဲ့ပြောလို့ ပြောမှန်းမသိ- ဟု ခေါင်းကြီးမှဆိုစဉ် ပေါက်တူးမှ လာကြ တို့အားလုံး နေမျိုးအိမ်က စောင့်ကြရအောင် တော်တော်လေးကို စိတ်ဝင်စားဖ ကောင်းတာတော့ အမှန်ဘဲ။

အရှေ့ဖက်မုဒ် စောင်းတန်းမှ အတူတက်လာစဉ်

မျိုးမောင်က ကြာသပတေးသား- နွဲ့လေးငယ်က စနေသမီး မွေးဖ ဒေါင့်တွေ မွေးနံ့တွေ ဂြိုလ်တိုင်တွေမှာ မကန်တော့တော့ဘူး မွေးနေ့နစ်ခုကြား အာရုံခံတန်ဆောင်းမှာဘဲ ဘုရားဝတ်ပြုကြတာပေါ့။

ဩ- ဓဏာနော် မျိုးမောင်- ဘုရားဝတ်မပြုခင် နွဲ့လေးငယ် စကားနည် နည်းပြောချင်လို့- မျိုးမောင်ဘုရားဝတ်ပြုပြီးရင် ဘုရားရှင်ကို သက်ရှိထင်ရ ရည်မှတ်ပြီး ဘုရားရှင်ရှေ့မှာ သစ္စာတိုင်တည်ခဲ့နော်၊

သစ္စာက အမှန်တရား- တိုင်တည်တာက ကတိပြုတာပေါ့နော် သက် ထင်ရှားဘုရားရှင်ရှေ့မှာ အမှန်တရားကို ကတိပြုလိုက်တာပေါ့၊

ဟို - ဘာကိုသစ္စာတိုင်တည်ရမှာလဲ .....၊

သူ့အမေးစကားအဆုံး ကြည်သာရွှင်လက်သောအပြုံးနှင့် မျိုးမောင် ထဲမှာ တစ်ကယ်ကိုဖြစ်ချင်တဲ့ဆန္ဒပေါ့။

ဘုရားရှင်ရှေ့မှာ တိုင်တည်တာနော်၊ ဆုတောင်းတာမဟုတ်ဘ နွဲ့လေးငယ်၏ နောက်ဆုံးစကားစုက ရင်ကိုလာထိတာတော့ ငြင်း၍ မရနိုင်တေ တိုင်တည်တာတဲ့- ဆုတောင်းတာမဟုတ်ဘူး၊ ဘဝပေါင်း များစွာအသက်ထ ပင် မြတ်နိုးတွယ်တာခဲ့ရသော- ချစ်သူ၏ ချိုသာ အေးမြသော၊ ကြည်လ ပြတ်သားသော စကားသံကို ခေါင်းငြိမ့်နားခံရင်း အာရုံခံတန်ဆောင်းအတွင် အတူယှဉ်တွဲ၍ လှမ်းဝင်ခဲ့မိလေတော့သည်။



ရတနာသုံးပါးကို ရှိသေစွာသဒ္ဓါတရား အပြည့်နှင့်ဦးချအပြီး .....၊

နွဲ့လေးငယ်၏ ဆန္ဒများအား အကြွင်းမဲ့ဖြည့်စွမ်းနိုင်သူဖြစ်အောင် ကိုယ် ...ကြိုးစားအားထုတ်ပါမည်ဟု ဘုရားရှင်ရှေ့၌ သစ္စာပြုတိုင်တည် ခဲ့လေတော့ သည်၊

ဘုရားပေါ်မှ ပြန်အဆင်း.....၊

ကဲ မျိုးမောင် - ဘုရားမှာ ဘယ်လိုသစ္စာပြုတိုင်တည်ခဲ့သလဲ ဟင်! အမေးစကားအဆုံး သူမ၏မျက်နှာပြင်တွင် ထူးဆန်းသောဆန္ဒဟန်ကိုသတိပြုမိ ၍ ရင်ခုန်သံမြန်ခဲ့မိသည်ကို သတိပြုမိရပြန်သည်။

ကိုယ်၏တိုင်တည် သစ္စာစကားစု ပြန်ပြောပြလိုက်စဉ် နွဲ့လေးငယ်သည် တန်ဆောင်မှုကင်းသော ကလေးငယ်တစ်ယောက်၏ ကျေနပ်ပျော်ရွှင်သွားဟန် ကို တွေ့လိုက်ရ၍ အံ့ဩဝမ်းသာစိတ်ရင်မှ ဖြစ်မိရပြန်သည်၊

လူတွေဟာ နေ့ဖက်မှာ သိစိတ်နဲ့လှုပ်ရှားသွားလာနေကြရတာ အားလုံး ဘဲပေါ့- သိစိတ်ကင်းပြီး လှုပ်ရှားနေရင်တော့ အရူးလို့သတ်မှတ်ကြတယ်လေ၊ အဲ ဒါပေမယ့် ညဖက်နစ်မြိုက်စွာ အိပ်မောကျရင်တော့ မသိစိတ်က လှုပ်ရှားတော့ တာဘဲ၊ အဲဒီ မသိစိတ်ကို သစ္စာတရားပွဲတွေမှာတော့ ဘဝင်စိတ်လို့သုံးတယ်- ဘဝင်စိတ်ကို နောက်တော့ မျိုးမောင် သိလာမှာပါ၊ အခုတော့ မသိစိတ်လို့ဘဲ မှတ်လိုက်နော်။

ဘာကိုရည်ရွယ်မှန်းမသိသော်လည်း၊ ရင်နှင့်အမျှ ချစ်ရသော နွဲ့လေး ငယ်၏ ရှည်လျားသောစကားစုအား စိတ်ဝင်တစားနားထောင်မိသည်ကတော့ အမှန်ပင်။

အဲဒီမသိစိတ်ဟာ နစ်မြိုက်စွာအိပ်မောကျနေတဲ့ အချိန်မှာ တစ်ဘဝ- နှစ်ဘဝမှသည် ဟိုအတိတ်က ဘဝပေါင်းများစွာအထိ ပြန် သွားတတ်ကြတယ် တဲ့ .....၊

မျိုးမောင်ရော့ အခုလက်ရှိဘဝမှာ တစ်ခါမှမရောက်ဖူးသေးတဲ့ အေသ

www.burmeseclassic.com

www.burmeseclassic.com



နေရာ၊ တစ်ခါမှ မတွေ့ဘူးသေးတဲ့ လူပုဂ္ဂိုလ်တွေကို ရင်းရင်းနှီးနှီး သိနေတာမျိုး အိပ်မက်တွေထဲမှာ မမက်ဘူးဘူးလားဟင်၊

မက်ဖူးတာပေါ့- မကြာခဏကိုမက်ဖူးတာ၊ အဲဒီအိပ်မက်တွေထဲမှာဘဲ နွဲ့လေးငယ်ကို ခေတ်အမျိုးမျိုးမှာ ပုံစံအမျိုးမျိုးနဲ့ကို ရင်းနှီးနေခဲ့တာ.....၊

အိပ်မက်ဆိုတာ လက်ဆုပ်လက်ကိုင် မပြနိုင်တဲ့အရာမို့ အခြားလူတွေ ကို မပြောဖြစ်ပေမယ့် အခုဘဝမှာ တစ်ချိန်ချိန်မှာတော့ ပြန်ဆုံရမယ်လို့ ရင်မှာ တိတိကျကျကိုယုံကြည်နေမိခဲ့တာပါ၊ နွဲ့လေးငယ်ကို တွေ့လိုက်ရတော့ ဝတ်စား ဆင်ယင်ပုံသဏ္ဍာန်ကွဲနေတာကလွဲလို့ အခြားဘာမှကိုပြောင်းလဲမနေခဲ့ဘူး ဒီနေ့မှ ပြန်ဆုံဖြစ်ပေမယ့် မျိုးမောင်ရင်ထဲမှာ လုံးဝကိုစိမ်းမနေတာတော့ အမှန်ဘဲ တစ်ကယ်ကို ရင်းရင်းနှီးနှီးနဲ့ သိနေခဲ့တာ .....၊

မနေ့က ညကမက်ခဲ့တဲ့ အိပ်မက်ကတော့ အရမ်းကိုထူးခြားလွန်းလို့ မနက်စောစောပိုင်းမှာဘဲ နေမျိုးကိုနိူးပြီး ပြောပြမိတယ်။

အိပ်မက်ထဲမှာ ခုနစ်သင်္ကြာရာဇ်တွေ နေရာတွေ လူတွေကိုပါ မြင်ခဲ့ရ တယ်၊ (၁၉၆၀) (၁၃၂၂) မင်္ဂလာတိုက်၊ အမရပူရ၊ လူတွေထဲမှာ နွဲ့လေး ငယ်တို့မိသားစု ပြီးတော့တရားပွဲ.....၊

မှတ်မှတ်ရရကတော့ တရားနာပရိတ်သတ် ရွတ်ဆိုလိုက်တဲ့ အထဲက ဝဋ်သုံးဝနှင့်ကာလသုံးဖြာ စကားစုဘဲ၊ ဒီဘဝမှာ မျိုးမောင် တစ်ခါမှ တရားမနာ ဖူးသလို- မိတ္ထီလာသားမို့ မန္တလေးကို ကြိမ်ဖန်များစွာ ရောက်ဖူးပေမယ့်- အမရပူရကို တစ်ခါမှ မရောက်ခဲ့ဘူးတာ အသေအချာဘဲ-

မျိုးမောင်စကားအဆုံးတွင် နွဲ့လေးငယ်သည် အောင်ဘာလေထီ ဆုကြီး ပေါင်းများစွာ တစ်ဦးတည်းပေါက်သူထက်ပင် ပျော်ရွှင်ကျေနပ်သွားဟန်က အံ့ဩဖွယ်ရာ တွေ့လိုက်ရလေသည်။

နွဲ့လေးငယ်မှ .....၊

အမလေးမျိုးမောင်ရယ်- ဒီနေ့ဒီရက်လို နွဲ့လေးငယ်စောင့်စားခဲ့ရတာ



[illegible]ပြီပေါ့၊ ဆိုစကားနှင့်အတူ မျိုးမောင်ရင်ခွင်ထဲတိုး၍ တင်းကြပ်စွာဖက် [illegible]တော့သည်။

သူတို့ဘေးမှ ဖြတ်သွားသော ရွယ်တူလူငယ်တစ်စုက

တာ -ဟ- ဘေးဖယ်နေ ဟိုမှာ ရုပ်ရှင်ရိုက်နေတယ်ဟု ရေရွတ်သွားကြ [illegible]ငယ်က ရှက်ပြုံးဖြင့် သူ့ရင်ခွင်မှ အသာဖယ်ထွက်ရင်း ရှေ့ ကားသော့- [illegible]တို့အိမ်ကို သွားကြစို့-ဆိုကာ ရှေ့မှထွက်သွား၍ သက်ပြင်းတစ်ချက် [illegible]ရင်း အသာလိုက်သွားမိခဲ့လေတော့သည်။

နေမျိုးအိမ်၌ ကျင်းပသော ငါးနှစ်မြောက် တွေ့ဆုံပွဲ၊ သူအဖွဲ့ဝင်သစ် [illegible] တောင်ရောက်ရှိသောပွဲသည် ဒက္ခာရီပုံပြင်ဆန်သော သူတို့နှစ်ဦး၏ တွေ့ဆုံ [illegible] အကြောင်းပြု၍ မှုးမိန်သွားခဲ့ရသည်ကတော့ အမှန်ပင်။

ရှင်ပိုင်းဖြူမှ -

ငါတို့တွေ ငါးနှစ်မြောက်တွေ့ဆုံပွဲက အရင်နှစ်တွေကလို လည်ပတ် [illegible]ရှင်တာမျိုး မရှိပေမယ့် အရမ်းကိုစိတ်လှုပ်ရှားဖို့ကောင်းတဲ့.....၊

ကိုးရီးယားဇာတ်ကား ဇာတ်ဝင်ခန်းထက်ကို ပိုပြီးပြင်းထန်တဲ့ ခံစား [illegible]ကို သူတို့နှစ်ယောက်က ပေးလိုက်သလိုဘဲ၊ ကိုယ်တိုင် တောင် ဇာတ်ပို့ခန်း [illegible]ဆုံးမယ်ထင်တယ်- ရှင်ပိုင်းဖြူ၏ စကားစုသံအဆုံးတွင် .....၊

ဝကာစ်- ဒီနေ့ နင်စီစဉ်တဲ့ အစားအသောက်တွေ အားလုံးအရသာရှိပေ [illegible] အဲဒီအပေါ်မှာ ပြည့်ပြည့်ဝဝခံစားလို့ မရဘူးဟာ-နွဲ့လေးငယ်တို့နှစ်ယောက် [illegible]ပြီး ရင်ထဲမှာ ကြည်နူးသလို ဝမ်းနည်း သလိုကြီးဖြစ်နေတယ်ဟာ- [illegible]တယ် .....၊ တစ်ကယ် .....၊

ပိုးနှင်းဥ၏ စကားသံအဆုံး သူတို့အားလုံးတိုင်ပင်မထားဘဲ သက်ပြင်းမှု [illegible] သိသာထင်ရှားစွာ ကြားလိုက်ရလေတော့သည်။

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးငယ် စာတွေကျက်ဖြစ်ရဲ့လားဟင်၊

အင်း - ကျက်ဖြစ်ပါတယ်၊ နွဲ့လေးငယ်က တစ်နှစ်လုံးပုံမှန်ဘဲ စာကြ
ဖြစ်ပါတယ် - မနက်ခင်းလေးနာရီထ ကိုယ်လက်သန့်ရှင်း ဝလေးနာရီဆယ့်ငါးမိန
က - ငါးနာရီဆယ့်ငါးမိနစ်အထိ တရားထိုင်တယ်၊ အဲဒီနောက် တစ်နာရီ
စာကြည့်ဖြစ်တယ်၊ ညနေခုနစ်နာရီမှာ ကိုးရီးယားဇာတ်လမ်းကြည့်ပြီး ရှစ်နာရီ
ကိုးနာရီအထိ တရားထိုင် တယ် - ကိုးနာရီက တစ်ဆယ့်တစ်နာရီထိ စာကြ
တယ်၊ - အဲဒါ နေ့စဉ် ပုံမှန်ဘဲ - စာမေးပွဲနီးလည်း ပိုမကြည့်ဘူး -

တရားထိုင်တယ်၊ နွဲ့လေးငယ်၏ စကားသံအဆုံး သူ့နှုတ်ဖျားမှ အလို
ရွတ်ဆိုမိလိုက်သောအခါ နွဲ့လေးငယ်မှ .....၊

ဟုတ်တယ်မျိုးမောင် နွဲ့လေးငယ်ခုနစ်တန်း စာမေးပွဲကြီးအပြီး နွေရာ
သကြန်ရက်မှာ ဟို မော်ဘီအထွက် ကုလားကုန်းရွာနားက ရှမ်းအေးမွေ့ရိပ်သာ
အဲ မိုးကုတ်မွေ့ရိပ်သာမှာပေါ့၊ တရားစခန်းဝင်ဖြစ်တယ်၊ အဲဒီကစပြီး နှစ်တိုင်
မပျက်ကို စခန်းဝင်ဖြစ်တာ - စခန်းပွဲပြီး အိမ်ပြန်ရောက်ကတည်းက ပုံမှန်
တရားထိုင်ဖြစ်တာ - တရားစခန်း ရောက်ပြီးမှဘဲ လူ့ဘဝမှာဘယ်အရာဟ
အရေးအကြီးဆုံးဆိုတာ သိလာခဲ့ရတာပေါ့၊ အဲဒီသိလာတဲ့ အသိစိတ်ကို သ
လေးကပ်ပြီး ရှိအောင်ကြိုးစားနေရတာပေါ့၊ မျိုးမောင်နားရှုပ်သွားပြီးထင်တယ
နော် - ကြောင်းကိုးချိန်ခါ ကျလာရင်တော့ မျိုးမောင်လည်း အားလုံးရှင်းသွား
ပါ။ ဘုရားရှင်ကို သက်ရှိထင်ရှားရည်မှတ်ပြီး ပြုခဲ့တဲ့သစ္စာကတိဟာ ဒီဘ
မှာတော့ ပြီးပြည့်စုံမယ်လို့ ရင်ထဲမှာသိနေသလိုဘဲ.....၊

ရင်နှင့်အမျှ မြတ်နိုးမိရသော ချစ်သူ၏ စကားစုကို ပြည့်ပြည့်ဝဝ နာ
မလည်သော်လည်း နှလုံးသားမှာ စွဲမှတ်ထင်ထင်ရှိနေခဲ့သည်ကိုတော့ ကိုယ်တို
အသိဆုံးပင် - နေမျိုးတို့ တစ်ဖွဲ့လုံး စာမေးပွဲအတွက် အားစိုက်နေချိန်တွင် နေမျ
ဖခင် စီစဉ်ပေးသော အလုပ်အတွက် အင်တာဗျူးကို ပထမအဆင့် ရွေးချယ်ခံရအပြီ



သည့်အဆင့်အတွက် လိုအပ်သည်များကို ပြင်ဆင် နေခဲ့ရ၍ နွဲ့လေးငယ်တို့
နှင့်မတွေ့ရသည်မှာ ရက်သတ္တပတ်နှစ်ကြိမ် မျှပင်ကြာခဲ့ရလေပြီ။

တစ်အိမ်တည်းအတူနေသော နေမျိုးနှင့်ပင် စကားမပြောဖြစ်အောင်
အထိတားနေမိသည်။ နောက်ဆုံးနှစ်မို့ သူစာကြည့်ချိန်များ မလျော့သွားစေရန်
အတွက် ရည်ရွယ်ရင်းဖြစ်သည် -

တစ်ညစာကြည့်စားပွဲမှ ထလာပြီး နေမျိုးမှ -

ဘယ်လိုလဲ သူငယ်ချင်း - မင်းအလုပ်အတွက် -

အင်း - လာမယ့်တနင်္လာနေ့မှာ ထပ်ဖြူးကြလိမ့်အုံးမယ် -

ဟာ - ဒို့စာမေးပွဲစဖြေတဲ့နေ့ပေါ့ - မင့်ကို နွဲ့လေးငယ်မှာလိုက်တယ် -
မနက်ဖြန်အလုပ်အတွက် ကိစ္စမရှိရင် ငါနဲ့ကျောင်းကိုလိုက်ခဲ့တဲ့ - မနက်ဖြန်
ပြောကြာနေ့ နံ့စီမှာ မင်းသူဆီကို ဖုန်းတောင်မဆက်ဘူးဆို -

အေး - စာကျက်ပျက်မှာစိုးလို့ - မင့်ကိုတောင်မပြောဘဲ နေနေတာ
ကြည့်ပေါ့ -

ကျလည်း ကျတဲ့ကောင်ကွာ! မနက်ဖြန်လိုက်မှာလား!

ဟာ - လိုက်မှာပေါ့ -

ဖြေးဖြေး ငါ့ညီဖြေးဖြေး - နေမျိုးစကားအဆုံး နှစ်ဦးသား ပေါင်းစပ်
ရယ်မောမိကြလေတော့သည်။

သူနှင့်နေမျိုး မော်ဘီစက်မှုကျောင်းရှေ့ရှိ စားသောက်ဆိုင်အနီး ကားဆိုက်
ပြီး နေမျိုးမှ သူတို့အုပ်စုထိုင်နေကျဆိုင်သို့ ဦးဆောင်ထွက်သွား၍ နောက်မှ
သောအယာပင် လိုက်သွားခဲ့လေသည်။

အို - အဖွဲ့ဝင်အသစ်လေးပါလား - ဘာများဒါနပြုဖို့ရောက်လာပါသလဲ
ဆိုသော - ၏ရည်ညွှန်းပါစကားစုကြောင့် သူအပါအဝင် အဖွဲ့ဝင် အားလုံးရယ်မိကြ
လေသည်။

ကြိုက်တာကို ကြိုက်သလောက်သာမှာစားပါဗျာ - ဟု.....၊

www.burmeseclassic.com

www.burmeseclassic.com



သူပြန်ပြောလျှင် ဝကစ်မှ- ဟယ်တစ်ကယ်လား ချစ်စရာကော
လိုက်တယ်ဟယ်။

ဟဲ့- ဝကစ် -ဟိုကစကားမဆုံးသေးဘူး .....၊

ကြိုက်တာကို ကြိုက်သလောက်မှာစားပါဗျာတဲ့၊ ပြီးမှကိုယ့်ဟာ ကို
ကျသလောက် ရှင်းပေါ့တဲ့၊ ပိုးနှင်းဥမှာ အရွှန်းစကား ဝင်ရောက်ဆိုလေတေ
သည်။

ကောက်ပြား -နောက်စကားစုက နင်ဟာနင်ထည့်ပြောတာ-

ဒို့ မောင်လေးက အဲလိုမဟုတ်ပါဘူးနော်၊

ဟုတ်ပါတယ်- အဲမဟုတ်ပါဘူး- မျက်နှာထားတည်တည်နှင့် သူ
ပြောလိုက်မှ ဗလကြီး (ခေါ် ) ရှင်ဝိုင်းဖြူမှ-

ဘာလဲဟ- ဟုတ်ပါတယ်- အဲ မဟုတ်ပါဘူးဆိုတာ-

ဩ- ဟုတ်ပါတယ်ဆိုတာက ပိုးနှင်းဥပြောတာကိုပါ- မဟုတ်ပါဘူး
တာက မဝကစ်-ပြောတာကိုလေ- သူ့စကားအဆုံးတွင် ဝကစ် မှာ -

ဟယ်တော့- မောင်လေးက ရုပ်ကလေးသနားကမားနဲ့ စိတ်ကော
မရှိဘူးတော်-ဟုဆို၍ အားလုံးပေါင်းစပ်ရယ်မောလိုက်ကြလေတော့သည်။

ရယ်မောသံများ တိတ်ဆိတ်သွားလျှင် နွဲ့လေးငယ်မှ .....၊

မျိုးမောင် အင်တာဗျူးအခြေအနေ ဘယ်လိုလဲဟင်-

စုစုပေါင်း (၁၂၆) ယောက်လောက်ဖြေတာ- ပထမအဆင့် (၂
ယောက်ရွေးထားတယ်- လာမယ့်တနင်္လာနေ့မှ- ဒုတိယဗျူးမယ်တဲ့- (၂
ယောက်ထဲတော့ ပါလာပါသေးတယ်ဟုဆိုရင်း- ပထမဗျူး အောင်မြင်မှုအတွ
ဒီနေ့အားလုံးကို ဒကာခံပါမယ်- စိတ်ကြိုက်သာ မှာယူသုံးဆောင်ကြပါ
အဖွဲ့သားများဖက်လှည့်၍ ပြောလိုက်လေသည်။

ဟယ်- ဒကာခံမယ်တဲ့ - ရုပ်ကလေးလှသလောက် သဘောမနော
ကောင်းတဲ့မောင်လေး- ဟေ့ အစုံသုပ်ချဉ်ငံစပ်နဲ့ Max Plus တစ်လုံးဟု ဝက



အော်လေတော့သည်။

ခေါင်းကြီးမှ -

ငတ်ကြီးကိုကျတယ် -

ဝကစ်မှ စွန်းတုံ့မပြန်ဘဲ တူတစ်စုံဖြင့် စားပွဲကိုခေါက်၍ .....၊

ကိုယ့်ဟာကိုယ်ငတ်တာ ဘာဖြစ်လဲ- ဘာဖြစ်လဲ- သီချင်းသံပေး
တ်၍ ကြည်နူးစွာပြုံးမိရပြန်သည်။

နွဲ့လေးငယ် စားမေးပွဲအတွက် အသင့်ဘဲလား၊

အပြုံးနှင့်ခေါင်းငြိမ့်ပြသော နွဲ့လေးငယ် ၏မျက်နှာနုနုကိုကြည့်ရင်း
ဖော်ပြ၍ မရနိုင်သော ကြည်နူးကျေနပ်မှု ဖြစ်ရပြန်လေသည်။

မေးမနေနဲ့ - အဲဒါ Roll (1) ဟု- ပိုးနှင်းဥမှ ဝင်ပြောလေသည်

နေမျိုးနှင့်ပတ်သက်ပြီး ရင်းနှီးခဲ့ရသော သူတို့တစ်အုပ်စုလုံးသည်
န်၊ စရိုက် ကွဲပြားကြသော်လည်း ဖြူစင်ပွင့်လင်းပြီး ခင်မင်ဘွယ်ရာအတိ
ရင်မှာလေးလေးနက်နက် အသိအမှတ်ပြုထားရလေတော့သည်။

□ □ □ □ □

www.burmeseclassic.com

## အခန်း (၅)
## သမုဒယကြိုးတစ်စ၏ သောကမီးပွားများ

နေမျိုးတို့ တစ်အုပ်စုလုံး စာမေးပွဲနောက်ဆုံးနေ့၌မှာပင် သူအလု
ဒုတိယအင်တာဗျူး အဖြေထွက်သည့်နေ့နှင့် တစ်ရက်တည်းဖြစ်နေလေသည်

နေမျိုးမှ စာမေးပွဲဖြေပြီးသွားရင် တို့အားလုံး အင်းလျားကန်ဘောင်
ရှိတက်ခဲ့မယ်၊ မင်း ဗျူးထားတာသွားကြည့်ပြီး အဲဒီကိုပဲ လာခဲ့ကွာ- ဒီ
ငါ့ကားကို မင်းယူသွား- လိုင်းကားနဲ့ဆိုရင် မင်း နောက်ကျနေလိမ့်မယ်၊
ပေါက်တူးဆီ ဖုန်းဆက်ပြီးပြီ ဒီကောင်လာကြိုလိမ့်မယ်၊ တို့အဖွဲ့နောက်အကျ
နေ့လည် (၁) နာရီဘဲ-

သူ့စွန်းတုန့်မပြန်မိ-

အလုပ်လျှောက်ထားရန် ကုမ္ပဏီရှေ့တွင် ဒုတိယဗျူးသည့်အဖွဲ့မှ
ချယ်ထားသူ (၃) ဦးအမည်စာရင်းကပ်ထားလေသည်။

ရွေးချယ်ခံထားရသူများ ကုမ္ပဏီ၏ စီမံရေးရာဌာနသို့ သတင်းပို့ရန်
ပူးတွဲ ဖော်ပြထား၍ စီမံရေးရာဌာနသို့ သတင်းသွားပို့ရလေတော့သည်။

ကိုမျိုးမောင်လားဟင်၊

ကုမ္ပဏီဝန်ထမ်းဖြစ်ဟန်တူသူ အမျိုးသမီးငယ်ကို ဟုတ်ကဲ့ပါဟု အ
စကားပေးလိုက်လျှင် ဒီမှာနှစ်ယောက်ရောက်နေပြီ- ကိုမျိုးမောင် ကိုစောင့်
တာ .....၊

တတိယ အင်တာဗျူးဖြေရမယ့်နေ့နဲ့ အချိန်ကို သိရှိကြောင်း လက်မှ
ထိုးပေးကြပါ- သူနှင့်အခြားအောင်မြင်ထားသူနှစ်ဦး လက် မှတ်ထိုးလိုက်
သည်။

လက်မှတ်ထိုးပြီးချိန်မှာပင် .....၊



ကိုမျိုးမောင်- ကျနော်ငြိမ်းချမ်းပါ- သူကသီဟ-

ကျနော်တို့နှစ်ယောက် ကိုမျိုးမောင်ကိုသိပါတယ်၊ ကျောင်းမှာတုန်းက
မောင်က အရမ်းဇီဇာကြောင်ပြီး အမြဲပြုံးသနားရှာတတ်တဲ့ ဟိုအပို
တောင် ရီးကျူးရတဲ့သူပဲ၊ ကျောင်းမှာလည်း တစ်ယောက်တည်းနေ
လို့ ကောင်မလေးတွေကတောင် ကွယ်ရာမှာ အသည်းကွဲအညာသားလို့
ကြတယ်လေ- အချို့ကလည်း အညာသား တရုတ်တဲ့ .....၊

ကိုသီဟဝင်၍-

ကျောက်အသည်းလေး .....၊

မိမိအကြောင်းကို အတော်သိနေသော သူတို့နှစ်ယောက်ကို အားနာမိရ
တအမှန်ပင်-

အေးဗျာ- ကျနော့အကြောင်း အတော်သိနေတဲ့ ခင်ဗျားတို့နှစ်ယောက်
တစ်ကယ်ကို အားနာမိပါရဲ့ ကျောင်းတုန်းက ကျနော်က ကျောင်းစာနဲ့ ဘဝ
အတွေးသမားမို့ လူမှုရေးညံ့တာကို ခွင့်လွှတ်ကြပါဗျာ။

သူ့စကားစုအဆုံး ကိုငြိမ်းချမ်းမှ-

ဘဝအရေးအတွေးသမား- မြောက်တယ်ဗျာ-ဟုဆိုလေသည်။

ထိုစဉ်ကုမ္ပဏီမှ အမျိုးသမီးထွက်လာပြီး-

ရှင်တို့ အုပ်စုကနှစ်ယောက်ရွေးမယ်ကြားတယ်၊ အစတုန်းက
ယောက်တည်းဆိုပေမယ့် နှစ်ယောက်ဖြစ်သွားတော့ တစ်ယောက်ဘဲ ကျန်ခဲ့
ဆင်တယ်၊ အဲဒီကျန်ခဲ့မယ့် တစ်ယောက်အတွက် စိတ်မကောင်းပါဘူးလို့
ပြောပါရစေရှင် .....၊

သုံးယောက်သား ခွန်းတုန့်မပြန်ဘဲ အတွေးကိုယ်စီနှင့် ကုမ္ပဏီ အပြ
ခဲ့ကြလေတော့သည်။

လက်မှနာရီကြည့်လိုက်တော့ နံနက်ဆယ်နာရီ- နေမျိုးတို့နှင့် ချိန်း
သည့်အချိန်က နေ့လည်တစ်နာရီ- သုံးနာရီမျှကြားအချိန်ကို အတွေးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ရင်မောမိရပြန်သည်။

ကားတံခါးသော့လှပ်ရင်း ကိုငြိမ်းချမ်းနဲ့ကိုသီဟ ဘယ်ကိုပြန်ကြမှာလဲ ကျနော်လိုက်ပို့ပေးမယ် -

ဟာ နေပါစေဗျာ အားနာစရာ ကျနော်ကဒဂုံမြောက်မှာ အဝေးကြီး က မြောက်ဥက္ကလာ လိုင်းကားနဲ့ဘဲပြန်ပါမယ် - ဟု ဆိုလာသော ကိုငြိမ်းချမ်းအား

ဘာကိုအားနာရမှာလဲ - လာတက်ကြပါ - ဟုဆိုလျှင် ကိုသီဟ အားနာတယ်ဗျာဟု အပြုံးနှင့်ဆိုရင်း နောက်ခန်းတံခါးဖွင့်၍ ဝင်ထိုင် လေသည်

ရှေ့ခန်းသူ့ဘေးတွင် ယှဉ်ထိုင်လာသော ကိုငြိမ်းချမ်းမှ .....၊

ခင်ဗျားတို့နှစ်ယောက်လုံး ကျနော့အိမ်ရောက်ဖူးအောင် ကျနော့ အရင်ပို့ဟု ဆိုလာ၍ အပြုံးနှင့် ခေါင်းငြိမ့်ပြလိုက်လေသည်.....၊

အထက်တန်းကျောင်းသားဘဝပင် ရန်ကုန်ရောက်ခဲ့ရသော်လည် ဒဂုံမြို့သစ်များကို ကြားဖူးရုံသာ -

မြောက်ဥက္ကလာအပိုင်းမှ ဝေမိုးရိပ်ချောင်းကို ကျော်ပြီး ဒဂုံမြို့သစ်မြောက် ပိုင်းကိုရောက်မှ ကျနော်က ဒဂုံမြို့သစ်ဆိုလို့ ကွင်းပြင်ကျယ်ကြီးထဲမှာ အိမ်အသ လေး တွေတွေ့ရမယ်လို့ ထင်ထားတာ အခုတော့ တကယ့်မြို့ကြီးဘဲနော် -

ကိုငြိမ်းချမ်းမှပြုံးလျက် .....၊

ကိုမျိုးမောင် အခုမှရောက်ဖူးတာလား! (၁၉၉၀/၉၁) လောက် ပြောင်းတာဆိုတော့ နှစ် (၂၀) နားရောက်နေပြီလေ - မြို့သစ် မဟုတ်တော့ ဘူး။

အသက်(၂၀) နားဆိုတော့ မြို့လူပျိုကြီးဖြစ်နေပါပြီဗျာ - ရောက်စ ဆို မိုးတွင်းပိုင်းဆို ဗွက်တောရုန်းရတယ်ဗျ - အခုတော့ အားလုံးနီးပါး ကတ္တ လမ်း၊ ကွန်ကရစ်လမ်းတွေ ဖြစ်နေပါပြီကော .....၊

ဒဂုံမြို့သစ်သမိုင်းကြောင်း ရှင်းပြနေသော ကိုငြိမ်းချမ်းကို သေချာကြ လိုက်မှ ရုပ်ရှင်မင်းသားလွင်မိုးနှင့်ဖေပြတီဦးနှစ်ဦးပေါင်း ရုပ်သွင်ပြင် ပြုံးလိုက်လ



နှင့် - သွားစွယ်များနှင့် ဆန့်ကျင်ဖက်မိန်းကလေး စိတ်ဝင်စားခံရမယ့် ရုပ်ရည် ရင်ဘဲဟု စိတ်ထဲမှတွေးထင် လိုက်မိပြီး တစ်ကိုယ်တည်းပြုံးမိရပြန်သည်။ မြင်သွားသော ကိုငြိမ်းချမ်းမှ .....၊

ကျနော်ပြောတဲ့စကားစု ဘာသဘောကျစရာပါလို့ ပြုံးတာလဲဟု လာ၍ -

မဟုတ်ပါဘူးဗျာ - ခင်ဗျားရုပ်ကိုကြည့်ပြီး ဇော်ကြည်မယ့်လူလို့ တွေးမိ ပါ - သူ့စကားအဆုံး နောက်ခန်းမှ ကိုသီဟက -

တစ်ကယ်တော်တဲ့ အင်္ဂလိပ်ရွာပဲ - အမှန်ဘဲဗျို့ သူ့က အမြဲတမ်း Wanted ဟု ဝင်ထောက်လိုက်၍ သုံးဦးသားပေါင်းစပ်ရယ်မောသံ လွင့်ပျံ ရလေတော့သည်။

ရှေ့ (၄၆) လမ်းဆုံကျရင် ဘယ်ကွေ့ - ပြီးရင်ဟိုရှေ့နားမှာ ညာကွေ့ - စ်စံတွန်းလမ်းတဲ့၊ ဒဂုံမြောက်ပိုင်းလို့ အလွယ်ပြောပေမယ့် ဒါကဒဂုံအရှေ့ပိုင်း - ဒဂုံက မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းနဲ့ ဆိပ်ကမ်းမြို့နယ်ဆိုပြီး ခွဲထား အဲ အဲဒီရှေ့မှာရပ်၊ ဟုတ်ပြီလာဗျာ ဆင်းကြပါဦးဟုဆိုရင်း .....၊

ကိုငြိမ်းချမ်းဦးဆောင်ဆင်းသည့်နောက်သို့ သူနှင့်ကိုသီဟနှစ်ယောက် သာအယာပင်လိုက်သွားခဲ့ရလေတော့သည်။

သား - ကိုချမ်းပြန်လာပြီ၊ သူငယ်ချင်းတွေလည်းပါလာတယ်လား! လာကြထိုင် အန်တီ နန်းကြီးသုတ်ကျွေးမယ်၊

အသားအရေဝင်းဝါပြီး ချောမောသောရုပ်ရည်ပိုင်ရှင်အန်တီကြီးကို ငြိမ်းချမ်းအမေဟု သိလိုက်ရသည်။

ထိုစဉ် ကိုသီဟမှ အားနာစရာကြီး အန်တီရယ်၊ များများသုတ်ပေးနော် ဆို၍ ပြုံးမိရပြန်သည်။

သားကိုချမ်း အခြေအနေဘယ်လိုလဲ - ဟုအသုတ်သုတ်ရင်း မေးလာ သောအန်တီကြီးအား ကိုငြိမ်းချမ်းမှ -

www.burmeseclassic.com

www.burmeseclassic.com



(၃) ယောက်ရွေးလိုက်တဲ့အထဲတော့ပါလာသေးတယ်မေမေ၊ တုမ္ပကီကမမကတော့ (၂) ယောက်ရွေးမှာတဲ့ -အရွေးခံထားရတာ ဒီသုံးယောက်လေ.....၊

ဟုတ်လား၊ ဝမ်းသာလိုက်တာသားရယ်၊ သားအလုပ်အဆင်ပြေရင် အမေအသက်ရှုချောင်ပြီပေါ့၊ ကုမ္ပဏီကလည်းဟယ် (၃) ယောက်လုံးဘဲရွေးလိုက်ပါတော့လား၊

မေမေ- ဖေဖေညာဂျူတီဆို- ဒီနေ့မနားဘူးလား၊

နားပါ့တော်- သူကနားလည်း အိမ်မကပ်ပါဘူး၊ ဘီလီယက်ခုံမှာရှိမှာပေါ့၊ သူကလစာအပ်ပြီးရင် တာဝန်ကျေလေ၊ ဘာမှကိုမပူတတ်ဘူး၊ သားတို့စားလို့ကောင်းရဲ့လား၊ ထပ်ယူကြအုန်းလေ.....၊

အာ- ကောင်းပါတယ်အန်တီ- မယူတော့ပါဘူးဟု ကိုသီဟက ဝင်ပြောလေသည်၊

ရန်ကုန်မြို့လယ် ဆူးလေဘုရားတစ်ဝိုက်မှာ ဖွင့်လိုက်ရင်တော့ သူဌေးဖြစ်မှာသေချာတယ်၊ ရေနွေးကြမ်းငှဲ့ရင်း ပြောလာသော ကိုသီဟအား.....၊

အမလေးသားရယ်- အဲလိုနေရာမျိုးမှာ ဆိုင်ခန်းခက သိန်းနဲ့ချီနေမှာ- မတတ်နိုင်ပါဘူးကွယ်- အန်တီ့မှာ သားသမီးတွေအများကြီး မွေးထားတော့ အလျင်မှီအောင် မနည်းကြိုးစားနေရပါကွယ်၊

သားချမ်းအလုပ်အဆင်ပြေသွားရင်တော့ တစ်အားတက်တာပေါ့-

ကိုငြိမ်းချမ်းမိခင်ကိုကြည့်ရင်း မိတ္တီလာမှ မိခင်ကြီးကို သတိတဖြစ်မိရပြန်လေသည်။

အန်တီစားလို့အရမ်းကောင်းပါတယ်- အန်တီ့သားလည်း အလုပ်အဆင်ပြေမှာပါ၊ ကျနော်တို့ကို ခွင့်ပြုဦးနော်၊ ကိုငြိမ်းချမ်း ကျေးဇူးဗျာ- ဟု ဆိုရင်း ကိုသီဟနှင့်အတူ ပြန်ရန်ပြင်ဆင်လိုက်လေ သည်၊

သားတို့ဒဂုံရောက်ရင်ဝင်ခဲ့ကြနော်၊ သားသူငယ်ချင်းတွေဆိုတော့ အန်တီ့သားတွေပဲပေါ့၊ ရိုးသားပွင့်လင်းဟန်နှင့် ဖိတ်ခေါ်နေသော ကိုငြိမ်းချမ်းမိခင်အား အသာအယာခေါင်းငြိမ့်ပြရင်း ထွက်ခွါလာခဲ့မိပါတော့သည်၊

ကိုသီဟကို ဘယ်ကိုပို့ပေးရမလဲ-

ဥက္ကာ -

ကျနော့ကို လမ်းညွှန်ပေးအုန်း-

အဝိုင်းကိုတည့်တည့်ဖြတ်- ဆေး (၂) ရှေ့က ဥက္ကာရပ်ကွက်ပဲ-

ကျနော့်ကိုပို့ပြီးရင် ကိုမျိုးမောင်ဘယ်ကိုသွားမှာလဲ.....၊

အင်းလျားကန်ဘောင်- သူ့အဖြေစကားအဆုံးကိုသီဟကပြုံးလျက်၊ ဒါဆို ဥက္ကာထဲဝင်လိုက်- ကျနော်ကဥက္ကာ (၅) လမ်းမှာနေတာ အဲဒီတည့်တည့်က ဆက်သွားရင် ကြံခင်းစုကိုဖြတ်ပြီး လေဆိပ်ကိုရောက်သွားရော- အဲဒီပြည်လမ်း အတိုင်းဆို ကိုမျိုးမောင် အဆင်ပြေတာပေါ့-

ဥက္ကာ (၅) လမ်းအရောက် ကိုသီဟမှ-

ခဏဆင်းပြီး အိမ်ထဲကိုဝင်ပါအုံးကိုမျိုးမောင်-

သူ့လက်မှ နာရီငုံ့အကြည့်

နေ့ခင်း (၁) နာရီမှဆိုမှီပါတယ် ကိုမျိုးမောင်ရဲ့- ခဏပါဗျာ-

ကျနော့အဖေနဲ့အမေကို ကိုမျိုးမောင်နဲ့တွေ့ပေးချင်လို့ပါ-

ဩ- ဟုတ်ကဲ့ - ဝင်ပါမယ်-

အိမ်အတွင်းသို့ ကိုသီဟနှင့်အတူဝင်ရောက်မိစဉ်.....၊

သားလေးပြန်လာပြီလား၊ ဩ သူငယ်ချင်းလည်း ပါလာတာကိုး၊

နောက်မှစကားပြော- သားကြိုက်တတ်တဲ့ ဝက်ပုံးရည်နဲ့ ဒန်အလွန်ရှာဖွေခင်းချို ချက်ထားတယ်၊ သားသူငယ်ချင်းနဲ့ နှစ်ယောက် အတူစားလိုက်ကြအုံး၊

သူ့မိခင်စကားအဆုံး ကိုသီဟမှ-

လာ ကိုမျိုးမောင် - ထမင်းအရင်စားလိုက်ရအောင် -

နေပါစေ- ကိုသီဟရယ်- ခုနကမှ နန်းကြီးသုတ်စားလာတာ-

www.burmeseclassic.com

www.burmeseclassic.com



အို- ဘာစားစား- ထမင်းချိန်ထမင်းစား-ရောက်တုန်းအမေ့လက်ရာ စားသွားလိုက်ပါသားရယ်၊ ဟုဝင်ပြောလိုက်သော ကိုသီဟ အမေကိုလှမ်း အကြည့် ဇရာ၏ထိုးနှက်ချက်ကြောင့် တွန့်လိမ်နေသော အရေပြားနှင့် အပြုံး မျက်နှာရှိ ကြည်လင်တောက်ပနေသော မျက်ဝန်း တစ်စုံကိုတွေ့လိုက်ရ၍ အယောင်ယောင်အမှားမှား ဖြစ်ကာခေါင်းငြိမ့် လိုက်မိလေတော့သည်။

မိတ္ထီလာတွင် ကျန်ရစ်သော မွေးသမိခင်ကြီး၏ မျက်နှာနှင့် ပုံသဏ္ဌာန်ကွဲ နေပေမယ့် တူညီသောဖြစ်တည်မှုကြောင့် သတိရခြင်းပြင်းစွာ ဖြစ်ခဲ့မိသည်က တော့အမှန်ပင်။

ထမင်းဝိုင်းမှအထ ဘယ်လိုလဲ ကိုမျိုးမောင် စားလို့ကောင်းရဲ့လား-

ကိုသီဟအမေးကို ခေါင်းငြိမ့်ပြရင်း .....၊

ဆာလောင်ခြင်းမရှိဘဲ စားတာတောင်အရမ်းစားကောင်းတယ် တစ်ကယ် .....၊ တစ်ကယ်.....၊

အေးဗျ- မေမေက ဟင်းချက်အရမ်းကောင်းတယ်- လာဗျာ ဧည့်ခန်း သွားရအောင်- ဖေဖေနဲ့မေမေကို ခင်ဗျားနဲ့ မိတ်ဆက်ပေးအုံးမယ်၊

ကိုငြိမ်းချမ်းကတော့ ကျနော့အိမ်ရောက်ရင် မီးဖိုထဲအရင်ဝင်ပြီး ရှိတာ ကိုလှန်စားတော့တာပဲ- အဲဒါကိုဘဲအမေက အရမ်းကျေနပ်နေတာ-

ဧည့်ခန်းအတွင်းသို့ ကိုသီဟနှင့်လှမ်းဝင်မိသောအခါ ကိုသီဟ မိခင်နှင့် အတူ ဥပတိရုပ်သန့်ပြန့်သော ကိုသီဟ၏ဖခင်ဖြစ်သူကိုပါ တွဲထိုင်နေသည်ကို တွေ့လိုက်ရလေသည်။

ကိုသီဟမိခင်မှ လာသားတို့ထိုင်ကြဟုဆိုစဉ် -

ဖခင်ဖြစ်ဟန်တူသူမှ လက်ထဲမှဖတ်လက်စစာအုပ်ငယ်ကို အသာချ၍ မော့ကြည့်ပြီး လွတ်နေသောခုံတွင်ထိုင်ရန် လက်ဟန်နှင့်ပြလေသည်။

အဖေနဲ့အမေ- ဒါ မျိုးမောင်တဲ့- သားတို့နဲ့အတူ ဒုတိယဗျူး (၃) ယောက်ထဲမှာ ပါလာတာလေ- ဟိုကောင်ငြိမ်းချမ်းနဲ့ ပေါင်း (၃) ယောက်ပေါ့-



အဲဒီအထဲက (၂) ယောက်ရွေးမယ်လို့ သိခဲ့ရတယ်၊

ကိုသီဟစကားဆုံးလျှင် ၎င်း၏ဖခင်ဖြစ်သူမှ .....၊

အေးပေါ့- ဒီအလုပ်နဲ့ ကြောင်းကျိုးချိန်ခါကျတဲ့ (၂) ယောက် ရမှာပဲ လေ- ဘယ်သူရရ ရတဲ့အလုပ်ပေါ်မှာ တာဝန်ကျေအောင်စွမ်းဆောင်ဖို့က အဓိကဘဲ .....၊

သားသီဟကို ဒီအလုပ်ဝင်ဖြေခိုင်းရတာကလည်း အခုလက်ရှိ အလုပ် က သားရထားတဲ့ဘွဲ့နဲ့မကိုက်ညီတာရယ်- တစ်နေ့တစ်နေ့ကို ငွေသိန်း ရှစ်ဆယ် ထစ်ရာကို ကိုင်တွယ်တာဝန်ယူနေရတာကြောင့်ဘဲ- အဲ့လောက်များတဲ့ ငွေ တခန့်နေ့မှာ အမှားအယွင်းဖြစ်ခဲ့ရင် လက်ရှိအနေအထားနဲ့ အဖေတို့မလျော် နိုင်ဘူး။ မလျော်နိုင်ရင် ငါ့သားထောင်ထဲရောက်မှာဘဲ- မင်းအမေကလည်း အဲဒါ ကိုစိတ်အပူဆုံးဘဲ .....၊

သူ့ဖခင်စကားများဆုံးသွားလျှင် ကိုသီဟကပြုံးလျက် -

အမေတို့က စိတ်ပူလို့ပါ- ဘာမှမဖြစ်နိုင်ပါဘူး- ရောင်းရတဲ့ငွေညနေ ခုံး အပ်လိုက်ရင်ပြီးတာဘဲ၊ အခုတောင်သားစဉ်းစားနေတာ .....၊

အခုအလုပ်က (၂) ယောက်ထဲရွေးမှာဆိုတော့ ကိုမျိုးမောင်နဲ့ ငြိမ်းချမ်း ရအောင် တတိယဗျူးကို သွားမဖြေဘဲနေတော့မလို့လို .....၊

ကိုသီဟစကားအဆုံး သူ့၏မိဖနှစ်ပါးထံမှ သက်ပြင်းချသံသဲ့သဲ့ကြား လိုက်ရလေသည်။

မဟုတ်တာ- ကိုသီဟရယ်- ဖြေရမှာပေါ့- ခုနကဦးပြောသလို ကြောင်းကျိုးချိန်ခါကျတဲ့ (၂) ယောက်ရမှာပေါ့၊ ဒါပေမယ့် ဒီလိုစိတ်ကူးမိတဲ့ ခင်ဗျားကိုတော့ တစ်ကယ်ကိုလေးစားတယ်ဗျာ။

ဧည့်ခန်းအတွင်းရှိ လေးဦးလုံးအတွေးကိုယ်စီနှင့် ငြိမ်သက်သွားန်တို့ ကိုသီဟ ဖခင်စားပွဲပေါ်တွင် ချထားသောစာအုပ်ငယ်ကို သူလှမ်းယူလိုက်၍ လှပ်ရှား သွားရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ငယ်၏ရှေ့ဖုံးတွင်

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး (၁၉.၆.၁၉၆၂) မိုးကုတ်မြို့တွင် ဟောကြားတော်မူသော

မင်္ဂလာ (၁၀) ပါး

စာအုပ်ငယ်၏ ရှေ့ဖုံးကို ဖတ်ကြည့်မိသောသူကို ကိုသီဟဖခင်မှ သားဖတ်ချင်လို့လား၊ ဖတ်ချင်ရင်ယူသွားလေ.....၊

ကျနော်ဖတ်ချင်လို့ မဟုတ်ပါဘူးခင်ဗျာ- ဆရာတော်ကြီးဟောတဲ့ ခုနှစ်သက္ကရာဇ်ကို ကြည့်ကြည့်တာပါ- (၁၉.၆.၁၉၆၂) ခုဆိုတော့ နှစ်ပေါင်းလေးဆယ်ကျော် ကြာခဲ့ပြီပေါ့နော်။

ကြာပြီပေါ့သားရယ်- ဆရာတော်ကြီး ခန္ဓာဝန်ချသွားတာတောင် နှစ်ပေါင်းလေးဆယ်ကျော် ကြာခဲ့ပြီပဲ- ဦးတို့သားတို့လို ဉာဏ်နုံ ဉာဏ်ထိုင်းတီလေသာအားကြီး၊ ဒိဋ္ဌိ ပွားစွဲနေတဲ့ လူတွေကို ပါဠိကိုမျက်စောင်းထိုး၍ မြန်မာမြန်သက်သက်နဲ့ မြတ်စွာဘုရားရဲ့ သစ္စာတရားတွေကို နားလည်အောင် ဟောကြားဆုံးမခဲ့တဲ့ ကျေးဇူးများကြီးမားလိုက်ပုံကတော့ ပြောမကုန်ပေါ့ကွယ်။

ကိုသီဟဖခင်ကြီး၏ ရှည်လျားသောစကားစုကို အပြည့်အဝနားမလည်ခဲ့သော်လည်း ရင်ထဲထိစူးဝင်လာခဲ့သည်ကိုတော့ သတိပြုမိရပြန်သည်။

ဦး- ကျနော်တစ်ခုလောက်မေးချင်တယ် .....၊

မေးလေသား- ဘာမေးမလို့လဲ-

ဩ- အမရပူရ- မင်္ဂလာတိုက်- (၁၉၆၀) ဝန်းကျင်က တရားဟောတဲ့ ဆရာတော်ကြီးလည်း ဦးပြောတဲ့ ဆရာတော်ကြီးနဲ့ တစ်ခေတ်တည်းလောက်ဖြစ်မယ် ထင်တယ်နော် .....၊

ဟင်း- ဟင်း- ဟင်း - သားဘာပြောလိုက်တယ်

အဲဒီ အမရပူရ- မင်္ဂလာတိုက်မှာ ဟောတဲ့ဆရာတော်ကြီးက ဒီဆရာတော်ကြီးပဲလေ၊ မင်္ဂလာတိုက်မှာက ကိုရင်လေးဘဝတည်းက သီတင်းသုံးတာ၊ အဲဒီမှာဘဲ စာဝါတွေလိုက်ပြီး အဲ- ဘုန်းကြီးစာတွေ သင်ကြားခဲ့တာပေါ့။



ခေတ်ကာလကြီး မကောင်းတဲ့အချိန်မှာမှ မိုးကုတ်မြို့မှာသွားပြီး ရဟန်းတရားတွေအားထုတ်၊ မိုးကုတ်ဒကာ ဒကာမတွေက ဆရာတော်ကြီးကို ကြည်ညိုကြလို့ မိုးကုတ်မှာ ကျောင်းဆောက်လှူ သိမ်ထပ်ပေါ့။

ဒါကြောင့် ဆရာတော်ကြီးက အမရပူရနဲ့ မိုးကုတ်တစ်လှည့်စီ သီတင်းသုံးပြီး သစ္စာတရားတွေ လှိုင်လှိုင်ကြီး ဆက်တိုက်ဆိုသလိုဟောကြားခဲ့တာပေါ့။

အိပ်မက်- မိမိမက်ဖြစ်ခဲ့သော အိပ်မက်များ၏ နိုင်လုံသောသက်သေသာ ဓကများဖြစ်နေ၍ ရင်၌ပြောပြ၍မရနိုင်သော ခံစားချက်များပြင်းစွာဖြစ်ခဲ့ရလေတော့သည်။

အခြားသူများကို အိပ်မက်အကြောင်းပြောပြလျှင်လည်း ပုံမှန်မဟုတ်သော သူအဖြစ်သာ ဖွင့်မပြောပြကြသော်လည်း ရင်ထဲတွင် တွေးထင်ကြမည်ကာ အသေအချာပင်။

ကိုသီဟ ဖခင်ကြီးထံမှ ကြားသိလိုက်ရသောအကြောင်းတရားများနှင့် မိမိကိုယ်တိုင် နိုင်မာယုံကြည်မှုကြီးစွာ ရလိုက်မှုအတွက် ရင်မှာကျေနပ်ပျော်ရွှင်မိ သည်ကလည်း အမှန်ပင် .....၊

ကိုသီဟ၏ ဖခင်ကြီးကို ကျေးဇူးရှင်တစ်ယောက်အဖြစ် ရင်ထဲမှာနိုင်မာစွာ စွဲထင်ခဲ့ရလေတော့သည်။

တိတ်ဆိတ်သွားသော စကားဝိုင်းကို ကိုသီဟမိခင်ကြီးမှ ပြောလိုက်သော စကားစုကြောင့် ပြန်လည်အသက်ဝင်ခဲ့ရပြန်သည်။

ဒေါ်ဒေါ်တို့ကသာ သားသမီးလေးယောက်မွေးထားတာ-

သားကြီးက ဆရာဝန်- အိမ်ထောင်ခွဲလေ၊ ဟုဆိုရင်းဒေသ့ခန်းအလယ်ချိတ်ဆွဲထားသော ဘွဲ့ရပုံများကို ညွှန်းရင်းဆိုလေသည်။

သားကြီးဘေးကပ်လျက်က သမီးကြီးပေါ့- သူကအင်ဂျင်နီယာ- အမျိုးကြီးသာဝန့် မိဘကိုလုပ်ကျွေးနေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီဇက်ကသမီးငယ်- သူကကျောင်းဆရာမ- သူလည်းအပျိုကြီးစာရင်းဝင်ပါဘဲ။

ဒါကတော့သားသူငယ်ချင်းမောင်သီဟပေါ့၊ အငယ်ဆုံး သူမိခင်စကားအဆုံး .....၊

အလိမ္မာဆုံးလို့ ပြောပါအုန်းမေမေရယ်ဟု ကိုသီဟမှ အပြုံးမျက်နှာဖြင့်ဝင်ပြောလေသည်။

အမေမွေးထားတဲ့ သားသမီးတွေအားလုံးလိမ္မာပါတယ်၊

သားကြီးက အိမ်ထောင်ခွဲမို့ သူနိုင်သလောက် မိဘကိုလစဉ်ထောက်ပံ့သလို ကျန်းမာရေးနဲ့ပတ်သက်လာရင်လည်း တစ်မိသားစုလုံးကို သူဘဲတာဝန်ယူနေတာပါဘဲ၊ အဲဒါကြောင့်အမေက လုပ်သမျှကောင်းမှုကုသိုလ် မှန်သမျှကို သူတို့ မောင်နှမအားလုံးကို မေတ္တာပို့ပြီးမှ (၃၁) ဘုံသားတွေကို အမျှဝေပေးတယ်လေ၊ ဩ ဒါနဲ့ သားမိဘတွေကကော .....၊

သက်ပြင်းတစ်ချက်ရှိုက်သွင်းရင်း-

ကျနော်က အမေတစ်ခု သားတစ်ခုပါ- အဖေဆိုတာကတော့ ကျနော်လူ့လောကမရောက်ခင်ကတည်းက ကမ္ဘာခြားသွားပြီလို့ အမေပြောတာကြားခဲ့ရဘူးတာပါဘဲ .....၊

ခံစားချက်ကြောင့် အသံလှိုင်းများ တုန်ခါသွားမှုကို ကိုယ်တိုင်ပင်သတိပြုမိရပြန်သည်။

ဦးနဲ့ဒေါ်ဒေါ်- ကိုသီဟ ကျနော်ပြန်ပါအုံးမယ်၊

ပြောပြောဆိုဆို ခုံပေါ်မှထပြီး ကြမ်းခင်းပေါ်ထိုင်လိုက်သော သူ့ကိုအံ့ဩဟန်ဖြင့် ကြည့်နေသော ကိုသီဟမိဘနှစ်ပါးအား

ဦးနဲ့ဒေါ်ဒေါ်ကို ကျနော်ကန်တော့ပါရစေ .....၊

ထိုခြင်းငါးပါးနဲ့ ကန်တော့အပြီး ကိုသီဟမိခင်ကြီးမှ သာဓုသုံးကြိမ်ခေါ်၍သား သွားလေရာလာလေရာ ခလုတ်မထိ ဆူးမငြိ သွားလမ်းသာ လာလမ်းဖြောင့်



ပါစေကွယ် .....၊

ကိုသီဟဖခင်ကြီးမှာလည်း

လူလေး ခုလို မိဘအရွယ်တွေကို ရိုသေစွာကန်တော့ရသော အကျိုးကြောင့် ခုဘဝမှာဘဲ- သစ္စာကိုသိ- သိရာမှရှိအောင်ကိုယ်တိုင် ကြိုးစားအားထုတ်နိုင်ပါစေကွယ်-ဟု ဆုပေးသံကြောင့် ရင်သို့ပြင်းထန်သောခံစားချက်ထက်မြက် သောသံမဏိမြှားစူးဝင်သည်အလား ဖြစ်ခဲ့ရသည်ကိုတော့ အမှတ်ထင်ထင် ရှိခဲ့ရပါလေတော့သည်။

ရပ်ထားခဲ့ရာကားဆီသို့ ကိုသီဟနှင့်အတူသွားနေစဉ် .....၊

နောက်မှကိုသီဟ၏ဖခင်ကြီး ရေရွတ်သံကိုသဲ့သဲ့ကြားရ၍ ကိုသီဟမှ သူ့ကိုအားနာဟန်အကြည့်ကို မသိကျိုးကျွန်ပြု၍ အသာအယာပင် ခြေလှမ်းမှန်မှန် ဖြင့်လှမ်းထွက်ခဲ့မိလေသည်။

"ဒီသူငယ်ထူးတော့ထူးတယ်- အရှေးတွေတည်းက ထူးတဲ့သူဖြစ်ပါစေကွယ်" တဲ့ .....၊

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

## "သမုဒယ လောင်စာတစ်စက် ဒုက္ခမီးထဲတိုးဝင်ခြင်း"

တတိယဗျူးမှ တွေ့ကြတာပေါ့ဟု- ပြောလိုက်သော ကိုသီဟစကားသံကို ပြန်ကြားမိ၍ ကားမောင်းနေရင်း တစ်ကိုယ်တည်းအသာအယာပြုံးမိလေသည်၊

လက်မှနာရီအကြည့် နေ့လည်တစ်နာရီထိုးရန် (၁၅) မိနစ်ခန့်သာလိုတော့၍ လီဗာကို အသာဖိကာ နေမျိုးတို့ အုပ်စုနှင့် ချိန်းထားရာ အင်းလျားကန်ဘောင်ဆီသို့ အရှိန်ပြင်းပြင်း မောင်းသွားခဲ့ရပြန်သည်။

"ဟိုမှာ မျိုးမောင်လာပြီဟု ပိုးနှင်းဥအသံကြောင့် သူတို့အုပ်စုရှိရာသို့ခြေလှမ်းကို အရှိန်မြှင့်၍ လှမ်းသွားမိလေသည်။

အနားရောက်မှ နေမျိုးတို့ အုပ်စုအပြင် သူနှင့်ရွယ်တူအမျိုးသားငါးယောက်ကို တွေ့လိုက်ရ၍ အသာအယာကိုယ်ရှိန်သတ်ကာ ဖင်မောင်အနီးဝင်ထိုင်လိုက်မိသည်။

သူစိမ်းအုပ်စုထဲမှ အသားဖြူဖြူတရုတ်သွေးပါဟန် -ထိုသူထံမှ

"နင် ငါ့ဘက်ကိုလည်း စဉ်းစားကြည့်လေ.....၊

တစ်ကယ်ကို မြတ်မြတ်နိုးနိုး တန်ဘိုးထားလို့ ပါးပါးကိုပါ နင်မိဘတွေဆီ နားဖောက်ခိုင်းတာပေါ့။

အဲဒါငါလိုချင်တဲ့ တုန့်ပြန်မှုမရတဲ့အပြင် ဘယ်ကပေါ်လာမှန်းမသိတဲ့ဟိုကောင်ကြောင့် မျှော်လင့်ချက်တွေအားလုံး တစ်စစီလွင့်ပျောက်ရမယ်ပုံပေါက်နေပြီ.....၊

နွဲ့လေးငယ်ဆီမှ- ဒီမှာပိုင်စိုးမောင် -

အဲဒါနင့်အပိုင်းလေ- ငါနဲ့ဘာဆိုင်လို့လဲ-



အေး သူက ငါ့ဘဝကြီးတစ်ခုလုံးအတွက် တန်ဘိုးထားလေးစားရတဲ့ ငါ့ချစ်သူဘဲ့ .....၊

သူ့ကိုမေးထိုးပြရင်း ဆိုလာသောချစ်သူနွဲ့လေးငယ်၏ စကားစုကြောင့်ကျေနပ်မှုပီတိအဟုန် ရင်မှာထိထိမိမိခံစားရရင်း မိမိနှင့်တိုက်ရိုက်အရှိုးကျသည့်ပြဿနာဟုလည်း သိနားလည်ခဲ့ရပြန်သည်။

ပိုင်စိုးမောင်ဆိုသူမှ -

ဒါတွေငါမသိဘူး- ငါသိတာနင့်ကိုပိုင်ဆိုင်ဘို့ဘဲ့ -

အေး ငါ့မျှော်လင့်ချက်တွေ ဖျက်ဆီးတဲ့သူဟာ ငါ့ရန်သူပဲ၊ ပြိုင်ပွဲတိုအရင်စာရင်းပေးထားတဲ့ ငါက မပြိုင်ရဘဲရှုံးနေပြီ၊ အဲလိုတော့ အဖြစ်မခံနိုင်ဘူး -ငါနာမည် ပိုင်စိုးမောင်ပဲ၊ ယှဉ်ပြိုင်ပြီးမှ ရှုံးရရင် ကျေကျေနပ်နပ် နောက်ဆုတ်ပေးမယ်- ဒါငါ့ရဲ့ ယောကျ်ားကတိပဲ။

နွဲ့လေးငယ်မှ .....၊

နင်ကဘယ်လိုယှဉ်ပြိုင်ချင်လို့လဲ -

အဖြေကအရှင်းကြီးထွက်ပြီးသားကို

ဘယ်လိုယှဉ်ပြိုင်ရမလဲ ဟုတ်လား.....၊

ယောကျ်ားတွေပဲဟာ - သူတင်ကိုယ်တင် ပိုင်စိုးမောင်စကားအဆုံး

နွဲ့လေးငယ်မှ -

အဲဒါဆို သူနဲ့ပြောလေ နင့်ဆန္ဒကို ဆိုင်တော့မဆိုင်ဘူးပေါ့ဟာ.....၊

အေး ပြောမယ် -

ဟေ့ကောင် - ငါ့မျှော်လင့်ချက်တွေ ပျက်စီးခဲ့ရတာ မင်းကြောင့် မင်းနဲ့ငါယှဉ်မယ်၊ ငါးရှုံးရင်လုံးဝပဲ - ငါနိုင်ခဲ့ရင်တော့မင်းသဘော - နိုင်ရင်ဒီဆုဟာ ငါနဲ့ထိုက်တန်တယ်ထင်လို့ ဆက်ကြိုးစားမှာပေါ့.....၊

ရင့်သည်းသောအသုံးအနှုန်းနှင့် သူ့ကိုစိန်ခေါ်နေသော ပိုင်စိုးမောင်ဆိုသူအားကြည့်၍ သက်ပြင်းတစ်ချက်ရှိုက်သွင်းမိရပြန်သည်၊ တုန့်ပြန်စကားတော့

www.burmeseclassic.com



မဆိုမိ .....၊

ကဲ- ဘယ်လိုလဲ၊ ယှဉ်မှာလား- မယှဉ်ဘဲအရှုံးပေးမှာလား၊

"ကိုပိုင်စိုးမောင် -

သေချာစဉ်းစားပါဗျာ- ဘေးလူတွေကြားလို့မှ မသင့်တော်တဲ့ ကိစ္စကြီး အေးအေးဆေးဆေး ဖြေရှင်းလို့ရနေတဲ့ဟာကို .....၊

အတက်အကျမရှိ မြင်းတစ်ပြေးတည်းထွက်လာသော သူ့စကားသံကြောင့် နွဲ့ဖလေးငယ်မှ သူ့ထံသို့အကြည့်တစ်ချက်ရောက်လာသည်။

ပိုင်စိုးမောင်မှ -

ဘာမှစဉ်းစားစရာမလိုဘူး- ယောက်ျားချင်းဘဲ- ငါရှုံးရင်လုံးဝပြီးပြီ - ဘာမှထပ်မကြိုးစားဘူး၊ အဲ နောက်ဆုတ်ပေးမယ်ပေါ့ကွာ-

အေး မင်းရှုံးရင်တော့ မင်းသဘော -ငါ့ရဲ့နောက်ဆုံးထွက်သက်အထိ ကြိုးစားမှာဘဲ- နွဲ့ဖလေးငယ်ကို ပိုင်ဆိုင်ဖို့လေ .....၊

ကျနော့်ကတော့ အတတ်နိုင်ဆုံး မယှဉ်ချင်ဘူးဗျာ-

သူ့စကားအဆုံး အနားမှ ဇင်မောင်မှ-

ဟေ့ကောင် ပိုင်စိုးမောင်-

ဒီကောင်က မယှဉ်ချင်ဘူးတဲ့- သူ့အစားငါယှဉ်မယ်၊ ဟုပြောရင်း ထိုင်ရာမှထဟန်ပြင်လေသည်။

သူ ဇင်မောင်လက်ကို အသာအယာဖမ်းဆွဲလိုက်သည်။

ထိုစဉ် ပိုင်စိုးမောင်မှ-

ဇင်မောင်- မင်းဝင်မပါနဲ့၊ မင်းနဲ့ဘာမှမဆိုင်ဘူး-

ဒီပြိုင်ပွဲကို မင်းဝင်လာလို့ အဖြေမထွက်ဘူး-

အေးလေ - သူကမှ မချရဲတာကိုး၊ ဇင်မောင်စကားအဆုံး အသာအယာ ပြုံးလိုက်မိသည်။

ကိုပိုင်စိုးမောင်-



ခင်ဗျားစိတ်တွေ အရမ်းလှုပ်ရှားနေတယ်- အေးဆေးစဉ်းစားပါဗျာ- သူ့စကားအဆုံး .....၊

ဘာမှစဉ်းစားစရာမလိုဘူး- မင်းမယှဉ်ရဲရင် နွဲ့ဖလေးငယ်က ငါ့အတွက်ဘဲ ဖြစ်ရမယ်လေ။

ကိုပိုင်စိုးမောင် ခင်ဗျားတို့သွားကြပါတော့ဗျာ၊ ယှဉ်ပြိုင်ခြင်း နောက်ကွယ်က ရှင်းရမှာတွေက အများကြီး ကျနော် အနုအညွှတ်တောင်းပန်ပါတယ်ဗျာ။

ဘာမှရှင်းစရာမလိုဘူး- အေးမရဲရင်တော့ နွဲ့ဖလေးငယ်ကို ငါအပြီးကြိုးစားနေမှာပဲ လက်မခံနိုင်သရွေ့ သူတော့အနောက်အယှက်ဖြစ်နေရမှာပေါ့။

ကဲ ဘယ်လိုလဲ မင်းစဉ်းစား .....၊

သူ့တုန့်ပြန်စကားမဆိုမိတော့-

နွဲ့ဖလေးငယ်-

နင်ဘာလို့ မျက်စေ့လည် လမ်းမှားချင်ရတာလဲဟာ .....၊

နင့်ကောင်က သတ္တိမှမရှိဘဲ- ဒီလိုလူမျိုးကို တစ်သက်စာဘယ်လိုအားကိုးမလဲ၊ သူမချရဲတာ ငါ့ဖွတ်မလုပ်ပါဘူး .....၊

ဒါပေမယ့် -နင့်ကိုပိုင်ဆိုင်ဖို့ အချိန်တိုင်း အရှိန်မြှင့်ပြီး ငါကြိုးစားတော့မယ်။

ဒီပွဲကို မယှဉ်ပြိုင်ချင်တာက သူ့ဆန္ဒ .....၊

သူ့ဆန္ဒတစ်ခုတည်းကို ရှေ့တင်လိုက်လျှင် နောက်ယှက်မှုကြောင့် ရင်နင့်အောင်ချစ်ရသူနွဲ့ဖလေးငယ် စိတ်ပင်ပန်းရမည်ကတော့ အသေအချာပင် .....၊

ကိုပိုင်စိုးမောင်-

ခင်ဗျားဆန္ဒ ခင်ဗျားစိန်ခေါ်မှုကို ကျနော်လက်ခံမယ်၊ ဒါပေမယ့် ဒီပွဲဟာ ခင်ဗျားနဲ့ကျနော် နှစ်ယောက်နဲ့ပဲ သက်ဆိုင်တယ်၊ ဒီမှာကျနော့် ...ငယ်ချင်း သုံးယောက် မိန်းခလေးကလေးယောက် ခင်ဗျားတို့ အုပ်စုကငါးယောက်

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်သူတွေ ပါလာရင် ယောက်ျားတွေအတွက် အကြောင်းမဟုတ်ခဲ့ရင်တောင် မိန်းခလေးတွေရဲ့ အသိုင်းအဝိုင်းအထိ သိက္ခာတရားကို ထိခိုက်နိုင် တယ် ဒါကြောင့် ကျနော့်ဘက်က ဘယ်သူမှဝင်မပါစေရဘူး- ခင်ဗျား သူငယ်ချင်းတွေလည်း ဝင်မပါစေနဲ့၊ ပြိုင်ပွဲကိုတော့ တစ်ယောက်ဆက် မယှဉ်ပြိုင် နိုင်ရင် ပြီးပြီပေါ့။

ဩ ခင်ဗျားနိုင်ခဲ့ရင် နွဲ့လေးငယ်နားမှာ ကျနော့ကိုဘယ်သောအခါမှ မတွေ့စေရပါဘူး၊ အဲဒါ ယောက်ျားကတိပါဘဲ။

စကားအဆုံးအသာအယာထ၍ ခါးမှပုဆိုးကို အနည်းငယ်တို၍ တင်းတင်းဝတ်လိုက်မိတော့သည်။

ပိုင်စိုးမောင်မှ -

ဟာ ကြိုက်တယ်သူငယ်ချင်း ငါ့ဘက်က ဘယ်သူမှ ဝင်မပါစေရဘူး စိတ်ချ မင့်ရဲ့ယောက်ျားကတိလည်းတည်ပစေနော်၊ ဒီအခွင့်အရေး ငါတောင်းမ ထွက်ပေမယ့် မင်းပေးလာတဲ့အတွက် ကျေးဇူးကွာ။

နွဲ့လေးငယ်နားမှာ ဘယ်သောအခါမှ မတွေ့စေပါဘူးဆိုတာပေါ့ကွာ၊

ကဲ သူငယ်ချင်းတို့ ငါဘယ်လိုအခြေအနေဖြစ်ဖြစ် မင်းတို့ဝင်ပါစရာ မလိုတော့ဘူး-တဲ့ သူငယ်ချင်းအဆင်သင့်ဖြစ်ရင်ပြော ပွဲစလိုက်ရအောင်-

ကျေနပ်ပျော်ရွှင်ဟန် စကားလုံးများက ဒီပွဲကို သူ့ဘက်ကအပိုင်တွက် ထားပုံရသည်။

နာခေါင်းမှလေကို အဆုတ်အတွင်းအပြည့်အသာအယာရှူသွင်းရင်း ပါးစပ်မှ ပြန်ထုတ်၍ ပိုင်စိုးမောင်နှင့် လက်တစ်ဖက်ကမ်းသို့ တိုးကပ်လိုက်သည်။ ပြီးမှ ပိုင်စိုးမောင်အဖော်တစ်ယောက်ကို -

ခင်ဗျားကပဲ ပွဲစဖို့ အချက်ပေးဗျာ-ဟုသူဆိုလိုက်လေသည်။

ဘယ်ခြေကိုရှေ့မှာခင်း၊- ဘယ်ဒူးကိုကွေး၍ တစ်ကိုယ်လုံးရှိအကြော အချဉ်များကို လျော့၍ပျော့ပျောင်းစွာပင်ရင်ဆိုင်လိုက်လေသည်။



သူ့ဟန်ကိုကြည့်၍ ပိုင်စိုးမောင်မှ မထီတထီအပြုံးနှင့် ညာခြေကိုအရှေ့ မှာ ခင်းလိုက်၍ ခြေဟပ်ထိုးမည့်ဟန်အတိုင်း နှစ်ဦးသားရင်ဆိုင် လိုက်ဖြစ်ကြလေ တော့သည်။

ပွဲ-စ-ဟု ပိုင်စိုးမောင်သူငယ်ချင်းမှ အချက်ပေးလိုက်လျှင် ညာခြေ ညာလက်ကို ဟန်ပြလှုပ်လိုက်ပြီး တွေးထားသောဘယ်ဒူးကိုဆန့်၍ ဘယ် သတ်ညှိုးနှင့် အသာတောက်လိုက်လေသည်။

ဖျောက်ဟုအသံနှင့်အတူ သူ့ညာမျက်လုံးကိုလက်နှစ်ဖက်ဖြင့်အုပ်၍ ရှေ့သို့ကိုင်းလာသော ပိုင်စိုးမောင်အား လည်စင်းပေးသော သိုးငယ်တစ်ကောင် အလား မလှုပ်ရက်တော့ .....၊

ထိုစဉ် သမ္မတလှူကြမ်းဟန်နှင့် ခါးကြားမှ ရမ်ဘိုဓါးကိုထုတ်လိုက်သော ပိုင်စိုးမောင်သူငယ်ချင်းကြောင့် ဓါးကိုင်ထားသောညာလက် အပြင်ရောက်လာ ချိန်မှာပင် သူ့ဘယ်ခြေခွင်နှင့် သိမ်းရိုက်လိုက်မိသည်။ အရိုးကျိုးသံနှင့်အတူ လက်အတွင်းမှ လွတ်လာသော ဓါးကို စုန်ဖမ်း၍ အားနှင့်ပစ်လွတ်လိုက်လေ သည်။

အရှိန်ပြင်းသောလေတိုးသံကြောင့် ပိုင်စိုးမောင် သူငယ်ချင်းနှစ်ဦး ရှောင်းကွာသွားချိန်မှာပင် တုန်ခါနေသောဓါးရိုးကြောင့် ကန်ဘောင်ဘေးရှိ လေးရားပိ တောက်ပင် အနည်းငယ်လှုပ်ရှားသွားလေသည်။

ဖြန်း- ပိုင်စိုးမောင်မှ ညာလက်ဖြင့်ညာမျက်လုံးကိုအုပ်ရင်း ဘယ်လက် ဖြင့် လက်ဖျံရိုးကျိုး၍ ရှုံ့မဲ့နေသော သူ့သူငယ်ချင်း၏ ပါးကို အရှိန်ပြင်းပြင်း ရိုက်လိုက်လေသည်။ ပြီးမှ သူ့ကို ကြည့်ရင်း ငါရှုံးပြီကွာ- ဒီအရှုံးကို ငါကျေနပ်ပါ တယ်၊ သူ့ လုပ်ရပ်အတွက်လည်း တောင်းပန်တယ်ကွာ၊ နွဲ့လေးငယ်- ငါ အကျေကျေနပ်နပ် နောက်ဆုတ်ပါပြီ။

ပိုင်စိုးမောင်ပြောစရာစကားများအဆုံး သူ့အပေါင်းအဖော်များနှင့်အတူ ထွက်ခွါသွားလေသည်။

www.burmeseclassic.com



သက်ပြင်းတစ်ချက်ရှိုက်သွင်းရင်း ဖင်မောင်အနီး ဝင်ထိုင်တာ ချစ်ရသူ နွဲ့လေးငယ်အား အကြည့်တစ်ချက်ရောက်မိလေသည်။

အကြည့်ချင်းအဆုံ နွဲ့လေးငယ်ဆီမှ .....။

ဒီနေ့နေ့လည်စာစားပြီးရင် သူငယ်ချင်းတို့အားလုံးကို ပုံပြင်ပြောပြ မယ်-ဟုဆိုလာ၍ အတွေးကိုယ်စီနှင့် တစ်ဖွဲ့လုံး ငြိမ်သက်နေမိကြလေ တော့သည်-

တိတ်ဆိတ်ငြိမ်သက်ခြင်းကို စတင်ဖြိုခွင်းလိုက်သည့် ဝကစ်အသံ ကြောင့် အကြည့်အားလုံးသူ့ဆီ ရောက်လာပြန်သည်။

မောင်လေး ဂျက်လီကတောင် အဘအဘလို့ခေါ်လောက်တယ်-

နေမျိုးက အင်းစိန်နုံးတံတားနားက ဆုံပုံပြောတုန်းက ပုံပြင်လို့ထင်ခဲ့တာ- အဖွဲ့သား အသစ်အဖြစ်စရောက်လာတဲ့နေ့က လူပုံကြည့်ပြီး နေမျိုးစကားကို ရယ်စရာပုံပြင် တစ်ခုအဖြစ် ရင်ထဲမှာ အနိုင်အမာကို ယုံကြည်ခဲ့တာ၊ လူပုံကကြ နွဲ့နွဲ့ အေးစက်စက်

အခုကိုယ့်မျက်စိရှေ့မှာမို့ "အမလေး" လို့တောင် မအော်နိုင်အောင်ပါ ဘဲ- ငါကြည့်ဖူးတဲ့ အက်ရှင်ကားတွေထက်ကို အများကြီးမှ အများကြီးပိုတယ်။

တော်ပါတော့ဝကစ်ရယ်- နင်ပြောတာနဲ့ ငါအနေရကြပ်လာပြီ၊ ဒီနေ့ အလုပ်အတွက် ဒုတိယဗျူးအောင်လို့ တစ်ဖွဲ့လုံးကို နေ့လည်စာကျွေးဖို့ ရည်ရွယ် ပြီးသားပါ။

သူ့စကားအဆုံးဝကစ်မှ-

မောင်လေးက ဗိုက်တာမိုက်သလို -ကျွေးတာလည်းမိုက်တယ်လား အခုသွားကြရအောင် -ဟု ဆိုလာ၍ ရှင်ဗိုင်းဖြူမှ သောက်ငတ်မဟု စကား ထောက်ကြောင့် အားလုံးပေါင်းစပ်ရယ်မောသံက မုန်တိုင်းအပြီး လေပြေညှင်း နယ် အင်းလျားရေပြင်ပေါ်သို့ လျှပ်တိုက်ပြေးလွှားသွားဟန် ရှိနေလေတော့ သည်။



အင်းလျားလမ်း ဘုတ်ကလပ်အနီး ရွှေရှမ်းကန်တွင် သူကျွေးသော နေ့ လည်စာစားအပြီး ပိုးနှင်းဥမှ-

မျိုးမောင်ကျွေးတဲ့ နေ့လည်စာစားလို့ကောင်းလိုက်တာ- ထမင်းလုံး တုန်း နွဲ့လေးငယ်က ပုံပြင်ပြောဟာ- စာမေးပွဲအတွက် ပင်ပန်းခဲ့သမျှ ဖိမ်ကျကျ အနားယူလိုက်မယ်- ဟုဆိုလာလေသည်။

ထိုစဉ်ဖင်မောင်မှ-

ယုန်မလေးနေအုံးဟာ နင့်ပုံပြင်ကို ဆိုရင်းသူ့ဖက်လှည့်၍ ညီလေး မောင်မျိုး- နေမျိုးပြောခဲ့စကတည်းက မေးမလို့ဘဲ- ဒါပေမယ့် လူပုံကိုကြည့်ပြီး မေးရမှာအားမရှိလို့ -ဟဲ ဟဲ-

ဒီနေ့လက်တွေ့မြင်လိုက်ရမှ- ပြောပြစမ်းပါကွာ၊

ဖင်မောင်မှ လက်သီးဆုပ်ထောင်ပြ၍ ဒါကွာ၊

ဘယ်လိုအမျိုးအစား၊ ဘယ်အဆင့်၊ ဘယ်ကစသင်ခဲ့တယ်ဆိုတာ-

ဩ-ဟု သူ့အသံပြုလိုက်စဉ် အားလုံးစိတ်ဝင်တစားအကြည့်များ သူ့ထံ ရောက်လာကြသည်။

အင်း ကျနော် (၇) တန်းဖြေပြီးနောက်တစ်နေ့မှာဘဲ .....၊

အမေပွဲရုံမှာ အမြဲတမ်းရိက္ခာစိမ်း ဝယ်နေကျ တပ်မ (၉၉)က ရဲဘော် တွေကို ကိုယ်ခံပညာသင်ပေးတဲ့ ဆရာကြီးဆီမှာ အမေအပ်ပေးလိုက်တာဘဲ- အသက် (၁၃) နှစ်ကျော်ကျော်မှာပဲ စခဲ့တယ်ဆိုရမှာပေါ့။

သင်တန်းသားရဲဘော်တွေထဲမှာ ကျနော့်ကချာတိတ်ပေါ့- အားလုံးက လေးလိုသဘောထားပြီး ထိပ်ပုတ်ခေါင်းပုတ်နေကြတယ်လေ။

သင်တန်းက တစ်ပါတ်ကို (၅) ရက်- ဖြူဖြူပိန်ပိန်နဲ့ ကျနော့်ကို သင်တန်းဆရာကြီးက အမေ့ကို အားနာလို့ သင်ပေးရတဲ့သဘောဗျ။

အဲ သင်တန်းကာလ (၃) လကျော် (၄) လထဲမှာ ဘယ်လိုပြီးမလဲ-

Free Fight ပေါ့ဗျာ-

www.burmeseclassic.com



အရွယ်တူရာ သင်တန်းသားတွေ လွှတ်ပေးတယ်-

ကျနော့်ကျတော့ ချာတိတ်ဆိုပြီး ရဲဘော်တွေထဲက အသေးဆုံး တစ်ယောက်နဲ့ပေါ့- ဟင်း ဇာတ်လမ်းက အဲဒီမှာစတာဘဲဗျာ။

လွှတ်လွှတ်ခြင်းဘဲ အဲဒီရဲဘော်ပုခုန်းဆစ်ပြုတ်သွားတယ်- ချက်ချင်း ဆေးရုံပို့ပြီး ကျောက်ပတ်တီးကိုင်လိုက်ရတယ်- ကျနော်လည်းအတော်ကို စိတ်ထိခိုက်သွားတယ်ပေါ့-

သင်တန်းဆရာကြီး နာမည်က ဆရာကြီးဝင်းထွန်းတဲ့၊

မည်းမည်းရှည်ရှည် စိတ်ကြမ်းရုပ်ကြမ်းဘဲဗျ၊

အဲနောက်နေ့မှာ ကျနော့်ကိုရှေ့ထွက်ခိုင်းပြီး မနေ့ကဘယ်လိုလုပ်လိုက် သလဲမေးတယ်ပေါ့။

သဏ္ဍာန်လုပ်ပြလိုက်တော့ သူသင်ပေးထားတဲ့အထဲမှာ မပါသေးတော့ ကောင်လေး မင်း ဒီမှာ မလာခင် ဘယ်သင်တန်းမှာ ကစားဖူးသလဲ မေးတော့ တာဘဲ ဘယ်မှာမှမကစားဖူးပါဘူးလို့ပြောတော့ စိတ်ဆိုးတော့တာဘဲဟေ့- သူ့ကိုလိမ် တယ်ပေါ့-

နောက်အမေ့ပွဲရုံရောက်တော့ အမေ့ကိုမေးတော့တာဘဲ- အမေက လည်း ဆရာကြီးဝင်းထွန်းရယ်- ဆရာကြီးက သားရဲ့လက်ဦးဆရာပါဘဲ၊ ပျော့ နွဲ့နွဲ့မို့ ဆရာကြီးကို အပ်လိုက်တာပါလို့ ပြောမှကျေနပ်သွားပုံရတယ်ပေါ့။ အတိုချုပ်ပြောရရင် အဲဒီလို Free Fight နောက်ထပ် (၃) ပွဲမှာလည်း ခြေဆစ် ပြုတ်- လက် ဆစ်ပြုတ်နဲ့ အားလုံးက ကိုယ့်ထက်ကြီးတဲ့ သူတွေပဲဖြစ်နေတော့ ဆရာကြီးက ငါ့ကို ဂရုတစိုက်ဖြစ်လာတယ်။

ဒို့ မိတ္ထီလာကန်မှာ ရေပိုထုတ်တဲ့ ရေကျော်ခုနစ်ပေါက်ဆိုတာရှိတယ် တပ်မ (၉၉) နဲ့ကပ်လျက်ပေါ့။

အဲဒီရေကျော်ခုနစ်ပေါက်မှာ ပထမဒူးဆက်လောက်အနက်၊ နောက် ပေါင်လောက်၊ ခါးလောက်၊ ရင်ဘတ်လောက်၊ နောက်ဆုံးခေါင်းပေါ်ရဲ့ အနေအ



ထားထိပါ ခုန်ခိုင်းတယ်၊ အကြိမ်အရေအတွက်က တစ်ခါလုပ်ရရင်ရာကျော် ချည်းဘဲ၊ နောက်ရေထဲမှာခြေကန်လက်ထိုးလုပ်ရတယ်၊ သူမောင်း သလောက် လိုက်လုပ်နိုင်တော့ .....၊

ဖိုးသား မင်းကပါရမီရှင် -တစ်ချိန်မှာ ကြောက်စရာအကောင်းဆုံး လက်နက်မဲ့ တိုက်ခိုက်ရေးသမားဖြစ်လာမှာ အသေအချာဘဲ။

ဒီတော့ဒီပညာကို တစ်လွဲအသုံးမပြုမိဘို့ အရေးကြီးတယ်၊ အမှန်တရား ဘက်ကအားနည်းနေတဲ့ အခြေအနေမျိုးမှာတော့ အသက်ကို ပမါနမထားဘဲ တူညီ ပုဂ္ဂိုလ်ရေးနဲ့ပါတ်သက်လာရင်တော့ သည်းခံလို့မရနိုင်တော့တဲ့ အခြေ အနေကျမှ သုံး- နေ့စဉ်မပျက်လေ့ကျင့်ဖို့တော့ မမေ့နဲ့တဲ့။

အဲဒီလိုနဲ့ သင်တန်းကာလတစ်နှစ်ကျော် ရှစ်တန်းဖြေပြီး နွေရာသီ သင်္ကြန် အကျော်မှာပဲ ဆရာကြီးက သင်တန်းပြီးဆုံးပြီဆိုပြီး .....၊

အမေ့ဆီပြန်အပ်တော့တာပဲ -

သူ့စကားအဆုံးဖင်မောင်မှ

ဟင် - သင်တန်းဆင်းပွဲ မလုပ်ဘူးလား -၊

သူ သက်ပြင်းတစ်ချက်ရှိုက်သွင်းရင်း -

အဲဒီသင်တန်းဆင်းတဲ့ အကြောင်းကို မပြောတော့ဘူးလို့နေတာ-

သင်္ကြန်အပြီး နှစ်ဆန်းနှစ်ရက်နေ့မှာပေါ့- ပုံမှန်အတိုင်းလေ့ကျင့်အပြီး ဆရာကြီးက ဆယ်ပေပတ်စည်းဝိုင်းကို ဝိုင်းပြီးတိုင်းခိုင်းလိုက်တယ်။

ပြီးမှဖိုးသား ဝိုင်းထဲဝင်ခဲ့လို့ ခေါ်တော့တာဘဲ -

ဝိုင်းလယ်မှာ ဆရာကြီးနဲ့ ငါနှစ်ယောက်တည်းဆုံမိတော့

ဖိုးသား- ငါဟာမင့်မိသားစုကို ရက်ရက်စက်စက်သတ်သွားခဲ့တဲ့ လူသတ်သမား- အခုလည်းမင်းကို သူနိုင်ကိုယ်နိုင်ကြဲပြီး အသက်လုကြရတော့ မှာဘဲ -

ကဲ - လာပြီဆိုပြီး ဘယ်ခြေမြှောက်ပြီးကန်ဟန်ပြ ညာခြေကိုအားတုန်

www.burmeseclassic.com



ထည့်ပြီး လေးဆယ့်ငါးဒီဂရီလောက်ပင့်ကန်လိုက်တာဘဲ -

ကိုယ်ကိုဒူးပေါ်ညွတ်ပြီး နောက်မယိမ်းမိရင် အဲ့ - ဒီတစ်ချက်နဲ့ဘဲ ပွဲသိမ်းသွားနိုင်တယ် - နောက်ခြေလက်အစုံ ကြောက်စမန်းလီလီကို တိုက်တော့တာဘဲ - ငါလည်း ပြန်မတိုက်ဖြစ်ပေမယ့် လွတ်ယုံလေးတော့ ရှောင်နိုင်ခဲ့တယ်လေ - အဲဒီမှာ ဆရာကြီးက တိုက်ခိုက်တာရပ်လိုက်ပြီး ငါ့ကို မင့်ဆရာလို့ သဘောမထားနဲ့ -

မင့်မိသားစုကို ရက်ရက်စက်စက်သတ်သွားတဲ့ လူသတ်သမားလို့ သဘောထား၊ ဒီစည်းဝိုင်းထဲမှာ မင်းနဲ့ငါအသက်လုကြရမှာ -

စကားလည်းဆုံးရော ငါ့ရင်ဝကို ဝါးလုံးထိုးကန်တော့တာဘဲ - စည်းနားကပ်နေတော့ နောက်ဆုတ်ရှောင်ဖို့ မဖြစ်နိုင်တော့ဘူးပေါ့။

ငါလည်းနေရာမရွေ့ ဆရာကြီးခြေလွတ်အောင်ခုန်ပြီး ညာဖက်ခြေတစ်ချောင်း လေထဲမှာလွှတ်လိုက်မိတယ်၊ ခုန်ဝင်လာတဲ့အရှိန်နဲ့မို့ ဆရာကြီး မရှောင်နိုင်လိုက်ဘူး၊ သူ့နားထင်ကိုတည့်တည့်မှန်တော့တာဘဲ၊ ရဲကနဲ သွေးတွေပန်းထွက်လာပြီး ဆရာကြီးဘေးယိုင်ဆင်းသွားတယ်၊ ဆရာကြီးကယိုင် ဆင်းသွားတဲ့ကိုယ်ဟန်ကို လက်နှစ်ဖက်နဲ့ထောက်ပြီး နောက်ဖက်ကို သူ့ခြေစုံနဲ့ မြင်းကန်ကန်လိုက်တယ်၊ ငါလည်းခုန်ကန်ပြီး ပြန်အကျမှို့ သူ့ခြေအောက်က ပက်လက်အနေအထားနဲ့ ဆရာကြီးလက်နှစ်ဖက်ကြားက ငါခြေစုံလွှတ်လိုက်တယ်။

ဆရာကြီးမေးအောက်ကို ခြေစုံတည့်ဖနောင့် အတားအဆီးမရှိဝင်သွားတယ် - ပွဲပြီးသွားတယ်ပေါ့ကွာ!

ဘေးကကြည့်နေတဲ့ သင်တန်းသားတွေထဲမှာ ဆေးဆပ်သားတစ်ယောက်ပါတယ်လေ၊ သင်တန်းမှာ ဆေးသေတ္တာလည်း အသင့်ရှိနေတော့ ချက်ချင်းဆရာကြီးကို ချုပ်ပေးလိုက်တယ်၊ ခြောက်ချက်ချုပ်လိုက်ရတယ်ကွာ- ငါလည်းတစ်ကယ်ကိုပူထူသွားတာပေါ့။

ခဏကြာတော့ ဆရာကြီး အခြေအနေကောင်းသွားတယ်ပေါ့ - ငါ



လည်း ရင်တစ်ထိတ်ထိတ်ပေါ့။

ဆရာကြီးက ငါ့ကိုတင်းတင်းကျပ်ကျပ်သိုင်းဖက်ပြီး ဖိုးသားလေး - ငါ့ဘဝ မှာမျှော်လင့်ခဲ့ဆုံးနေ့ရောက်ပြီတဲ့ - ငါတပည့်ဟာတကယ်ကို တိုက်ခိုက်ရေးသမား ကောင်းပဲတဲ့။

ပြောရင်းမျက်ရည်တွေပါ ကျလာတယ်၊ ပြီးတော့ဘေးမှာရှိနေတဲ့ သင်တန်းသားတွေကို သင်တန်းဖြုတ်ပြီး ပြန်လွှတ်လိုက်တယ်၊ နှစ်ယောက်တည်းကျန်မှ - ငါ့တပည့် ဆရာကြီးမှာတာတွေကို မမေ့နဲ့တဲ့၊ မနက်ဖြန်မှ ဆရာမကြီးကို လာတွေ့မယ် မင့်ပြန်တော့တဲ့ - အဲဒီနေ့ဟာ ငါ့ဘဝအတွက်တော့ ဘယ်သောအခါမှ မေ့မရတဲ့နေ့တစ်နေ့ဖြစ်ခဲ့ရတယ်ကွာ။

ပြောရင်းသက်ပြင်းရှည်တစ်ချက်ချပြီး ရင်မှာမောခဲ့ရသည်ကိုတော့ ခြွင်း နိုင်သည်ကအမှန်ပင်.....၊

နောက်နေ့ ဆရာကြီးပွဲရုံကို ရောက်လာပြီး -

ဆရာမကြီး ဆရာမကြီးသားကို သင်တန်းပြီးသွားပြီလို့ လာပြောတာပါ။

သင်တန်းဆင်းလက်မှတ်ကတော့ ဒီမှာ ဆိုပြီး သူ့ခေါင်းကပတ်တီးကို လက်ညှိုးထိုးပြတော့ အမေလည်းယောင်တောင်တောင် ငါ့ကိုလှမ်းကြည့်တယ်။

ဆရာကြီးကဆက်ပြီးတော့ -

ဆရာမကြီးသားကို ယုံကြည်စိတ်ချစွာနဲ့ လောကကြီးကို ရင်ဆိုင်နိုင်းလို့ရပါပြီတဲ့ - သူ့ဖက်က ဖောက်ပြန်မှုမရှိခဲ့လို့ ရှိရင်တော့ တစ်ကယ်ကို ကိုယ်လုံ့ စည်း ရှင်တစ်ယောက်ဖြစ်ပါပြီတဲ့။

ငါ့အမေက တအိတ်နဲ့ ငွေစက္ကူတစ်ထပ်တည့်ပြီးကန်တော့ခိုင်းတော့ ဆရာကြီးက ခါးခါးသည်းသည်းငြင်းပြီး တစ်ကယ်ကန်တော့ရရင် ကျွန်တော့်ဘဝမှာ အမျှော်လင့်ဆုံး တပည့်တစ်ယောက်ပေးခဲ့တဲ့ ဆရာမကြီးကို ကန်တော့ရမှာပါ။

ဖိုးသားလေး နေ့စဉ်မပျက် လေ့ကျင့်၊ ဆရာကြီးမှာတာတွေကို နေ့တိ

www.burmeseclassic.com

www.burmeseclassic.com



ဆုံး ထွက်သက်ကျမှ မေ့နော်ဆိုပြီး နှုတ်မဆက်ပဲ ထွက်သွားတော့တာပါ။ အဲဒီ မင်းတို့ သိချင်တဲ့ငါ့အကြောင်း အကုန်ပါပဲကွာ – ဟုဆိုလျှင် ဝကစ်မှ –

ဆရာ မနိုင် နှစ်ဆောင်ပြိုင်ဆိုသလိုပေါ့ဟု အရွှန်းစကားဆိုလာ၍ ပြုံးဖြစ်ရ ပြန်လေတော့သည်။

အားလုံးအတွေးကိုယ်စီ ငြိမ်သက်နေစဉ်မှာပင် ရှင်ဗိုင်းဖြူမှ –

ကဲ မျိုးမောင်ပြီးတော့ နွဲ့ဖလးငယ်အလှည့် ပြောပြမယ်ဆိုတဲ့ပုံပြင်ကို အကောင်းဆုံး နားသောတဆင်နိုင်ဖို့ ပြောပြတော့ဟာ – နင်တို့နှစ်ယောက်ကို ငါ့ဘဝမှာ အစအချိန်စိတ်ဝင်စားဆုံးလို့ ပြောရင် လွန်မယ်မထင်ပေါင်ဟု ဆိုလာပြန်သည်။

နွဲ့ဖလးငယ်မှ –

ဟိုတစ်ခါက ပြောဖူးတဲ့စကားစု – သူငယ် ချင်းတို့ မှတ်မိမလား၊ မသိ အတိတ်က အကြောင်းအရာတွေကို ပြန်ပြောရင် ပုံပြင်ဆိုတာလေ –

ဟိုး ရေတွက်လို့ရတဲ့ ရာစုနှစ်တစ်ခုမှာပေါ့ –

စည်ပင်သာယာဝပြောတဲ့ ကျေးရွာကြီးတစ်ရွာမှာပေါ့ –

မြေယာ အသင့်အတင့်ပိုင်ဆိုင်တဲ့ တောင်သူကြီးလင်မယား နှစ်ယောက် ရှိတယ်တဲ့၊ သူတို့မှာ ချောမောလှပတဲ့ သမီးလေးတစ်ယောက်ပဲ ထွန်းကားတယ်ပေါ့။

အဲဒီသမီးလေးဟာ လိမ္မာတယ်၊ ဘာသာတရား ကိုင်းရှိုင်းတယ်၊ မိဘ ဆရာသမားကို ရိုသေ ကိုင်းရှိုင်းတယ်၊ အဲလို လိမ္မာယဉ်ကျေး ချောမောတော့ ရွာနီးချုပ်စပ်က ကာလသားတွေ ဝိုင်းပြီး စိတ်ဝင်စားကြတယ်၊ ပိုးပန်းကြတယ်ပေါ့ဟာ အဲဒီ အထဲမှာ တစ်ရွာတည်းနေတဲ့ သူဌေးကြီးတစ်ဦးရဲ့သားက အကဲဆုံးပေါ့ သူဌေးကြီးသားက ကိုယ်ခံပညာကလည်းတတ်၊ သူ့အဖေသူဌေးကြီးအရှိန်နဲ့ လူမိုက်ပေါ့ဟာ .....၊

ကောင်မလေးရဲ့အချစ်ကိုရယူဖို့ သူကိုယ်တိုင် နည်းမျိုးစုံနဲ့ ကြိုးစား



သလို သူ့အဖေ သူဌေးကြီးကိုလည်း ကောင်မလေးမိဘတွေဆီ နားဖောက်ခိုင်းတယ်ပေါ့။

ကောင်မလေးမိဘတွေကလည်း သူဌေးကြီးကို မလွန်ဆန်ချင်တော့ သူ့ သမီးလေးဆန္ဒပါပဲပေါ့လို့ ပြောတော့ သူဌေးကြီး အဲဒါကို လက်ခံတယ်၊ သူ့သား ဆိုး မိုက်မှုကို သူကိုယ်တိုင်သိနေတော့ သူကလည်း ကောင်မလေးမိဘတွေကို အားနာ နေမှာပေါ့၊ သူဌေးကြီးက ငွေကြေးဥစ္စာပြည့်စုံပေမယ့် အဲဒီပြည့်စုံမှုမှာ ဂုဏ်မမောက် ဘူး၊ သဘောကောင်းတယ်ပေါ့ဟာ – ဒီလိမ္မာယဉ်ကျေးတဲ့ မိန်းကလေးကိုရရင် သူ့သားလိမ္မာလာနိုး မျှော်လင့်ချက်နဲ့ပေါ့ဟာ .....၊

– တစ်နေ့မှာတော့ အဲဒီမိန်းကလေးဟာ ရွာနီးကျောင်းကို ဆွမ်းပို့အလှည့်မှာ ဆွမ်းပို့သွားတယ်ပေါ့ဟာ – ရွာနဲ့ကျောင်းက တောတန်းလေးကိုဖြတ်ပြီး သွားရတယ်လေ – လှမ်းမြင်နေရပေမယ့် ဆယ့်လေးငါးမိနစ်လောက်တော့ လျှောက်ရမှာပေါ့၊ ဆွမ်းပို့ပြီးအပြန် အဲဒီတောတန်းလေးထဲမှာ သူဌေးကြီးသားနဲ့ သူ့အပေါင်းလေးယောက်ဟာ ထန်းရည်မူးပြီး မိန်းကလေးကို အတင်းခေါ်ဖို့ ကြိုးစားကြတယ်ပေါ့၊ သူ့စိတ်ကူးက မိဘချင်း နားဖောက်ပြီးသားမို့ မိန်းကလေးကိုအရ မိုးသူခေါ်သင်းလိုက်ရင် အားလုံး အဆင်ပြေသွားမှာပဲလို့ပေါ့။

ဒါပေမယ့် မိန်းကလေးက လက်မခံတော့ အမူးသမားတစ်စုနဲ့ မိန်းကလေးဟာ ရန်းရင်းဆန်ခတ်နဲ့ ကြည့်မကောင်းတဲ့မြင်ကွင်းပေါ့ဟာ – အနီးအနားမှာ ရွာသွားတစ်ချို့ဖြတ်သွားပေမယ့် သူဌေးသားလူမိုက်ကို ကြောက်ကြတော့ ဘေးကပဲ ကွင်းရှောင်သွားကြတာပေါ့။

အဲဒီအချိန်မှာ မြင်းတစ်စီးနဲ့ လူရွယ်တစ်ယောက် ရောက်လာတယ်လေ လူရွယ်က အားနွဲ့တဲ့မိန်းကလေးကို မနှောင့်ယှက်ကြဖို့ မြင်းပေါ်က မဆင်းခဲ သူဌေးသားအုပ်စုကို ပြောသတဲ့ .....၊

ပတ်ဝန်းကျင် ရွာနီးနားမှာ သူ့ကို မော့မကြည့်ရဲကြတော့ သူဌေးသားတာ အဲဒီလူရွယ်ကို တစ်အံ့တစ်သြကြည့်ရင်း ဇက်ကောင်းလို့ ခါးတောင်းတာ

www.burmeseclassic.com

www.burmeseclassic.com



လား! မသေချင်ရင် အခုထွက်သွားပေါ့လို့ လူရွှယ်ကို ပြောသတဲ့ .....၊

မြင်းပေါ်က လူရွှယ်က ထွက်သွားစေချင်ရင် မိန်းကလေးကို ဆက်မနှောင့်ယှက်နဲ့လို့ပြောတော့ သူဌေးသားအုပ်စုနဲ့ မြင်းပေါ်က လူရွှယ် တိုက်ပွဲလေး ဖြစ်သွားတယ်ပေါ့။

လျှက်လက်သလိုပဲ အချိန်တိုအတွင်းမှာ သူဌေးသားနဲ့ အပေါင်းအပါတွေ မှောက်သွားကြတယ်ပေါ့ဟာ .....၊

လူရွှယ်က မြေပေါ်မှာ ကျနေတဲ့ ဆွမ်းအုပ်ကို ကောက်ပေးပြီး ဘယ်ကိုပြန် မှာလဲလို့မေးတော့ မိန်းကလေးက သူ့ရွာကို လက်ညှိုးညွှန်ပြလိုက်တော့ လူရွှယ်က မြင်းပေါ်ကို တက်လိုက်ပြီး ဘာမှမပြောပဲ မိန်းကလေးကို ဆွဲတင်ကာ မြင်းပေါ်ဆွဲတင် လိုက်ပြီး အိမ်အထိလိုက်ပို့လိုက်သတဲ့ - အိမ်ပြန်ရောက်တော့ မိန်းကလေးက ဖြစ် ပျက်သမျှကို သူ့မိဘတွေပြန်ပြောပြတော့ သမီးရဲ့အရှက်ကို ကယ်တင်ခဲ့တဲ့ လူရွှယ်ကို ကျေးဇူးတင်စကားပြောကြတယ်ပေါ့ဟာ ။

လူရွှယ်ရဲ့ဇာတိကို မေးတဲ့ မိန်းကလေးတွေရဲ့ရွာနဲ့ ခုနစ်ယူဇနာဝေးတဲ့ အရပ်ကလို့ သိရတာပေါ့၊ ပြီးတော့ အဲဒီခေတ်မှာ နာမည်ကြီးနေတဲ့ ပွဲကျောင်းကြီးက ပွဲကျောင်းသားလေးမှန်း သိလိုက်ရတာပေါ့။

မိန်းကလေးနဲ့ သူ့မိဘတွေက သူဌေးသားရဲ့ မိုက်ဂုဏ်ပြောပြီး သတိပေး စကားပြောတော့ လူရွှယ်က အပြုံးနဲ့ ခေါင်းငြိမ့်ပြရင်း နှုတ်ဆက်ထွက်သွားသတဲ့၊ ထွက်မသွားခင် မိန်းကလေးနဲ့ မျက်လုံးချင်းတစ်ချက် အဆုံမှာပဲ နှစ်ဦးသား ဖွင့်မပြော ရပဲ ရင်ထဲကို အချစ်ဆိုတဲ့အရာ ခုန်ဝင်သွားကြလို့ နှစ်ယောက်လုံး ရင်ခုန်သံမြန်ခဲ့ကြ ရသတဲ့ - အဲ နောက်တော့ အဲဒီပွဲကျောင်းသားလူရွှယ်နဲ့ မိန်းကလေးဟာ ချစ်သူတွေ ဖြစ်သွားကြတယ်ပေါ့ဟာ ။

ချစ်သူဘဝမှာ ချိန်းတွေ့ကြရင်း ဘုန်းကြီးကျောင်းတစ်ကျောင်းရဲ့ မွှာရုံ ဘေးက အဖြတ်မှာ တရားပွဲနဲ့ သွားဆုံတယ်တဲ့ -

တရားဟောဆရာတော်ကို မဖူးမြင်ရပေမယ့် အသံတော်ကို ကြားပြီး



နှစ်ဦး သား တိုင်ပင်မထားရပဲ တရားနာခဲ့မိကြတယ်တဲ့ -

ဆရာတော် ဟောကြားနေတဲ့ တရားက ဂေါတမမြတ်စွာဘုရား အလောင်းတော် သုမေဓါရှင်ရသေ့ဘဝ ဘုရားဆုပန်တဲ့အကြောင်းလေ

ဒီပင်္ကရာမြတ်စွာဘုရားနဲ့ နောက်လိုက်သံဃာတော်တွေ ဆွမ်းခံကြွ လမ်းကို ရွာသူရွာသားတွေက စုပေါင်းပြီး ပြုပြင်ကြတယ်ပေါ့ -

ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် လေးမျိုးလုံးရ ထားတဲ့ သုမေဓါရှင်ရသေ့ဟာလည်း လမ်းပြင်တဲ့အထဲမှာ ပါတယ်ပေါ့ဟာ -

ဈာန်တန်ခိုးနဲ့ ပြီးမြောက်အောင်လုပ်နိုင်ပေမယ့် ကိုယ်တိုင်အားစိုက် လမ်း ပြင်ခဲ့တယ်လေ၊ ဘုရားရှင်ကြွလာတဲ့အချိန်မှာတော့ သုမေဓါရှင်ရသေ့ တာဝန်ယူ ထားတဲ့လမ်းအပိုင်းမှာ ရှင်ရသေ့ရဲ့ တစ်ကိုယ်စာရေအိုင်လေးကျန်နေ ခဲ့သတဲ့၊ အဲဒီ အခါ သုမေဓါရှင်ရသေ့ဟာ ရေအိုင်ငယ်မှာ ကျန်နေခဲ့သတဲ့ -အဲဒီ အခါ သုမေဓါ ရှင်ရသေ့ဟာ ရေအိုင်ငယ်မှာ ခန္ဓာကိုယ်မှောက်ပြီး ဘုရားရှင်တို့နဲ့ နောက်လိုက် သံဃာတော်တွေကို နားလျှောက်ဖြတ်ကြဖို့ လျှောက်တင်သတဲ့ -

ဘုရားရှင်ဟာလည်း ပြုံးတော်မူပြီး သုမေဓါရှင်ရသေ့ကို လိုတာ ဆုတောင်းဖို့ မိန့်သတဲ့ .....၊

အဲဒီမှာ သုမေဓါ ဆုတောင်းခါနီး ဘေးမှာရပ်နေတဲ့ ယသော်ဓရာ အလောင်းအလျာ မိန်းမငယ်က သူ့လက်ထဲမှာ ကိုင်ထားတဲ့ ကြာပန်းရှစ်ခိုင်ထဲက ကြာငါးခိုင်ကို သုမေဓါရှင်ရသေ့လက်ကို ကပ်လှူသတဲ့ - ရှင်ရသေ့လည်း မိန်းမ ငယ် ကပ်တဲ့ ကြာငါးခိုင်ကို လက်ဆယ်ဖြာကြားထားပြီး -

သုံးဆယ့်တစ်ဘုံသားတွေကို ကယ်တင်နိုင်မယ့် ဘုရားစင်စစ်တော် ဖြစ်ရပါလိုပါ၏လို့ ဆုတောင်းသတဲ့ .....။

ဒီပင်္ကရာ ဘုရားရှင်က နောင်လာမယ့် ဘဒ္ဒကမ္ဘာမှာ ဘုရားငါးဆူပွင့်မယ် အထဲက လေးဆူမြောက် ဂေါတမမြတ်စွာဘုရားရှင်အဖြစ် ပွင့်လာမယ်လို့ ဗျာဒိတ် တော် ပေးသတဲ့ .....။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ကြာပန်းကပ်လှူတဲ့ မိန်းမငယ်က သူ့လက်ထဲမှာကျန်တဲ့ ကြာသုံးခိုင်ကို ဘုရားရှင်အားကပ်လှူပြီး သုမေဓါရှင်ရသေ့ ဘုရားဖြစ်သည်အထိ ဘဝအဆက်ဆက်ပါရမီဖြည့်ဖက်ဖြစ်ပါရလို့၏လို့ ဆုတောင်းသတဲ့ .....၊

ဘုရားရှင်က မိန်းမငယ်ကိုကြည့်ပြီး ဂရုဏာအပြုံးနဲ့ တောင်းတဲ့သူ့ပြည့်စေလို့ ဗျာဒိတ်တော်ပေးသတဲ့ -

တရားနာပြီးတဲ့ လူရွယ်နဲ့မိန်းမငယ်ဟာ အတွေးကိုယ်စီနဲ့ စကားမပြောဖြစ်ဘဲ တရားပွဲနားက ထွက်လာကြတယ်ပေါ့ဟာ -

မိန်းမငယ်ရဲ့ ရွာထိပ်ကရွာဦးစေတီနားရောက်တော့ မိန်းမငယ်ကို သူချစ် သူ့လူရွယ်ကို စေတီဘေးကကန်ထဲက ကြာပန်းရှစ်ခိုင်ကို ခူးခိုင်းသတဲ့- ချစ်သူဆန္ဒ အတိုင်း ကြာရှစ်ခိုင်ခူးပြီး လူရွယ်က မိန်းမငယ်ပေးတယ်ပေါ့ဟာ- လက်ထဲကို ရောက်လာတဲ့ ကြာပန်းရှစ်ခိုင်ထဲက ကြာငါးခိုင်ကို ချစ်သူလူရွယ်ကို ပြန်ပေးပြီး စေတီအပေါ် အတူတက်ခဲ့ကြတယ်တဲ့ -

ဘုရားစေတီပေါ်ရောက်တော့ မိန်းမငယ်က .....၊

အမောင် - လက်ထဲက ကြာပန်းငါးခိုင်ကို ဘုရားရှင်ကို သက်ရှိထင်ရှား ရည်မှတ်ပြီးလှူ - ပြီးရင် အမောင်ရင်ထဲမှာရှိတဲ့ ဆန္ဒကိုဘုရားမှာ သစ္စာတိုင်တည်လို့ ပြောသတဲ့ .....၊

လူရွယ်က ချစ်သူရဲ့ သစ္စာတိုင်တည်ဆိုတဲ့ စကားစုကို သေချာနားမလည်တော့ သစ္စာတိုင်တည်ရဲ့အနက် အဓိပ္ပါယ်ကို ချစ်သူကိုမေးသတဲ့- မိန်းမငယ်က သစ္စာဆိုတာက အမှန်တရား တိုင်တည်တယ်ဆိုတာက ကတိပြုတာ- ဒီတော့ အမှန်တရားကို ဘုရားရှင်ရှေ့မှာ ကတိပြုတာလို့ ပြန်ပြောသတဲ့- လူရွယ်လည်း ဘုရားရှင်ကို သက်ရှိထင်ရှား ရည်မှတ်ပြီး ငါးခိုင်သောကြာပန်းကို ကပ်လှူပြီး ချစ်သူ၏ ဆန္ဒများကို ပြည့်အောင်ဖြည့်ဆည်းပေးနိုင်သူ ဖြစ်ရပါလို့၏လို့ ဘုရားစေတီ ရှေ့မှာ သစ္စာတိုင်တည်လိုက်သတဲ့ .....။

မိန်းမငယ်ကတော့ လက်ထဲမှာရှိတဲ့ကြာပန်းသုံးခိုင်ကို ဘုရားစေတီကို



ပြီး သူ့ချစ်သူလူရွယ်ကို အထက်ကနေ ပြန်ရေတွက်ရင် နှစ်ဆယ့်ခုနှစ်ဘုံ အောက်ကနေပြန်ရေတွက်ရင် ငါးဘုံမြောက်ဖြစ်တဲ့ ဤလူ့ဘုံ၌ မြင့်မြတ် သောကျွားအာဇာနည် သာသနာ့ဂုဏ်ဆောင် ပုဂ္ဂိုလ်ထူးဖြစ်ရန် ပါရမီဖြည့် ကူညီနိုင်သူဖြစ်ရပါလို၏လို့ သစ္စာတိုင်တည်လိုက်သတဲ့ - နောက်တစ် တိုင်ပင်ရဘဲ ဘုရားရှင်ရှေ့မှာ ဤကဲ့သို့ သစ္စာတိုင်တည်သည့်ဘဝသည် ယ်တစ်ဘုံ ၏ နောက်ဆုံးဘဝဖြစ်ပါရစေလို့ ဆုပန်ခဲ့သေးသတဲ့ .....၊

ပုံပြောပြနေသော နွဲ့လေးငယ်မှ မောသွားဟန် သက်ပြင်းရှည်တစ်ချက် သူငယ်ချင်းများတစ်ချက် ဝေ့ကြည့်လိုက်လေသည်။

နောက်ဆုံးအကြည့်ရပ်သောသူက မျက်လုံးချင်းအဆုံတွင် အိမ်မက် လှုပ်နိုးခံလိုက်ရသလို ရင်ခုန်သံစည်းချက်များ မှားယွင်းသွားခဲ့ရသည်ကို တော့ ကိုယ်တိုင်အသိဆုံးပင် .....။

ထိုစဉ်ရှင်ဝိုင်းဖြူမှ -

ယုန်မ - ဆက်ပြောလေဟာ - ကောင်းခန်းရောက်မှ ဘာလို့ရပ်ထားရ သလဲ - ဟု ဆိုလာသည်။

နွဲ့လေးငယ်မှ - ညှင်သာစွာပြုံး၍ -

အတိတ်ကပုံပြင် - အဲ အတိတ်ရဲ့အရိပ်က ဒီမှာဆုံးသွားပြီလေ - ဖြူပြောတဲ့ ကောင်းခန်းကတော့ အချိန်တစ်ခုမှာ သူငယ်ချင်းတို့ အားလုံး ကိုယ်တိုင်ခံစား နားလည်သွားကြမှာပါ - နွဲ့လေးငယ်ရဲ့စကားအဆုံး ဇင်မောင်မှ -

စားတယ်ဟာ - လိုက်မမှီဘူး - ဟု သူ့ဖက်လှည့်ကြည့်ရင်း -

မောင်မျိုး - ညီလေး - မင်းတို့အဖွဲ့ထဲကိုရောက်လာမှ အားလုံးရဲ့ပုံမှန် မှုတွေဟာ သိသိသာသာကြီး ပြောင်းလဲသွားတယ်ကွာ၊ တစ်တယ် တယ် .....၊

ကဲ - နားထောင်ရတာတွေများလို့ ဗိုက်ထပ်ဆာရင်မှာကြနော် - ဟု စကားအဆုံး ဝကာစ်မှ -

www.burmeseclassic.com

www.burmeseclassic.com



ဆန်းကစ်တစ်ဟု စားပွဲထိုးလူငယ်ကို မှာလေသည်။

သောက်တော်မ-ဟု အငယ်လေးကဆိုလျှင် ဝကစ်မှ-

ကိုယ်ဖာသာကိုယ်ငတ်တာ- ဘာဖြစ်လဲ- ဘာဖြစ်လဲ-ဟု ကိုင်ဇာသီချင်းကိုဖျက်၍ ဆိုလိုက်လေသည်။

မဝကစ်တင်မဟုတ်ဘူး- အားလုံးဆန္ဒရှိတာမှာစားကြနော်- ဒါကျနော် ဒုတိယဗျူးအောင်လို့ကျွေးတာ-အဲ တတိယဗျူးအတွက်ကတော့ ကျွေးဖြစ်မှာမဟုတ်ဘူး-ဟုသူဆိုလျှင် နေမျိုးမှ-

ဘာလဲကွ! သုံးယောက်တည်းကျန်တာ- နှစ်ယောက်ရွေးမှာ- ဟိုနှစ်ယောက်ကမင့်ထက်ပိုနေလို့လား၊ ဟုအမေးစကားဆို လာပြန်သည်။

ပိုမပိုတော့ မသိဘူးသူငယ်ချင်းရာ လိုနေတာကတော့အမှန်ဘဲ-ဟုရေရွတ်လိုက်မိလေသည်။

အားလုံး၏အကြည့်ကို ဥပေက္ခာပြု၍ စားပွဲထိုးလူငယ်အား ငွေရှင်းပေးပြီး သူငယ်ချင်းတစ်စု လမ်းခွဲလိုက်ကြလေတော့သည်။

□ □ □ □ □

# အခန်း(၇)

## တစ်ပင်ကိုတစ်ပင်ယှက်နွယ်တက်တဲ့ သမုဒယကြိုး

အားနာလိုက်တာအကိုကြီးရယ်ဟု နွဲ့လေးငယ်၏မိခင်မှ စကားဆိုလျှင် ဘာကိုအားနာရမှာလဲ ကျုပ်နမရယ်- သူ့ကြောင့်အကိုကြီး ရဲစခန်းတို့ အကြိမ်ကြိမ်၊ လျော်ရတာလဲ မရေတွက်နိုင်၊ ပညာပေးလိုက်တဲ့ ဟိုသူငယ်ကိုတောင် ကျုပ်ကျေးဇူးတင်သေး- ပိုင်စိုးမောင်၏ဖခင် ဦးဘမောင်၏ တုန့်ပြန်စကား နွဲ့လေးငယ်၏ဖခင် ကတော့ နှုတ်ဆိတ်ငြိမ်သက်လျက်.....၊

သမီးနွဲ့လေးငယ်က ဘာမှကိုပြောစရာမလိုတဲ့ အလိမ္မာလေး- ကျုပ်သား ပိုင်စိုးမောင်နဲ့ဟာ အသွင်မတူဘူးဆိုတာ သိနေတာဘဲ၊ လိမ္မာတဲ့သမီးငယ်နဲ့ သတ်ထပ်ပေးလိုက်ရင် ပြောင်းများပြောင်းသွားမလားလို့ ဖြည့်တွေးလေးနဲ့ [illegible]ပြောခဲ့ရတာပါ။ အခုတော့ရှင်းသွားပြီပေါ့- ဒီကောင်ပိုင်စိုးမောင်ကို ပညာပေးလိုက်တဲ့ လူငယ်ကသမီးလေးရဲ့ချစ်သူတဲ့- ကျုပ်ရဲ့ဆဲလ်တွေက တစ်ဆင့်သိရတာ အပြည့်အစုံတော့ မဟုတ်ဘူး။ ဒီတော့ ကျုပ်ညီနဲ့ကျုပ်ညီမက ဒီလူငယ်ကို ခေါ်တွေ့ လိမ္မာတဲ့ သမီးကိုယ်တိုင်ရွေးထားတာဆိုတော့ မှားမယ်တော့ မထင်ပါဘူး ကျုပ်ပြောခဲ့တဲ့ ကျုပ်သားပိုင်စိုးမောင်နဲ့ ကိစ္စကိုမေ့လိုက်ကြပါတော့- ဒီအတွက်လည်း ဘာမှကို အားနာစရာမလိုဘူး၊ သမီးလေးကို ကျုပ်ကလည်းရင်မှ ဖြစ်တဲ့ သမီးလေးလို သံယောဇဉ်ရှိတာပါ။ ဒါကြောင့် မမှားသင့်တာ မမှားအောင် အကောင်းဆုံးဖြစ်အောင် သမီးလေးကို သူ့ကောင်လေးကို လာမယ့်တနင်္ဂနွေနေ့ ခေါ်ပြီး တွေ့ကြည့်ကြပေါ့.....။

အဲဒီနေ့ ကျုပ်လည်းလာခဲ့ပါ့မယ်- စာကြည့်ခန်းထဲကနေ အသံထွက်လာသည်- ဝိုင်းထဲတော့မဝင်တော့ပါဘူး-ဟောပြောရင်းသမီးလေးပြန်လာနေပြီ- ကျုပ်သားကိစ္စအတွက်နဲ့ လုံးဝမဆူနဲ့နော်- လိမ္မာယဉ်ကျေးတဲ့ကလေးမို့

www.burmeseclassic.com



စိတ်အနှောက်အယှက် မဖြစ်စေချင်ဘူး-

ဦးဘမောင်စကားဆုံးအပြီး ခဏအကြာမှာပင် နွဲ့လေးငယ် ဧည့်ခန်းအတွင်းလှမ်းဝင်လာလေသည်။

နွဲ့လေးငယ်မိခင်မှ-

သမီးပြန်လာပြီလား၊ လာပါအုံးမေမေတို့ဆီကိုဟု ထိုင်နေရာမှ လှမ်းခေါ်လေသည်။

အနားသို့ရောက်လာသော နွဲ့လေးငယ်မှ-

ဟင်၊ ဘဘကြီးရောရောက်နေတာလား၊ ဟုဦးဘမောင်အားနှုတ်ဆက်ရင်း မိခင်ဖြစ်သူအနီးသို့ ဝင်ထိုင်လေသည်။

နွဲ့လေးငယ်၏ ဖခင်ဖြစ်သူမှ-

သမီးစာမေးပွဲလည်းပြီးသွားပြီ ဘာလုပ်ဖို့စိတ်ကူးထားသလဲ-ဟုအမေး စကားကိုဆိုလိုက်သည်။

ဟင်၊ ဖေဖေကလည်း စာမေးပွဲပြီးတာ၊ အောင်စာရင်းမှမထွက်သေးတာ- အခုတော့ ဘာလုပ်မယ်လို့မှ သမီးစိတ်ကူးမထားသေးဘူး သင်္ကြန်တွင်းကြရင် မော်ဘီမှာတရားစခန်းဝင်မယ်လေ.....၊

နွဲ့လေးငယ်၏ စကားအဆုံးတွင် ဖခင်ဖြစ်သူမှ-

မဟုတ်ဘူးသမီးရဲ့ -အောင်စာရင်းထွက်ပြီး သွားရင်ပေါ့၊ သမီးကအောင်မှာသေချာနေတာဘဲ-

သမီးဆန္ဒသိလို၍ မြောင်းပေးစကားဆိုပြန်သည်။

တက်ခွင့်ရရင် သမီးဘွဲ့လွန်ဆက်တက်မှာလေ-ဟု နွဲ့လေးငယ်မှ ပြောလိုက်လျှင် မိခင်ဖြစ်သူမှဝင်၍-

သမီးလေး- မေမေ့ကိုမှန်မှန်ဖြေနော်- သမီးမှာချစ်သူရှိနေပြီလား၊ တည့်တည့်လာမှန်သော မိခင်၏အမေးစကားကြောင့် နွဲ့လေးငယ်က အားလုံးကိုတစ်ချက် ဝေ့ကြည့်ပြီး မျက်လွှာချ၍.....၊



တုတ်ကဲ့ ရှိနေပါပြီမေမေဟု အတက်အကျမရှိသောအသံနှင့် အဖြေ[illegible]သည်။

နွဲ့လေးငယ်၏စကားအဆုံး အားလုံးတိတ်ဆိတ်ငြိမ်သက်၍ အငွေး[illegible] ရှိနေကြလေသည်။

တုတ်လား၊ ဘယ်ကသူငယ်လဲ၊ သူ့မိဘတွေကရော ဘာလုပ်ကြလဲ၊ [illegible]ထားသမျှ မေမေတို့ကိုပြောပြအုံးလေ- ဟုတိတ်ဆိတ်ခြင်းကို ဖြိုခွဲ၍[illegible]ယ်၏မိခင်အသံ ထွက်လာလေသည်။

နွဲ့လေးငယ်မှ ခဏနော်မေမေဟု မိခင်ကိုခွင့်ပန်ပြီး ဦးဘမောင်ဘက်[illegible]၍-

ဘဘကြီး-

တင်-

ဘဘကြီးသားနဲ့ နေရာချဖို့ လူကြီးချင်းစီစဉ်ကြတာ သမီးသိပါတယ်-[illegible]ပိုင်စိုးမောင်ကို သမီးစဉ်းစားမရ- အဲ စဉ်းကိုမစဉ်းစားတာပါ။ သမီးတို့[illegible]နော် သမီး ဘဘကြီးကို တစ်ကယ့်ဆွေမျိုးရင်းချာလို သံယောဇဉ်ရှိတာ[illegible] သမီးဆုံးဖြတ်ချက်ကြောင့် ဘဘကြီး စိတ်အနှောက်အယှက် မဖြစ်ပါနဲ့နော်

ဩ- သမီးရယ် ဘာလို့စိတ်အနှောက်အယှက်ဖြစ်ရမှာလဲ.....၊

သမီးလေးလိမ္မာတာ ၊ ယဉ်ကျေးတာ၊ ဘာသာတရားကိုင်းရှိုင်းတာ[illegible] ဘဘကြီး သိတာပဲ၊ ဘဘကြီးက သမီးကို တောင်းပန်ရမှာပါ။ ပိုင်စိုးမောင်[illegible] စီစဉ်မိလို့ -

မဟုတ်တာ ဘဘကြီးရယ် မိဘတွေရဲ့ အဲ မိဘတိုင်းရဲ့ဆန္ဒလေ သား[illegible] ကောင်းစေချင်တာ - အခုကိစ္စက သမီးဖက်က ဘယ်လိုမှ မဖြစ်နိုင်လို့[illegible]

အို သမီးလေး မှန်တယ် မကောင်းတာရား၊ ကျေးဇူးခံ၊ ကျေးဇူးစား[illegible]နဲ့ [illegible]လျှော့တာ အဲဒါတွေအားလုံးဟာ လိုက်လျောသူအတွက် ဘ[illegible]စ်ခုလုံးပါ[illegible]ဲ့အဖြစ်တွေရှိတယ်။

www.burmeseclassic.com



သမီးလေးရဲ့ အဖေနဲ့ အမေကို စီးပွားရေးအရ ဘဘကြီး ကူညီခဲ့တာ၊ အဲဒါဟာ အမှီတစ်ခုပါပဲ၊ သူတို့နှစ်ယောက်ရဲ့ ရိုးသားကြိုးစားမှုကြောင့်သာ သမီးလေးတို့ မိသားစု ပြည့်ပြည့်စုံစုံနေနိုင်ကြတာပဲ။

အမှီရပေမယ့် ရိုးသားကြိုးစားမှုမရှိရင် ဒီလို ဘယ်မှာလာ အရာထင်မလဲ၊

တဲ တဲ သမီး အမေ မေးတဲ့ မေးခွန်းဖြေလိုက်ဦးဟု ဦးဘမောင်မှ စကားလမ်းကြောင်း ပြောင်းပေးလိုက်သည်။

နွဲ့ဖလေးငယ်မှ မိခင်ထံ အကြည့်တစ်ချက်လွှတ်၍ -

သူ့နာမည် မျိုးမောင်တဲ့ ကွန်ပျူတာနဲ့ ကျောင်းပြီးထားပါတယ်၊

ဇာတိကတော့ နယ်က ဟို မိတ္ထီလာတဲ့ - သူ့မှာ အဖေမရှိတော့ပါဘူး သူ့အမေကတော့ အငြိမ်းစား ကျောင်းအုပ်ဆရာမကြီးတဲ့၊ အခုတော့ မိတ္ထီလာဈေး အပြင်ဖက် ပွဲရုံတန်းမှာ ဆရာမကြီးပွဲရုံဆိုပြီး ပွဲရုံဖွင့်ထားတယ်လို့ပဲ သိထားပါတယ်၊ သူ့အမေနာမည်က ဒေါ်အေးနွဲ့တဲ့ - အငြိမ်းစား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးနွဲ့ဆို မိတ္ထီလာတစ်မြို့လုံး သိကြတယ်လို့ သူပြောပါတယ်။

နွဲ့ဖလေးငယ် စကားအဆုံး

ဦးဘမောင်၏ နလုံးသား အနာဟောင်း အနာဆွေးသို့ အရပ်ရှစ်မျက်နှာမှ စူးနစ်မြသော သံမဏိမြှားများ စိုက်ဝင်သည်ထက် အဆပေါင်းများစွာ ပြင်းထန်သော ဝေဒနာ ခံစားလိုက်ရလေတော့သည်။

မိုက်ကနဲ ဖြစ်သွားသော စိတ်အစဉ်ကြောင့် ခန္ဓာကိုယ်ပါထိုင်နေလျက် လိုင်သွား၍ နွဲ့ဖလေးငယ်ဖခင်မှ အစ်ကိုကြီး အစ်ကိုကြီးဟု အနီးသို့ သွားပွေ့ထားလိုက်ရလေသည်။

ဦးဘမောင်မှ သမီးလေး ဘဘကြီးကို သံပုရာချဉ်ရည်တစ်ခွက် ဖျော်ပေးစမ်းပါကွယ်၊ ညက အိပ်ရေးပျက်လို့ ထင်ပါရဲ့ ရေခဲတွေ မထည့်နဲ့နော် သမီးလေး ဟု ဆိုလာလေသည်။

နွဲ့ဖလေးငယ်လည်း မီးဖိုခန်းဘက် အလျင်အမြန်ဝင်၍ သံပုရာရည်သွားဖျော်လေတော့သည်။



သံပုရာရည်ချဉ်ချဉ်ကို တစ်ငုံသာငုံ၍ အသာအယာခွက်ကိုချပြီး ဒီထစ်သက် ဒီဘဝမှာ ဘယ်သူ့ကိုမှ ပြောမပြဘူးလို့ သိမ်းထားခဲ့ရတဲ့ ဘဘကြီးရဲ့ အကြောင်းကို သမီးလေးတို့ မိသားစုကို ပြောပြရတော့မယ်။ ပြောမပြခင် တစ်ခု တောင်းဆိုချင်တာက ဒီအကြောင်းကို သမီးလေးတို့ မိသားစုက ဘယ်သူ့ကိုမှ ဘယ်သောအခါမှ ပြန်မပြောပါဘူးလို့ ကတိလေးတော့ ပေးစေချင်တယ်။

စကားအဆုံး ဦးဘမောင် နွဲ့ဖလေးငယ်တို့ မိသားစုသို့ အကြည့်တစ်ချက်ဆဲ၍ ကတိစကားကို စောင့်စားဟန်ဖြင့် ငြိမ်သက်နေလေသည်၊ သူ့မျက်ဝန်းတွင် ပြုတော့မည့်မိုးနှယ် ကြေကွဲမှုများနှင့် .....၊

ဟုတ်ကဲ့ပါ ဘဘကြီး သမီး ကတိပေးပါတယ်။

ကျွန်တော်တို့ လင်မယားလည်း ကတိပေးပါတယ် အစ်ကိုကြီးဟု -

ကတိစကားသံများအဆုံးတွင် ဦးဘမောင်မှ သက်ပြင်းရှည်တစ်ချက်ချ၍ အခု ရန်ကုန်မြို့မှ လက်ရှိုးရေတွက်လို့ရတဲ့ သူဌေးစာရင်း ရေနှာမှာပါတဲ့ ဦးဘမောင်ဆိုတဲ့ ကျုပ်ဟာ ဟိုး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်ထဲက ရွာကလေးတစ်ရွာမှာ မွေးဖွားခဲ့တာပေါ့။

လူမှန်းသိတတ်တော့ အဖေ အမေဆိုတာ ခေါ်စရာမရှိတော့ပါဘူး ဆွေမျိုးနီးစပ်တွေ နိုင်းတာလုပ်၊ ကျွေးတာစားနဲ့ ဘဝကို စခဲ့ရတာပေါ့၊ ရွာဦးကျောင်းဆရာတော်က ကျောင်းသားအဖြစ်ခေါ်တာ ဘုန်းကြီးစာရေး တန်းတာပါ သင်ပေးခဲ့တယ်လေ၊ အဲ ဘုန်းကြီးကျောင်းသား ဘမောင်ပေါ့၊ တစ်ရွာလုံးရဲ့ ခိုင်းဖတ်၊ ရှယ်တူတွေရဲ့အနိုင်ကျင့်ခံ အနှိမ်ခံ ဘမောင်ပေါ့။

ကျုပ်ကိုတပည့်လိုက်နိုင်း ကျောင်းရဲ့ဝေယျာဝစ္စလည်း မနိုမကာက် လုပ်ပေးတော့ ဆရာတော်ကတော့ ချစ်တယ်ပေါ့၊ နောက် ဘဝမှာအရေးပါတဲ့ သူငယ်ချင်းတစ်ယောက်လည်းရှိသေးတယ်၊ ကျောင်းကကပ္ပိယကြီး ဝင်းမောင်ပေါ့၊ အသွင်နှယ် ဝက်လက်သားဆိုတော့ ရွာထဲကတော့ ဝက်လက်ဝင်းမောင်လို့ ခေါ်

www.burmeseclassic.com



ကြတယ်၊ တစ်ရှိုက်လည်း ကပ္ပိယကြီးပေါ့။

ကျုပ်ကသူနိုင်းတာမှန်သမျှ စိတ်ပါလက်ပါကူညီတော့ ကပ္ပိယကြီးက သားလိုမျိုးကို ခင်တွယ်လာတယ်ပေါ့၊ ဆယ့်သုံးလေးနှစ်သားမှာဘဲ သူတတ်တဲ့ မြန်မာ့လက်ဝှေ့ပညာတို့ စသင်ပေးတော့တာဘဲ၊ ဆရာတော်ကလည်း ယောကျာ်းမှန်ရင် တတ်ဖို့လို တယ်ဆိုပြီး အားပေးတယ်လေ၊ ဆယ့်ကိုးနှစ်သား လောက်ရောက်တော့ ပညာတော်တော်စုံပြီပေါ့- ဘုန်းကြီးစာလည်း ပထမလတ် အောင်ပြီးသလို အတန်းပညာလည်း ရှစ်တန်း အောင်တဲ့အထိ သင်ခဲ့ရတာပေါ့၊ ကျုပ်ဘဝတစ်ဆစ်ပြောင်းမယ့်အချိန် ရောက်လာတော့ ရွာထဲကတော သူဌေး သား- ကျုပ်နဲ့လည်းစပ်ရင် ညီအကို သုံးဝမ်းကွဲလောက်တော်မှာပေါ့၊ မိဘက ပိုက်ဆံရှိတော့ မူးယစ်ရမ်းကား လူမိုက်ပေါ့ဗျာ၊ ကျွေးမွေးထားတော့ တပည့် တပန်းတွေကပေါတာပေါ့။

သူတို့အဖွဲ့က ရွာဦးကျောင်းမှာ ဘေးမဲ့လွှတ်ထားတဲ့ကြက်မကြီးကို ဖမ်းပြီး ချက်စားကြတယ်ဗျာ၊ စားပြီးသားအရိုးတွေကို ကျုပ်အိပ်တဲ့ အိပ်ယာ အောက်မှာ လာပစ်ထားကြတယ်လေ။ ဒီကိစ္စဆရာတော်သိတော့ မိုးမီးလောင် တာပေါ့- သူတို့အုပ်စုက ပြောင်ငြင်းကြတယ်ဗျ။ နောက်ပြီး အရိုးတွေကို ကျုပ် အိပ်ယာနားကတွေ့တယ်၊ ကြက် သူခိုးဟာကျုပ်ပေါ့။

ဆရာတော်ကသိနေတော့ အေး သေချာစုံစမ်းလို့ အဖြေမှန်ပေါ်ရင် တော့ နောက်တစ်ရက် အာရုံဆွမ်းအလှည့်ကျတဲ့ ရွာထဲကအိမ်ကို ကျုပ်ဆွမ်း ရှိုင့်သွားပို့ပြီးအပြန်လမ်းမှာ သူတို့အုပ်စုနဲ့ဆုံတာပဲဗျို့။

အဲဒီမယ်-ဟေ့ကောင် ဘုန်းကြီးကျောင်းသား

ကြက်သားကောင်းကောင်း မစားဘူးလို့ ကျနော်ခိုးစားပါတယ်လို့ ဝန်ခံ လိုက်တဲ့.....၊

ငါမှ ခိုးမစားတာ ဘာလို့ဝန်ခံရမှာတုန်းလို့ပြောတော့-

ကျုပ်ကို ဝိုင်းတွယ်ကြတော့တာဘဲဗျို့- အသာလွှတ်ကြီးဆိုတော့ ကျုပ်



ကည်းပြန်တွယ်တာပေါ့၊ မြန်မာ့လက်ဝှေ့သင်ပြီးကတည်းက ပထမဆုံး သတ်ရည်စမ်းရတဲ့ ပွဲပေါ့၊ စိတ်ရှိလက်ရှိတွယ်လိုက်တာ တစ်ဖွဲ့လုံးမြေကြီးတုန်း မ်းသွားတဲ့အထိပေါ့၊ အဲဒီအထဲမှာ သူဌေးသား ကျုပ်သုံးဝမ်းကွဲအကိုကတော့ ညာ ဘက်မျက်လုံး ကန်းသွားတဲ့အထိပေါ့။

သူတို့သားအဂါရိုးယွင်းတဲ့အထိဖြစ်တော့ ဆရာတော်ကိုလာလျှောက် ပြီး ကျုပ်ကိုမြို့ဂုတ်တိုင်မယ်ပေါ့၊ အဲဒီညမှာဘဲ ဆရာတော်နဲ့ ကပ္ပိယကြီးတို့ တိုင်ပင်ပြီး ဆယ့်ရှစ်နှစ်ပြည့်တုန်းက လုပ်ထားတဲ့ ကျုပ်မှတ်ပုံတင်နဲ့ ငွေတစ်ရာ ကို ဆရာတော်ကစွန့်တယ်၊ ကပ္ပိယကြီးက မြင်းခြံအထိလိုက်ပို့ပြီး ရထားပေါ်တင် ပေးတယ်၊ ရထားထွက်ခါနီးမှာ ငွေငါးဆယ်ကို ကျုပ်အိတ်ထဲထည့်ပြီး ရန်ကုန် ရောက်အောင်သွား၊ မင့်ရဲ့နဖူး ရည် ဒူးရည်နဲ့ ရိုးသားကြိုးစားရင် လူတစ်လုံး သူတစ်လုံးဖြစ်မှာပဲတဲ့၊ အသုံးမကျရင်တော့ မင့်ကိုမြူနီစပယ်က သဂြိုလ်လိမ့် မယ် အမှန်တရားကို ဘယ်တော့မှ သစ္စာမဖောက်နဲ့တဲ့၊ မွေးကတည်းက မြင်းခြံ ကိုတောင် နှစ်ခေါက်သုံးခေါက်ပဲ ရောက်ဖူးတဲ့ကျုပ်အတွက် အိတ်ထဲက ငွေ တစ်ရာငါးဆယ်နဲ့ ရန်ကုန်ဆိုတဲ့ မြို့ကြီးကိုထွက်ခဲ့ ရတာကတော့ တစ်ကယ် ကိုသောစွန့်စားခန်းကြီးပေါ့လေ၊

မြင်းခြံကရန်ကုန် တစ်ညအိပ်တစ်ရက်ခရီးမှာ မှတ်မှတ်ရရ ကောက် ညှင်းထုပ်ငါးဆယ်ဘိုးပဲစား ဘူတာစဉ်မှာ ကုသိုလ်ဖြစ်ရေသောက်ပြီး ရောက်ခဲ့ရ တယ်ပေါ့.....၊

တစ်ကယ့်ကို မျက်စိသူငယ် နားသူငယ်ပါဘဲ-

ဘူတာကြီးကဆင်း တောင်ကြည့်မြောက်ကြည့် အညာလွယ်အိတ် ရတ်ထဲမှာ အဝတ်အပိုနှစ်စုံပိုက်ရင်း တရုတ်တန်းဘုံကျောင်းဘေးက အုတ်ခုံ လေးမှာ ထိုင်ပြီး ရှေ့ရှာအလုပ်ဝင်လုပ်မယ်လို့ စဉ်းစားနေတာပေါ့ဗျာ၊ အဲဒီအချိန် သသာလမ်း ဘက်က လူသုံးယောက်ပြေးလာတာတွေ့ရသလို နောက်တလည်း လူလေးငါးဆယ် ယောက်ညာသံပေးလိုက်လာတာ တွေ့ရပြန်တယ်၊ ပြေးလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ထဲက တစ်ယောက်ကပြေးရင်း ကျုပ်ဆီအရောတစ်ခု လှမ်းပစ်လိုက်တယ်။

အယောင်ယောင်အမှားမှားနဲ့ ဖမ်းထားပြီးကြည့်လိုက်တော့ သရေပိုက်ဆံအိတ်တစ်လုံးဗျ။ နောက်ကလိုက်တဲ့လူအုပ်ကျော်သွားပြီးချိန်မှာ "မိအောင်ဖမ်း၊ မိအောင်ဖမ်း" ဝပိုက်ဆံအိတ်လုသွားတယ်လို့ ခပ်တိုးတိုးအော်ရင်းလျှောက်လာတာတွေ့ရပြန်တယ်၊ အဲဒီအချိန် မြင်းခြံဘူတာရထားပေါ်တက်ခါနီးကပွဲယကြီးမှာလိုက်တဲ့ စကားကိုသွားသတိရမိတယ်။

အမှန်တရားတရားကို ဘယ်တော့မှ သစ္စာမဖေါက်နဲ့ဆိုတာကိုပေါ့ချက်ချင်းဘဲ အဲဒီတရုတ်ကြီးနောက်လိုက်ပြီး ဒါခင်ဗျားပိုက်ဆံအိတ်လား! လို့မေးတော့ ဟာ ဟုတ်တယ်ဟုတ်တယ် - စောစောကလုသွားတဲ့အဖွဲ့ထဲမှာ မင်းပါလားလို့မေးတော့တာဘဲ -

ကျုပ်ကအဖြစ်မှန်ကိုအတိုင်း ရွာကထွက်လာစကတည်းက အခုအချိန်ထိကြုံတွေ့ရပုံပြောပြတော့ မင်းက အညာသားပဲ - လာလာ ငါနဲ့လိုက်ခဲ့ ဆိုပြီးခေါ်သွားတယ်လေ - ဘုမသိဘမသိနဲ့ တရုတ်ကြီးနောက်လိုက်သွားမိခဲ့တယ်ပေါ့ -

တရုတ်ကြီးက ငါးပိ၊ ငါးခြောက်ပွဲရုံပိုင်ရှင်ဖြစ်နေတာကို နောက်မှသိလိုက်ရတယ် - ကျုပ်ရဲ့ကံ လားမပြောတတ်ဘူး - တရုတ်ကြီးက သူ့ပွဲရုံမှာ ကျုပ်ကို အလုပ်ပေးထားတော့တာဘဲ - နောက်တော့ငါးပိ၊ ငါးခြောက်နဲ့ ပါတ်သက်တဲ့အသိပညာတွေလည်း ကြုံသလို သင်ပေးတာပေါ့ - ရောက်စက အလေးအထမ်းရပေမယ့် - လေးငါးခြောက် လကြာတော့ ကျုပ်က သူ့လူယုံဖြစ်လာတာပေါ့ဗျာ - ငွေကြေးကိစ္စနဲ့ ကျုပ်ကိုစမ်းသပ်တဲ့အခါ သူ့အပေါ်သစ္စာရှိရှိနဲ့ ရိုးသားတာကိုသိသွားပြီး တစ်နှစ်အတွင်းမှာဘဲ ပွဲရုံမန်နေဂျာဖြစ်သွားတယ်ပေါ့ဗျာ -

အဲ တရုတ်ကြီးက မိန်းမမရှိတော့ဘူး၊ သမီးတစ်ယောက်ဘဲရှိတယ်ဗျ - သူ့သမီးတရုတ်မက ခေတ်ဆန်တယ်ဆိုတာထက် ခေတ်ရှေ့ပြေးလွန်းတယ်ဗျ - ကျုပ်ကိုဆက်ဆံတိုင်းလည်း မောက်မောက်မာမာအမြဲရှိတယ် - အလုပ်ရှင်သမီး



ဆိုတဲ့အသိရယ်၊ ကျေးဇူးရှင်သမီးဆိုတဲ့အသိရယ်ကြောင့် ကျုပ်ကလည်း သိမ်းချုံးအဆင်ပြေအောင် ဆက်ဆံပါတယ် - တရုတ်ကြီးကလည်း သူ့သမီးကို နှမအရင်းလို သဘောထားပြီး စောင့်ရှောက်ပါလို့ အခွင့်သင့်တိုင်း အမြဲပြောတယ်ဗျ - တစ်နေ့တော့ အဲဒီတရုတ်မ နေထိုင်မကောင်းဖြစ်ပြီး ဆေးခန်းပြတော့ ပြဿနာတစ်တော့တာဘဲဗျို့! သူ့မှာကိုယ်ဝန်သုံးလရှိနေပြီတဲ့။

သူ့အဖေတရုတ်ကြီးက ရှက်လည်းရှက်ဒေါသလည်းဖြစ်နဲ့ ပွဲကြမ်းတော့တာဘဲဗျို့ ဘယ်သူနဲ့လည်းလို့မေးတော့ မရွှေတရုတ်မက မပြောဘူးဗျ၊ ငိုဘဲငိုနေတယ်၊ ကျုပ်ကလည်း သူတို့အရိပ်မှာ ခိုနေရတော့ အလွန်အခနေရခက်ပေါ့၊ နောက်မေးလွန်းမက မေးတော့မှဘဲ တရုတ်တန်းမှာ ကျင်လည်နေတဲ့ တရုတ်လူမိုက်တစ်ယောက်နဲ့ပါလို့ ဖြေတော့တယ်၊ အဲဒီကျတော့မှဘဲ ကျုပ်လည်း အသက်ရှုချောင်တော့တယ်၊ ဒါပေမယ့် ကံကြမ္မာရိုင်းက ကျုပ်ဆီကို ဦးတည်လာတော့တယ်ဆိုတာ သိပ်မကြာပဲ သိရတော့တာပဲ၊ တရုတ်မနဲ့ဖြစ်တဲ့ လူမိုက်တရုတ်က ခါးထိုးမှုနဲ့ ထောင်ထဲရောက် နေသတဲ့ဗျာ။

တစ်ညနေ ပွဲရုံပိတ်ပြီးချိန်မှာ တရုတ်ကြီးက ကျုပ်ကိုခေါ်တွေ့တယ်၊ လူကြားထဲမှာ မျက်နှာပြလို့မရနိုင်တော့ အခြေအနေကို သူ့ကျုပ်အပေါ်မှာ တာလိုသားလို ကောင်းခဲ့တဲ့ကျေးဇူးကို သိတတ်တဲ့သဘောနဲ့ သူ့သမီး တရုတ်မကို ဘတ်ထပ်ပေးဖို့ ပြောတော့တာပဲ၊

ဟို လူမိုက်အပြင်မှာရှိနေရင်လည်း သူကပေးစားမှာပါပဲတဲ့၊ လတ်တလောအခြေအနေအရ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ မျက်နှာမပျက်ချင်လို့ ကူညီပေးပါလို့ တောင်းပန်တော့တာပဲ၊ ကျုပ်ဘဝမှာ စိတ်အညစ်ရဆုံး စိတ်ရှုပ်ထွေးရဆုံးအချိန်ကို ပြပါဆိုရင် အဲဒီအချိန်ပဲဗျို့၊ အဲဒါနဲ့ပဲ တရုတ်မနဲ့ နှစ်ယောက်တည်း စကားပြောပါရစေလို့ တရုတ် ကြီးကို ခွင့်တောင်းရတော့တာပေါ့ -

တရုတ်မနဲ့ နှစ်ယောက်ချင်းတွေ့ပြီး .....၊

မကျင်စိန် အခုဖြစ်နေတဲ့ အခက်အခဲအတွက် ကျုပ်တော့တာဝန် ယူပေး

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်၊ ဒါပေမယ့် ခင်ဗျား ချစ်သူထောင်ကလွတ်လာရင်တော့ လက်ရှိအနေအထား အကျိုးအကြောင်း ပြောပြပြီး ပြန်ပေါင်းကြပေါ့လို့ ကျုပ်ကပြောတော့ တရုတ်မက ဘာပြောတယ်မှတ်လဲ -

အမလေး ဘမောင်ရယ် နင်ကလည်း ဆန်ကြမ်းက စေးနေပြန်ပြီတဲ့ - ငါတာလည်း နင်လိုကောင်မျိုးကို စိတ်မဝင်စားပါဘူးတဲ့၊

အဲဒီသဘောတူညီချက်နဲ့ လူသိရှင်ကြား တရုတ်မ မကျင်စိန်နဲ့ ကျုပ်လက် ထပ်လိုက်ရတော့တာပဲ ၊ ပတ်ဝန်းကျင်ကတော့ အမျိုးမျိုးပြောကြတာပဲပေါ့၊ ဒါပေမယ့် ကျုပ်က လိပ်ပြာသန့်ပါတယ်၊ မကျင်စိန်ကို အစ်မလို နှမလို အတတ်နိုင်ဆုံး စောင့်ရှောက်ပါတယ်၊ အဲဒီလိုနဲ့ ပိုင်စိုးမောင်ကို လောကကြီးထဲမှာ အောင်အောင်မြင်မြင် ရောက်အောင် မွေးဖွားလိုက်ခဲ့ကြတာပေါ့။

ပိုင်စိုးမောင်မွေးပြီး တရုတ်မက ကျုပ်ကို ဘယ်ပြောတယ်ထင်လဲ နားနဲ့မနာ ဖဝါးနဲ့သာနာကြပါဗျာ .....၊

ဟဲ့ ဘမောင် နင်ယောကျ်ားမဟုတ်ဘူးလား၊ ဒါမှမဟုတ် ငါက မလှလို့လား၊ နင့်စိတ်ထဲမှာကြိတ်ပြီး ငါကိုချစ်နေတာမို့လား၊ နင့်ကို သနားလို့ ငါနဲ့ တစ်ကယ် ယောကျ်ားအဖြစ်နေခွင့်ပေးပါမယ်လို့ ဆိုလာတယ်ဗျာ .....၊

ဘယ်လောက်ဆိုးတဲ့ မိန်းမလည်း စဉ်းစားသာကြည့်ကြပေတော့၊

မလုပ်ပါနဲ့ မကျင်စိန်ရယ်၊ ခင်ဗျားကို ကျွန်တော် ကျေးဇူးရှင်ရဲ့သမီး ကျွန်တော့်နှမလို အစ်မလိုပဲ သဘောထားပါတယ်ဗျာပေါ့။

ဒီတော့ ဘာပြောတယ်မှတ်လဲ -

အေး တောသား လူလိုမခံစားတတ်ဘူးတဲ့ -

ပိုင်စိုးမောင် ခြောက်လသားလောက်ရှိတဲ့အချိန် သူ့အဖေ တရုတ်လူမိုက် ထောင်က ပြန်လွတ်လာတယ် -

မကျင်စိန်က ကြားကြားချင်း တရုတ်လူမိုက်ကို သွားတွေ့ပြီး အပြင်က အခြေအနေတွေ ပြောပြတာပေါ့၊ဟိုလူမိုက်က ဘာပြောတယ်ထင်လဲ၊ သူ



[illegible]တ် မအေဘူးတဲ့၊ ငါက ဘာ သားနဲ့ထုထားတာမို့ ဒီလိုနေနိုင်တာလဲတဲ့ - [illegible] သူကတော့ တရားဝင် မယူနိုင်တော့ဘူးတဲ့၊ မကျင်စိန်ကိုတော့ ချစ်နေ[illegible]တဲ့၊ ဘယ်လောက် ယုတ်မာတဲ့ကောင်လဲ စဉ်းစားသာကြည့်ကြပါတော့ [illegible] သူတို့နှစ်ယောက် အပြင်မှာ ချိန်းတွေ့ကြတာ အလုပ်သမားတွေက ကျုပ် [illegible]ပြောကြတယ်၊ ကျုပ်ကလည်း နေသာသပ လေညာကပေါ့။

ဒါပေမယ့် ကံကြမ္မာကို ရေ့ဆက်တိုးသို့ ဖန်လာပြန်တယ်၊ တရုတ် [illegible]က ကျုပ်ကိုတွေ့ရင် ကြွက်ပျင်း လှည်းကျိုးထမ်းတဲ့ကောင်လို့ မကြား [illegible] အမြဲ ပြောတော့တာပဲ၊

တစ်ရက်တော့ သူ အဲလိုပြောလာချိန်မှာ ကျုပ်က အဖြစ်မှန် ရှင်းပြဖို့ [illegible]ကြည့်တာပေါ့ ၊ သူက မူးနေပြီ၊ ကျုပ်ပြောတာ လက်မခံပဲ ကျုပ်ကိုပါ [illegible]လတ်ရောက် ကျူးလွန်ဖို့ ကြိုးစားတော့တာပဲ။

ကျုပ်လည်း သည်းခံမှု အတိုင်းအတာ ကျော်သွားပြီး ဒေါသအလျောက် [illegible]တရုတ်လူမိုက်ကို ဂုတ်က ချုပ်ပြီးဒူးနဲ့ သုံးလေးချက်လောက် ဆွဲတိုက်လိုက်မိ[illegible] အဲဒီအချိန်မှာ မကျင်စိန်ရောက်လာပြီး လူကြားထဲမှာ ကျုပ်ကို ပါးရိုက်တော့[illegible]ပြီးတော့ ပါးစပ်က ပြောသေးတယ်၊ ကျုပ်ရှိနေလို့ သူတို့မိသားစု အတူမနေ[illegible] အရှက်ရှိရင် သူတို့အရိပ်က ထွက်သွားသင့်ပြီတဲ့။

အဲဒီကိစ္စတွေကို တရုတ်ကြီးက မသိဘူး၊ ကျုပ်လည်း ဇာတိရွာကို ခဏ [illegible]စေလို့ တရုတ်ကြီးကို အလုပ်စာရင်း ငွေကြေးကိစ္စတွေ သေချာအပ်ပြီး [illegible]ရတော့တာပေါ့။

တရုတ်ကြီးကလည်း ခဏပြန်မယ်ဆိုတော့ တကယ်ထင်ပြီး မန္တလေး [illegible]ခြောက်ကား လမ်းကြုံလိုက်နိုင်ဖို့ သူကိုယ်တိုင် စီစဉ်ပေးလိုက်တယ် [illegible]ပြန်ရောက်ရင် ဆွေမျိုးတွေကို ပေးကမ်းနိုင်အောင်ဆိုပြီး ငွေငါးထောင်တို့ [illegible]နဲ့ သေချာထည့်ပေးလိုက်တယ်၊ ဩ ရွာက ထွက်ခါနီး ခရာတော်တ[illegible]မှာ သေချာ ထည့်ထားတဲ့ ကျုပ်မိဘတွေရဲ့ တစ်ခုတည်းသော အမွေဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားလက်စွပ်တစ်ကွင်း ထည့်ပေးလိုက်သေးတယ်၊ ကျုပ်လည်း ပွဲရုံမှာ မန်နေဂျာဖြစ်ကတည်းက အဲဒီ ပတ္တမြားလက်စွပ်ကလေးကို ညာဇက်လက်သန်းကြွယ်မှာ အမြဲဝတ်ထားခဲ့တယ်လေ။

ဒီလိုနဲ့ ငါးခြောက်ကုန်ကား မိတ္ထီလာရောက်တော့ ကားဆရာက သူ့ဖွေးလေး မြင်းခြံသွားမှာဆို ဒီမှာဆင်းရင် ပိုပြီး အဆင်ပြေမယ်ဆိုတာနဲ့ ကျုပ်လည်း ယောင်တောင်တောင်နဲ့ ကျုပ်အဖြစ်က ရွာပြန်လို့လဲ မရဘူးလေ၊ မိတ္ထီလာကို ညနေ ငါးနာရီခွဲလောက်မှာ ရောက်ပေမယ့် ဘယ်သွား ဘာလုပ်ရမလဲ စဉ်းစားရင်း ခွဲရုပ်ရှင်ရုံဘေးမှာ ထိုင်နေလိုက်တာ အတော်မှောင်သွားတယ်၊ ညခုနစ်နာရီလောက် ရောက်တော့ ပြဿနာကစတော့တာပဲဗျို့၊ ညနေပိုင်း ကျုပ်ရောက်စကတည်းက အကဲခတ် နေမှာပေါ့၊ မျက်နှာစိမ်းဆိုတာကို မှောင်လည်းမှောင်ရော ဓာတ်လမ်းက စတော့တာ ပဲဗျို့။

သုံးယောက်က ရှေ့ကလာပြီး မင်း ဒီမှာ ဘာလုပ်နေတာလဲ မင်းကို ငါတို့ စောင့်ကြည့်နေတာကြာပြီ၊ ဘာအကြံအစည်ရှိလဲ ရဲစခန်းပို့မယ် ဘာညာပေါ့ဗျာ၊ ကျုပ်က ရှင်းပြပါတယ်၊ ရန်ကုန်ကလာတာ မြင်းခြံကို ဆက်သွားမှာပေါ့၊ အဲဒီတော့ မင်းမှာ မှတ်ပုံတင်ပါလား ပြတဲ့၊ အစတော့ တာဝန်ရှိတဲ့လူတွေထင်ပြီး မှတ်ပုံတင်ထုတ်ပြဖို့ အိတ်ငုံ့ဖွင့်တုန်း အဝတ်စနဲ့ထုပ်ထားတဲ့ ကျောက်ခဲနဲ့ ကျုပ် ခေါင်းကို ရိုက်လိုက်တော့တာပဲဗျို့၊ တစ်ချက်ထဲနဲ့ ကွဲသွားပြီဆိုတာ သိလိုက်ရ ပေမယ့် တန်တင်းပြီး ပြန်တိုက်ရတော့တာပဲဗျို့။

ပုံမှန်အခြေအနေဆို ဒီသုံးယောက်လောက်တော့ ကျုပ်က မမှုပါဘူး ဒါပေမယ့် ပွဲအစကတည်းက ခေါင်းကိုထိလိုက်တော့ ထင်သလောက် စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့ဘူးပေါ့၊ အချိန်နည်းနည်းကြာလာတော့ ကျုပ်အခြေအနေ မဟန်တော့ဘူး၊ သွေးထွက်ကလွန်နေပြီလေ ဒူးထောက်အရှုံးပေးရမယ့် အနေအထားပေါ့၊ အဲဒီအချိန်မှာ ကယ်တင်ရှင်ပေါ်လာတော့တာပဲဗျို့၊ ကယ်တင်ရှင်က နောက်မှ သိရတာက ကျောင်းဆရာမလေးဗျ။



အများနဲ့ ဝိုင်းသိမ်းဖို့ ကြိုးစားနေတာကိုသိတော့ ပတ်ဝန်းကျင်ကိုလည်း အော်ပြီး အကူအညီတောင်းသလို သူ့လက်ထဲက ထီးနဲ့ ဟိုသုံးကောင်ကို ဝင်ရိုက်လိုက်သေးတယ်ဗျ၊ လူတွေရောက်လာတော့ သူတို့က ထွက်ပြေးသွားတယ်လို့ ထင်ပါတယ်၊ ဘာလို့လဲဆိုတော့ ပြေးသွားတဲ့ခြေသံတွေကို နောက်ဆုံးကြားလိုက်ရပြီး ကျုပ်လည်း လောကကြီးနဲ့ အဆက်ပြတ်သွားတော့တာပဲဗျို့။

သတိရတော့ မိတ္ထီလာဆေးရုံကြီးပေါ်မှာ ရောက်နေပြီ၊ ဘယ်ဘတ်ချိတောင်း ငါးချက်ချုပ်လိုက်ရတယ်လို့ နောက်မှသိခဲ့ရတယ်၊ ကျုပ်ကို ဆေးရုံပို့ခဲ့တာက ဆရာမလေးဗျ၊ သူ့နာမည်မှာ မအေးနွဲ့လို့သိလိုက်ရတယ်၊ သတိရ ပြီးခဏကြာခင်မှာပဲ ဆရာမလေး ဆေးရုံရောက်လာတယ်ဗျ၊ လက်ထဲမှာလည်း မြှုစ်ပြုတ်ချိုင့်နဲ့ ကျုပ်ကိုတွေ့တော့ သတိရပြီလား ! သက်သာရဲ့လား ! ဒီမှာ မြှုစ်ပြုတ်လေးသောက်လိုက်ဦး၊ အားရှိသွားအောင်ပေါ့လို့ပြောတယ်ဗျ၊ ဆရာမလေး မျက်နှာကို စေ့စေ့ကြည့်မိတော့ ကျုပ်ရင်ထဲမှာ အမျိုးအမည်မသိတဲ့ ဝေဒနာတစ်ခုကို ခံစားလိုက်ရတော့ အသေအချာပဲ။

သူက ကျုပ် ပတ္တမြားလက်စွပ်ရယ်၊ ငွေငါးသောင်းရယ်၊ အဝတ်စုံတွေကို ဆေးရုံက တာဝန်ကျဆရာတွေရှေ့မှာ သက်သေထားပြီး သူသိမ်းထားတယ်တဲ့ဗျ။

ဆေးရုံမှာ သုံးရက်ကြာပြီးတော့ ဆင်းခွင့်ရတယ်လေ၊ ဆရာမလေးက ကျုပ်ကို သူ့အိမ်ကိုခေါ်သွားတယ်ဗျ၊ ချုပ်ရိုးသွားဖြေပြီးမှ သွားချင်ရာခရီးကိုဆက်ပါတဲ့၊ သူတို့က သားအမိနှစ်ယောက်ပဲရှိတာဗျ၊ သူ့အမေကြီးကလည်း တောင်းကောင်းမကျန်းမာဘူး၊ သားအမိနှစ်ယောက်စလုံးက ကျုပ်ကို သူတို့ရဲ့ သားအရင်း လို ဂရုစိုက်ပြီး ပြုစုကြပါတယ်၊

ချုပ်ရိုးဖြေပြီးတဲ့နေ့မှာတော့ ဆရာမလေးက ကျုပ်ရဲ့ပတ္တမြားလက်စွပ်ရယ် ငွေငါးသောင်းရယ်နဲ့ အဝတ်အိမ်လေးလာပေးတယ်ဗျ၊ သက်သာလို့ သွားချင်တဲ့နေရာကို သွားတော့မယ်ဆိုရင် သွားနိုင်အောင်ပေါ့၊ အဲဒီညမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးရဲ့အမေကြီးက ကျုပ်အကြောင်းကို မေးတော့တာပဲ။ ကျုပ်လည်း ငယ်စဉ်ဘဝကနေ ဆရာမလေးနဲ့ ဆုံတဲ့အချိန်အထိ ကြုံခဲ့ ရသမျှကို အမှန်အတိုင်းပြောပြလိုက်မိတယ်ဗျာ၊ မရှက်တမ်းဝန်ခံရရင် ကျုပ်ကို ကယ်ခဲ့တဲ့ဆရာမလေးကို မြတ်မြတ်နိုးနိုးနဲ့ စွဲလန်းချစ်နေမိတာပါပဲ။

ဆရာမလေးအမေကြီးက သားရယ်တဲ့ အမေတို့မှာ သားအမိနှစ်ယောက်ပဲရှိတာတဲ့၊ လူလေး ပြောပြသလိုဆိုရင် မိတ္ထီလာမှာပဲ အလုပ်ရှာပါလားကွယ်တဲ့၊ အမေတို့နဲ့ အတူနေပေါ့၊ အမေကလည်း ကျန်းမာရေးမကောင်း မင့်နှမ တစ်ယောက်တည်းရှိတာဆိုတော့ လူလေးကို တန်ခိုးရှင်တွေက ပို့ပေးလိုက်တယ်လို့ အမေတော့ ထင်မှတ်နေမိတယ်ကွယ်၊ အမေ့သဘောပြောတာနော်၊ လူလေးဆန္ဒမရှိရင် မတိုက်တွန်းဘူး လူလေးဖာသာ ဆုံးဖြတ်တဲ့။

ကျုပ်လည်း အမေဆန္ဒအတိုင်း ကျွန်တော်အတူနေမယ်ဆိုရင်တော် ဆရာမလေး သဘောက ရှိသေးတယ်လေလို့ ပြောတော့ ဆရာမလေးကလည်း မျက်လွှာချပြီး ကျွန်မကလည်း အမေ့လိုပါပဲ ညင်သာတဲ့စကားသံနဲ့ ပြောလိုက်တော့ ပျော်လိုက်တာဗျာ၊ တကယ်ကို အပျော်ဆုံးပါပဲ ၊ အဲဒီလိုနဲ့ မအေးနွဲ့တို့ သားအမိနဲ့ အတူနေဖြစ်ခဲ့တယ်ပေါ့၊ မအေးနွဲ့ကိုမြင်စကတည်းက စွဲလန်းမြတ်နိုးမိပေမယ့် အရိပ်နေ အခက်ချိုးမဖြစ်ရအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းနေထိုင်ခဲ့ပါတယ်၊ မအေးနွဲ့ ကျောင်းသွားချိန်ဆို အမေကြီးရဲ့ ဝေယျာဝစ္စကို ကျုပ်က လုပ်ပေး နောက်တော့ ရေဆွဲ၊ ထင်းခွဲ၊ ထမင်းပါချက်ပြီး အားလုံးစိတ်ချမ်းမြေ့စွာနေခဲ့ကြတယ်ပေါ့ဗျာ၊ ဒါပေမယ့် အမေကြီးဟာ ကျုပ်ရောက်ပြီး သုံးလလောက်ရှိတော့ အသည်းအသန်ကို နေမကောင်းဖြစ်တော့တာပဲဗျို့၊ အခြေအနေမကောင်းလို့ ဆေးရုံတင် ဆေးရုံက လက်လျှော့လို့ အိမ်ပြန်သယ်လာတဲ့နေ့မှာပဲ အမေကြီးက ကျုပ်နဲ့မအေးနွဲ့ကို အနားခေါ်ပြီး လူလေး အမေအခြေအနေကို အမေသိနေပြီ အမေမျက်စိမမှိတ်ခင် လူလေးကို သမီးလေးမအေးနွဲ့နဲ့ နေရာချပေးခဲ့ချင်တယ်၊ အမေမရှိရင် မျက်စိသူငယ် နားသူငယ်နဲ့ ကျန်ခဲ့မယ်သမီးလေးကို နှမလိုရော



သားလိုပါ ဂရုစိုက်ပြီး ချစ်သွားနိုင်ရင် အမေပြောတာ လက်ခံပါနော်တဲ့။

ဟုတ်ကဲ့ပါအမေ မအေးနွဲ့ရဲ့ သဘောက အရေးကြီးပါတယ်လို့ ပြောပြီး အနားမှာရှိတဲ့ မအေးနွဲ့ကို လှမ်းကြည့်မိတယ်၊ သူကလည်း ညင်သာစွာခေါင်းငြိမ့်ပြလို့ အမေဆန္ဒအတိုင်း ဖြစ်ရပါစေမယ်လို့ ကတိပေးမိတယ်။ အဲဒီညမှာပဲ အမေကြီးဆုံးပါးသွားခဲ့တယ်၊ အမေကြီး ရက်လည်ပြီး နောက်သုံးရက်အကြာမှာပဲ ကျုပ်နဲ့မအေးနွဲ့ ရုံးတက်လက်မှတ်ထိုး၊ မင်္ဂလာ ဆွမ်းကျွေးပြီး အကြင်လင်မယား ဖြစ်ခဲ့ကြတယ်ပေါ့။

မှတ်မှတ်ရရ အဲဒီနေ့က လက်မှတ်ထိုးပြီး ညနေဖက်မှာ မအေးနွဲ့က ပြောလာတယ်၊ ကိုဘမောင် ရှင် ကျွန်မကို လက်ထပ်တာ အမေဆန္ဒကြောင့်လား ရှင်တို့ ကယ်တင်ခဲ့တဲ့ကျေးဇူးကြောင့်လားတဲ့။

မအေးနွဲ့ရယ် ကျုပ်မှန်သော သစ္စာဆိုပါမယ် ၊

ဆေးရုံပေါ်မှာ သတိရပြီး မအေးနွဲ့ကို စတွေ့စဉ်ကတည်းက ရင်ခုန်ခံစားခဲ့ရတာပါ၊ ဒါပေမယ့် ကျေးဇူးရှင်ကို ကျေးစွပ်ရာ ရောက်မှာစိုးလို့ အသိတရားနဲ့ စောင့်ထိန်းနေခဲ့တာပါ၊ ဒီကထွက်မသွားခဲ့တာလည်း မအေးနွဲ့ကို နစ်နစ်ကာကာ ချစ်နေမိလို့ပါ၊ ဒီအကြောင်း ဖွင့်မပြောတာက အရိပ်နဲ့၊ အခက်ချိုး ဖြစ်မှာစိုးတာရယ် တိတ်တခိုးပေးချစ်နေရတာကိုပဲ ကျေနပ်နေမိတာမို့ မအေးနွဲ့အမေ စီစဉ်ပေးချိန်မှာ မြန်ခဲ့တဲ့ရင်ခုန်သံ အခုထိ ဖြစ်နေဆဲပါလို့ ပြောမိတယ်၊ ကျုပ်စကားအဆုံးတော့ မအေးနွဲ့က -

ဝမ်းသာပါတယ် ကိုမောင်ရယ်တဲ့၊ အေးနွဲ့လည်း မရှက်ပါဘူး

ကိုမောင်လိုပဲ မြင်မြင်ချင်းကို ရန်ခုန်ခံစားခဲ့ရတာပါ၊ တစ်သက်မှာ တစ်ခါသာဖြစ်မယ့် ရင်ခုန်မှုမျိုးဆိုတာ အေးနွဲ့ဖာသာ အေးနွဲ့သိနေပါတယ်တဲ့၊

သူ့စကားဆုံးတော့ ကျုပ်ဝမ်းသာအားရကို တစ်ဝကြီး ဖက်ထားမိပါတယ်၊ မအေးနွဲ့က သူ့အစ်ကိုကြီး ရှိသေးသလို၊ ယောကျ်ားလိုလည်း အားကိုးတယ် ချတောင်းတစ်ဖက်နဲ့ အိမ်ရှင်မပီသအောင် ကြိုးစားတယ်၊ ကျုပ်တို့နှစ်ယောက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးဟာ မာနမရှိ၊ မာယာမရှိ၊ နားလည်မှုအပြည့်နဲ့ ဆိုတော့ အရမ်းကို ပျော်ရွှင်ချမ်းမြေ့စရာကောင်းခဲ့ပါတယ်၊ ကျုပ်ကလည်း မအေးနွဲ့ကို နမလို ဂရုစိုက်သလို၊ မယားလိုလည်း ကြင်နာခဲ့ပါတယ်။

ကျုပ်ကလည်း ကျွမ်းကျင်တာက ငါးပိ၊ ငါးခြောက်ဆိုတော့ မိတ္ထီလာက ငါးခြောက်ပွဲရုံတွေက တစ်ဆင့်ဝယ်ပြီး မိတ္ထီလာဈေးထဲမှာ လက်လီရောင်းတယ်ဗျ၊ အပြောချိုပြီး လက်မတိုတော့ ဝယ်သူမိတ်များပြီး နှစ်ယောက်ဝင်ငွေနဲ့ ပိုလျှံပြီး အဆင်ပြေတယ်ပေါ့။

အိမ်ထောင်သက်တစ်နှစ်လောက်မှာ မအေးနွဲ့ကိုယ်ဝန်ရှိလာတယ်၊ ပျော်ရွှင်ချမ်းမြေ့ရမယ့်အိမ်ထောင်စုလေးကို အတွေးနဲ့လင်မယားနှစ်ယောက် တွေနုပ်ခြင်းအထိ ရှိခဲ့ကြတယ်ပေါ့၊ ဒါပေမယ့် ကြမ္မာဆိုးက မဖိတ်ခေါ်ပဲ ကျုပ်တို့ဆီကို ရောက်လာပြန် တယ်၊ သားလေး ကိုယ်ဝန်ခုနစ်လကျော်လောက်မှာပေါ့။ ကျုပ်ဝယ်နေကျ မိတ္ထီလာက ငါးခြောက်ပွဲရုံကို ရန်ကုန်က တရုတ်ကြီး ရောက်လာတယ်၊ ပွဲရုံကို ရောက်လာတာမဟုတ်ဘူး၊ ပွဲရုံပိုင်ရှင်အိမ်ကို ရောက်လာတာ

ဖြစ်ပုံက ဒီလိုဗျ .....၊

မန္တလေးက ငါးခြောက်ပွဲရုံပိုင်ရှင် မိတ္ထီလာပွဲရုံကိုရောက်ပြီး ကျုပ်ငါးခြောက်ဝယ်နေတာတွေ့သွားတယ်၊ သူက ကျုပ်ကိုသိနေတော့ သူ့ဆီကတဆင့် ရန်ကုန်က တရုတ်ကြီး ကျုပ်သတင်းရပြီး မိတ္ထီလာကို ရောက်တာပဲဗျို့၊ မိတ္ထီလာငါးခြောက်ပွဲရုံပိုင်ရှင်ရဲ့သားသမီးတွေက ကျုပ်မိန်းမ မအေးနွဲ့ရဲ့တပည့်တွေလေ – သူတို့မိဘတွေနဲ့ တရုတ်ကြီးပြောနေတာ ကြားတော့ ဆရာမယောက်ျားက ရန်ကုန် မှာ မယားကြီးရှိတယ်လို့ တဆင့်စကားနဲ့ တဆင့်နားနဲ့ မအေးနွဲ့နဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်းကြားမှာ ပြန့်သွားတော့တာပဲဗျို့။

အဲဒါကို ကြားတဲ့နေ့မှာပဲ ထင်မှတ်မထားတဲ့ မအေးနွဲ့ရဲ့စကားတွေကြားခဲ့ ရပြီး နှစ်ယောက်သား ချစ်လျက်နဲ့ ခွဲခဲ့ကြရတော့တာပဲဗျို့၊ အတူပေါင်းသင်းနေထိုင်တဲ့အချိန်မှာ မအေးနွဲ့ဟာ ရိုးသားပွင့်လင်းပြီး စိတ်ဓါတ်ရဲရင့်တဲ့သူ



…င်ယောက်မှန်းသိခဲ့ပေမယ့် ဒီလောက်ပြင်းထန်မယ်မထင်ခဲ့ပါဘူး။

မှတ်မှတ်ရရ အဲဒီနေ့ သူ ကျောင်းကပြန်လာတော့ .....၊

ကိုမောင် ရေချိုးပြီးပြီလားတဲ့ အေးနွဲ့ရေချိုးဦးမယ် ပြီးရင် ဝီကင်းဆိုင်မှာ ညစာအတွက် ကြေးအိုးသွားသောက်ကြရအောင်တဲ့ .....။

ရေမိုးချိုးပြီး ကျုပ် နှစ်သက်တဲ့ သနပ်ခါး ပါးကွက်ကြားလေးနဲ့ ဗိုက်ဝုံး အင်္ကျီ ပန်းနုရောင်လေး ဝတ်ထားတဲ့မအေးနွဲ့ရဲ့အလှကို အခုထိ ကျုပ်မျက်စေ့ထဲမှာ မြင်နေတယ်ဆိုရင် လွန်တယ်လို့ မထင်ပါနဲ့ဗျာ –

ကြေးအိုးသောက်ပြီး လမ်းလျှောက်မယ်ဆိုပြီး သူ့မိတ်ဆွေ ကျောင်းဆရာမတွေအိမ်ကို လိုက်လည်တယ်ဗျာ၊ ပြီးတော့ မိတ္ထီလာ ကန်ဘောင်ခုံလေးတွေမှာထိုင်ပြီး အေးနွဲ့ဘဝမှာ ဘယ်အရာနဲ့မှ လဲလို့မရအောင် ကိုမောင်ကို မြတ်နိုးတွယ်တာပါတယ်တဲ့ – အေးနွဲ့လေ ကိုမောင်ကို အရမ်းချစ်တာပဲတဲ့ ကတိသစ္စာတည်ကြည်တဲ့ယောက်ျားတစ်ယောက်အနေနဲ့လည်း အမြဲတမ်းတန်ဖိုးထား လေးစားသွားချင်တယ်တဲ့ .....။

သူပြောချင်တာတွေပြောပြီး အိမ်ပြန်ခဲ့ကြတယ်ပေါ့ဗျာ –

ညအိပ်ယာဝင်တော့ ထုံးစံအတိုင်း ကျုပ်ကို ကန်တော့တယ်၊ ပြီးတော့ ဒီနေ့ အေးနွဲ့ခေါင်းအုံးပေါ်မှာ မအိပ်ဘူး၊ ကိုမောင်ရဲ့ ဘယ်လက်ရုံးပေါ်မှာ အိပ်မယ်တဲ့၊ ထူးခြားတဲ့ သူ့အပြုအမူတွေကို သတိထားမိပေမယ့် ကျုပ်က သာယာနေမိတာဗျ မှန်တိုင်းမလာခင် တိုက်တဲ့လေပြည်ညှင်းမှန်း မနက်ခင်းတုံးခေါက်တော့ ကျမှပဲ သိရတော့တာပဲဗျို့။

မအေးနွဲ့က ကျုပ်ကိုစကားတွေနဲ့ သေချာအောင်ချည်နှောင်ပြီးမှ သူ့ရဲ့ရင်ထဲက မပါတဲ့ဆန္ဒကို တောင်းဆိုတော့တာပဲဗျို့–

"ကိုမောင် အေးနွဲ့ကိုတကယ်ချစ်ရဲ့လားတဲ့"

ချစ်တာပေါ့ အေးနွဲ့ရယ် ရယူပိုင်ဆိုင်လိုခြင်း အလျှင်းမရှိတဲ့ မေးဆတ်တဲ့ ချစ်ခြင်းနဲ့ ချစ်တာပါကွယ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို အေးနွဲ့ပြောစကားကို ဘယ်လိုအကြောင်းပြချက်နဲ့မှ မငြင်းရှားနော်တဲ့ မငြင်းပါဘူးအေးနွဲ့ရယ် ပြော

ကိုမောင် ကတိနော် ယောကျာ်းကောင်း ယောကျာ်းမြတ်တို့ရဲ့ကတိ အသက်ပင်သေရမည်ဆိုငြားသော်လည်း ယောကျာ်းကောင်း ယောကျာ်းမြတ်တို့မည်သည် ပေးထားတဲ့ကတိစကားကို မဖျက်ကြဘူးလို့ စာတွေထဲမှာ အေးနွဲ့ဖတ်ဖူး မှတ်ဖူးတယ်၊ ကိုမောင် ကတိပေးတယ်ပေါ့။

စိတ်ချ အေးနွဲ့ - အေးနွဲ့ဆန္ဒကို အရာရာစွန့်ပြီး ဖြည့်ဆည်းပေးမယ် ကတိ ကတိ တစ်ကယ်ကို ယောကျာ်းကတိ .....၊

အေးနွဲ့နဲ့ မဆုံခင် ကိုမောင်ပြောပြလို့ ကိုမောင်ရဲ့အတိတ်ဘဝကို အေးနွဲ့သိခဲ့ရတာပဲ၊ အဲဒီစကားတွေဟာ အမှန်တွေဆိုတာ အေးနွဲ့ရင်ထဲမှာ အလိုလိုယုံကြည်နေပါတယ်။

ဒါပေမယ့် အေးနွဲ့ကိုမောင်နဲ့ မဆုံခင်ကတည်းက မိုးကုတ်တရားစခန်းတွေမှာ သစ္စာတရားတွေ၊ ကြားဖူး၊ နာဖူး၊ မှတ်သားဖူးခဲ့ပါတယ်၊ ပြုလုပ်လိုက်တဲ့ ကံတွေဟာ ဘယ်သောအခါမှ လေကို လွင့်မသွား ဘူးတဲ့ ပြုလုပ်လိုက်တဲ့ အကြောင်းတွေဟာ အချိန်အခါကျရင် အကျိုးပေးတာပဲ တဲ့၊ ကောင်း တဲ့စိတ်နဲ့ပြုတဲ့ကုသိုလ်ကံ ၊ မကောင်းတဲ့စိတ်နဲ့ပြုတဲ့ အကုသိုလ်ကံ အားလုံးဟာ အချိန်အခါကျရင် အကျိုးပေးတာပဲတဲ့၊ အေးနွဲ့တို့ ဘုရားရှင်ဟောခဲ့ တဲ့ တရားတော်တွေကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ပါဠိကို မျက်စောင်းထိုးရုံ မြန်မာပြန်သက်သက်နဲ့ အေးနွဲ့တို့လို လူနုံ၊ လူညံ့၊ လူဖျင်းတွေ နားလည်အောင် ရေးသားထားပြီး အကြိမ်ကြိမ်ဟောပြောဆုံးမတော်မူခဲ့တယ်။

အေးနွဲ့နဲ့ မဆုံခင် ရန်ကုန်မှာ ကိုမောင်ကြုံခဲ့ရတဲ့၊ ပြုခဲ့ရတဲ့ ကံသတ္တိတွေဟာ အကျိုးပေးမယ့် အချိန်အခါရောက်လာပြီမို့ အကျိုးပေးတော့မယ်လေ- အခု ကိုမောင်လုပ်ခဲ့တဲ့ ရန်ကုန်က ငါးခြောက်ပွဲရုံပိုင်ရှင်တရုတ်ကြီး မိတ္ထီလာမှာ ရောက်နေတယ်၊ ကိုမောင်အခုဝယ်နေတဲ့ မိတ္ထီလာက ငါးခြောက်ကုန်သည်တွေ



အိမ်မှာပေါ့။

ကိုမောင်မိတ္ထီလာမှာရှိနေတယ် သတင်းရလို့ လိုက်လာတာတဲ့- ဒါပေမယ့် ဒီရောက်တော့ ကိုမောင်အိမ်ထောင်ကျနေပြီဖြစ်လို့ ဘာဆက်လုပ်ရမှန်းမသိအောင်ဖြစ်နေတယ်တဲ့ .....၊

သူ့မှာလည်း ကင်ဆာရောဂါနဲ့မို့ လူ့ဘဝမှာလပိုင်းပဲနေရတော့မှာတဲ့- သူ့သမီးကလည်း သူနဲ့ရှေ့နောက် ဒလောကကြီးကိုကျောခိုင်းဖို့ လက်မှတ်ရပြီးဖြစ်နေတာပဲတဲ့လေ- သူကတော့ သေလူမို့ဘာမှမမျှော်လင့်နိုင်တော့ပေမယ့် သူ့မြေးကလေး လောကကြီးအလယ်မှာ ဘယ်လိုမှရပ်တည်လို့ ရနိုင်မှာမဟုတ်လို့ အသေဖြောင့်မှာမဟုတ်ဘူးတဲ့၊ သူပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေအရှိန်နဲ့နီးစပ်ရာ ဆွေမျိုးသားချင်းတွေကိုအပ်ရင်လည်း လက်ရှိအခြေအနေအထား အရ ဘယ်လိုမှ ယုံကြည်လို့ရမှာ မဟုတ်တာသူသိနေတယ်တဲ့ .....၊

သူ့မြေးလေးအတွက် စိတ်အချရဆုံးလူဟာ ကိုမောင်တစ်ယောက်ပဲရှိတာ အသေအချာဘဲတဲ့၊ နောက်ဆုံးမျှော်လင့်ချက်နဲ့ ကျန်းမာရေးမကောင်းတဲ့ကြားက နေလာခဲ့ရပေမယ့် အခုအေးနွဲ့တို့ရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ အိမ်ထောင်ရေးကို ဖျက်ဆီးရာရောက်မှာမို့ ကိုမောင်ကိုမတွေ့တော့ဘဲ ပြန်ရတော့မယ်လို့ ပြောပြီးရှိုက် ကြီးတငင် ငိုတော့တာဘဲတဲ့၊ အဲဒီအိမ်က ကလေးမလေးတာ အေးနွဲ့တပည့်လေ သူကြားသမျှကို အေးနွဲ့ကိုပြန်ပြောပြပြီးငိုတယ်လေ။

ဒါနဲ့ သမီးဆရာမကိုကြည့်စမ်း ဒီအကြောင်းကိုဆရာမကို ပြန်ပြောပြတာ ငိုစရာလား! ဘာလို့ငိုတာလဲသမီးရယ်လို့ အေးနွဲ့ချော့တော့- သမီးလေတဲ့- ငိုနေတဲ့ တရုတ်ကြီးကိုသနားလို့ ပြီးတော့ ဟောဒီ လောကအလယ်မှာ တစ်ယောက်ထဲ ကျန်နေမယ့် ကလေးငယ်ကိုသနားလို့ပါတဲ့။

သူ့စကားဟာ သူ့ရဲ့ဆရာမဖြစ်တဲ့ အေးနွဲ့ရဲ့ အတ္တအစိုင်အခဲတွေ တစ်စစီ ဖြစ်သွားအောင် ထုချေလိုက်သလို ခံစားရတယ်ကိုမောင်ရယ် .....၊

ဒါကြောင့် အေးနွဲ့ သေသေချာချာ စဉ်းစားပြီးမှ ကိုမောင်ကို ဒီစကားတွေ

www.burmeseclassic.com

www.burmeseclassic.com



ပြောရတာပါ- ပြောနေတဲ့အချိန်တိုင်းမှာ ကိုယ့်အတွက်အဆုံးမဲ့ ကြေကွဲရသလို လုပ်သင့်တာကို ဆုံးဖြတ်ရဲတဲ့ ဦးနှောက်နဲ့နှလုံးသားကို ဂုဏ်ယူမိရပါတယ်။

အေးနွဲ့ ရယ် ကိုမောင်ပြောပါရစေအုံး။

ဟင့်အင်း - ကိုမောင်မပြောပါနဲ့အုံး - အေးနွဲ့ ပြောတာကို ဆုံးအောင် သေချာနားထောင်ပေးပါနော် - ကိုမောင်ငယ်စဉ်က မိဘဆိုတာကို မြင်တောင် မမြင်ခဲ့ရဘူးလို့ ပြောဖူးတယ်နော်၊ မိဘမဲ့ဘဝရဲ့ ခါးသည်းမှုကို ကိုမောင်ကိုယ်တိုင် အတိုင်းအတာတစ်ခုတော့ ခံစားခဲ့ရမှာဘဲ- ပြီးတော့ ကိုမောင်ဇာတိက တောရွာ လူနည်းမယ်၊ နည်းတဲ့လူတွေဟာလည်း ပတ်သက်ဆက်နွယ်တဲ့ အနီးအဝေး ဆွေမျိုးသားချင်းတွေလေ.....၊

အစရန်ကုန်တုန်းက ကိုမောင် ပတ်သက်ခဲ့ရတဲ့အကြောင်းအစက ပြန် ကြည့်ရင် သမီးတစ်ခုအဖေတစ်ခုဘဲရှိတာ- နှစ်ဦးလုံးကလည်း သေမိန့်ကျပြီး သား ပိုင်ဆိုင်တဲ့ဥစ္စာပစ္စည်းတွေနဲ့ ကျန်နေမယ့်လူမမယ်လေးရဲ့ ဘဝဟာ တွေး တောင်မတွေးရဲစရာပေါ့။

အေးနွဲ့ ခံယူထားတဲ့ စွန့်လွှတ်တယ်ပေးဆပ်တယ်ဆိုတာမျိုးက ကိုယ့်ရဲ့ အတ္တဆန္ဒများနဲ့တွယ်ဖက်ထားတဲ့အရာကို အခြားတစ်ဦးဦးအကျိုးစီးပွားအတွက် မျှော်လင့်ချက်မဲ့- အဲမျှော်လင့်ချက်မဲ့က ကိုယ့်အတ္တအတွက်မဲ့တာမျိုးနဲ့ ပေးဆပ် ရဲတာကိုမှ စွန့်လွှတ်တယ် ပေးဆပ်ရဲတယ်လို့ ခံယူတာလေ။

ကိုမောင်ပြောပြခဲ့တာတွေကို ပြန်ကြည့်ရင် အခုကိစ္စမှာ အေးနွဲ့ တို့ အသာအယာမျက်စိမှိတ်၊ နားပိတ်ပြီး၊ လောကအလယ်ရောက်မလာသေးတဲ့ ရင်သွေးလေးအတွက် အကောင်းဆုံးစဉ်းစားပေးကြရင် အသေအချာကို ရနိုင် တယ်လေ- ဒါပေမယ့် ငါ့လင်၊ ငါ့သား၊ ငါ့မယားအတွက်၊ အဲ အတ္တအတွက်ဖြစ် နေမယ်လေ။

အေးနွဲ့ တရားစခန်းဝင်စဉ် တစ်ခါကနာခဲ့ရဖူးတဲ့ တရားတော်ကို ကိုမောင်ကိုပြောပြအုန်းမယ် - အေးနွဲ့ တို့ရဲ့ ဂေါတမမြတ်စွာဘုရားရှင်ဟာ



လေးသချေ်နဲ့ ကမ္ဘာတစ်သိန်းပါရမီတော် ဖြည့်ဆည်းခဲ့ရတယ်တဲ့၊ အဲဒီပါရမီ တော်တွေထဲမှာ ခန္တီပါရမီဟာ ကိုယ့်ဖာသာကျင့်ကြံလို့ မရနိုင်ဘူးတဲ့၊ ပါရမီဖြည့် ခွင့်ပေးမယ့်သူရှိမှ ရနိုင်တာတဲ့လေ။

ဒေဝဒတ်အလောင်းတော်လိုမျိုးပေါ့-

အခုကြုံတွေ့လာရတဲ့ အခြေအနေက ကိုမောင်နဲ့ အေးနွဲ့ နှစ်ယောက် စည်းသိတဲ့ပေးဆပ်ခြင်း ကျန်နေခဲ့ရမယ့် အေးနွဲ့ ကလည်း ကိုမောင်ရင်သွေး လေးကို မိခင်တာဝန်အပြင် ဖခင်ရဲ့တာဝန်ပါ ကျေကျေနပ်နပ်နဲ့ ဖြည့်စွမ်းဖို့ အတွက် အစွမ်းကုန်ကြိုးစားမယ်။

ရန်ကုန်က ကလေးငယ်အတွက်လည်း ကိုမောင်က အဲသလိုကြိုးစား မှာပါ ဒီလုပ်ဆောင်ချက်မှာ ရယူပိုင်ဆိုင်လိုခြင်း အလျှင်းမရှိဘူးဆိုတာအတွက် ဘတော့ လမ်းခွဲကျောခိုင်းကြတဲ့ အချိန်ကစပြီး ကိုမောင် အေးနွဲ့ တို့သားအမိကို ဆိုတ်ရိုက်သော်လည်းကောင်း သွယ်ဝိုက်သောနည်းနဲ့သော်လည်းကောင်း တွေ့ဆုံဖို့ ပေးဆပ်ဖို့ မကြိုးစားရဘူး။

ဒီအတွက်ကြောင့်လည်း အေးနွဲ့ တို့နှစ်ယောက်ရဲ့ဖြူစင်တဲ့ပေးဆပ်ခြင်း ကို အရောင်အဆိုးမခံနိုင်ဘူး၊ ကိုမောင်နဲ့အတူနေစဉ်မှာ အေးနွဲ့ သိပ်ချစ်ရတဲ့ အေးနွဲ့ယောကျ်ားကိုမောင်ဟာ အတ္တမကြီးဘူး၊ ယောကျ်ားကောင်း၊ ယောကျ်ား မြတ်မှာရှိရမယ့် အရည်အချင်းတွေ တစ်ကယ်ကိုအပြည့်ရှိနေတယ်ဆိုတာ အေးနွဲ့ အသိဆုံးပါ၊ နောက်ပြီး အေးနွဲ့ခံယူထားတာ ကိုမောင်ကိုပြောပြအုန်းမယ် နှစ်ကျင်ဘက် ယောကျ်ားနဲ့မိန်းမအတူနေပြီး ကိုယ်၏သာယာမှု၊ စိတ်၏သာယာ မှုမှ အချစ်လို့ဆိုရင် ဒီအဆိုကို အေးနွဲ့ကတော့ဆန့်ကျင်မှာဘဲ။

ကိုယ့်ရဲ့ဘဝအသက်နဲ့ နှိုင်းယှဉ်လို့ရအောင် ချစ်ရတဲ့သူကို အဝေးကို ရောက်ရင်လည်း အလိုလိုစိတ်ကခံစားနားလည်မှုအပြည့်နဲ့ ချစ်နိုင်မှ ပေးဆပ်တဲ့ အချစ် အရောင်မပါတဲ့ မေတ္တာစစ်လို့ ခံယူမယ်လေ။

အေးနွဲ့ဒီလောက်ပြောရင် ကိုမောင်နားလည်လောက်ပါပြီ၊ အတ္တ ဘတ်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်ရင်တော့ အေးနွဲ့တို့နှစ်ယောက်မှာ ဖြေသိမ့်နိုင်စရာ ဘယ်ရှိနိုင်ပါ့မလဲ၊ အပြစ်မဲ့တဲ့ကလေးနှစ်ယောက်အတွက် အသက်ရှင်ကျန်နေရမယ့် အချိန်တိုင်းမှာ တူညီတဲ့ပေးဆပ်မှုမျိုးကို အေးနွဲ့နဲ့ကိုမောင်က လူတစ်ထောင်မှာ တစ်ယောက် မစွန့်နိုင်တဲ့ အတ္တချစ်ကို စွန့်လွှတ်ပြီး ပေးဆပ်ကြရမှာ –

အေးနွဲ့လည်းတာဝန်ကျေအောင် ကြိုးစားမှာဖြစ်သလို ကိုမောင်ကိုလည်း အေးနွဲ့နဲ့ထပ်တူ ဖြစ်စေချင်တာ ဒီအချိန်မှာ အေးနွဲ့အဖြစ်ဆုံးဆန္ဒဘဲ့ – အေးနွဲ့ကို မြတ်မြတ်နိုးနိုးနဲ့ တန်ဘိုးထားပြီးချစ်ဆိုရင် ခွန်းတုန့်မပြန်ဘဲ လက်ခံပေးပါကိုမောင်ရယ် –

အဖွင့်အပိတ်နှင့် တစ်ယောက်တည်းပြောသွားသော ချစ်ဇနီးကို ခွန်းတုန့်မပြန်နိုင်ခဲ့ပေမဲ့ ပူဇွေးသောမျက်ရည်စများနှင့် ယုယစွာထွေးပိုက်ထားလိုက်လေ သည်။

“အေးနွဲ့ နောက်ဆုံးထွက်သက်အထိ လေးစားမြတ်နိုးတန်ဖိုးထားရတဲ့ ယောက်ျားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားပါကိုမောင်ရယ်”

အသာအယာခေါင်းငြိမ့်ပြ၍ ပါးနှစ်ဖက်ကို မွှေးကြူလိုက်စဉ် စိတ်အစဉ်တွင် ကြေကွဲခြင်းကို ကျော်လွန်သော လေးစားစိတ်ဖြစ်မိရသည်ကတော့ အမှန်ပင်၊

အေးနွဲ့

ရှင် – ကိုမောင်

ညာဖက်လက်သူကြွယ်တွင် စွပ်ထားသော ပတ္တမြားလက်စွပ်ကို အသာချွတ်၍ မွေးလာမယ့် ကိုမောင်ရင်သွေးလေး အရွယ်ရောက်ရင် ပေးပေးပါနော်။

ဘမောင်စကားအဆုံး အေးနွဲ့က တစ်ချက်ရှိုက်၍ –

စိတ်ချပါ ကိုမောင် – ကံသာလျှင် အမိ ကံသာလျှင် အဖမို့ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ ကိုမောင်တို့သားအဖတွေ ဆုံဖြစ်ချင် ဆုံဖြစ်ကြဦးမှာပါ။ အဲဒီအချိန်မရောက်ခင်တော့ ဖြူစင်တဲ့အေးနွဲ့တို့နှစ်ယောက်ရဲ့ ပေးဆပ်ခြင်း



ကိုတော့ အရောင်မဆိုးမိစေနဲ့နော်။

ကိုမောင်ကိုလေ အေးနွဲ့ ဘယ်အရာနဲ့မှ မလဲနိုင်လောက်အောင် ချစ်ပါတယ်ဟုဆိုရင်း ဘမောင်၏ ညာဖက်လက်ဖမိုးကို အသာအယာနမ်းရှိုက်လိုက်လေသည်။

အေးနွဲ့ ဒီဆုံးဖြတ်ချက်ကို ချပြီးပြီးချင်းမှာပဲ ရန်ကုန်က တရုတ်ဧည့်သည်ကြီးကို သွားတွေ့ပြီး ကားလက်မှတ်နှစ်စောင်ပေးခဲ့တယ်၊ သူနဲ့ကိုမောင် အတူတက်လေ ကားက မနက်ခြောက်နာရီထွက်မှာ၊ သူ့ကို ကားဂိတ်ကစောင့်ဖို့ ပြောခဲ့တယ်။

တရုတ်ဧည့်သည်ကြီးက အေးနွဲ့ကို စကားပြောဖို့ ကြိုးစားပေမယ့် အေးနွဲ့ ပြောခွင့်မပေးခဲ့ဘူး။ အဖြူရောင်သက်သက် ပေးဆပ်ချင်တဲ့ အေးနွဲ့ ဆန္ဒမပြည့်မှာစိုးလို့ ကိုမောင်ကတော့ အေးနွဲ့ဆန္ဒကို ဖြည့်ပေးမယ်သူဆိုတာ မပြောခင်ကတည်းက သိပြီးသား၊ ကဲ ခု မနက်ငါးနာရီရှိပြီ ကိုမောင် ခရီးထွက်ဖို့ အေးနွဲ့ ပြင်လိုက်ဦးမယ်နော်။

လက်ဆွဲအိတ်ကို ဘေးမှာချပြီး ဘမောင်ကို ရိုကျိုးစွာထိုင်၍ ကန်တော့နေ သော အေးနွဲ့ကိုကြည့်ရင်း ဘမောင်ရင်မှာ ဆို့နင့်ကြေကွဲခြင်း ကြီးစွာဖြစ်ရလေ သည်။

“ကဲ ကိုမောင် သွားဖို့ပြင်တော့ ကြေကွဲစိတ်တွေနဲ့ ဘုရားကန်တော့ဖို့ မမေ့နေဦးမယ်”

ဘုရားကန်တော့ပြီး ဘမောင်အထ အေးနွဲ့မှ ခြေဖျားလေးထောက်ပြီး နဖူးပြင်ကို အသာအယာမွှေးရှိုက်လိုက်လေသည်။

အောင်စိုးမိုးဂိတ်နော်၊ အေးနွဲ့ လိုက်မပို့တော့ဘူး။

“အိမ်တံခါးက ထွက်သွားပြီးကတည်းက ပေးဆပ်ရခြင်းတာဝန် စပြီနော် နောက်လှည့်မကြည့်နဲ့တော့”

မြေနှင့်ခြေ ထိမထိပင် မသိတော့သည် လွင့်မျောစိတ်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



အောင်စိုးမိုး ကားဂိတ်သို့ ရောက်ခဲ့ရလေတော့သည်။

သမီးလေး အခုဘဘကြီး ပြောပြခဲ့တဲ့အကြောင်းတွေဟာ ပုံပြင်မဟုတ်ဘူး။ အေးနွဲ့ပြောတဲ့ တစ်နေ့နေ့၊ တစ်ချိန်ချိန်ဟာ ကျုပ်ဆီရောက်လာရပြီပေါ့။ ပေးထားတဲ့ကတိစကားအတွက် ဘဘကြီး သားကို ရင်ဆိုင်မတွေ့ရဲဘူး၊ သမီးလေးရဲ့ချစ်သူကို လာမယ့် တနင်္ဂနွေနေ့မှာ အိမ်ကိုခေါ်ပြီး သမီးမိဘတွေနဲ့ တွေ့ပေးလိုက်ပါတော့၊ ဘဘကြီးချစ်ရတဲ့ သမီးလေးရဲ့ချစ်သူဟာ ဘဘကြီးသားအရင်းဖြစ်တော့တာမို့ ပြောပြလို့မရနိုင်လောက်အောင် ဝမ်းသာမိရပါတယ်၊ တုရာတုရာမို့ တွေ့ကြရတာပေါ့လေ။

ပိုင်စိုးမောင်ကလည်း ပါပါကြီး ကျွန်တော်နဲ့ နွဲ့လေးငယ်ရဲ့ကိစ္စ ဖျက်ပေးလိုတ်ပါတော့လို့ မနေ့ကပဲ ပြောလာတယ်။

သူ့ညီနဲ့ ရင်ဆိုင်အတွေ့ အရှုံးက ပိုင်စိုးမောင် အရိုးပြောင်းသွားတာကတော့ အံ့ဩစရာပဲ၊ လက်ကျိုးသွားတဲ့ သူ့သူငယ်ချင်းကို မင့်လုပ်ရပ်ကြောင့် သူတို့တွေကို ငါမျက်နှာချင်းကို မဆိုင်ဝံ့တော့ဘူးလို့လည်း ပြောသံကြားရသေးတယ်၊

တနင်္ဂနွေနေ့ကျရင် သားကို ဘဘကြီး ရင်ဆိုင်မတွေ့ရဲသေးဘူး၊ ပေးထားတဲ့ကတိစကားကို ဘာအကြောင်းကြောင့်မှ မပျက်စေချင်ဘူးလေ၊

အဲတော့ ဘဘကြီး စာကြည့်ခန်းထဲက သမီးချစ်သူနဲ့ သမီးမိဘတွေ စကား ပြောကြာတာကို နားထောင်မယ်၊ သားကို ဒီခုံမှာထိုင်နိုင်း၊

ကျုပ်ညီ ဒီခုံကို စာကြည့်ခန်းထဲက မြင်ရအောင် စာကြည့်ခန်းထဲမှာမှန် တစ်ချပ်စီစဉ်ပေး

စကားတွေအများကြီး ပြောပြီး တက်ကြွပျော်ရွှင်ဟန် ဦးဘမောင်အသွင်ကြောင့် နွဲ့လေးငယ်တို့မိသားစု သုံးဦးစလုံးပင် ဝမ်းသာကြည်နူးခြင်း ဖြစ်ရပြန်လေသည်။

□ □ □ □ □

# အခန်း (၈)

## "တစ်ပင် နှစ်ပင်မှသည် သုံးပင်၊ လေးပင်ချည်နှောင်ရစ်လို့ နှယ်တတ်တဲ့ သမုဒယကြိုး"

နွဲ့လေးငယ်မိဘများနှင့် ရင်မှဖြစ်သောသား တွေ့ဆုံမည့် တနင်္ဂနွေနေ့ နံနက်ပိုင်းမှာကတည်းက ဦးဘမောင် နွဲ့လေးငယ်တို့အိမ်ရောက်လာလေသည်။

နွဲ့လေးငယ်မိခင်မှ -

"အစ်ကိုကြီး စောလိုက်တာ သမီးက ဆယ်နာရီမှ ခေါ်ထားတာ"

" မစောပါဘူး ကျုပ်နှမရယ် ကျုပ်အတွက်တော့ အရမ်းကိုနောက်ကျနေပါပြီ " ဦးဘမောင်က နွဲ့လေးငယ်မိခင်အမေးကို ခွန်းတုန့်ပြန်ရင်း သူ့တားအိုင်ဘာကို ပြန်လှတ်လိုက်လေသည်။

"အစ်ကိုကြီး တစ်ခုခုစားရအောင် မနက်အစောစာကို ညီမလေး ဘာစီစဉ် ပေးရမလဲဟင် "

"နေနေ ကျုပ်နှမ - ကျုပ်ဘာမှမစားချင်ဘူး၊ စာကြည့်ခန်းထဲပဲ သွားတော့မယ် ဟုဆိုကာ စာကြည့်ခန်းဘက် ထွက်သွားသော ဦးဘမောင်ကျောပြင်ကို ကြည့်ရင်း နွဲ့လေးငယ်၏ဖခင်မှ တစ်ကိုယ်တည်းရေရွတ်ခြင်းလား ! နွဲ့လေးငယ် မိခင်ကို ပြောသလားမသိ စကားတစ်ခွန်း ညီးညူလိုက်လေသည်။

ဩ မိဘမေတ္တာ မိဘမေတ္တာ အနှိုင်းမဲ့ဆိုတာ ဘယ်သူငြင်းမလဲ ဟုပင် ဖြစ် ပါလေတော့သည်။

ဟော မျိုးမောင်ရောက်လာပြီဟု ရေရွတ်လိုက်သော နွဲ့လေးငယ်အသံ ကြား၍ စာကြည့်ခန်းအတွင်းမှ နံရံကပ်နာရီကို လှမ်းကြည့်ပြီး ဦးဘမောင်တစ်ဦးတည်း ကျေနပ်စွာပြုံးလိုက်မိသည်၊ နာရီလက်တံက ဆယ်နာရီခင်းကို ညွှန်ပြနေသည်၊

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်စတစ်အဖြူလက်ရှည်ကို ရခိုင်လုံချည်အနီခံတွင် အနက်လေးထောင့်ကွက်နှင့် တွဲဖက်ဝတ်ဆင်လာသော မျိုးမောင်ကိုကြည့်ရင်း နွဲ့လေးငယ်က ကျေနပ်စွာ လှမ်းပြောလေသည်။

ကြည့်မဝအောင် သန့်ပြန့်ပြီး ကျက်သရေရှိလိုက်တာ -

မျိုးမောင်ကြားယုံ ပြောလိုက်သောစကားဖြစ်ပေမယ့် နားစွင့်နေသော ဦးဘမောင်မှ မှန်အတွင်းတိုးဝင်လာမည့် သားပုံရိပ်တို့ ရင်ခုန်ခြင်းပြင်းစွာ လှမ်းကြည့် မိလေသည်။

ထိုစဉ်အပေါ်ထပ်မှ ဆင်းလာသော နွဲ့လေးငယ်မိခင်မှ

သားရောက်လာပြီလား ! လာ လာ ဒီမှာထိုင်ဟု နေရာချပေးလေသည်။

ဦးဘမောင်သည် သူ့ရှေ့မှန်ရိပ်တွင် ပေါ်လာသော သား၏ရုပ်သွင်ကို ကြည့်ရင်း ရင် မှာ ကြည်နူးခြင်းအတိရှိမိရလေတော့သည်။

မြင့်မားသောအရပ်သည် သူနှင့်တူသလို ဖြူဖွေးသောအသားအရေကဒေါ်အေးနွဲ့အမွေပင်ဖြစ်မည်ဟု မှတ်ယူမိပြန်သည်။

ထိုစဉ် နွဲ့လေးငယ်မိခင်မှ -

"သား ကျောင်းပြီးသွားပြီလား !

ဟုတ်ကဲ့ ပြီးပါပြီ

နွဲ့လေးငယ်ဖခင်မှ -

ဘာမေဂျာနဲ့ပြီးလဲသားဟု ဆိုလျှင်

ကျွန်တော် ကွန်ပျူတာနဲ့ပါဟု ပြန်ဖြေလေသည်။

သားရဲ့ဇာတိကရော -

မိတ္ထီလာကပါ။

မိဘတွေကရောကွဲ့ -

ကျွန်တော်မေမေက အငြိမ်းစားကျောင်းအုပ်ဆရာမကြီးပါ ဒေါ်အေးနွဲ့လို့ ခေါ်ပါတယ်၊ အခုတော့ မိတ္ထီလာဈေး အပြင်ဘက်တန်းမှာ ဆရာမကြီးပွဲရုံဆိုပြီး



ဖွင့်ထားပါတယ်၊

ဩ အဖေကရောကွဲ့ -

နွဲ့လေးငယ်မိခင်၏ စကားအဆုံးတွင် -

ကျွန်တော် လူမှန်းသိစကတည်းက အဖေဆိုတာ မမြင်ခဲ့ရပါဘူးပါဘူး အမေကတော့ ကမ္ဘာခြားသွားခဲ့ပြီသားရယ်လို့ ပြောဖူးပါတယ်၊ အဲဒီ ကမ္ဘာခြား သွားပြီဆိုတဲ့ စကားတစ်ခွန်းဟာ အဖေနဲ့ပတ်သက်လို့ သိထားခဲ့ရတာပါပဲ စကားစုအဆုံးတွင် ကြေကွဲပျက်ယွင်းသွားသော မျက်နှာကို ညာဖက်လက်ဖဝါး ဖြင့် အသာသပ်လိုက်စဉ် လက်သူကြွယ်တွင် ဝတ်ဆင်ထားသော ပတ္တမြား လက်စွပ်က မှန်ရိပ်တွင် အပေါ်လွင်ဆုံးဖြစ်သွားသည်။

ဦးဘမောင်သည် ထိုင်ရာမှ ရုတ်တရက်ထ၍ ခါးဝတ်ပုဆိုးကိုပြင်ဝတ် သည်။ ကမ္ဘာခြားသွားတဲ့ သားအဖေဟာ ဒီမှာပါလို့ ဆိုချင်မိသောဆန္ဒကို ရင်၌ အသိစိတ်ဖြင့် မျိုသိပ်ရင်း အသာပြန်ထိုင်၍ သက်ပြင်းရှည်တစ်ချက် ချလိုက် လေတော့သည်။

ထိုစဉ် နွဲ့လေးငယ်မိခင်မှ -

အေးလေး သမီးလေးစိတ်တိုင်းကျ ရွေးချယ်ထားတဲ့သားကို အန် တီတို့လက်မေးချင်ပါတယ်၊ သမီးလေးကို နစ်နစ်ကာကာ တကယ်ချစ်တာ သားလို့ပါ။

ကျွန်တော် နွဲ့လေးငယ်ကို မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားပြီး ချစ်တာ ရေ ပိုင်ဆိုင်ချင်တာထက် ပေးဆပ်ခြင်းက ပိုတဲ့ အချစ်မျိုးနဲ့ပါဟု ဆိုလာသော သား၏ စကားသံအဆုံး စာကြည့်ခန်းအတွင်းမှ ဦးဘမောင်မှ ဒါမှ ငါ့သားအစစ် ဟု တိုးတိုး ရေရွတ်ရင်း ကျေနပ်စွာပြုံးမိလေတော့သည်။

နွဲ့လေးငယ်ဖခင်မှ -

အေးအေး သားနဲ့သမီးကို ဦးတို့ သဘောတူပါတယ်၊ သားအတော် အပ်ထိန်းသူတွေကို အကြောင်းကြားပြီး နားဖေါက်နိုင်းလိုက်ပါ။

www.burmeseclassic.com



ဖခင်စကားအဆုံး နွဲ့လေးငယ်မှ -

ဖေဖေ သင်္ကြန်ရက်မှာ သမီး တရားစခန်းဝင်ဦးမှာ၊ သင်္ကြန်ပြီးမှပေါ့ဖေဖေ ရယ်၊ မျိုးမောင်မေမေ့ကို သင်္ကြန်ပြီးမှ မှာနော်ဟု ဝင်ပြောလေသည်။

အဲဒါဆို ပိုပြီး အဆင်ပြေတာပေါ့၊ မေမေကလည်း နွဲ့လေးငယ်လိုပဲ သင်္ကြန်ရက်မှာ တရားစခန်းဝင်နေကြလေ .....၊

အေးလေ သားတို့နှစ်ယောက်တိုင်ပင်ပြီး စီစဉ်ကြပေါ့ အန်တီတို့ အိမ်မှာ နေ့လည်စာစားသွားနော်၊ သမီးက ထူးထူးခြားခြား မီးဖိုချောင်မှာ ဒီနေ့ ဦးဆောင်ထားလေရဲ့ဟု ဆိုလာသော နွဲ့လေးငယ်၏မိခင်စကားကို တုန့်ပြန်စကား ဆိုပဲ အသာ အယာပြုံးမိနေလိုက်မိလေတော့သည်။

□ □ □ □ □

သင်္ကြန်မတိုင်မီ ငါးရက်အလိုတွင် သူတို့သူငယ်ချင်းတစ်စု ရွှေရှမ်းကန်တွင် ညစာ စားဖြစ်ကြသည်၊ ဒကာက နွဲ့လေးငယ်

ဝကစ်မှ -

ဟဲ့ ယုန်မ ဒီညစာကို ဘာအတွက်ကျွေးတာလဲဟု အမေးစကားဆိုလာသည်။

တို့နှစ်ယောက်ကို မိဘတွေက သဘောတူလိုက်ပြီ၊ အဲဒီအတွက်

ဟင်း ! ဒါကို နင်ကကျွေးတယ် သူ့ကို ကျွေးခိုင်းရမှာဟု မျိုးမောင်ကို မေးငေါ့၍ ဝကစ်မမှ ဆိုပြန်သည်။

ဇင်မောင်မှဝင်၍ -

ဟဲ့ ဘယ်သူကျွေးကျွေး နင်မျိုရရင် ပြီးရောမဟုတ်လား ! ဝကစ်တားကို ရှည်တယ်ဟု ဝင်မာန်လေသည်။

မဟုတ်ပါဘူးဟာ ယောက်ျားလေးက ကျွေးရမယ်ထင်လို့ပါ၊



အေး နင့်ကျမှ အဲဒီယောက်ျားလေးကို ကျွေးခိုင်း တစ်သက်လုံးလည်း ကျွေးရမယ် မထင်ပါဘူးဟု ဇင်မောင်စကားအဆုံး

နွဲ့လေးငယ်မှ -

ဘယ်သူကျွေးကျွေး အတူတူပါပဲဟု ဟုတ်တယ်နော် မျိုးမောင်ဟု အပြုံးချိုချိုနှင့် ဆိုလေသည်။

ယောင်၍ ခေါင်းငြိမ့်မိသောသူ့ကို နေမျိုးမှ -

မင်းက ဘာခေါင်းငြိမ့်တာလဲ၊ နောက်နေ့ကျ မင်းထပ်ကျွေးဟု ဆိုလာစဉ် မဆိုင်းမတွ ဟုတ်တယ်ဟုဆို၍ သဘောကျစွာ ရယ်မောလိုက်လေသည်။

ငါ့ကိုယ်ဝမှ သင်္ကြန်ငါးရက်ပဲလိုတော့တယ်။

သင်္ကြန်ကဲဖို့ ကိစ္စ တိုင်ပင်ကြဦးစို့ -

ဇင်မောင်မှ နေမျိုးကိုကြည့်၍ မင်း ချောင်းသာသွားဖို့ စီစဉ်မယ်ဆို

အေးလေ အခုပဲ စီစဉ်ကြတာပေါ့၊

ရှင်ဝိုင်းဖြိုးမှ ငါမလိုက်ဘူးနော် ယုန်မနဲ့အတူ တရားစခန်းလိုက်ဝင်မှာ

ဇင်မောင်မှ သဘောပဲ မင်းကရောဟု သူ့ကို မေးခွန်းထုတ်လေသည်။

နွဲ့လေးငယ်အား တစ်ချက်လှမ်းကြည့်ရင်း .....၊

ငါကတော့ အားလုံးဆန္ဒပဲ -

မသိပါဘူးကွာ၊ ယုန်မနောက်လိုက်ပြီး တရားစခန်းဝင်မှာလားလို့ ဟဲ့ ယုန်မ နင် သူ့ကိုခေါ်သွားမှာလား

နွဲ့လေးငယ်မှ ခေါင်းငြိမ့်၍ -

ခေါ်သွားမှာ စခန်းဝင်ဖို့ မဟုတ်ပါဘူး၊ တရားစခန်းလိုက်ပို့ခိုင်းမှာ ကိုကြီး ကိုကြီးဇင်မောင်တို့ ချောင်းသာကိုသာခေါ်သွားပါ၊

တရားစခန်းဆိုတာ အတင်းဝင်ခိုင်းလို့မရဘူး၊ ကာယကံရှင်တသူ့စိတ် ပေါက်မှ ဝင်ရကျိုးနပ်မှာ -

နေမျိုးမှ ဒါဆို ယုန်မနဲ့ ဗလကြီးပဲ ကျန်ခဲ့မှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ယုန်မ နင်တို့ ဘယ်နေ့စခန်းဝင်ရမှာလဲ -

အကြိုနေ့ မတိုင်ခင် အရင်တစ်ရက်၊

ဒါဆို အကြိုနေ့ မနက်ခင်း ကျန်တဲ့လူတွေ စုရပ်သတ်မှတ်ပြီး ချောင်းသာသွားကြမယ် အစုထဲက ဘွတ်ကင်လုပ်ထားရမှာ၊ တည်းခိုခန်းကို၊

ထိုစဉ်ပိုးနှင်းဥမှ ခဏနေကြပါအုံးဟာ- ငါယုန်မတို့နဲ့ လိုက်ပြီး တရားစခန်းဝင်ရင်ကောင်းမလား၊ ချောင်းသာလိုက်ရင် ကောင်းမလား၊ စဉ်းစားပါရစေအုံး .....၊

ဇင်မောင်မှ -

တော်စမ်းပါဟာ - နင်ငါတို့နဲ့လိုက်မှာပါ- နင်မလိုက်ဖြစ်ရင်လည်း ဟို ဝကစ်မကို တစ်ယောက်ထဲနဲ့အမှိုက်ရှုပ်နေမယ် - ချောင်းသာမီးပုံပွဲမှာ ဒုတ်ထိုးလုပ်ပြီးကင်စားပစ်မယ်။

သေနာကောင် ဟု ဝကစ်မှပြန်တွယ်သည်၊

အေးပါဟာ- ဝကစ်ကိုသနားလို့ ငါချောင်းသာဘဲလိုက်ပါစေမယ်၊ ပိုးနှင်းဥစကားအဆုံးပေါက်တူးမှ လူသန့်မလားအောင်းမေ့မိပါတယ်၊ ခုတော့ သွားပြီပေါ့။

သွားသေလိုက်ပါလား - အားလုံးပေါင်းစပ်ရယ်မောသံက အင်လျာ၊ ရေပြင်ပေါ် လျှပ်တိုက်ပြေးသွားဟန်ရှိသည်။

သကြံန်အကြိုနေ့ မတိုင်မှီ မနက်စောစော အိမ်သို့လာခဲ့ရန် နွဲ့ဖလေးငယ် ပြောထားသည့်အတွက် နေမျိုးကိုစောစောနိုး၍ လိုက်ပို့နိုင်းရလေသည်၊

နွဲ့ဖလေးငယ်တို့အိမ်အရောက် အရင်ဆုံးတွေ့လိုက်ရသူက ရှင်ဝိုင်းဖြူ - သူ့ ကိုမြင်မြင်ချင်း -

ယုန်မရေ- ဒရိုင်ဘာရောက်လာပြီဟေ့ - ဟုအသံပြုလေသည်၊

ရှင်ဝိုင်းဖြူအသံကြောင့် နွဲ့ဖလေးငယ်အမေထွက်လာပြီး သားမောင်မျိုး လာ ဒီမှာမနက်စာစားကြဘို့လုပ်နေတာ တစ်ခါတည်းဝင်စား - ဆိုလာ၍ အသာ



အယာ ပင်စားပွဲဝိုင်း၌ ဝင်ထိုင်လိုက်လေသည်။

ဩ- မျိုးမောင်ရောက်လာပြီလား၊ဟု အမေးစကားနှင့် ဝင်လာသော နွဲ့ဖလေးငယ်ကိုလှမ်းအကြည့် ယောဂီရောင်ဝမ်းဆက်နှင့် ချယ်သမှုကင်းသော မျက်နှာပြင်ဝင်းပပကို ကြည်နူးဖွယ်ရာ တွေ့လိုက်ရလေသည်။

နွဲ့ဖလေးငယ်မှ -

မျိုးမောင် ချောင်းသာမှာ သကြံန်ရက်မှီ လာတဲ့သူအားလုံးပျော်ကြမှာ အပျော်လွန်ပြီး အဆင်မပြေတာတွေ့ရင် သည်းခံနော်၊

နေမျိုးတို့အုပ်စုက သကြံန်ရက်ဆို သောက်ကြမှာ- မျိုးမောင်ကထိန်းမပေးနော်၊ မိန်းခလေးသူငယ်ချင်း နှစ်ယောက်လည်းပါမှာဆိုတော့ ရန်တွေဘာ မတွေ့ဖြစ် မှာစိုးလို့ .....၊

နင်ကလည်း ဒီလောက်မှ စိတ်မချရင် တရားစခန်းကိုခေါ်ခဲ့ပါလား၊ ဟု ဝင်ပြောပြီးမှ နွဲ့ဖလေးငယ် မိဘနှစ်ပါးကို အားနာဟန်နှင့် ပါးစပ်ပိတ်လိုက်သော ရှင်ဝိုင်းဖြူကိုကြည့်၍ ပြုံးမိရပြန်သည်၊

စိတ်ချပြီးငြိမ်းငြိမ်းချမ်းချမ်းတရားရှာပါ နွဲ့ဖလေးငယ်၊ မျိုးမောင်က သူငယ်ချင်းတွေနဲ့ အလိုက်အထိုက်မို့လိုက်ရမှာပါ၊ အပျော်ဆိုတာတွေက ဟိုငယ်စဉ်ကတည်းက ကိုယ်နဲ့မဆိုင်သလို နေလာခဲ့ရတာပါ။

နွဲ့ဖလေးငယ်က ကျောင်းပေါက်ဝမှာ မအိုမနာ၊ မသေခင်၊တရားဝင်ဆို တဲ့ ဆိုင်းဘုတ်လေးမြင်လိုက်တဲ့အချိန်ကစပြီး နွဲ့ဖလေးငယ်ရဲ့စိတ်ကို မြေသား သဏ္ဍာန် သဘောရအောင်ထားပြီးမှ တရားစခန်းထဲကိုဝင်တာပါ။

မြေသားဆိုတာ ပေးဆပ်ခြင်းသက်သက်လေ - ဘာကိုမှရယူပိုင်ဆိုင်ဖို့ မကြိုးစားဘူး၊ အနှင်းခံစိတ်မို့ တရားနဲ့အလိုက်ဖက်ဆုံးပါဘဲ၊ နွဲ့ဖလေးငယ်စကား အဆုံး.....၊

ကဲကဲ သမီးတို့ နေပူလိမ့်မယ် - စားသောက်ပြီးရင်သွားကြတော့ - သား မောင်မျိုးကားကို ဂရုစိုက်မောင်းနော်ဟု ဆိုလာသောနွဲ့ဖလေးငယ် မိခင်စကား

www.burmeseclassic.com

www.burmeseclassic.com



အဆုံး မော်ဘီချမ်းအေးရိပ်သာသွားဖို့ ပြင်လိုက်ကြရလေတော့သည်။

မိဘနှစ်ပါးကို ရှိသေစွာကန်တော့ပြီး ဖေကြီးနဲ့မေကြီး သကြံန်ရက် ဥပုသ် စောင့်ကြနော်ဟုဆို၍ ပြုံးမိရပြန်လေတော့သည်။

မော်ဘီမြို့ကိုကျော်၍ သူတို့ကျောင်းရှေ့အရောက်တွင် ရှင်ပိုင်းဖြိုးမှ-

မာစတာတက်ခွင့်မရရင် ကျောင်းတော်ကြီးနဲ့ အပြီးဝေးရတော့မှာ နော် - ဟုတစ်ကိုယ်တည်း ရေရွတ်သလိုမျိုး အသံထွက်လာသည်။

ယုန်မ နင်ကတော့ ဆက်တက်ရမှာအသေအချာဘဲ့ ဆက်တက်အုံးမှာ လားဟင်၊ နင်ကလည်းဟာ -အောင်စာရင်းတောင် မထွက်သေးဘူး- အနာဂါတ် ကိုကြိုပြီး စိတ်ပူက်အားပျော့တာကော၊ ပျော်ရွှင်ရမှာကော တွေးနေတာဘဲ။

အဲဒါကြောင့် မယ်တော်ကြီးက တရားပွဲမှာ ထည့်ဟောတာနေမှာပဲ- သဒ္ဓါပေါက်လို့ ဝိပဿနာအလုပ်ကို အားထုတ်တော့မယ်ဆိုရင် အများဆုံး နှောက်ယှက်တာက တွေးတောကြံစည်စိတ်တဲ့- အေးလေ ဒါပထမဆုံးခြေလှမ်း ဘဲ့ -တရား စခန်းဝင်မှာလေ၊ နောင်လေးငါးကြိမ်လောက် ဆက်ဝင်ဖြစ်သွားရင် နင်ကိုယ်တိုင် သိရှိနားလည်လာမှာပါ၊ အခုဘဲသူငယ်ချင်းတွေအားလုံးစုပြီး ပျော်ပျော်ပါးပါးသွားကြမယ့် သကြံန်တွင်းချောင်းသာခရီးကို မလိုက်ဘဲ ငါနဲ့တရား စခန်းလိုက်မယ်လို့ ဆုံးဖြတ်လိုက်တာကိုက နင်မှာသစ္စာတရားတွေသိဖို့အတွက် ကြောင်းကျိုးချိန်ခါကျလာတာလေ၊ ပထမဆုံးသစ္စာအသိတွေ သိဖို့အတွက် ပထမဆုံးခြေလှမ်းပေ့ါ၊ ရပ်နေတာနဲ့စာရင် ပထမဆုံးခြေလှမ်းဟာ လိုရာပန်းတိုင် ရောက်ဖို့ နီးလာတာဘဲ့၊ တရားစခန်းဝင်တယ်ဆိုတာ ကိလေသာတောမှာမွေ့ပြီး မျောနေကြတဲ့သူတွေကို သုံးဆယ့်တစ်ဘုံထဲမှာ ဖြစ်၊ တည်၊ ပျက်နေတဲ့ အရာအားလုံးဟာ အကြောင်း ကြောင့်အကျိုးဖြစ်လာရတယ်ဆိုတာကစပြီး သစ္စာအသိတွေ သိလာအောင် သိလာ တဲ့အသိတွေကို ရှိလာအောင်သင်တန်း ပေးတာဘဲ့ .....။

ဒါ့ကြောင့် နွဲ့လေးငယ်တို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတိုင်းမှာ



ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားလို့ သုံးနှုံးတာ တွေ့ရတတ်တယ်လေ -

အဲဒီ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ပါဠိစကားလေ

ပဋိစ္စ - အကြောင်းကိုစွဲ၍ သံ - ကောင်းစွာ ဥပ္ပါဒ - အကျိုးဖြစ်သည်တဲ့၊ အကြောင်းကိုစွဲ၍ကောင်းစွာအကျိုးဖြစ်သည်ပေ့ါဟာ - ရိပ်သာရောက်ရင် ဆရာတော်ကြီးကရော မယ်တော်ကြီးနဲ့ တရားပြဆရာတွေအားလုံးက သေချာ နားလည်အောင်ရှင်းလင်းဟောပြောပါလိမ့်မယ်။

ဟော - ကုလားကုန်းတောင်ကျော်လာပြီ၊ မျိုးမောင် လမ်းဘယ်ဘက် ဘေးက မအို၊ မနာ၊ မသေ တရားဝင်ဆိုတဲ့ နေရာကျရင် ဘယ်ကွေ့လိုက် -

နွဲ့လေးငယ်က ရှင်ပိုင်းဖြိုးကို ပြောရင်းမှ သူ့ကိုလှမ်း၍ပြောလိုက်ပြန် သဖြင့် ဘယ်ကွေ့ရန်အချက်ပြမီးပြ၍ မြေနီလမ်းဘက်ကွေ့ဝင်လိုက်ရလေသည်။

ချမ်းအေး အမှတ် (၄) မိုးကုတ်ဝိသနာဓမ္မရိပ်သာ ဟုမုခ်ဦးအောက်မှ ဝင်ပြီး ရှေ့မြင်ကွင်းတွင်ကြည်နူးဖွယ်ရာစေတီတော်ကို ပထမဦးဆုံးဖူးမြင်လိုက်ရ ပြန်သည်။ ကျောင်းဝိုင်းအတွင်းကားရပ်၍ နွဲ့လေးငယ်တို့နှစ်ဦး၏ အသုံးအဆောင် ပစ္စည်းများချပေးလိုက်လေသည်။

မျိုးမောင် ခဏနော်ဟုဆိုကာ နွဲ့လေးငယ်ထွက်သွား၍- စကြာဝဠာချမ်း အေးစေတီတော်အား ဝင်ရောက်ဖူးမျှော်လိုက်မိသည်။ စေတီတော်၏ ဆည်း လည်းသံက လွင်လွင်လေးသာပြီး ရင်မှာကြည်နူးမှု ခံစားလိုက်ရသည်ကတော့ အမှန်ပင်။

စေတီတော်ဦးချ၍အထ -

မျိုးမောင် ရှေ့ဟု ကမ်းပေးလာသောနွဲ့လေးငယ်လက်ထဲမှ ကဒ်ပြား ငယ်ကို လှမ်းယူလိုက်ရသည်။ နားမလည်ဟန်နှင့် ကြည့်မိသောသူ့ကို

အဲဒါ သံသရာလည်ပုံ၊ ဖြတ်ပုံ၊ လမ်းညွှန်မြေပုံလို့ပဲ အခုသိထားနော် - ကြောင်းကျိုးချိန်ခါကျလာတဲ့ အချိန်တစ်ခုမှာ မျိုးမောင်ဘဝအတွက် အရေးကြီး ဆုံး ဆိုတာသိလာရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ပြန်တော့နော် - ကားကိုလည်းဂရုစိုက်မောင်းဟု ဆိုကာ ရှင်ဝိုင်းဖြူနှင့်အတူ ဓမ္မာရုံဘက်ထွက်သွားသော နွဲ့လေးငယ်အားကြည့်ရင်း သက်ပြင်းရှည်တစ်ချက်ချလိုက်မိလေသည်။

□ □ □ □ □



သကြ္ကန်အကြိုနေ့ ညနေပိုင်း တည်းခိုဆောင်တွင် ပစ္စည်းများ နေရာချ၍ သူတို့ ခြောက်ယောက်အုပ်စု ကမ်းစပ်ဖက်လမ်းလျှောက်လာကြစဉ်

ညီလေး မောင်မျိုး မင်းကွာအဆောင်ကပြောင်းသွားပြီးကတည်းက တစ် ခေါက်မှမလာဘူး - အတော်နေနိုင်တဲ့ကောင်ကွာ ! ဟုဝမ်းပန်းတသာ နှုတ်ဆက်လာသော ကိုကြီးကျော်ကို တွေ့လိုက်ရ၍ အံ့ဩဝမ်းသာမိရပြန်သည်။

ကျနော်လည်း အလုပ်ကိစ္စအတွက်ရော၊ အခြားကိစ္စတွေနဲ့ ရှုပ်နေလို့ပါ - ဂစ်တာလေးမြင်တိုင်း ကိုကြီးကျော်ကို သတိရဖြစ်ပါတယ် -

ကိုကြီးကျော်က နေမျိုးကို ပြုံး၍နှုတ်ဆက်ပြီး ငါလည်း တီးဝိုင်းနဲ့ပါလာတာကွ ! လိဒ်သမားအရေးကြီးကိစ္စပေါ်လာလို့ သူ့ကိုယ်စားလိုက်တီးပေးရတာ - ဒီညကတည်းက စတီးမှာလာပြီးအားပေးကွာ Free Show ကွ !

ကိုကြီးကျော် စကားအဆုံး ဇင်မောင်မှ -

Free ဆိုအားပေးရမှာပေါ့ - ကြာသလားလို့ဟုဆိုလာ၍ ပေါင်းစပ်ရယ်မောမိကြလေတော့သည်။

ချောင်းသာကမ်းခြေကို သကြ္ကန်လာကျသော လူအားလုံးလိုပင် အားပေးကြ၍ Show ပွဲမှာ စည်ကားလှသည်။ တီးဝိုင်းမှအပြန် လမ်းတွင်နေမျိုးမှ - မင့်ကိုကြီးကျော်က တစ်ကယ့်ဆရာကြီးဘဲ - ဒီအတိုင်းဆို ဝိုင်းကြီးတစ်ခုမှာ ပုံမှန်အ တီးသမားဖြစ်မှာ သေချာတယ်ဟု ဆိုလာလေသည်။

အင်း သူကအတီးကောင်းယုံတင်မကဘူး သီချင်းတွေဖန်တီးတာလည်း လှတယ်၊ စာသားတွေနုသလို အသုံးအနှုန်းတွေက ရင်ကိုထိလွယ်တယ်၊ စံရိပ်ငြိမ် အဆောင်မှာတုန်းက သူနဲ့တစ်ကယ်ကိုရင်းရင်းနှီးနှီး ခင်ခဲ့တာ၊ ငါ့ကိုလည်း သူငယ် ချင်းလိုတင်မကဘူး ညီတစ်ယောက်လိုပါခေါင်းခဲ့တာ၊

နေမျိုးမှ -

အေးလေ - မင်းအဆောင်က ငါ့အိမ်ကိုပြောင်းတုန်းက ငါတွေ့ဘူးဘဲ - ဒီလောက်မထင်ဘူးကွ ! မိုက်တယ်ကွာ ! ဟုဆိုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သကြံ့န်အကျနေ့တွင် မနက်ပိုင်း သူငယ်ချင်းများနှင့် ရောင်စုံလှူများ ကြား အလိုက်သင့်ပျော်ခဲ့ပေမယ့် ညနေဘက်ကမ်းစပ်ဆင်းရန် ငြင်းမိ၍ ဇင်မောင်မှ- ဟာ ကောင်လေးဘာဖြစ်လို့တုန်း နေများမကောင်းလို့လား၊ ရိပ်သာမှာတရားအားထုတ်နေတဲ့ယုန်မလေးကို လွမ်းလို့လား၊ စိတ်နဲ့တောင် မပြစ်မှားနဲ့နော်၊ ဒီအချိန်ဆိုဟိုက တရားအားထုတ်နေပြီ။ ငရဲကြီးလိမ့်မယ်ကွ၊ ဆို ရင်း သူ့နဖူးကိုစမ်းကြည့်လေသည်။

ဟ ကိုယ်နည်းနည်းနွေးနေပါလား၊ အဲဒါရောမကိုရောက်ပြီး ရောမလိုမှ မကျင့်တာကို၊ သကြံ့န်ရက်ဆိုတော့ အဝတ်အစားတွေက အမြဲစိုနေတာ ပင်လယ်ရေလည်းချိုး လေကလည်းတိုက်ဖြစ်မှာပေါ့၊

ယမကာလေးနဲ့ဆိုတော့ အဲဒီအခြေအနေတွေကို အလိုက်သင့် ကျော်နိုင်တယ်ကွ၊ မင်းကအတင်းငြင်းနေလို့- နည်းနည်းချလိုက်ကွာ၊ အဖွဲ့ထဲက တစ်ယောက်လျော့ရင် အပျော်တွေပျက်တယ်ကွ၊ ပါးပါးပေါ့ညီလေးရာ၊ ချိုနေ အောင် အကိုစပ်ပေးပါ့မယ့်-ဝကစ်တို့ကိုတောင် Spy တိုက်ထားတယ်၊ အယ်လ်ကိုဟောနဲ့မှ အအေးဒဏ်ကို ခံနိုင်တာကွ၊ ဟုဆိုလာသော ဇင်မောင်အား ကြည့်၍ အပြုံးနှင့် ခေါင်းရမ်းမိလေသည်။ ထိုစဉ်အငယ်လေးမှဝင်၍-

"အကြိုက်ကြီးလုပ်တာမှ မဟုတ်ဘဲ-

အခြေအနေအရ ပါးပါးဘဲ့ဟာ- ချစမ်းပါကွာ" ဟု ဝင်တွန်းပြန်သည်။

နေမျိုးမှ-

အေးလေ မင်းကအလကားနွဲ့နေတယ်-အကွဲမှမဟုတ်တာချကွာ၊ ခေါင်းကြီးချိုချိုလေးစပ်ပေးလိုက်ကွာ၊ ဟု စကားအဆုံး ဇင်မောင်မှ သွက်သွက် လက်လက်လှုပ်ရှားလေတော့သည်။"

အားနာစိတ်မကင်းတရားနှင့် ဇင်မောင်လက်မှ ခွက်ကိုယူ၍ မော့ သောက်လိုက်မိသည်။ ပိုးဟတ်ချေးနံ့နှင့် ရွှေဝါရောင် အယ်လ်ကိုဟောက လည်ချောင်းမှ အစာအိမ်ထိတိုင် ပူနွေးခြင်းကို သတိထားလိုက်မိသည်။



အေး ဒါပဲပေါ့- ဒါပေမယ့် ဒါဂေါ်ရင်ဂျီမော့ကြီး အဲလိုမဟုတ်ဘူး အငယ်လေးဖန်ခွက်တွေယူကွာ၊ ဝိုင်းလိုက်ရအောင် ဟု ဇင်မောင်ဆိုစဉ်မှာပင် မနမျိုးမှ အမြည်းဖွယ်ဖွယ်ရာရာပြင်ဆင်လိုက်သလို အငယ်လေးကခွက်များ စီ၍ဝိုင်း ပြီးဖြစ်နေလေသည်။

ဟာ တော်ပြီလေကွာ၊ ဟုအငြင်းစကားကို နေမျိုးမှ လက်ကာ၍ မင့်ကို လည်းအများကြီး မတိုက်ပါဘူး- နေထိုင်ကောင်းယုံတင်ပါ- မငြင်းစမ်းပါနဲ့ကွာ ဆိုရင်းပွဲဖြစ်သွားလေသည်။ ဒုတိယတစ်ခွက်သောက်ပြီးလျှင် ထိုင်ရာမှထ၍ သွား တိုက်ရန်ပြင်လိုက်လေသည်။ ဇင်မောင်မှ ဘာလုပ်မလို့လဲ အမေးစကားဆိုလာ၍ သွားတိုက်တံ မြှောက်ပြပြီး သွားတိုက်မလို့ ဟု ပြန်ဖြေမိလေသည်။

အငယ်လေးမှ ဘာလို့ရုတ်တရက်ကြီး သွားထတိုက်ရတာတုံး ဟုမေး လာ၍ အရက်နံ့နံမှာကြောက်လို့ သူ့အဖြေစကားအဆုံးတွင် သုံးယောက်သား ပေါင်းစပ် ရယ်မောနေသည်ကို ကြောခိုင်း၍ သန့်စင်ခန်းဘက်ထွက်ခဲ့လေသည်။

အယ်လ်ကိုဟောက အနံ့ရှိမှုတဆင့် သွေးကြောအတွင်းသို့ စီးဝင်သွား ပြီမို့ ပူနွေးယစ်မူးခြင်း ခံစားချက်ကို ကိုယ်တိုင်သတိပြုမိရလေသည်။ အစက ကိုယ် လက်သန့်ရှင်းသွားတိုက်ရန်သာ ရည်ရွယ်ခဲ့သော်လည်း ယစ်မူးခြင်းလျော့ ပါးသွားနိုးနှင့် ရေပန်းဖွင့်၍ တစ်ဝရေချိုးလိုက်မိလေသည်။

ရေချိုးလိုက်သော်လည်း လန်းဆန်းမှုသာရ၍ ယစ်မူးခြင်းကလျော့ မသွား၊ ရေချိုးခန်းအပြင်သို့ ရေသုတ်ရင်းလှမ်းထွက်လိုက်စဉ် မျှော်လင့်မထား သောကိုကြီးကျော်ကို နေမျိုးတို့အုပ်စုနှင့် ဝိုင်းဖွဲ့နေသည်ကို တွေ့လိုက်ရ၍ အံ့အား တစ်သင့်နှုတ်ဆက်လိုက်ရပြန်လေသည်။

"ဟာ ကိုကြီးကျော် ရောက်နေတာလား၊" သူတို့အဖွဲ့နဲ့ သွားပေါင်းလို့ ညဖက် မတီးနိုင်ဘဲရှိနေမယ်နော်-

အေးဆေးပါမောင်မျိုးရာ- ပါးပါးလေးနစ်ခွက်တိုက်လိုက်တာ ရေချိုး ခန်း ရောက်သွားပြီပြောလို့-

www.burmeseclassic.com

www.burmeseclassic.com



ပါးပေမယ့် မူးတယ်ဗျ-ဟုဆိုမိလျှင် သူတို့က ပေါင်းစပ်၍ ရယ်မောကြလေသည်။

ငါ မင့်တို့ဆီလာတာ ဒီလိုကွ!

တီးဝိုင်းစီစဉ်သူကို ငါ့မိတ်ဆွေတွေအတွက် ဆိုပြီးတောင်းတာ ခြောက်ခုံစာရတယ်ကွ! မင့်တို့အုပ်စုက ခြောက်ယောက်မို့လား၊ ဒီည ကြည့်ရအောင်လို့လေ၊ အဲဒါ ညနေခြောက်နာရီစမှာ- နဘဲငါးနာရီခွဲလေပြီ ငါလစ်တော့မယ်- မင့်တို့အုပ်စုလည်း ချက်ချင်းသာလိုက်ခဲ့ကြတော့- ရှေ့ဆုံးမှာဆိုတော့ ဝိုင်းစမှဆိုရင် တိုးဘို့ခက်လိမ့်မယ်ကွ! ပြောပြီးပြီးခြင်း သူ့ရှေ့မှလက်ကျန်ခွက်ကို ကောက်မော့၍ ထွက်သွားသော ကိုကြီးကျော်ကိုကြည့်ရင်း သက်ပြင်းရှိုက်မိလိုက်လေသည်။

ဇင်မောင်မှ- ညီလေးတစ်ခါတည်း အဝတ်လဲလိုက်တော့ မင်းတို့လည်း လုပ်တော့လေဟုပြောရင်း ပုလင်းထဲရှိလက်ကျန်အရက်ကို သတ္တုဖူးပြားအတွင်း ပြောင်းထည့်နေလေသည်။

အငယ်လေးမှ ဟောကောင် ရေပါတစ်ခါတည်းရောခဲ့နော်ဟုဆိုလျှင်

ငါနားလည်ပါတယ် ဆိုရင်း ရေခဲရေနှင့်ရောစပ်၍ သူ့ကို ပြုံးပြလိုက်သော ဇင်မောင်ကို တအံတကြ ငေးကြည့်မိလေသည်။

ကဲ မောင်မျိုး အဝတ်လဲပြီးရင် ဝကစ်တို့နှစ်ယောက်ကို သွားခေါ် -

သူတို့နှစ်ယောက်ရဲ့ လူအုပ်ထဲတိုးရင် မလွယ်ဘူးကွ နေမျိုးစကားအဆုံး

ဝကစ်တို့အဆောက်ဖက် လှမ်း၍ အကျိုးအကြောင်းပြောလိုက်သောအခါ ထိုင်ခုံရမယ်ဆို၍ ပျော်မြူးဟန်နှင့် ခုန်နေသောဝကစ်ကိုကြည့်ရင်း နွဲ့လေးငယ်တို့ကို သတိရမိပြန်သည်။

သူတို့အုပ်စုကို ထိုင်ခုံလိုက်ပြပြီး သူ့ဘေးမှ ကပ်၍ ဖြူဖြူသန့်သန့် အမျိုးသားကြီးအား အစ်ကိုကြီး ဒါကျွန်တော့်သူငယ်ချင်းတွေလေဟု မိတ်ဆက်ပေး၍ အလိုက်သင့် ပြုံးပြလိုက်ရလေသည်။



မြူးကြွသော အဖွင့်တီးလုံးကို ယစ်မူးခြင်းနှင့် နားထောင်မိသောအခါ ကိုယ်တိုင်ပင် ကိုယ်တိုင်ပင် ကြည်နူးမြူးကြွမိသည်ကတော့ အသေအချာပင်။

ဝိုင်းစသည်နှင့် နာမည်ကြီး အမျိုးသားအဆိုတော်သုံးဦး အမျိုးသမီးအဆိုတော်နှစ်ဦးက တစ်ဦးကို နှစ်ပုဒ်ကြ ဖျော်ဖြေလိုက်သောအခါ သကြံန်မိုးဝင်နေသော ပရိသတ်များ၏အားပေးသံက ချောင်းသာကမ်းခြေမှသည် ပင်လယ်ပြင်အထိပင် လွှမ်းခြုံသွားဟန်ရှိသည်။

ထိုစဉ် ဇင်မောင်ကမ်းပေးလိုက်သော သတ္တုဘူးပြားကို အယောင်ယောင် အမှားမှား မော့သောက်မိပြီး ပူနွေးရတသော ယမကာကြောင့် အလျင်အမြန်ပြန်ပေးလိုက်မိလေသည်။

ဝိုင်းပေါ်မှ လိဒ်ဂစ်တာတီးသော ကိုကြီးကျော်နှင့် မိုက်ကရိုဖုန်းရှေ့ရပ်ပြီး ရှစ်ခင်လေးစားရပါသော ဘော်ဒါအပေါင်းအသင်းတို့ခင်ဗျား - ဒီည အထူးအစီအစဉ်အနေနဲ့ ဝါသနာရှင် ကျွန်တော့်ညီငယ်အဆိုရှင်တစ်ယောက်ကို ပွဲထုတ်ချင်ပါတယ်၊ အားလုံးကပဲ နားဆင်ပြီး ဝေဖန်ဆုံးဖြတ်အားပေးကြပါလို့ .....။

ညီလေး မောင်မျိုးကို ဧည့်သည်အဆိုရှင်အဖြစ် သီဆိုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည် ခင်ဗျား -

ကိုကြီးကျော်စကားအဆုံး ဇင်မောင်၊ နေမျိုး၊ အငယ်လေးတို့က လှုပ်လှုပ်ရှားရှားဖြင့် ကောင်လေး မင်းကို ခေါ်နေပြီ၊ သွားတော့လေဟု ဆိုကြလေသည်။

ဟာကွာ ငါမဆိုချင်ဘူး၊ ဘာလဲကွာ ကိုကြီးကျော်စကား အငြင်းစကားဆိုမိလျှင် သူ့ဘေးမှ ဖြူဖြူသန့်သန့် အမျိုးသားကြီးက ဟိုက ပရိသတ်ကို ကြေငြာပြီးသွားပြီ သွားလိုက်ပါ ညီလေးရာဟု ဝင်ပြောလေသည်။

ဇင်မောင်နှင့် နေမျိုးမှ ဘေးတစ်ဖက်စီမှရပ်၍ အငယ်လေးက နောက်က တွန်းရင် စတိတ်စင်မှ လှေခါးပေါ်သို့ လှမ်းတက်ခဲ့ရလေတော့သည်။

စင်ပေါ်ရောက်ရောက်ချင်း သူ့ကိုစကားဆိုရင် ပြင်လိုက်သည်ကို

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းရှေ့လက်ညှိုးကာ၍ တိတ်တိတ်နေရန်အချက်ပြသော ကိုကြီးကျော်ကို နားမလည်နိုင်အောင်ဖြစ်မိရလေသည်။

ရမ်သမ်ဂီတာသမားကို ကိုကြီးကျော်မှ ခပ်တိုးတိုးစကားဆိုလိုက်သော အခါ ရမ်သမ်သမားက ပြုံးရွှင်စွာနှင့် သူ့ဂီတာကို ကိုယ်တိုင်လာလွယ်ပေးပြီး လက်စပ်ပါ လက်ထဲသို့ အသာထည့်သွားလေသည်။

ကျွန်တော်ညီ အခု သီဆိုမယ့်သီချင်းကတော့ ကျွန်တော်ကိုယ်တိုင်ရေးစပ်ထားတဲ့ လုပ်ပေးရမှာပေါ့ ဖြစ်ပါတယ်၊ နားဆင်ခံစားကြည့်ကြပါခင်ဗျာ

အဆောင်တွင် အတူနေစဉ်က သူက လိဒ်တီး၍ ကိုယ်က ရမ်သမ်ဂီတာဖြင့် အကြိမ်များစွာ တွဲဖက်ခဲ့ဖူးသဖြင့် ယုံကြည်မှုအပြည့်ရှိဟန်နှင့် ကိုကြီးကျော်ကို ကြည့်၍ သက်ပြင်းချမိရပြန်သည်။

ဒရမ်သမားမှ တိုင်ပင်ပေး၍ အင်ထရိုဝင်သောအခါ စိတ်အစဉ်က ဂီတနှင့် တစ်ထပ်တည်းစီးမျော၍ လက်ချောင်းများက အလိုက်သင့် ပြေးလွှားနေသည် ကတော့ အမှန်ပင်။

အဆိုပိုဒ်အစ -

ဘာတွေအလိုမကျဖြစ်နေတာလဲ ပြောစမ်းပါ မင်းရဲ့အနားမှာ -

ဝေါကာနဲ့ အားပေးလိုက်သော ပရိသတ်လက်ခုပ်သံများက -

မိုးထက်တိုင်လျှံလျက် -

ကော့ရက်ပိုဒ် ဒုတိယအကြော့တွင် -

လုပ်ပေးရမှာပေါ့ လုပ်ပေးရမှာပေါ့ တွင် ပရိသတ်များက လိုက်လံသီဆို နေလေပြီ။

ကိုယ့်ချစ်သူက တစ်စိမ်းမှမဟုတ်ပဲ၊ မင်းပျော်ရင်ပြီးရော မဟုတ်လား မင်း ကျေနပ်ရင်ပြီးရော မဟုတ်လား၊ လိုချင်တာ အားလုံးရစေမယ် သီဆိုမှုပြီးဆုံး သွားစဉ် နောက်တစ်ပုဒ် နောက်တစ်ပုဒ်ဟု ပရိသတ် တောင်းဆိုနေကြပြန်သည်။

ဟုတ်ကဲ့ နောက်တစ်ပုဒ်ကတော့ ရွှေသွေးလို့ အမည်ရပါတယ်ဟု



ကိုကြီးကျော်မှ အနောင့်လုပ်လိုက်ပြန်သည်။

အဆိုပိုဒ်အစ အုပ်စုအဆိုကို အမျိုးသားအဆိုရှင်သုံးဦးက ဖွင့်လိုက်ကြလေသည်၊

(ကောင်ကလေး ချောင်ထဲမှာ မင်းတစ်ယောက်တည်း ထိုင်လို့ကွာ !
လောကအလယ် မျက်နှာငယ် အရှုံးကြီးဖြစ်နေရပြီကွာ ) ၂

အုပ်စုနှစ်ကြော့အပြီး

(အရပ်ထဲကလည်း ငါ့ကို အထင်လည်းသေး၊ ငါမိုက်နေသေးလို့ပဲကွာ
ပတ်ဝန်းကျင်ကလည်း ငါ့ကိုပြောကုန်ပြီ အသိုင်းအဝိုင်းများကြား အလယ် အမေ့တော့ဖြင့် မျက်နှာလေးငယ်ငယ်)

ဧည့်သည်အဆိုရှင် သူ့ကို စတင်သီဆိုလိုက်စဉ်မှာပင် ပရိသတ်က အပြည့် အဝ အားပေးကြသည်ပင်

နောက်ဆုံးကော့ရက်ပိုဒ်

(အမေ့သားလူလေးလေ၊ သားလေး အမေရင်သွေးလေ
သားလူရွှေသွေးလေ အမေ့သား မမိုက်တော့ပါဘူးအမေ)

သီချင်းအဆုံး

(ကြွေရာကြွေကြောင်း အမေ့ကိုလည်းလေ
မလိမ္မာသူ၊ သည်မောင်သားမိုက်ကို၊ ခွင့်လွှတ်ပါ ကျေးဇူးရှင်
ဘဝတစ်လျှောက်လုံးလုပ်ကျွေးလို့ ပြုစုကာ သားစောင့်ရှောက်မယ်)

အပြီး အဆိုရှင်သုံးဦး အုပ်စုလိုက်

(ကောင်ကလေး ချောင်ထဲမှာ) နှင့် ညင်သာတိုးတိတ်သွားသော ဂီတ သံများအဆုံးတွင်

အားပေးသံများ ဆူညံလျက် -

ရင်မှာကျေနပ်မှုဖြစ်ရသည်ကတော့ အမှန်ပင် -

ထိုစဉ် အမျိုးသမီးငယ်တစ်ဦး စင်ပေါ်တက်လာပြီး နှင်းဆီပန်းတစ်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေးလာ၍ အယောင်ယောင် အမှားမှားနှင့် လှမ်းယူလိုက်မိလေသည်။ မင်းရဲ့ ပထမခြေလှမ်းမှာပဲ အောင်မြင်မှုရသွားပြီ။ မင်းက တကယ်ပါရမီရှင်ပဲဟု ခပ်တိုးတိုးပြောလာသော ကိုကြီးကျော်ကို ခွန်းတုန့်မပြန်ပဲ စင်ပေါ်မှ ဆင်းခဲ့လေတော့သည်။

ထိုင်ခုံအရောက် ဝကစ်မှ -

မောင်လေး တကယ်တော်တယ်ဟာ အဆိုတော်အစစ်ကြီး ဆိုနေသလိုပဲ ပိုးနှင်းဥမှ မျိုးမောင်ကတော့ တကယ်ကို အံ့ဩစရာတွေ လုပ်ပြနိုင်တဲ့သူပဲ အဆိုတော်ဖြစ်မှာ အသေအချာပဲ၊ ဝမ်းသာလိုက်တာဟယ် ဟုဆိုရင်း သူ့လက်ကို ဆွဲညှစ်လေသည်။

သူ့ဘေးမှ ဖြူဖြူသန့်သန့် အမျိုးသားကြီးမှ လက်ဆွဲနှုတ်ဆက်ရင်း ကိုယ့်ညီဟာ တကယ်ကိုပါရမီရှင်ပဲ ဟု ချီးကျူးစကားဆိုလာ၍ -

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဟု ပြန်ပြောလိုက်ရလေသည်။

အကြိန်အကြွတ်နေ့ မနက်ဆယ်နာရီခွဲခန့်တွင် ပြုံးရွှင်သော မျက်နှာဖြင့် သူတို့တည်းခိုဆောင်သို့ ကိုကြီးကျော်ရောက်လာပြီး .....၊

ညီလေး မောင်မျိုး လေးစားတယ်ကွာ၊

အခု ဒီဂီတပွဲစီစဉ်တဲ့သူက ငါ့ညီတို့ တစ်အုပ်စုလုံးကို နေ့လည်စာ ကျွေးချင်တယ်တဲ့ ဖိတ်ခိုင်းလိုက်လို့ .....၊

လာရမည့်နေရာကို သေချာမှာရင်း ဆယ့်တစ်နာရီထိုးပြီးတာနဲ့ ရောက်အောင်လာဖို့ ပြောပြီး အလျင်အမြန်ပြန်ထွက်သွားလေသည်။

ဂီတပွဲစီစဉ်သူ ကျွေးသော နေ့လည်စာတွင် အဆိုတော်များပါ စုံညီစွာ တွေ့လိုက်ရ၍ သူတို့အဖွဲ့ အနည်းငယ်ရှိန်သွားရလေသည်။

ဂီတပွဲစီစဉ်သူကို ကိုကြီးကျော်မှ မိတ်ဆက်ပေးသောအခါ ညက သူ့ဘေးနားမှ ဖြူဖြူသန့်သန့် အမျိုးသားကြီးမှန်းသိလိုက်ရပေတော့သည်။

ကိုယ့်နာမည် ဇေယျာမောင်ပါ၊ ပွိုင့် အနုပညာထုတ်လုပ်ရေးပိုင်ရှင်ပေါ့၊



ကိုယ်က အရည်အချင်းရှိတဲ့ အဆိုရှင်တွေကို ပွဲထုတ်ဖို့အားသန်တယ်လေ၊ ညက မျိုးလည်း ရိုက်ကူးရေးပါတယ်၊ ဒါကြောင့် ကိုယ့်ညီကို အခွေမှာ ထည့်သုံးဖို့ ခွင့်တောင်းတာပေါ့။

အခွေရဲ့တိုင်တယ်တောင် စဉ်းစားပြီးပြီ - လုပ်ပေးရမှာပေါ့လို့ ဘယ်လိုလဲ ကိုယ့်ညီ ခွင့်ပြုမယ်မဟုတ်လား ! တိုက်ရိုက်နားမလည်သောကိစ္စမို့ ယောင်ဝေတောင်တောင်ပင် -

ဟုတ်ကဲ့ ခွင့်ပြုပါတယ်၊ လုပ်ပါအစ်ကိုကြီးဟု ပြန်ပြောမိလေသည်။

ဘေးမှ အမျိုးသမီးအဆိုရှင်တစ်ဦးက -

ဟယ် ကံကောင်းလိုက်တာ လူသစ်တစ်ယောက်အတွက် ဒီလိုအခွင့်အရေးဆိုတာ မင်္ဂလာစုံတွဲ ပေါက်တာထက်တောင် ပိုမယ်ထင်တယ် ဟု ဆိုလာပြန်သည်။

အခြားတစ်ဦးမှဝင်၍ -

ထင်ပေါ်လို့ စင်တော်က ကောက်တာပေါ့နော်၊

ဟာ မဟုတ်ဘူး စင်ပေါ်မှာတော်လို့ ပွိုင့်ရဲ့ဟတ်ကို ထိသွားတာဟု ပြောလိုက်သော အမျိုးသားအဆိုရှင်စကားကြောင့် ပေါင်းစပ်ရယ်မောသံများက စားသောက်ဆိုင်မှသည် ပင်လယ်ပြင်ဆီသို့တိုင် ပျံ့နှံ့သွားဟန်ရှိလေသည်။

ကိုဇေယျာမောင်မှ -

ကိုယ့်ညီ ခွင့်ပြုတယ်ဆိုရင် ဒါလေးလက်ခံပါဟုဆို၍ ငါးထောင်ကျပ်တန် တစ်အုပ်ကို ထုတ်၍ သူ့ရှေ့စားပွဲပေါ်သို့ အသာအယာတင်လိုက်လေသည်။

ဟာ မလုပ်ပါနဲ့ဗျာဟု -

အလန့်တကြားငြင်းလိုက်မိသော သူ့ကိုကြည့်၍ ကိုကြီးကျော်မှ ညီလေး မောင်မျိုး ဒါ လာဘ်ဦး မပယ်ကောင်းဘူး ယူလိုက် ယူလိုက်ဆိုလေသည်။

ကိုဇေယျာမောင်မှ -

အိုကေ အားလုံးပျော်ပျော်ပါးပါး သုံးဆောင်ကြပါနော်

www.burmeseclassic.com

www.burmeseclassic.com



စကားသံအဆုံး ဖွန်းခရင်းသံများ ဆူညံသွားလေတော့သည်။တည်းခိုခန်းသို့ပြန်ရောက်ပြီး သူငယ်ချင်းခြောက်ယောက်ဝိုင်းဖွဲ့ထိုင်မိ စဉ် ပိုးနှင်းဥမှ

မျိုးမောင် နင်ကတော့ တကယ်ပဲ ဟု ဆိုလာ၍ တုန့်ပြန်စကားမဆိုပဲ ပင်လယ်ပြင် သို့သာ ငေးမောကြည့်နေလိုက်မိလေသည်၊ နှစ်သစ်၏ ပထမဆုံးနေ့ဖြစ်လာသော နှစ်ဆန်းတစ်ရက်နေ့တွင် သူတို့ အုပ်စု ရန်ကုန်ကိုပြန်ရောက်ကြသည်။

နောက်နေ့ တရားစခန်းမှ ထွက်ကြမည့် နွဲ့လေးငယ်တို့နှစ်ယောက်အား မနက်စောစောပင် သွားသွားကြိုဖို့ ပြင်ရပြန်သည်။

နေမျိုးမှ လိုက်ခဲ့ရဦးမလားဟု ဝတ္တရားကျေမေးလာ၍ သဘောပဲ ပြန်ပြောမိလေသည်၊

ငါအရမ်းပင်ပန်းနေတယ်ကွာ ဟိုက အပြန်လည်း နှစ်ယောက်ပါဦးမှာ ပစ္စည်းတွေနဲ့ မင်းဖာသာပဲ သွားလိုက်တော့ ဖြည်းဖြည်းမောင်းနော်ဟု ဆိုရင်း ပြန်အိပ်ရန်ပြင်နေသော နေမျိုးကိုကြည့်၍ ပြုံးမိရပြန်သည်။

ရိပ်သာရှေ့သူ့ကားရပ်ပြီး အဆင်းတွင် ချယ်သမှုကင်းသည့် ဝင်းဖန့်ဖန့်မျက်နှာတွင် ကြည်လင်သန့်ရှင်းသောအပြုံးနှင့် ချစ်သူမျက်နှာကို တွေ့လိုက်ရစဉ် ကြည်နူးကျေနပ်ခြင်းအဟုန်က ဟဒယနလုံးအတွင်းသို့ ညင်သာစွာစီးဆင်းသွားသည့်အလား ခံစားလိုက်ရလေသည်၊

အပြန်လမ်းကားပေါ်တွင် နွဲ့လေးငယ်မှ .....၊

မျိုးမောင် သင်္ကြန်ရက်မှာ တော်တော်ပျော်ရဲ့လား! အပျော်တွေထဲက ထူးခြားဖြစ်စဉ်လေးတစ်ခုလောက် ပြောပြမလား! ဆိုလာလျှင် .....၊

တုန့်ပြန်စကားမဆိုပဲ အပြုံးနှင့်ငြိမ်သက်နေမိလိုက်လေသည်၊

ရှင်ပိုင်းဖြူမှ ဟဲ့ မျိုးမောင် ဘာပြုံးတာလဲဟာ ချောင်းသာအတွေ့အကြုံလေး ပြောလေဟာ -

"နင်ကလည်းဟာ ခုပဲ တရားစခန်းကထွက်လာတယ်၊ ချောင်းသာကို



အတွေးရောက်သွားပြီလား၊ စခန်းတွင်းမှာရော ငါတို့အဖွဲ့ကိုသတိရနေသေးလားဟု အမေးစကားပြန်ဆိုလိုက်လေသည်။

ဟဲ့ဟဲ့ ရတယ်ဟ အမြဲတမ်းတွဲနေတဲ့သူငယ်ချင်းတွေကို သတိရတာပေါ့၊ ဒါပေမယ့် သတိရရင်ဩဒီသတိရစိတ်လေးဟာလည်း မမြဲဘူး ပျက်နေတာပဲလို့ တရားအသိလေးနဲ့နေလိုက်တာပေါ့ဟာ။

မြင့်လှချည့်လား! တစ်ခေါက်ပဲ စခန်းဝင်ရသေးတယ်၊ ငါးခေါက်လောက် ဝင်လိုက်ရင် တရားဟောဓမ္မကထိက လုပ်ဦးမလား မသိဟု ပြောလိုက်မိ၍ သုံးဦး သားပေါင်းစပ်ရယ်မောမိကြလေသည်။

ရှင်ပိုင်းဖြူမှ .....။

ညတရားဟောတဲ့ သီလရှင်ဆရာမကြီးကိုတော့ အားကျမိတာအမှန်ပဲ

ဆရာမကြီးလို ဟောနိုင် ပြောနိုင်ဖို့ကတော့ ဦးကျော်ပြောသလို ဆယ်နှစ် ဆယ်နှစ်တောင် မလွယ်ဘူးနော်

"အေးလေဟာ သစ္စာအသိတွေသိပြီး ရှိအောင်ကြိုးစားရင်း ကိလေသာတောမှာ အဝိဇ္ဇာဖုံးပြီး အကန်းမျှောမျှောနေကြတဲ့ တို့တတွေကို ဝိဇ္ဇာဉာဏ်မျက်လုံးနဲ့ မြင်နိုင်သိနိုင်အောင်လို့ သားသမီးတွေစွန့်၊ ဂုဏ်ပကာသန ဥစ္စာပစ္စည်းတွေစွန့်ပြီး သာသနာ့ဘောင်မှာ သစ္စာတရားတွေ လှိုင်လှိုင်ကြီး ဟောကြားနေတာကိုက တုနှိုင်းလို့မရတဲ့ ကြီးမြတ်တဲ့စွမ်းဆောင်ချက်လေ .....။

တစ်သိန်းမှာတစ်ယောက်တောင် လက်တွေ့လုပ်ဖို့မပြောနဲ့ စဉ်းတောင်စဉ်းစားမိကြမှာ မဟုတ်ဘူး၊ ငါ့သား၊ငါ့မယား၊ ငါ့ဥစ္စာ ငါပိုင် ငါဆိုင်တွေနဲ့ပဲ ဇာတိမှသည် ဇရာ မရဏဆီသို့ အကန်းလုံးလုံး ဆုံးခဲ့ရတဲ့ဘဝတွေကလည်း မရေတွက်နိုင်လောက်ဘူး" နွဲ့လေးငယ်မှ ပြောလက်စ စကားရပ်၍ သက်ပြင်းတစ်ချက်ရှိုက်သွင်းရင်း .....၊

တကယ်ကို လေးစားဦးခိုက်မမေ့အပ်တဲ့ ကျေးဇူးရှင်စစ်စစ်တွေပါပဲ၊

အားလုံးအတွေးကိုယ်စီနှင့် ငြိမ်သက်စွာပင် ရန်ကုန်သို့ပြန်ရောက်ခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



ရလေတော့သည်။

နွဲ့လေးငယ်တို့ အောင်စာရင်းကို မေလတစ်ရက်နေ့တွင် ထွက်သည်။ အံ့ဩလောက်အောင် နေမျိုးတို့ ယောက်ျားအုပ်စု ရှိးရှိးသာအောင်မြင်၍ နွဲ့လေးငယ်တို့ မိန်းကလေးအုပ်စုအားလုံး မာစတာတက်ခွင့်ရသည်။

အောင်စာရင်းကြည့်သည့်နေ့မှာပင် အငယ်လေးမှ .....၊

ကောင်းတယ်ကွာ၊ ငါက ကမ္ဘာပတ်ချင်တာ နောက်နေ့ကစပြီး ဆေလာလုပ်ဖို့ စကြိုးစားတော့မယ်ဟေ့ - မာစတာဝင်ရင် ဆုံးဖြတ်ရခက်နေဦးမှာ ဟု သူ့ဆန္ဒကို ကြွေးကြော်လေသည်။

တင်မောင်မှ -

ကဲ နေမျိုး မင်း အဘိုးကြီးဝယ်ထားတဲ့ မြေကွက်တွေမှာ တိုက်လှလှလေးတွေ ဖန်တီးပြီး ကန်ထရိုက်တာ ဦးဇင်မောင် -ဦးနေမျိုးဖြစ်အောင် လုပ်ပြလိုက်ကြတာပေါ့၊

ဝကစ်မှ

အေး ငါ့မောင်လေးတွေကြိုးစားကြ .....၊

အလုပ်ထဲမှာ အခက်အခဲရှိရင် မမတို့ မာစတာတန်းကို လာမေးကြလေ ဟု အပြော ဇင်မောင်မှ -

ဧ -က်ကန်းမဟု ရေရွတ်၍ မကျေနပ်ဟန်ပြလေသည်။

အရေးထဲ သူ့ကတစ်မျိုးဟု နေမျိုးမှ ရေရွတ်၍ ရယ်သံများ စုပေါင်းဆူညံစွာ မိုးယံသို့ ပြန့်လွင့်သွားလေသည်။

ထိုနေ့ ညနေပိုင်း မေမေထံ ဖုန်းဆက်အကြောင်းကြားလိုက်သောအခါ ဖေဖေမှ တည်ငြိမ်သောအသံအေးအေးဖြင့် မေ ငါးရက်ည ကားစီးလာမည်ဆို၍ မေ ခြောက်ရက်နေ့ မနက်စောစောပင် သူနှင့်နေမျိုး ကားဂိတ်ဆင်းကြိုလိုက်ကြသည်။

မေမေသည် နေမျိုးတို့အိမ်တွင် ခေတ္တမျှအနားယူပြီး နေမျိုးတို့ မိသားစု သုံးဦးနှင့် သူတို့သားအမိ နွဲ့လေးငယ်တို့အိမ်ဘက်သို့ ကူးခဲ့ကြသည်။



နွဲ့လေးငယ်တို့မိသားစုမှ ပျူငှာစွာ ကြိုဆိုပြီး မေမေနှင့် နွဲ့လေးငယ်မိဘနှစ်ပါး မင်္ဂလာကိစ္စအတွက် ဆွေးနွေးကြသည်။ နောက်ဆုံးတော့ နွဲ့လေးငယ်၏ ဆန္ဒအတိုင်းစီစဉ်ရန် အားလုံးက သဘောတူညီလိုက်၍ နွဲ့လေးငယ်၏ သဘောထားကို မေးကြရလေတော့သည်။

သမီးဆန္ဒအတိုင်းဆို အခုခေတ်စပ်တာပဲ လုပ်ချင်တယ် လက်ထပ်ပွဲကိုတော့ သမီး မာစတာပြီးမှ စီစဉ်ချင်တယ် မေမေဟု ဒေါ်အေးနွဲ့ကို ဦးတည်၍ဖွင့်ဟလေသည်။

ဒေါ်အေးနွဲ့မှ သမီးလေးသဘော စေ့စပ်ပွဲကိုလည်း ဘယ်မှာလုပ်ချင်လဲ သမီးဟုဆိုလျှင် .....။

သမီး ဟိုတယ်ကြီးတွေမှာ မလုပ်ချင်ဘူး၊ မိုးကုတ်အဖွဲ့ချုပ်ကြီးမှာ တရားအားထုတ်နေတဲ့ယောဂီတွေကို တစ်ရက်စာ ဆွမ်းကျွေးချင်တယ်၊ သမီး တရားစခန်းဝင်တဲ့ မော်ဘီက အမှတ် (၄) ရုမ်းအေး မိုးကုတ်မဟာရိပ်သာမှာ တရားအားထုတ်နေတဲ့ ယောဂီတွေကို တစ်ရက်စာ ဆွမ်းကျွေးချင်တယ်၊ နောက် နင်းဆီကုန်းက ဘိုးဘွားရိပ်သာတွေကို တစ်ရက်စာ ကုသိုလ်ပြုချင်တယ်။

ဟဲ သမီး သုံးနေရာကြီး ဧည့်သည်တွေကို ဖိတ်ဖို့က အားနာစရာ၊ ဆွမ်းအလှူလုပ်တဲ့သုံးရက်ကိုတော့ ရင်းနှီးသူတွေပဲ အကြောင်းကြားဖိတ်မယ်လေ။

သမီးတို့ခြံထဲမှာပဲ ညနေပိုင်းဧည့်ခံပွဲလေး ဧည့်သည်တွေအတွက် လုပ်ပေးလိုက်မယ်။

လိမ္မာလိုက်တဲ့သမီးလေး မေမေဝမ်းသာလိုက်တာသားရယ်၊

သားရှာပေးတဲ့ မေမေ့သမီးလေးက ရုပ်ကလည်းချော မနောကလည်းဖြူ၊ တရားစခန်းဝင်တယ်ဆိုတော့ သစ္စာအသိလည်းရှိ၊ သားကိုယုံကြည်စိတ်ချစွာနဲ့ သမီးလေးလက် အပ်လိုက်ပါပြီ၊ မေမေလည်း အသက်ရလာပြီသမီးရေ။

တရားစခန်းမှာပဲ အမြဲတမ်းယောဂီအဖြစ်နဲ့ ဘဝရဲ့နောက်ဆုံးအချိန်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ရင်ဆိုင်သွားချင်တယ်၊ သမုဒယနယ်မှာ စား၊ ဝတ်၊နေ၊ ရေးအတွက်ပေးခဲ့ရတဲ့ အချိန်တွေကို များလှပေ့၊ နားချင်ပြီ သမီးရယ်ဟု ဆိုလာသော ဒေါ်အေးနွဲ့စကားအဆုံး အားလုံးအတွေးကိုယ်စီနှင့် ငြိမ်သက်နေကြလေတော့သည်။

ဒီလိုနှင့် နွဲ့လေးငယ်ဆန္ဒများအတိုင်း ဆွမ်းအလှူသုံးရက်နှင့် ညနေပိုင်းဧည့်ခံပွဲပြီးသောအခါ နောက်ရက်မှာပင် ပြန်ရန်အတွက် မေမေက လက်မှတ်စီစဉ်နိုင်းလေသည်။

ရန်ကုန်မှာနေစဉ်ကာလအတွင်း မေမေစကားအများဆုံးပြောသူမှာ နွဲ့လေးငယ်သာဖြစ်လေသည်။ ပြန်ခါနီးမနက်ပိုင်းတွင်မှ .....၊

သား မောင်မျိုး သမီးလေး ဆန္ဒကို အကောင်းဆုံးဖြည့်ဆည်းနိုင်အောင်ကြိုးစားနော်၊ ဒီအသက်အရွယ်နဲ့ သမီးလေးသစ္စာအသိတွေက ရင့်ကျက်ပါ့၊ အသိကိုရှိအောင်လည်း နေ့စဉ်ပုံမှန်အားထုတ်တယ်၊ အတူနေစဉ်အမေသတိထားကြည့်တော့ - သမီးလေးက စားသတိ သွားသတိနဲ့ သစ္စာအလုပ်မှာ အတော်ကို အရှိန်ရနေပြီလို့ ခန့်မှန်းလို့ရတယ်၊ သား သမီးလေးစကားကို ဂရုပြုနော်၊ သားကိုအမေတော့ စိတ်ချထားလိုက်ပြီကွယ် - ဟု ဆိုလေသည်။

သူတို့နှစ်ဦး၏ မင်္ဂလာရက်ကိုလည်း နောက်နှစ်မတ်လ (၃) ရက်နေ့ကို သတ်မှတ်လိုက်ကြလေသည်။ ထိုစဉ်အခါက ထိုရက်သည်ပင် မိမိအတွက်ပြင်းစွာ ပူဆွေးဝေလောင်မြိုက်ခြင်းကြီးစွာ ခံစားရမည်ကို စိုးစေ့မှတွေးမထင်ထားခဲ့သည်ကအမှန်ပင်.....။

□ □ □ □ □

# အခန်း (၉)
# သမုတိတော၌ လင့်မျောခြင်းနေ့ရက်များ

ဟိုကောင် မျိုးမောင် ဘယ်မလဲဟု ဒေါ်သနှင့်အမေးစကားဆိုနေသည့်နေမျိုးဖခင်အသံကို အခန်းတွင်းမှကြားလိုက်ရသည်။ တတိယဗျူးသွားမဖြေသည့်ကိစ္စဟု ရင်မှသိထား၍ တစ်ကိုယ်တည်း ပြုံးမိရပြန်သည်။ အခန်းအတွင်းမှထွက်၍–

ဦး – ကျနော်ရှိပါတယ်ဟု လေပြေအေးနှင့် အနားတိုးသွားလိုက်မိသည်နောက်ဆုံးသုံးယောက်ထဲကျန်မှ ဘာစိတ်ကူးနဲ့ မင်းကအင်တာဗျူးသွားမဖြေတာလဲ–     ဟိုက ငါဆီဖုန်းဆက်ပြောတော့ ဘာပြန်ပြောရမှန်းမသိဘူး– ဒေါ်သနှင့်ဆူနေသော နေမျိုးဖခင်ကို မကြည့်ဘဲမြက်ခင်းပြင်သို့ ငေးရင်း အသာငြိမ်သက်နေလိုက်မိသည်

"ဟောကောင်– ပြောလေကွာ ဟုအမြင့်ဆုံးဒေါ်သသံကြောင့်

"ဟို– အဲဒီအလုပ်ကိုကျနော် မလုပ်သင့်တော့လို့ပါ.....၊

ဘာလဲ သီချင်းလေးနှစ်ပုဒ်အောင်မြင်သွားလို့ အဆိုတော်လုပ်မယ်စိတ်ကူးနဲ့ပေါ့ မရေရာလိုက်တာကွာ"

မဟုတ်ပါဘူးဦးရယ်– မိသားစုအရေးတွေနဲ့ ကျန်တဲ့နှစ်ယောက်ကိုအလုပ်ရစေချင်လို့ပါ။

ဘာကွ!

ရှင်ကလည်း ဒေါ်သချည်းဘဲ့– ကျမသားကို အဲလောက်မပြောပါနဲ့–ကဲလာ– အဖြစ်အမှန်ကို သားနေမျိုးပြောပြလို့ ကျမအကုန်သိပြီးပြီ– ရှင်ကို ကျမပြောပြမယ်ဟု ဆိုရင်း သူယောက်ျားကို လက်ဆွဲခေါ်သွားသော နေမျိုးမိခင်ကိုကြည့်ရင်းသက်ပြင်းတစ်ချက်ရှိုက်မိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နွဲ့လေးငယ်နှင့်သူသည် လူကြီးများရှေ့တွင် တရားဝင်စေ့စပ်ပြီးသားမို့ နွဲ့လေးငယ်အိမ်နှင့် အပြင်မှာပါ မကြာခဏတွေ့ ဖြစ်ကြလေသည်။

အတူဆုံတွေ့စဉ်အခါတိုင်း ဦးဆောင်စကားပြောသူမှာ နွဲ့လေးငယ်သာ ဖြစ်၍ သူကနားထောင်သမား သက်သက်ဖြစ်နေလေသည်။

စေ့စပ်ကြောင်းလမ်းပြီးသား ချစ်သူနှစ်ဦး၏ တွေ့ဆုံစဉ်တိုင်း ပြောကြသောစကားများကို အခြားသူများကြားလျှင် ရယ်ရွှင်ဖွယ်အတိဖြစ်မှာကတော့ အသေအချာပင်.....၊

သိပ်ချစ်တာပဲ -

အသက်နဲ့ထပ်တူပေါ့ -

ဘယ်တော့မှအမြဲ မခွဲခွဲမြဲချစ်နေမှာ - တို့ လုံးဝမပါ -

သစ္စာတရား၏ ဓမ္မများ -

ဓမ္မများ၏ တရားကိုယ် -

အကြောင်းကိုစွဲ၍ ကောင်းစွာအကျိုးဖြစ်ခြင်း -

အယူမှားခြင်းဖြစ်သော ဒိဋ္ဌိ၏ သဘောတရားများ -

စသည် စသည်တို့ကို သေချာလေးနက်စွာ ရှင်းပြတတ်သော နွဲ့လေးငယ်၏ စကားများကို အပြည့်အဝနားလည်နိုင်ခြင်းမရှိသော်လည်း မှက်မှတ်သားသားနဲ့ ရင်မှာစွဲကျန်ခဲ့သည်က အမှန်ပင်.....။

ပန်းခြံထဲရှိ အရိပ်ကောင်းသောနေရာများတွင်၎င်း၊

ဘုရားစောင်းတန်းထိုင်ခုံလေးများတွင်၎င်း၊

ကော်ဖီဘားများအတွင်း၌၎င်း၊

နွဲ့လေးငယ်တို့ခြံထဲမှ ထိုင်ခုံကလေးပေါ်တွင်၎င်း၊ တွေ့ဆုံကြတိုင်းကြားခဲ့ရသည်က သစ္စာတရားနှင့် ပါတ်သက်သောစကားများသာပင်။

ဆန့်ကျင်ဘက်ယောက်ျားနှင့်မိန်းမ တစ်ဦးကိုတစ်ဦး နားလည်ကြည်ဖြူ ချစ်နှစ်သက်ခြင်းအတိရှိခဲ့ကြသော်လည်း ကိုယ်၏သာယာမှုအတွက်



ဆန္ဒများကို ခိုးစေ့မှုမစဉ်းစားခဲ့ကြသည်ကတော့ နှစ်ဦးစလုံးပင်.....၊

နေမျိုးနှင့်ဖင်မောင်ပေါင်း၍ ဖန်တီးထားသော လုံးချင်းအိမ်ယာလုလုလေးများ၊ အဆင့်မြင့်လူနေတိုက်ခန်းများသို့ အကြောင်းတိုက်ဆိုင်၍ ရောက်ခဲ့ရသော်လည်း ကိုယ်နှင့်လားလားမှ မသက်ဆိုင်သလို.....၊

မှတ်မှတ်ရရ ကော်ဖီဆိုင်အတွင်း သူနှင့်နွဲ့လေးငယ် စကားလက်ဆုံကြနေစဉ် ဟာ- ကိုမျိုးမောင် တွေ့ချင်နေတာကြာပြီဗျာ-ဟု ဆိုလာသောစကားသံပိုင်ရှင်ကို မော့ကြည့်မိရာ ကိုသီဟာဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ကိုသီဟ- လာထိုင်တစ်ခုခုသောက်ဗျာ-

ကျနော်သောက်ပြီးပြီဗျ- အခုအထွက်မှ ခင်ဗျားတို့ကိုတွေ့လိုက်လို့ ဆိုရင်း နွဲ့လေးငယ်ကို စူးစမ်းဟန်နှင့်တစ်ချက်ငဲ့ကြည့်လေသည်။

ဩ- ဒါ ကျနော်နဲ့စေ့စပ်ထားတဲ့ ကျနော့်ချစ်သူပေါ့-

နွဲ့လေးငယ်တဲ့.....၊

နွဲ့လေးငယ် -ဒါမျိုးမောင်နဲ့ကျောင်းအတူပြီတာ

ကိုသီဟတဲ့.....၊

ဟုတ်ကဲ့ရှင်- တွေ့ရတာဝမ်းသာပါတယ်- နောက်လမ်းမှာဆုံရင်လည်းနှုတ်ဆက်ပါနော်-ဟု နွဲ့လေးငယ်က လောကဝတ်ဆိုလေသည်။

ဟုတ်ကဲ့ပါခင်ဗျာ- ဒီလူ ကိုမျိုးမောင် လူဆိုးဗျ-ဟု အရင်းအဖျားမရှိစကားဆို၍ သူရောနွဲ့လေးငယ်ပါ နောက်ဆက်တွဲစကားများကို မှန်းမျှော်ကြည့်မိကြသည်။

ဟို - လူဆိုးဆိုလို့ တမျိုးမထင်ပါနဲ့ .....၊

အလုပ်အင်တာဗျူးမှာ -နောက်ဆုတ်သွားတာကိုပြောတာပါ- သိပြီးသားကိုစွမို့ နွဲ့လေးငယ်ကအပြုံးနှင့် ငြိမ်သက်နေလေသည်။

ဟိုလူ ကိုငြိမ်းချမ်း အိမ်ထောင်ကျသွားပြီဗျ-

ဟင်- ဟုတ်လား- ကျနော်မသိလိုက်ဘူး-

www.burmeseclassic.com

www.burmeseclassic.com



အေးဗျ- ကိုမျိုးမောင် မှတ်မိမလားမသိဘူး-

ကျနော်တို့အလုပ်အတွက် ဖျူးစဉ်က တွေ့ရမယ့်အချိန်ပြောတဲ့ ဟိုမမ လှလှလေ .....၊

အေးဗျာ- တို့ငြိမ်းချမ်း အလုပ်ထဲရောက်ပြီး သုံးလလောက်မှာတစ် လက်ထပ်သွားကြတာဗျ-

လိုက်တယ်ဗျ- ကိုငြိမ်းချမ်းကလည်း လူချော- ဟိုအစ်မကြီးကလည်း လှတယ်ဗျ- သူတို့အိမ်ခွဲနေကြတယ်လေ- တစ်ရုံးတည်းလုပ်တဲ့ ကျနော်နဲ့ တောင် လက်ဖက်ရည်ဆိုင်ထိုင်ဖို့အချိန်သိပ်မပေးနိုင်တော့ဘူးဗျ- ဟဲဟဲဆို သော ကိုသီဟ စကားအဆုံး ဒဂုံမြို့သစ်မှ ကိုငြိမ်းချမ်း၏မိခင်အား မျက်စိတွင် သွားမြင်မိသည်ကတော့ အမှန်ပင်။

ကိုသီဟ မိဘတွေရောနေကောင်းကြရဲ့လား၊ဟု အမေးစကားဆိုလျှင် ကောင်းတယ်ဗျ- သူတို့က သားသမီးတွေ အားလုံးအားကိုးနေရပြီဆိုတော့- အခြားကိစ္စတွေသိပ်အလေးမထားတော့ဘူး၊ နေ့စဉ်တရားနာ၊ တရားထိုင် သူတို့ လင်မယားနှစ်ယောက်တရားဆွေးနွေး၊ အေးဆေးဘဲဗျ။

ဟင်- ဟုတ်လား နွဲ့လေးငယ်တွေ့ဖူးချင်လိုက်တာ .....၊

ကဲ- ကိုမျိုးမောင် အဖေနဲ့အမေကလည်း ခင်ဗျားကို တွေ့ချင်နေတာဗျ ကျနော်နဲ့ကိုငြိမ်းချမ်းအလုပ်ရဖို့ နောက်ဆုတ်သွားတာကိုသိပြီး၊ ဒီခေတ်အခါမှာ ရှားရှားပါးပါး သူတော်ကောင်းလေးတဲ့၊ အဲ ခင်ဗျား ချောင်းသာမှာဆိုတဲ့ သီချင်းခွေကို ကျနော်ပြတော့- ဒီကလေးက ဘယ်နေရာမှာ ဖြစ်ဖြစ်ရှေ့ရောက် မှာဘဲတဲ့လေ- စေတနာသည်ကတဲ့- အိမ်ရောက်ရင် ခင်ဗျာတို့နဲ့ဆုံတာ ကျနော် ပြောပြလိုက်မယ်၊ အစဉ်ပြေရင် ဟို မနွဲ့လေးငယ်ပါခေါ်ပြီး သွားတွေ့လိုက်ပါ အုံးဗျာ၊ တစ်ခါသာ ဆုံရပေမယ့် အဖေနဲ့အမေက ခင်ဗျားကို သံယောဇဉ်ဖြစ်နေ တာဗျ။

အလုပ်တွေကရှိသေးတယ်၊ ကျွန်တော်ကို ခွင့်ပြုပါဦးဆိုရင်း ထွက်သွား



သော ကိုသီဟကို ငေးကြည့်ရင်း တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချလိုက်မိလေ သည်။

နွဲ့လေးငယ်လာမယ့်အင်္ဂါနေ့ ကျောင်းဘယ်နှစ်ချိန်ရှိလဲဟင်၊

အင်္ဂါနေ့ အင်္ဂါနေ့က မနက်ပိုင်း တစ်ချိန်ပဲရှိတယ်၊ ဘာလို့လဲဟင် ဒါဆို အင်္ဂါနေ့ နွဲ့လေးငယ်ကို မျိုးမောင်လိုက်ပို့မယ်၊ အဲဒီတစ်ချိန်ပြီးရင် မျိုးမောင်နဲ့လိုက် ခဲ့ဦးနော်ဟုဆိုလျှင် နွဲ့လေးငယ်က အပြုံးနှင့်ခေါင်းငြိမ့်လေသည်။

နေမျိုးနှင့် ဖင်မောင်ကိုခေါ်၍ အနော်ရထာလမ်းပေါ်ရှိ ဟောင်ကောင်ပုံ မြေညီထပ်အခန်းတစ်ခန်းဝယ်မည်ဆိုသောအခါ မင်းက ဘာလုပ်ဦးမလို့လဲဟု မေးလာသော နေမျိုးကို အဖြေစကားမဆိုပဲ တိုက်ခန်းအနေအထားကို ဘယ်လိုလဲဟု ပြန်မေးလိုက်လေသည်။

ဒီခေတ် ဒီအခါမှာ ဒီအနေအထားမျိုး သိန်းလေးရာငါးဆယ် ဆိုတာ နှစ်ဘက်မျှပါတယ်ဟု ပြော၍ လာမယ့်တနင်္လာနေ့တွင် ငွေအပြီးချေပါမည်ဟု တိုက်ခန်းပိုင်ရှင်အားပြော၍ ပြန်ခဲ့ကြလေတော့သည်။

တနင်္လာနေ့ ဘဏ်ဖွင့်ချိန်တွင် သူ့စာအုပ်ထဲမှ သိန်းနှစ်ရာထုတ်သော အခါ နေမျိုးက နားမလည်ဟန်ဖြင့် ငေးကြည့်နေသည်ကို မသိကျိုးကျွံပြုထား လိုက်လေသည်။ မနက်ပိုင်း ဆယ့်တစ်နာရီအချိန်မှာပင် အခန်းရောင်းဝယ်စာချုပ် လွှဲပြောင်းခြင်းကိစ္စများ ပြီးသွားလေသည်။

စားပွဲ၊ ထိုင်ခုံ၊ ကောင်တာ၊ ဘီရိုအစရှိသည်တို့ အပြင် အခန်းနံရံတွင် အေးငြိမ်းသာယာမှုအတိရှိသော ပန်းချီကားများဖြင့် အလှဆင်လိုက်သောအခါ အသင့်ရောင်းချနိုင်သော အဆင့်သို့ ရောက်ရှိသွားလေတော့သည်။

အလူမီနီယံနှင့်ပြုလုပ်ထားသော ဘုရားကျောင်းဆောင်နှစ်ဆောင်ကို အပေါ်ထပ်အောက်ထပ်နေရာချ၍ ပူဇော်လိုက်သောအခါ အရာအားလုံး ပြီးပြည့်စုံ သောအခြေအနေသို့ ရောက်ရှိသွားလေသည်။

ပင်ပန်းသွားကြပြီလား ! ကျေးဇူးကွာ -

www.burmeseclassic.com

www.burmeseclassic.com



လာ တစ်ခုခုသွားစားကြရအောင်ဟု သူခေါ်လျှင် နေမျိုးမှ နားမလည်ဟန်အကြည့်တစ်ချက်လွှတ်၍ ပြုံးနေပေမယ့် တင်မောင်မှ -

စားတယ်ကွာဟု ဆိုရင်း သူ့ခေါင်းသူကိုင်ပြလေသည်။

မင်းဘာဆိုင်ဖွင့်ဖို့လုပ်နေတာလဲဟု စားရင်းမေးလာသော နေမျိုးကို

မနက်ဖြန်ညနေကျ ပြောပြမယ်ဟု အပြုံးစကားဆိုလိုက်၍ မကျေလည်ဟန် အသံထွက်လာသော ဖင်မောင်ကြောင့် သုံးဦးသား အတွေးကိုယ်စီနှင့် ပြုံးလိုက်ကြရလေသည်။

အင်္ဂါနေ့ မနက်စောစောပင် နွဲ့ဖလေးငယ်ကို ကိုယ်တိုင်ကားမောင်း၍ ကျောင်းသို့ပို့ပေးပြီး အတန်းချိန်ပြီးအောင်စောင့်နေလိုက်လေသည်။ အတန်းပြီးချိန်တွင်တော့ နွဲ့ဖလေးငယ်နှင့်အတူ ခင်ငြိမ်းစံ၊ ရှင်ဝိုင်းဖြူ၊ ပိုးနှင်းဥတို့ သုံးဦးပါ အတူတွဲတွေ့လိုက်ရ၍ အံ့သြဝမ်းသာမိရပြန်သည်။

မောင်လေး မမတို့ကို ဘာများဒါနပြုချင်လို့ပါလဲကွယ် -

ပါရမီဖြည့်ဖို့လုပ်ပေးရမှာပေါ့ ဟုဆို၍ -

ပိုးနှင်းဥမှ -

တော်ကြီးကျဖို့ပဲ အမြဲတွေးနေတယ်၊ ဆိုလိုက်၍ ခင်ငြိမ်းစံမှ ကိုယ်ဖာသာကိုယ်တော်တာ ဘာဖြစ်လဲ -

တော်စမ်းပါဟယ် ဟု ရှင်ဝိုင်းဖြူမှ ဝင်ဟန့်လိုက်၍ ခေတ္တမျှ အသံတိတ်သွားလေသည်။

ကဲ မျိုးမောင် အစီအစဉ်အတိုင်းသာလုပ် ဟု နွဲ့ဖလေးငယ်ပြောလာ၍ ကားစက်နှိုးကာ သူတို့တစ်ဖွဲ့လုံးတက်ရန် လက်ဟန်ဖြင့် ပြလိုက်လေသည်။

နေပါဦး ယုန်မရယ် အဲဒီအစီအစဉ်ကို တို့ကြိုသိလို့မရဘူးလားဟင် ဟု ဝကစ်မှ ဆိုလာ၍ နွဲ့ဖလေးငယ်မှ

"သူ့မေး သူဘာတွေစီစဉ်တယ်ဆိုတာ နွဲ့ဖလေးငယ်လည်း မသိဘူး" ဟု ပြောလေသည်။



အဆိုတော် မောင်လေးရယ် မမတို့ကို ပြောပြမှာလားဟင်၊ အရွှမ်းစကားဆိုလာသော ဝကစ်ကို

"မကြာခင်မှာ တွေ့ရတော့မှာပဲ ဘာဖြစ်မလဲ ဘာလုပ်မလဲလို့ အတွေးနဲ့ပဲ ခဏစောင့်လိုက်ပါဦး" ဟု သူပြောလျှင်

ဆန်းထွေ့လို ပဟေဠိနန်းတော်လုပ်နေပြန်ပြီဟု မကျေလည်ဟန်ဆို၍ ငြိမ်သက်သွားလေတော့သည်။

ဒဂုံမြောက်ပိုင်း ကိုငြိမ်းချမ်းတို့အမေအိမ်ရှေ့ ကားရပ်ပြီးသူနှင့်အတူ နွဲ့ဖလေးငယ်တို့အုပ်စု အတူဝင်သွားမိလျှင် -

ဟယ် - သားမောင်မျိုးမဟုတ်လား၊ သူငယ်ချင်းတွေလည်း ပါလာတယ်ပေါ့၊ လာလာ -အမေ နန်းကြီးသုတ်ကျွေးမယ် -ဟုဆိုလာသော ကိုငြိမ်းချမ်း မိခင်ကြီးအား ကြည့်ရင်း မိတ္တီလာမှ အမေကြီးကို သတိတရဖြစ်မိရပြန်သည်။

ဦးရော - အန်တီ၊

ရှိတယ် - အဖေကြီးရေလာပါအုံး - ဒီမှာရှင့်သားသူငယ်ချင်းတွေ ရောက်နေတယ်ဟု အသံပြုလေသည်။

ဟေ့ -ဟုအသံပြု၍ ဥပတိရုပ်သန့်သန့် ကိုငြိမ်းချမ်းအဖေဖြစ်သူကို ဖော်ရွေဟန်နှင့် တွေ့လိုက်ရလေသည်။

ကိုငြိမ်းချမ်းမိခင် ကျွေးသောနန်းကြီးသုတ်ကိုစားရင်း ဝကစ်မှ -ကောင်းလိုက်တာဟယ် - ဒီလိုမျိုးနန်းကြီးသုတ်ကိုစားရဖို့ မလွယ်ဘူးဟုဆို၍ ထပ်လိုချင်သေးရင်ပြောနော်သမီးဟုဆိုလာ၍ အားလုံးပြုံးမိရပြန်သည်။

ဦးနဲ့အန်တီဆိုင်ကို အခြားတစ်ယောက်နဲ့ ထားခဲ့လို့ရမလားဟင်ဟု အမေးစကားဆိုလျှင် .....၊

ဘာကိစ္စရှိလို့လဲသား - ထားခဲ့လို့ရပါတယ်ဟု -ဆို၍ ဒါဆို - ဦးနဲ့အန်တီ အဝတ်လဲပြီး ကျနော်တို့နဲ့ ခဏလိုက်ခဲ့ပေးပါလား -ဟုထပ်ပြောလျှင် တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာ တစ်ဦးကြည့်၍ အဝတ်လဲရန်ထွက်သွားကြလေသည်။

ကားပေါ်တွင် ကိုငြိမ်းချမ်းမိခင်မှ-

ဘာများလဲသားရယ်- သားငြိမ်းချမ်းနဲ့များပတ်သက်နေလားကွယ် သူပြုံး၍-"ဟုတ်ကဲ့- ပတ်သက်ပါတယ်- ပြောလိုက်၍ စိုးရိမ်ဟန်မျက်နှာထား အား နောက်ကြည့်မှန်မှ တွေ့လိုက်ရ၍ မစိုးရိမ်ပါနဲ့အန်တီရယ်- ကောင်းတဲ့ ပတ်သက်ခြင်းပါဟု လေပြေထိုးနှစ်သိမ့်လိုက်ရလေသည်။

အနော်ရထာလမ်းရှိ သူဝယ်ယူထားသော ဆိုင်ခန်းအားသော့လှပ်၍ အထဲကိုအားလုံးဝင်လိုက်ကြလေသည်။

ဒါအမေဆိုင်ဖွင့်ဖို့-ဟုသူ့စကားကို နားမလည်ကြည့်နေသော ကိုငြိမ်းချမ်းမိခင်ကြီးအား ကဲ့- ဦးရောအမေပါထိုင်ပါအုံး.....।

ဒါအမေ့သား ကိုငြိမ်းချမ်းက အမေတို့အတွက်ဝယ်ပေးထားတာလေ- အမိပ္ပါယ်မရှိတာ-ဟု ဆိုလိုက်သော ကိုငြိမ်းချမ်းဖခင်အား ပြုံးပြပြီး ဒီလိုလေဦးရဲ့ ကျနော့်ကိုလည်း ဦးသားကိုငြိမ်းချမ်းလိုသဘောထား- အဲလိုဆိုတော့ ကျနော် ဝယ်ပေးတာလည်း ကိုငြိမ်းချမ်းဝယ်ပေးတာနဲ့ အတူတူပေါ့- ဒီမှာ ဒီဆိုင်နဲ့ ပါတ်သက်တဲ့ စာချုပ်စာတန်းတွေ ဩ ခဏဟုဆို၍ ပါကင်တွင် ရပ်ထားသော ဆာလာ အိတ်အတွင်းမှ ငွေသိန်းတစ်ရာ ထုတ်အားသွားယူပြီး ကိုငြိမ်းချမ်းမိဘနှစ်ပါးရှေ့ တွင်ချကာ လက်အုပ်ချီ၍ ကန်တော့လိုက်လေသည်။

ဘာတွေလဲကွာ၊ ဦးတော့ လုံးဝနားမလည်တော့ဘူး- နေပါအုံးလူလေး က သားချမ်းတို့အလုပ်ရဖို့အတွက် အင်တာဗျူးလာမဖြေဘူးဆိုတဲ့ သူငယ်လား၊

အပြုံးနှင့်ဟုတ်ပါတယ်- အမေသိပ်မျှော်လင့်တဲ့ ကိစ္စကိုအဆင်ပြေ အောင် သွားမဖြေခဲ့တာပါ၊ အခု ကိုငြိမ်းချမ်းအခြေအနေကို ဟိုနေ့က ကိုသီဟ နဲ့တွေ့လို့ သိလိုက်ရလို့- ကျနော်ကသိုလ်ယူတာပါ၊ ကိုငြိမ်းချမ်းကိုယ်စားပေါ့။

ဒါတွေကို ဦးတို့ ဘယ်လိုပြန်ဆပ် .....।

ပြန်ဆပ်စရာမလိုပါဘူးဦးရယ်-သားသမီးက မိဘကိုစောင့်ရှောက်တာ



တဲ့- ကဲ နောက်မှအေးဆေးပြောကြရအောင်ပါ။

အမေရဲ့အကောင်းဆုံးလက်ရာကို ဒီလူစည်ကားတဲ့ ရန်ကုန်မြို့လယ် မဝင်မှာ ပြဘို့ဘဲစီစဉ်ပါတော့၊ ကျနော်နောက်ထပ်လုပ်စရာလေး ကျန်သေးလို့ အခုအမေတို့ကိုပြန်ပို့ ပေးမယ်နော်-

လမ်းတွင် ကိုငြိမ်းချမ်းမိခင်မှ .....।

အမေဘာပြောရမှန်းမသိတော့ဘူး- ပြောစရာစကားတွေဆွံ့အကုန် ပြီထင်ပါရဲ့ကွယ်-ဟုဆိုလာ၍ အားလုံးသက်ပြင်းကိုယ်စီချမိကြတော့သည်။

ကိုငြိမ်းချမ်း၏ မိဘနှစ်ပါးအား ဒဂုံမြောက်နေအိမ်သို့ ပြန်ပို့ပေးပြီး မြောက်ဥက္ကလာပ ဥက္ကာ (၅) လမ်းရှိ ကိုသီဟအိမ်ဖက်သို့ ဆက်လက်ထွက်ခွါ လာခဲ့သည်။

အိမ်ထဲရောက်ရောက်ခြင်း .....।

သား- ကိုမျိုး သူငယ်ချင်းတွေပါ ပါလာတာလား၊ လာလာ- ထိုင်ကြ ဟုပျူငှာစွာကြိုဆိုလိုက်သော ကိုသီဟမိခင်ကြောင့် မောပန်းခြင်းအချို့ ပြေပျောက်သွားသလိုခံစားလိုက်ရသည်။

ဦးနဲ့ဒေါ်ဒေါ်ခင်ဗျာ- သူတို့တွေက ကျနော့်သူငယ်ချင်းတွေပါ-

သူကတော့ ကျနော်နဲ့စေ့စပ်ထားတဲ့ ကျနော့်ချစ်သူပါ- ဝကစ်တို့ သုံးယောက်ကို မိတ်ဆက်ရင်း နွဲ့လေးငယ်ကိုပါ သီးခြားခွဲ၍ ကိုသီဟမိဘနှစ်ပါး နှင့် မိတ်ဆက်ပေးလိုက်သည်။

ဩ -ဟုတ်လား- သားသီဟကပြောတယ်- ဟိုတစ်ရက်က သားတို့ နှစ်ယောက်နဲ့ ဆုံဖြစ်တယ်လို့- ကိုသီဟမိခင်မှစကားပြန်စဉ်မှာပင် ကားဆီမှ သိန်းတစ်ရာငွေထုတ်အား သွားယူလိုက်လေသည်။

ဦးနဲ့ဒေါ်ဒေါ်ကို ကျနော်ကန်တော့ပါရစေ .....।

အို ဘာအတွက်လည်းသားရယ်- ဒါကဘာတွေလဲ အမေတို့နားပြည့်စုံ ပါတယ်သားရယ် .....।

www.burmeseclassic.com

www.burmeseclassic.com



ကျနော်ဘဝရဲ့ အတိတ်ကအရိပ်အိမ်မက်တွေဟာ နေရောင်မှာပျောက်ကွယ်ရမယ့်မြူနှင်းတွေလို အဖြစ်မျိုးကနေ ခိုင်မာတဲ့ယုံကြည်မှုရအောင် ဦးပြောပြလိုက်တဲ့ ဆရာတော်ကြီးကို အကြောင်းပြုပြီး ခိုင်မာတဲ့ ယုံကြည်မှုရခဲ့ရပါတယ်

အခုကျနော်ကန်တော့တဲ့ ငွေကြေးဟာ ကြားခံပစ္စည်းအနေနဲ့သုံးဖို့အတွက်ပါ- စားဝတ်နေရေးပြည့်စုံနေရင်တောင် သစ္စာတရားကို အခြေခံတဲ့ ဒါနတွေအတွက် လှူနိုင်တာပေါ့- လက်ခံပေးပါခင်ဗျာ .....၊

အေး - သားပြောတာသဘာဝကျတယ်၊ လက်ခံပေးပါမယ်၊ သာဓု သာဓု သာဓုပါသားရယ်၊ ကြေနပ်ကြေကွဲခြင်းရောနေသော သာဓုခေါ်သံကြောင့် သူ့ရင်မှာ စူးနင့်သောဝေဒနာတစ်ရပ်ခံစားလိုက်ရလေသည်။

ကိုကြီးကျော် နှုတ်ဆက်ပြန်သွားချိန်တွင် နေမျိုးမှ .....၊

အေးလေ မိုးရွာတုန်းရေခံလေကွာ- မင့်ကဘာကြောင်နေတာလဲ-သောက်ရူး-

ခွန်းတုန့်မပြန်ဘဲ အသာငြိမ်နေလိုက်မိလေသည်။

နံရံတွင်ချိတ်ဆွဲထားသော ဂစ်တာကိုဖြုတ်၍ကြိုးညှိပြီး ဖလက်တ်အဖျားနှင့် ဂစ်တာကိုအထိ အသွားအပြန်လိမ့်လုံးလေးများ ဆော့ကစားလိုက်သောအခါ-

"မင့်ကအတီးလည်းဖြစ်တာပဲ- ဟုဆိုလာသောနေမျိုးအား -

ကိုကြီးကျော်လက်ထွက်လေကွာ- ဆိုလိုက်၍ -

သူ့ခေါင်းကိုလက်ဖြင့်ပုတ်ပြီး ဒီကိစ္စကို မြန်မြန်အကောင်အထည်ဖော်ဟုဆိုကာ ရေချိုးခန်းထဲဝင်သွားသော နေမျိုးကြောပြင်ကိုကြည့်ရင်း သက်ပြင်းတစ်ချက် အသာအယာရှိုက်သွင်း၍ ဂစ်တာကိုမွေ့ယာပေါ်ချထား လိုက်မိလေသည်။

ထိုနေ့ညပိုင်းမှာပင် နေမျိုးဖခင်ခေါ်သဖြင့် နှစ်ယောက်သားတစ်ဖက်တိုက်သို့ ကူးသွားရပြန်သည်။



နေမျိုးဖခင်မှ -

ကဲ- သားမင့်ဘာလုပ်မယ် စိတ်ကူးထားလဲ-

နေမျိုးကိုမေးသည်အထင်နှင့် အသာငြိမ်နေလိုက်သည်။

ဟေ့ကောင် မေးနေတယ်လေကွာ၊ ဟုလေသံ အနည်းငယ်မာလာ၍ နေမျိုးအား လှမ်းကြည့်မိလိုက်သည် သူ့ကိုကြည့်မနေနဲ့ သူက ဆောက်လုပ်ရေးလုပ်ငန်းနဲ့ လမ်းတောင်တန်းနေပြီ၊ မင့်ကိုမေးတာဟုဆိုမှ တုန့်ပြန်ဖြေကြားရန်စကားရှာမရဖြစ်နေလေသည်။

နေမျိုးဖခင်မှ -

သီချင်းဆိုမှာလား၊ ဒါဆိုရင်လဲ လုပ်တော့လေ- ပရိတ်သတ်နဲ့ဆက်မိနေတုန်း .....၊

ကျနော်တစ်ကယ်အဆိုတော်ကြီး မလုပ်ချင်ဘူးဖြစ်နေတယ်၊ အေးကောင်းတယ်- ဦးငယ်က သူတို့ကုမ္ပဏီ စက်ရုံမှာ ရုံးခွဲဖွင့်ဖို့စီစဉ်နေတယ်။ အဲဒါမင့်ကို ကွန်ပျူတာနဲ့ရော စိတ်ချရတဲ့လူရင်းတစ်ယောက်အနေနဲ့ပါ လွှတ်ချင်တယ်ပြောတယ်၊ ဟိုက ရှယ်ယာတရုတ်သူဌေးလာပြီး ဖျူးမယ်တဲ့ မင်း စပီကင်ရော ရရဲ့လား၊

ဟုတ်ကဲ့ ကျနော်သင်တန်းတက်ထားပါတယ်-

အေး အလုပ်ကမရသေးဘူး- မိန်းမယူဖို့ကသေချာနေပြီ- မင့်မိဘကဘယ်လောက်ပဲ ငွေကြေးပြည့်စုံဦးတော့ အိမ်ထောင်ရှင်- အိမ်ထောင်ဦးစီးတစ်ယောက်အနေနဲ့ ပုံမှန်ဝင်ငွေရှိတဲ့ အလုပ်တော့ရှိသင့်တယ်ထင်တယ်-

အခုလိုပြောနေလို့ မင့်စိတ်ထဲမှာ တစ်မျိုးမထင်နဲ့ -နေမျိုးအမေကသားတစ်ယောက်ထဲမို့ -သမာဒေဝ နတ်ကောင်းနတ်မြတ်တွေက သားတစ်ယောက်ထပ်ပေးတာတဲ့- ဝမ်းနဲ့မလွယ်ပေမယ့် သူ့သားနေမျိုးထက်လျော့ပြီးမချစ်ဘူး- ငါလည်း ဒီလိုပါပဲ- ဘဝရေစက်တွေထင်ပါရဲ့ ဦးပြောတာသဘောပေါက်ရဲ့လား-

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ကဲ့ - ကျနော်သဘောပေါက်ပါတယ် - အဲဒီအလုပ်ကို ကျနော် လုပ်ပါမယ်ဆိုလိုက်စဉ် နေမျိုးမိခင်မှဝင်၍ -

တွေ့လား - ကျမသားကအလိမ္မာလေးပါ - ဟုဆိုလိုက်၍ လေးဦးသား ပြုံးမိရပြန်သည်။

အေးအေး - အဲဒါပါဘဲ - သွားကြတော့ သွားကြတော့ ဆိုလာ၍ သူတို့ နှစ်ယောက်နေထိုင်ရာ တစ်ဖက်တိုက်သို့ အလျင်အမြန်ပြန်ကူးလိုက်ဖြစ်ကြသည်။

နေမျိုးမှ အိပ်ယာပေါ်လှဲရင်း .....၊

ဘာလဲ - စက်ရုံသွားရမှာမို့ လုပ်မယ်လို့ဖြေလိုက်တာလား၊ အဖြေစကားပြန်မဆိုမှ အေးလေ - သွားပေါ့ကွာ၊ အမြဲနေရမှာမှမဟုတ်ဘဲ၊ နွဲ့ဖလေးငယ်ပါ ခေါ် - ဟိုမှာနှစ်ယောက်အလုပ်နဲ့ဆို ထောပြီပေါ့၊ ဟုထပ်မံဆိုလာ သော နေမျိုး စကားကိုလည်း ခွန်းတုန့်မပြန်မိ .....၊

ဒီအကြောင်းကို နွဲ့ဖလေးငယ်ကို ပြောပြရမည်ဟု အတွေးသည်သာစိတ်မှာရောက်နေမိသည်။ နှစ်ဦးသားတွေ့ကြစဉ် နေမျိုးဖခင်စီစဉ်သည့်အလုပ်ကိစ္စအား ပြောပြမိလျှင်

"ကောင်းသားဘဲ မျိုးမောင် ဆန္ဒရှိရင်လုပ်ပေါ့ - အခုရက်ချင်းကြီးလား၊"

"မသိဘူးလေ"

"ဟင် ဘာမသိတာလဲ"

"ဘာမသိမှန်းကို မသိတာ"

အိမ်ရောက်မှ မေမေတို့ကို ပြောပြလိုက်မယ်လေ - ဟု မိတ္ထီလာက မေမေဆီလည်း ဖုန်းဆက်အကြောင်းကြားဦးပေါ့ - အချိန်ကိုက်ပဲ နေမှာပါ"

ဘာကိုအချိန်ကိုက်တာလဲ နွဲ့ဖလေးငယ် -

သြ နွဲ့ဖလေးငယ် မာစတာပြီးချိန်နဲ့ ပြောတာပါ .....။

နှစ်ဦးသားစကားသံတိတ်၍ အတွေးကိုယ်စီနှင့် ငြိမ်သက်ခဲ့ကြရလေသည်။



သား - ပိုင်စိုးမောင်

ဖျာ - ပါပါကြီး

အေး - ပါပါကြီးနားလာအုံးကွာ - သားကိုပြောစရာရှိတယ်။

အခုပြောတဲ့အကြောင်းဟာ ပါပါကြီးအတွက်ရော သားအတွက်ပါ အရေးကြီးတယ် - ဒါကြောင့် ငါ့သား သေချာနားထောင်ပေးပါ။

ဟုတ်ကဲ့ ပါပါကြီး

ဟို - နွဲ့ဖလေးငယ်နဲ့စေ့စပ်လိုက်တဲ့ သူငယ်သိတယ်မဟုတ်လား၊

"သိတာပေါ့ - သားကိုပညာပေးလိုက်တဲ့သူလေ"

"သားသူ့ကို လက်တုန့်ပြန်ဖို့ စိတ်ကူးမရှိဘူးလား၊

ဟင် ဘာလို့ ဒီလိုမေးတာလဲ ပါပါကြီး -

သားစိတ်ကို သိချင်လို့ပါ၊

ပိုင်စိုးမောင် သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

သားအရင်က ဖိုက်တာနော် - ဖာမဏီလိုပေါ့ - အမွေးတစ်ပင်အကျွတ်ခံတာမဟုတ်ဘူး၊ ပွဲတော်တော်များများလည်း သားကပဲ တီးခဲ့တာ များပါတယ် - သူနဲ့တွေ့မှ သားအတွက် ပထမဆုံးကျဆုံးခြင်းပဲ ဒါပေမဲ့ အံ့သြစရာကောင်းတာ သား သူ့ကို လက်စားချေချင်စိတ်မရှိတာပဲ ပိုင်စိုးမောင်စကားအဆုံး ဦးဘမောင်မှ

တကယ်လားသား -

တကယ်ပါ ပါပါကြီး သား တကယ်ပြောတာပါ၊

ဟင်း လောကကြီးက တစ်ခါတစ်ခါမှာ မယုံနိုင်လောက်အောင် ထူးဆန်းတယ်သား - အခု ပါပါကြီးပြောတာကိုသာ သေချာနားထောင်ပါ။

ဦးဘမောင်မှ ဖြစ်ကြောင်းရယ်မှ ကုန်စင်ကို လေသံအေးအေးလေးနှင့် ပြောပြလိုက်သောအခါ ပိုင်စိုးမောင်မှ .....၊

အဲဒါတွေတော့ သားမသိဘူး ပါပါကြီးဟာ သားအဖေရင်းမဟုတ်ဘူးဆိုတာတော့ သားသိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟင် သားသိတယ် သားက ဘယ်လိုသိတာတုန်း

ဟို (၁၅)လမ်းထဲက မာမားအမျိုးလို့ပြောတာပဲ ဦးကျင်စွံလေ -

သူပြောပြတာ ဒီအကြောင်းကို ပါပါကြီးမသိပါစေနဲ့တဲ့ သိရင်သူ့ကို သတ်လိမ့်မယ်တဲ့၊ ပါပါကြီးကိုတော့ တော်တော်လန့်ပုံရတယ်။

ဒါပေမယ့် သားဟာ ပါပါကြီး သားမဟုတ်ဘူးဆိုတာဘဲ သိတာပါ။

ဟို မျိုးမောင်ဟာ ပါပါကြီးသားအရင်းဆိုတာ အခု ပါပါကြီးပြောပြမှ သိရတာပါ၊ အဖေအရင်းမဟုတ်ဘူးဆိုပေမယ့် ပါပါကြီးက သားကို သိပ်ချစ်တာ သား သိပါတယ်၊ သားလည်း သိတတ်စအရွယ်ကတည်းက အဖေနဲ့အမေ နှစ်ယောက်ပေါင်းရနိုင်မဲ့ ကြင်နာမှု နွေးထွေးလုံခြုံစွာပေးခဲ့တဲ့ ပါပါကြီးကို လေးလေးစားစားနဲ့ တစ်ကယ်ချစ်ခဲ့တာပါ။

မျိုးမောင်ဟာလည်း ပါပါကြီးသားဆိုတော့ ကျွန်တော့်ညီပေါ့၊

ဒီအချိန်မှာ ညီတစ်ယောက်ရလိုက်တာဟာ တကယ်ကို ရင်နင့်အမျှ ဝမ်းသာရပါတယ်၊ ပါပါကြီးတို့မိသားစုဟာ သေရျာတွေးရင် သားဘဝအတွက် ဘယ်လိုမှကျေအောင် ဆပ်လို့မရတဲ့ကျေးဇူးရှင်တွေပါ။

"ညီလေးရော ဒီအကြောင်းတွေသိရဲ့လား"

ဘယ်သိမလဲ သားရယ်၊ ကတိသစ္စာကို တန်ဖိုးထားပြီး ရိုးသားရဲရင့်တဲ့ မိန်းမတစ်ယောက်ပဲ၊ သူသေသွားရင်တောင် ဒီအကြောင်းတွေကို သူ့သားကို ပြောပြမယ် မထင်ဘူးဟု စကားဆိုရင်း လေးလေးပင်ပင် သက်ပြင်းရှည်တစ်ချက် ချလိုက်သော ဦးဘမောင်ကို ကြည့်ရင်း ပိုင်စိုးမောင်ရင်မှာ ပြောပြ၍မရနိုင်သော ဝေဒနာအချို့တိုးဝင်လာလေသည်၊

မောင်မျိုးလေး စင်္ကာပူက သူဌေးနဲ့ တွေ့တာ အဆင်ပြေရဲ့လား ! ဟု အမေးစကားဆိုလာသော နေမျိုးအား အပြုံးတစ်ခုလှွတ်၍ ရီပြလိုက်မိသည်၊

"ဟော့ကောင် ငါမေးတာ မဖြေပဲ ဘာလို့သွားတိုက်ဆေး ကြော်ငြာဝင်နေရတာလဲ"



မဟုတ်ပါဘူးကွာ ! သူဌေးမဟုတ်ဘူးကွ ! သူ ဝီအေ တရုတ်မကွ အင်္ဂလိပ်လို အသံထွက်တဲ့ ပြောရတာ အဆင်မပြေဘူးကွ !

ဒါပေမယ့် ခဏာပါ ငါပြောတာတော့ သူကောင်းကောင်းနားလည်တယ်

သူ့သဘောအတိုင်းဆို အခုကို ခေါ်သွားချင်ပါတယ်တဲ့ ဒါပေမယ့်သူဌေး ကို တင်ရပြဦးမှာမို့ ထွက်ဖို့သာ အဆင်သင့်အောင်လုပ်ပြီး စောင့်နေပါတဲ့

တို့ မြန်မာသကြံန်ပြီးရင် သူဌေးကိုယ်တိုင်လာမှာတဲ့ သူတင်တာတော့ သူဌေးနဲ့ တစ်ခါတည်းလိုက်ရမယ်ထင်တယ်တဲ့ - ဟင်း ဟင်း ပြောသေးတယ်ကွ အလုပ်သဘောမပါပဲ ငါကို မြင်ခြင်ချင်းခင်မိတယ်တဲ့၊ လာမယ့် ဆန်းဒေးမှာ ဒင်နာ ကျွေးပါရစေတဲ့၊ ငါလည်း အားနာပါးနာ ခေါင်းငြိမ့်ခဲ့ရတယ်။

အန္တရာယ်ကို ကြိုကာတဲ့အနေနဲ့ အဲဒီနေ့ကျရင် နွဲ့လေးငယ်ကို ခေါ်သွား မလားလို့ သူ့စကားအဆုံး၊ ဘာလို့ နွဲ့လေးငယ်ကို ခေါ်မှာတုန်း ငါကို ခေါ်ကွ ဟဲဟဲ ဟုဆိုလာသော နေမျိုးကိုကြည့်၍

မင်းက အဖြစ်လည်းရှိတာမဟုတ်ဟု ဆိုလိုက်၍ နှစ်ယောက်ပေါင်းပြီး ရယ်မောခြင်း သံစဉ်တစ်ခု မျှောလွင့်သွားရလေတော့သည်၊

ထိုစဉ် နေမျိုးရေ ဟုအသံပြုရင်း ဝင်ရောက်လာသော အငယ်လေးအား တွေ့လိုက်ရသည်။

ငါ အပွိုင့်မင့်ကျပြီကွ သဘက်ခါ စင်္ကာပူသွားရမယ် အဲဒီကမှ သင်္ဘော ပေါ်တက်ရမှာ နေမျိုးမှ -

ဟင် ဟုတ်လား ကမ္ဘာပတ်မယ့် ငြိုလ်ဆိုးတစ်ကောင် စတင်ရွက်လွှင့်ပြီ ပေါ့ ! ဟု ပြောရယ်ရယ်လေသည်၊

အငယ်လေးမှ

မနက်ဖြန် တို့တစ်အုပ်စုလုံးက နွေလည်စာ ကျွေးမယ်လေ ရွှေရမ်းဒေါန် မှာပဲပေါ့ -

ကောင်းတဲ့အစီအစဉ်ပဲ ဟုနေမျိုးမှ မှတ်ချက်ပြုဏ်။

www.burmeseclassic.com

www.burmeseclassic.com



အငယ်လေးမှ -

ညီလေး မင်းတို့ မင်္ဂလာပွဲမှာ မရှိတာတော့ ကြေကွဲတယ်ကွာ !

ရပါတယ် လူသန့်တာပေါ့ဟု အရွှမ်းစကားဆိုလျှင် -

ဟော့ကောင် ! နေမျိုး မင်းနဲ့ပေါင်းပြီး သူတောင်စကားတောင်တော် တတ်နေပြီပဲ .....၊

ငါနဲ့ ပေါင်းလိုက် မဟုတ်ပါဘူးကွာ၊ သူ့ဖာသူ့ကို အမှန်မြင်တတ်လာတာ နေမျိုးစကားအဆုံး ပေါ့ပါးသောရယ်သံများ ပျံ့လွင့်သွားရလေတော့သည်။ ရွှေရှမ်းကန်တွင် အငယ်လေး၏ နှုတ်ဆက်ပွဲ နေ့လည်စာကို တစ်ဖွဲ့လုံး တက်ညီ လက်ညီအားပေးကြသည်။

အငယ်လေးမှ ဟဲ့ ဝကစ်မ -

ဒီပွဲလုပ်မယ်ရည်ရွယ်တုန်းက တကယ့်ကို စေတနာပါပါနဲ့ဟ အခု နင် ဝတ်ကြီးကျနေတာကြည့်ပြီး စေတနာပျက်လာတာတော့ အမှန်ပဲ ဟု ဝကစ်မကို လှမ်းကစ်လေသည်။

ဝကစ်မမှ စေတနာပျက်တယ်တဲ့လား! ဟု စကားဆိုရင်း ကြက်ခြောက်ကြော်တစ်တုံးကို အားပါပါ ကိုက်ပြလိုက်၍ အားလုံး ဝါးလုံးကွဲရယ်မောလိုက်ရလေသည်။

အစာသာကျွေး- ကြိုက်တာပြော အစာသာကျွေးလို့ကတော့ ဘယ်တော့မှ နာမှ မဟုတ်ဘူးဟု ဇင်မောင်မှ ဝင်ထောက်လျှင် -

ဝကစ်မမှ အဲလိုဆို ပြောတဲ့သူမောရင် သောက်ဖို့ ရေသန့်အေးအေး လေး တစ်ပါကင်လောက်ချပေးထားဦးမယ် ဆို၍ ရယ်သံများအရှိန်ပြင်း၍ ထွက် လာရလေတော့သည်။

အငယ်လေးမှ ဟဲ့ ယုန်မ နင်တို့မင်္ဂလာပွဲနဲ့လွဲရတာတော့ နာတယ်ဟာ နွဲ့လေးငယ်စကားမပြန်ခင် နေမျိုးမှ .....၊

ဟော့ကောင် မျိုးမောင် မနေ့က စကားပြန်ပြောလိုက်ဦး ဟုဆိုသဖြင့် သူ



ပြုံးလိုက်မိပေမယ့် ကျန်လူများက ဘာမှမသိ၍ ကြောင်တောင်တောင်နှင့် သူ့ကို ဗိုင်းကြည့်နေကြလေတော့သည်။

အငယ်လေး နှုတ်ဆက်ပွဲတွင် စုံစုံညီညီရှိခဲ့ရခြင်းသည် နောက်ဆုံး အကြိမ်ဖြစ်မည်ဟု ထိုစဉ်က စိုးစေ့မျှပင် တစ်ဖွဲ့လုံးတွေးထင်မထားခဲ့မိသည်က တော့ အမှန်ပင်။

မင်္ဂလာပွဲကိုလည်း မိုးကုတ်အဖွဲ့ချုပ်မှာပင် ဆွမ်းလှူ၍ ဧည့်သည်များကို ပါ တစ်ခါတည်း ဧည့်ခံရန်လည်း နွဲ့လေးငယ်ဆန္ဒအတိုင်းပင် စီစဉ်ခဲ့ရလေသည်။

မင်္ဂလာဦးဆွမ်းကျွေးမည့်နေ့က မတ်လ (၃၁) ရက်မို့ မိတ္ထီလာမှ မေမေ က မတ်လ (၂၉)ရက်နေ့ည ကားစီး၍ (၃၀)ရက်နေ့ မနက်ပိုင်းရောက်လာမည်ဟု ဖုန်းဖြင့် အကြောင်းကြားလေသည်။ နွဲ့လေးငယ်မိခင်မှ တစ်ဦးတည်းသောသမီးမို့ ဟိုတယ်ကြီးများတွင် ခမ်းခမ်းနားနားလုပ်ချင်သော်လည်း သူ့သမီးဆန္ဒ မလွန်နိုင် ၍ အသာငြိမ်နေရဟန်ရှိသည်။

မတ်လ(၂၉) ရက်

အသက်နှင့်ခန္ဓာ တည်မြဲနေသရွေ့မမေ့နိုင်သောနေ့ ....၊

မျိုးမောင် "စကားတွေ အများကြီးပြောချင်တယ်" အင်းလျားပန်းခြံကို မောင်း" ဟု ဆိုရင်း ကြည်သာသောအပြုံးနှင့် သူ့ဘေးတွင် လိုက်ပါလာသော နွဲ့လေးငယ်အား ငေးကြည့်ပြီး ပုံမှန်မဟုတ်သော ကြည်နူးကျေနပ်ဟန် မျက်နှာ လေးအား အခြားနေ့များနှင့်မတူ တမူကွဲပြားနေသည်ကိုတော့ ထူးထူးခြားခြား သတိပြုမိလေသည်။

ချစ်တဲ့သူနဲ့ အတူပေါင်းသင်းနေထိုင်ရတော့မည့် မိန်းကလေးတစ် ယောက်၏ စိတ်ခံစားမှုကြောင့်လားဟု တစ်ကိုယ်တည်းတွေးထင်မိရပြန်သည်။

ပန်းခြံတွင်း ပါကင်တွင်ကားရပ်ပြီး -

လာ မျိုးမောင် အင်းလျားကန်ဘောင်ပေါ်မှာ လမ်းလျှောက်ရင်း စကား ပြောကြရအောင် -

www.burmeseclassic.com

www.burmeseclassic.com



နေတွေ အရမ်းပူနေတယ်လေ ထီးယူခဲ့ဦးဟုဆိုမိလျှင် -

နွဲ့လေးငယ်မှ ကြည်သာသောအပြုံးနှင့် ခေါင်းရမ်း၍ -

အတိုင်းအတာတစ်ခုထိ ပြည့်စုံနေကျတဲ့ဘဝမို့ ပါရမီဖြည့်မှာ မဟုတ်ဘူး - ဟု သီချင်းလေးလိုလေ မျိုးမောင်ရဲ့ဟု -

နေပူထဲလည်း လျှောက်ရဲပါတယ်ဟု အသံအနေအထားနှင့်သီချင်းဆိုပြ၍ ကြည်နူးစွာ ပြုံးမိရပြန်သည်။

သူညာလက်ကို ဆွဲ၍ ရှေ့မှ ဦးဆောင်၍ ဖြေးညှင်းစွာ လမ်းလျှောက်သွားနေသော နွဲ့လေးငယ်နောက်သို့ အလိုက်သင့်မျှောပါ၍ ချစ်သူ၏စကားသံများကို နာခံရင်း ကျေနပ်ပီတိဖြစ်မိရသည်ကတော့ အမှန်ပင်။ ပြင်းပြသောနေရောင်အောက်တွင် လက်ချင်းတွဲ၍ဖြေးဖြေးချင်း လျှောက်လှမ်းနေသော သူတို့နှစ်ဦးတွဲကို ဘေးပတ်ဝန်းကျင်မှ ထင်ကြေးအမျိုးမျိုး ပေးကြမည်ကတော့ အသေအချာပင်။

မျိုးမောင် နွဲ့ဖလေးငယ်ပြောမယ် သေချာနားထောင်နော်၊ သမုဒ္ဒနယ်မှာ ကျင်လည်နေတဲ့ သက်ရှိသတ္တဝါတွေ အဲ နွဲ့ဖလေးငယ်တို့ နဲ့ နီးစပ်တဲ့လူလို့ သတ်မှတ်ခံထားရသူတွေအားလုံးပေါ့။ မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေနဲ့ လိုအင်ဆန္ဒပြည့်ဝနိုင်ဖို့ နေ့စဉ် လှုပ်ရှားရုန်းကန်နေကြရ တယ်နော်။

ဒါပေမယ့် ဆန္ဒတွေ၊ မျှော်လင့်ချက်တွေ၊ ယုံကြည်ချက်တွေအတွက် လှမ်းနေတဲ့ခြေလှမ်းတွေဟာ မျှော်လင့်ထားတာနဲ့ နီးမနီး သေချာမသိနိုင်ပေမယ့် သေမင်းနဲ့ နီးနီးလာတာတော့အမှန်ပဲ။

ဒါကို ပုထုဇဉ်တွေက မသိကြဘူးလေ .....၊

ကိလေသာဘုံသားတွေမို့ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ၊ ဉစ္စာဆိုပြီး ပညတ်တွေနဲ့ သုံးခွင်ရှိပေမယ့် သုံးရုံတင်မဟုတ်ပဲ စွဲနေကြတော့ သေသည်၏အခြားမဲ့မှာ အောက်လေးဘုံပဲ တန်းနေတာပေါ့၊ ဒါကြောင့် မယ်တော်ကြီးဟောတာပေါ့။

လူတွေရဲ့ မူလအိမ်ဟာ အပါယ်လေးဘုံတဲ့ မယ်တော်ကြီးကလည်း ဘုရားရှင်ဟောတာကို ပြန်ဟောပြတာနော်၊ မျိုးစေ့မမှန် ပင်မသန်တဲ့ -



အပါယ်မျိုးစေ့မို့ အပါယ်ဘုံပြန်ရတာ မဆန်းပါဘူးလေ .....၊

အဲ ငရဲဘုံမှာ ငရဲခံနေတဲ့ ငရဲသားတွေဟာ ငရဲသက်စေ့ခါနီး ယမမင်းကြီး ခေါ်တွေ့တယ်တဲ့ မင်းငရဲဘုံက လွတ်တော့မယ် လူပြည် ပြန်သွားရမယ်ပေါ့၊ ဒီငရဲဘုံကို ပြန်လာချင်သေးလားလို့မေးသတဲ့ .....၊

အို ယမမင်းကြီးရယ် ဒီလောက်ဆင်းရဲဒုက္ခကြီးမားလှတဲ့ ငရဲက ဘယ်ပြန်လာချင်ပါ့မလဲ ဆိုတော့ ယမမင်းကြီးက အေး ပြန်မလာချင်ရင် လူပြည်ရောက်ရင် သစ္စာတရားတွေ နာ၊ နာလို့သိရင် ရှိအောင်လုပ်၊ ဒါဆိုရင် သံသရာတစ်လျှောက် မင်းအတွက် အပါယ်တံခါးပိတ်ပြီပေါ့တဲ့၊

ဟာ စိတ်ချ ယမမင်းကြီး သေသေချာချာကို လုပ်ပါမယ်လို့ ကတိတွေပေးပြီး လူပြည်ပြန်ရောက်တယ်ပေါ့ လူပြည်လည်း ရောက်ရော ပေးထားတဲ့ကတိတွေ မေ့ပြီး ကိလေသာတောမှာ မမောမပန်းကူးခတ်ရင်းနဲ့ မူလအိမ်ကိုပြန်ကြရတာ များသတဲ့ -

နွဲ့ဖလေးငယ်နာဖူးတဲ့ တရားတော်ကို ပြောပြတာနော်။

စကားတွေအများကြီးပြော နေပူကြီးထဲမပါ လျှောက်လှမ်းနေသော ချစ်သူ နွဲ့လေးငယ်၏မျက်နှာပြင် ဝါဖန့်ဖန့်သည် ပန်းဆီရောင် သုတ်လိမ်းထားသကဲ့သို့ ရဲနေသည်ကို သတိပြုမိ၍ ကားဆီပြန်ကြရန် ပြောမိသောသူကို -

ဘာလဲ မျိုးမောင် ဒီလောက် အပူဒဏ်ကို မခံနိုင်ဘူးလား ဟု ခွန်းတုန့်ပြန်လာ၍ သက်ပြင်းတစ်ချက်ရှိုက်သွင်းရင်း အပြုံးနှင့် ခေါင်းရမ်းပြလိုက်မိသည်။

သမုဒ္ဒနယ်မှာ တကယ်လည်နေတာက အယုတ်သစ္စာနှစ်ပါးပဲ အဲဒီသစ္စာနှစ်ပါးကို မျိုးမောင်သိလား၊

ဟင့်အင်း .....၊

သမုဒယနဲ့ ဒုက္ခသစ္စာနှစ်ပါးပဲ၊ အဲဒီအယုတ်သစ္စာနှစ်ပါးကို အယုတ်သစ္စာမှန်းသိမှ သံသရာရဲ့ထွက်လမ်းကို သိနိုင်မယ်။ အယုတ်သစ္စာမှန်း မသိသရွေ့တော့ လည်နေမှာက မြေကြီးလက်ခတ် မလွဲဘဲ။

www.burmeseclassic.com



နွံ့လေးငယ်ကို တရားစခန်းလိုက်ပို့တုန်းက နွံ့လေးငယ်ပေးခဲ့တဲ့ -

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်ပုံလေးရော -

သူ့ပိုက်ဆံအိတ်အတွင်းမှ ထုတ်ယူ၍ပြလိုက်လေသည်။

အဲဒါ အလွယ်ဆုံး လူပြိန်းသိအောင် ပြောရရင်တော့ သံသရာလည်ပုံ၊ ပြတ်ပုံပြတဲ့ မြေပုံလို့သာ မှတ်ထားလိုက်ပေါ့။

သင်တန်းဆရာတွေ စနစ်တကျရှင်းလင်းဟောပြတဲ့ ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားပွဲမှာ တရားဝင်လိုက်ရင် -

စာပဋိစ္စသမုပ္ပါဒ်ကို နားလည်လာမှာပဲ၊ အဲဒါနားလည်မှ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှာလေ -

နောက်နှစ်ရက်ကြာလျှင် မင်္ဂလာဆောင်မည့် သတို့သမီး၏ ပြောစကားများကို အခြားသူများကြားလျှင် မည်သို့ပြောကြမည်မသိ။

အင်းပါနွံ့လေးငယ်ရယ်၊ ကြောင်းကျိုးချိန်ခါ တိုက်ဆိုင်လာရင် နွံ့လေးငယ်ပြောတဲ့ သစ္စာတရား ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားပွဲ ကိုမျိုးမောင်ဝင်ပါ့မယ်၊

နွံ့လေးငယ် ယုံပါတယ်၊ တကယ်ကို အကြွင်းမဲ့ယုံတာပါ။

ဇာတိပစ္စယာဇရာ မရဏတဲ့ -

ဇာတိက အလွယ်ပြောရရှင် မွေးဖွားခြင်းအစလို့ပဲ သဘောပါ၊ ပစ္စယာ ဆိုတာက -ကြောင့်

ဇရာ မရဏံဆိုတာက အို/နာ သေပဲပေါ့၊

မြန်မာလိုပြန်လိုက်ရင် မွေးဖွားခြင်းကြောင့် အို၊ နာ၊ သေ ဖြစ်ရတယ်ပေါ့၊

ဇာတိကလည်း ဒုက္ခသစ္စာ၊ ဇရာမရဏကလည်း ဒုက္ခသစ္စာ၊

ဒုက္ခသစ္စာအမှန်တရားလို့သိရင် လမ်းစပေါ်ပြီပေါ့ -

နွံ့လေးငယ်သည် ဟန်ပန်မူအရာများ ပြောင်းလဲနေယုံသာမက နေရောင်ပူပြင်းပြင်းတွင် တရားစကားများကို တွင်တွင်ပြောနေပုံကိုကြည့်ပြီး စာနာစိတ်ဖြင့် ညင်သာစွာ ထွေးပွေ့ထားလိုက်မိလေသည်။



ကားဆီသို့ အပြန်တွင် တမောင်းမောင်း ခင်းရောင်းသော ဝွေးသီးစိပ်လေးများဝယ်၍ အားပါးတရ စားနေသော နွံ့လေးငယ်အားကြည့်၍ သက်ပြင်းရှည်များချမိရသည်ကလည်း အကြိမ်ကြိမ် . . . . .။

နွံ့လေးငယ်က ခြံဝတွင်ပင် ကားရပ်ခိုင်း၍ -

မျိုးမောင် "ယောက်ျားကောင်း၊ ယောက်ျားမြတ်တွေဟာ ကတိသစ္စာကို သူတို့အသက်ထက်တန်ဖိုးထားကြတယ်တဲ့ " -

နွံ့လေးငယ်သိပ်ချစ်တဲ့ မျိုးမောင်ဟာလည်း ယောက်ျားကောင်း၊ ယောက်ျားမြတ်ပါနော် -ဟုဆို၍ ခြံအတွင်း ပြေးဝင်သွားလေသည်။

□ □ □ □ □

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

## အနာပေါ် အနာဆင့်လို့

ထိုနေ့ညနေပိုင်းတွင် နေမျိုးနှင့် နှစ်ယောက်သား စကားလက်ဆုံကျနေမိ၍ ဖုန်းဝင်လာလာချင်း ထကိုင်လိုက်မိသည်။

"သား မောင်မျိုး သမီးလေး ကိုယ်အပူရှိန်တွေ အရမ်းမြင့်ပြီးဖျားနေလို့" ဟု နွဲ့ဖွေးငယ်မိခင်၏စကားအဆုံး .....၊

ဟုတ်လား ကျွန်တော် အခုလာခဲ့ပါမယ်ဆိုရင်း -

နေမျိုး နွဲ့ဖွေးငယ် အရမ်းဖျားနေတယ်တဲ့ ငါသွားမလို့ -

ငါလည်း လိုက်မယ်လေ -

ကားစက်နှိုးသံကြား၍ နေမျိုးမိခင်ထွက်လာလေသည်။

"မေမေ ယုန်မလေး ဖျားနေလို့တဲ့ သူ့အမေဖုန်းဆက်လို့" သားတို့နှစ်ယောက် သွားကြမလို့"

ဩ အေးအေး သားမောင်မျိုးကားကို ဂရုစိုက်မောင်းနော် ဟုဆိုသော နေမျိုးမိခင်အား ခေါင်းငြိမ့်ပြရင်း အရှိန်ပြင်းပြင်းနှင့်ပင် နွဲ့ဖွေးငယ်တို့ အိမ်သို့ မောင်းခဲ့မိလေသည်။

သားလာလာ အမေတို့ မိသားစု ဆရာဝန်ရောက်နေပြီ။

တုန့်ပြန်စကားမဆိုဖြစ်ပဲ နွဲ့ဖွေးငယ်အခန်းတွင်းသို့သာ အလျင်အမြန်ဝင်လိုက်မိလေသည်။

အဖျားက (၁၀၄) တောင်ရှိတယ်၊

ကျွန်တော် ဆေးတစ်လုံးထိုးပေးခဲ့မယ် အပူရှိန်ကျသွားအောင် ရေခဲရေနဲ့ ကိုယ်ပတ်တိုက်ပေးလိုက်ရင်ကောင်းမယ်။

နွဲ့ဖွေးငယ်မိခင်မှ -



ဟုတ်ကဲ့ဆရာဟု ဆိုကာ ရေပတ်တိုက်ရန် စီစဉ်လေသည်။

ချစ်ရသူကိုကြည့်၍ ဘာလုပ်ရမှန်းမသိရပ်နေသာသူအား နွဲ့ဖွေးငယ်ဖခင်မှ သားလေး မင်းအမေရေပတ်တိုက်ပေးလိမ့်မယ်၊ အဖေတို့အပြင်ဘက်ထွက်နေကြရအောင်ဟု ဆိုလာမှ အခန်းပြင်သို့ သူ နေမျိုးနှင့် နွဲ့ဖွေးငယ်၏ဖခင် သုံးယောက်သား အခန်းပြင်ထွက်ခဲ့ကြလေသည်။

လိုအပ်ရင် ကျွန်တော်ကို ဖုန်းဆက်နော် ဟု ဆိုရင်း ပြန်ရန်ပြင်သော ဆရာဝန်ကို နွဲ့ဖွေးငယ်ဖခင်မှ လိုက်ပို့ပေးလေသည်။

စိုးရိမ်စိတ်နှင့် ပူပန်ဟန်သူ့ကို နေမျိုးမှ ပုခုံးဖက်၍ နှစ်သိမ့်ဟန်ပြုသည်။

ခဏအကြာ နွဲ့ဖွေးငယ်မိခင်ထွက်လာပြီး သားမောင်မျိုး လာပါဦးကွယ် ဆို၍ အပြေးတစ်ပိုင်း အခန်းတွင်းသို့ လှမ်းဝင်လိုက်မိသည်။

ရေပတ်တိုက်ပြီး တရားစခန်းဝင်စဉ်က ယောဂီဝတ်စုံလေးနှင့် ပက်လက်အနေအထားနွဲ့ဖွေးငယ်အား တွေ့လိုက်ရ၍ အနားသို့ အသာတိုးကပ်လိုက်မိသည်။

သမီး မောင်မျိုးလေး ရောက်လာပြီလေဟု သူ့မိခင်အသံကြားတော့ မှေးမှိတ်ထားသော မျက်လုံးကိုဖွင့်၍ သူ့ကိုကြည့်လေသည်။

သိပ်များစိုးရိမ်သွားသလား မျိုးမောင်ရယ်ဟု တိုးတိုးသံနှင့် စကား ဆိုလေသည်။ ချစ်သူ၏ လက်ဖဝါးလေးအား အသာဖေးကိုင်လိုက်စဉ် ရေခဲရေနှင့် ရေပတ်တိုက်ထားခဲ့သည်ပင် အပူငွေ့က ကျန်နေဆဲဖြစ်ကြောင်း သတိထားမိလေသည်။

"မျိုးမောင် စိုးရိမ်နေတာလား" နွဲ့ဖွေးငယ်၏ ညင်သာတိုးလျှသော စကားသံအဆုံး .....၊

အသာအယာခေါင်းငြိမ့်ပြလိုက်မိသည်။

မစိုးရိမ်ပါနဲ့ မျိုးမောင်ရယ် နွဲ့ဖွေးငယ်က အနေတတ်ရဲ့သလို အသေတတ်အောင်လည်း ပြင်ဆင်ထားပြီးပါပြီ၊ နွဲ့ဖွေးငယ်ပြောမယ်၊ သေချာ

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နော် မျိုးမောင်မှာ အဖေရော အမေပါအစုံရှိပါတယ်။

မျိုးမောင်ဖေဖေက ဦးဘမောင်ပဲ၊

နွဲ့လေးငယ်သိထားတာက ဦးဘမောင်ရော၊ မေမေဒေါ်အေးနွဲ့ပါ သမုတိနယ်မှာ အများနဲ့မတူ ပေးဆပ်ရတဲ့ ပါရမီရှင်တွေပါ။

မေမေ ဒေါ်အေးနွဲ့ကတော့ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ် မကောင်းတာလုပ်ရင် မကောင်းကျိုးဖြစ်မယ်ဆိုတဲ့ ကမ္မဿကတဉာဏ်ကို မျိုးမောင် တစ်သက်လောက်ကတည်းက ရထားပုံပါ။ အခုဆို ရုပ်နဲ့နာမ် သဘာဝကို ကွဲကွဲပြားပြား သိသောဉာဏ်၊ ဟုတ်တိုင်းမှန်စွာ အကြောင်းကို သိမ်းဆည်းပြီး သိသောဉာဏ်၊ ဖြစ်မှု ပျက်မှုကိုမြင်သိသောဉာဏ်တွေ ရှိနေပြီလို့ စေ့စပ်ပွဲလာစဉ် နွဲ့လေးငယ်နဲ့ စကားတွေပြောရကတည်းက စိတ်မှာ နိုင်မာယုံကြည်စွာ သိနေခဲ့တာပါ။

အဲဒီတော့ မျိုးမောင်က မျိုးမှန်နေပြီပဲ ရာသီဉတု သင့်တင့်မျှတရင် အကောင်းဆုံးအပင်ဖြစ်လာမှာပဲ (၃၁)ဘုံထဲက လူ့ဘုံမှာမှ ရနိုင်တဲ့ သာသနာအာဇာနည်ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ဖြစ်အောင် မလျော့တဲ့ ဖွဲ့နှဲ့အားထုတ်နော်၊ မောတယ် မျိုးမောင်ရယ် ဟိုစင်ပေါ်မှာ အသေမဦးခင်အဖွဲ့က ပူဇော်ထားတဲ့ (၄၄၃) နာဖူးထပ်နာ ဆိုတဲ့ ဆရာတော်ဘုရားကြီး တရားခွေလေး ဖွင့်ပေးပါ။

တရားခွေဖွင့်ပြီး မျိုးမောင်လည်း အပြင်ဘက်မှာ သွားနားတော့ -

ချစ်သူဆန္ဒအတိုင်း တရားခွေသွင်းပြီး ပြန်အကြည့်ပက်လက် အနေအထား ရင်ဘတ်ပေါ် လက်နှစ်ဖက်တင်၍ ငြိမ်သက်စွာ တရားနာနေခြင်းလား၊ တရားမှတ်နေခြင်းလား မခွဲခြားနိုင်၍ တိတ်ဆိတ်စွာပင် အခန်းအပြင်သို့ လှမ်းထွက်ခဲ့ရလေသည်။

သား သမီးလေး နွဲ့လေးငယ်အမေ၏ အမေးစကားမဆုံးမီ တရားနာနေတယ်အန်တီဟု ဖြေလိုက်မိသည်၊



အေးကွယ် ညနေပိုင်း သားပြန်ပို့ပြီးတော့ ရေချိုး ခေါင်းလျှော် ပြီးတော့ ဘုရားပန်းလဲ ရေလှူ၊ ဘုရားကန်တော့ပြီး သား ဦးနဲ့ အန်တီဆီလာပြီး ဘာပြောတယ်မှတ်လဲ မေမေ သမီးကို စိတ်မဆိုးပါနဲ့နော်တဲ့၊ မေမေ့ဆန္ဒအတိုင်း ဟိုတယ်ကြီးတွေမှာလုပ်ဖို့ လက်ထပ်ပွဲကို သမီးငြင်းခဲ့တာကိုလေတဲ့၊ အချိန်တစ်ခုမှာ မေမေနားလည်နိုင်ပေမယ့် သမီးအပေါ် စိတ်ခုမှာကိုတော့ စိုးရိမ်တယ်မေမေရယ် မေမေ့ကို စိတ်အနှောင်အယှက်ပေးသလိုဖြစ်ခဲ့ရင် ခွင့်လွှတ်ပါနော်။

ဖေဖေနဲ့ မေမေကို သမီး မသိတတ်ခင်မှာရော သိတတ်စဉ်မှာပါ ကိုယ်၊ စိတ်၊ နှလုံး၊ သုံးပါးနဲ့ပြစ်မှား မိတာရှိရင် ကျေနပ်ခွင့်လွှတ်ပေးကြပါလို့ သမီး လက်ဆယ်ဖြာထိပ်မှာမိုးပြီးရှိခိုး တောင်းပန်ပါတယ်တဲ့ -

သူ့အဖေက မဟုတ်တာ သမီးရယ် ဖေဖေရော မေမေကပါ ခွင့်လွှတ်ပြီးသား၊ ငါ့သမီးက အလိမ္မာလေး ဉစ္စာ ထထ ဆိုမှ .....၊

အန်တီ နားထိုင် ဖက်ထားပြီး အန်တီပုခုံးပေါ်မှာ ခေါင်းလေးမှီပြီး ရှိုနေသေးတယ် သမီးလေး ညစာစားရအောင်ဆိုတော့ -

ဟင့်အင်း သမီး မဆာသေးဘူး မေမေ သမီးနားချင်တယ်ပြောလို့ အန်တီကိုယ်တိုင် သူ့အခန်းကို လိုက်ပို့ပေးခဲ့သေးတယ်။

တီဗီအစီအစဉ်ပြီးမှ သမီးလေး ဘာမှ မစားရသေးဘူး - မအိပ်ခင် စီစဉ်ပေးလိုက်ဦးလို့ သူ့အဖေပြောလို့ သွားကြည့်တော့ ကိုယ်တွေအရမ်းပူနေတာ တွေ့ရလို့ ဆရာဝန်ရော သားကိုပါ အကြောင်းကြားလိုက်ရတာပဲ။

နွဲ့လေးငယ်မိခင်မှ သမီးနှင့်ပတ်သက်ကြုံတွေ့ရပုံများကို သူ့နှင့်နေမျိုးအား ပြောပြနေခြင်းဖြစ်သည်၊

အန်တီ သွားနားလေ ကျွန်တော်တို့ရှိတာပဲ ဟု နေမျိုးမှဆိုလျှင် -

ဟင့်အင်းကွယ် အန်တီစောင့်ဦးမယ် ဟု တုန့်ပြန်စကားဖြင့် မိဘမေတ္တာအပိုင်းအစကို ဖော်ကျူးပြလေသည်။ သမီးကို စိတ်ချဟန်မတူ။

ခဏအကြာ နွဲ့လေးငယ်ဖခင်မှ အမေကြီးရေ (၁၂)နာရီထောင်ထိုးခါနီး

www.burmeseclassic.com



ပြီ သမီးကို သွားကြည့်ပါဦး အဖျားကျရင် တစ်ခုခုကျွေးကြရအောင်လို့ ပြော၍

ဟုတ်ကဲ့ပါ ခွန်းတုန့်စကားဆိုရင်း သမီးငယ်အခန်းသို့ ဝင်သွားသော နွဲ့ဖလေးငယ်မိခင်အား ကြည့်၍ သက်ပြင်းတစ်ချက်ရှိုက်မိရပြန်သည်။

"အမလေး လာကြပါဦး သမီးလေး ခေါ်လို့မရဘူး" ဟု -

အခန်းတွင်းမှ အော်သံကြား၍ အပြင်ရှိ သူတို့အားလုံး အခန်းအတွင်းသို့ အပြေးအလွှား ဝင်ရောက်မိလိုက်ကြလေသည်။

အဖေကြီး သမီးကို ခေါ်လို့မရဘူး လုပ်ပါဦးရှင်၊ ခေါ်ကြည့်ပါဦး ဆိုလာသဖြင့် သမီးလေး သမီးလေးဟု သူ့ဖခင်က လှုပ်၍ခေါ်နေသော်လည်း နွဲ့ဖလေးငယ်ကို တုန့်ပြန်မှုကိုမတွေ့ရ။

သူရင်တွင် စိုးရိမ်ပူပန်ခြင်း ဒီဂရီအမြင့်ဆုံးသို့ ရောက်သွားသည်။ တိုးညှင်းစွာထွက်ပေါ်နေသော ဆရာတော်ကြီး၏တရားခွေကို အသာအယာပိတ်လိုက်မိသည်။

နွဲ့ဖလေးငယ် နွဲ့ဖလေးငယ်ဟု စိုးရိမ်စိတ်ဖြင့် သူခေါ်နေစဉ်မှာပင် နွဲ့ဖလေးငယ်ဖခင်မှ ဆရာဝန်ကို ဖုန်းဆက်ခေါ်နေသည်ကို ကြားလိုက်မိသည်။

ခဏအကြာ နွဲ့ဖလေးငယ်တို့ မိသားစုဆရာဝန်ရောက်လာပြီး သိပ်မစိုးရိမ်ကြပါနဲ့ ကျွန်တော်စမ်းသပ်ကြည့်ပါဦးမယ် ဘေးကို နည်းနည်းလောက်ဖယ်ပေးကြပါ ဆိုလာ၍ လူများအားလုံး နောက်ဆုတ်လိုက်ကြသည်။

ဆရာဝန်က နားကြပ်တစ်စုံအပြင် လက်နှင့်ပါ စမ်းသပ်မှု အချို့ပြုလုပ်လေသည်။ ထို့နောက် အသာထရပ်၍ နွဲ့ဖလေးငယ်အား ခါးထောက်၍ စိုက်ကြည့်နေပြန်သည်။ ခဏကြာမှ သူဆေးအိတ်အတွင်းမှ ဓါတ်မီးငယ်ကိုထုတ်၍ နွဲ့ဖလေးငယ်၏ မျက်ခွံကို ဖွင့်၍ ထိုးကြည့်သည်။ ဘယ်ညာနှစ်ဖက်စလုံး စမ်းသပ်ပြီးကာမှ ညှင်သာစွာထရပ်၍ သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်လေသည်။

သမီးလေး ဆုံးသွားပါပြီဟု ဆရာဝန်၏ မှတ်ချက်စကားသံကို သံသယစိတ်ဖြင့် အကြားမှားသလားပင် ထင်ယောင်မိရပြန်သည်။



အလေး အဖေကြီးရယ် သမီးဆုံးပြီတဲ့ ကယ်ကြပါဦးရှင် ဟု ဆိုရင်း နွဲ့ဖလေးငယ်မိခင်မှ သတိလစ်သွားလေသည်။

ပစ္စည်းများသိမ်း၍ ပြန်ရင်ပြင်နေသော ဆရာဝန်မှ နွဲ့ဖလေးငယ်၏ မိခင်အား ဆက်လက်ပြုစုစောင့်ရှောက်မှု ပြုရပြန်လေသည်။

နွဲ့ဖလေးငယ်အား ငေးစိုက်၍ကြည့်ရင်း ခံစားမှုအာရုံများက ကိုယ်နဲ့ အဝေးသို့ ထွက်သွားသည့်အလား ထင်မှတ်မှားမိရလေသည်။

သူငယ်ချင်း သတိထားဟု ဆိုသော နေမျိုးစကားသံကလည်း ကိုယ်နှင့်မသက်ဆိုင်သလို မြတ်မြတ်နိုးနိုး အသက်မက တန်ဖိုးထား၍ ချစ်ရသူက ဆုံးသွားပြီတဲ့။

ဖုန်းတစ်လုံးနှင့် နေမျိုးမှ သူငယ်ချင်းများကို အကြောင်းကြားပြီး သူ့ပုခုံးအား အသာဖက်၍ နှစ်သိမ့်ဟန်ပြုလေသည်။

နေမျိုးတို့လှည့်ကြည့်မိစဉ် သူမျက်နှာက ကိုယ်နှင့်နီးလိုက် ဝေးလိုက် - ရက်စက်သောကံကြမ္မာက သူ့ကို ကြိုးဝိုင်းဒေါင့်မှာ ပိတ်၍ အင်အားကြီးမားသော လက်သီးချက်များကို မိုးသီးမိုးပေါက်ပမာ ပစ်လွှတ်လိုက်ပြီမို့ အင်အား ကုန်ခမ်း၍ လက်မြှောက်အရှုံးပေးရန်မှအပ အခြားမှမရှိတော့။

ဝကစ်၊ ပိုးနှင်းဥ၊ ရှင်ဝိုင်းဖြူ ဇင်မောင်တို့ အားလုံးရှေ့ဆင့်နောက်ဆင့် ရောက်လာကြသည်။ သူတို့အားလုံးသည်လည်း ကြေကွဲရမှုကို ဖြေသိမ့်နိုင်ဟန်မတူကြ၊ သွေးပျက်ချောက်ချားဖွယ်ရာ ငရဲညကို အရှင်လတ်လတ်ဖြတ်သန်းရသည်နှင့်ပမာတင်လျှင်ပင် လွန်အံ့မထင်။

ဇနီးသည်အား ပြုစုပြီးသော ဆရာဝန်အား ဝတ္တရားမပျက် လိုက်ပို့လိုက်ပြီး သူ့ဟမ်းဖုန်းဖြင့် အစ်ကိုကြီး သမီးလေးဆုံးသွားပြီဟု ဆိုလိုက်သံက ကြေကွဲခြင်း အထိ ဖုံးနေလေသည်။

ခဏအကြာ ပိုင်စိုးမောင်နှင့် အဘိုးကြီးတစ်ယောက်ရောက်လာလေသည်။ ဘယ်လိုတွေဖြစ်ရတာလဲ ကျုပ်ညီရယ်ဟု စကားဆိုရင်း နွဲ့ဖလေးငယ်

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်သွားသော အဘိုးကြီးကို သတိထားကြည့်မိလိုက်သည်။

ပိုင်စိုးမောင်၏ စာနာဟန်အကြည့်ကို ဥပေက္ခာပြုနေလိုက်မိသည်၊ အဖြစ်ကိုလည်း ဘာကြောင်းပြရျက်မှန်း ကိုယ်တိုင်ပင် မသိခဲ့ပေ။

ထိုင်မရ၊ ထမရ ဘယ်နေရာသည် ကိုယ်အတွက် အဆင်မပြေ၊ ခံစားတတ်မှု၏အညှာဖြစ်သော ဟဒယအသည်းနှလုံးအား ကံကြမ္မာဆိုးက ဘယ်လို အငြိုးမျိုးနဲ့ ရက်စက်စွာ နင်းခြေသွားရသလဲပင် မှန်းဆ၍မရနိုင်အောင် ကြေကွဲခြင်းက အတိုင်းအဆမရှိ။

မနက်လေးနာရီထိုးခါနီးတွင် နေမျိုးမှ ဖင်မောင်ကို ခေါ်၍ ခပ်တိုးတိုးစကားဆိုနေသည်ကိုတွေ့ရပါသော်လည်း ကိုယ်နှင့်မဆိုင်သလို . . . . .၊

နေမျိုးတို့နှစ်ယောက်အနီး တိုးကပ်သွားပြီး စကားဆိုနေသော ပိုင်စိုးမောင်ကို မြင်လိုက်ရပါသော်လည်း ခံစားမှုမဲ့ ဝေဝါးဝါး . . . . .၊

ခဏအကြာ သုံးယောက်သား နွဲ့ဇလေးငယ်တို့ တိုက်ထဲမှ ထွက်သွားပြီး ကားသံသဲ့သဲ့ ကြားလိုက်ရပေမယ့် ဘယ်သွားကြသလဲဟုပင် အတွေးထဲ မရောက်လာ -

နေမျိုးတို့သုံးယောက် ပြန်လာမှ သူတို့နှင့်အတူ မေမေကိုတွေ့လိုက်ရ၍ ဒီမနက်ပိုင်း သွားကြိုရမည်ကို သတိရလိုက်လေသည်။

သား မောင်မျိုးဟုဆိုရင်း သူ့ထံတိုးဝင်လာပြီး ရင်ခွင်ထဲထွေးပိုက်လိုက်သည့်မေမေကြောင့် ကြေကွဲဝမ်းနည်းရခြင်း ပိုဆိုးသွားသလို ခံစားရပြန်သည်။

မေမေက နှစ်သိမ့်စကားမဆိုပဲ ကျောပြင်ကို ညင်သာစွာ သပ်၍ ဖြေသိမ့်ဟန်ပြုသည်။ မေမေရယ်ဟု သူ့အသံကို ခွန်းတုန့်မပြန်ပဲ အကြင်နာအကြည့်နှင့် ကျောခိုင်း၍ နွဲ့ဇလေးငယ်အခန်းထဲ ဝင်သွားသောမေမေကျောပြင်သည် မှုန်ဝါးဝါး

□ □ □ □ □



အန်တီဟု အသံပြု၍ နွဲ့ဇလေးငယ်၏ ရုပ်ကလပ်နံဘေးမှ ထလာသော ခင်ငြိမ်းစံကို အသိအမှတ်ပြုရုံ ခေါင်းငြိမ့်ပြပြီး မတော်လိုက်ရသည့် ချွေးမလောင်း အနီးသို့ ဒေါ်ဒေအေးနွဲ့အသာတိုးကပ်လိုက်သည်။

နွဲ့ဇလေးငယ်၏ လက်ကလေးကို ကိုင်၍ ကွေးဆန့်ပြုလုပ်ပြီး ပါးပြင်ကို ညင်သာစွာပွတ်၍ တည်တည်ငြိမ်ငြိမ်ပင် ထရပ်လိုက်ပြီး . . . . .၊

မငိုကြပါနဲ့ သမီးတို့ရယ် သမီးတို့ သူငယ်ချင်းက ကိလေသာတောမှာ စုန်ဆန်မျောနေတဲ့ လူတစ်သိန်းမှာ တစ်ယောက်ရဖို့မလွယ်တဲ့ ကောင်းမြတ်တဲ့ သေခြင်းကို သေချာပြင်ဆင်အားထုတ်သွားခဲ့တာပါ။

ညည်းညူမရှိ၊ မြဲဂတိနှင့် သတိမမေ့၊ ချိန်နေ့သိပြန်၊ မျက်လုန်ကြောဆွဲ မရှိပဲလျက်၊ သေလဲမတောင့်တင်း၊ ပုပ်နံ့ကင်းသည့် ကျိုးရင်းဝိပဿနာတန်ဖိုး တည်းတဲ့။

ရှင်နေစဉ်များ ဘယ်လိုအခြေအနေကို မှန်းဆလို့မရနိုင်ပေမယ့် ဟင်းဟင်း သေသွားပြီဆိုရင်တော့ ပုထုဇဉ်နဲ့ အရိယာဟာ ကွဲပြားသွားကြတာပါပဲ၊

သမီးလေး ဘယ်အချိန်မှာဆုံးသွားတာလဲ မိခင်၏အမေးစကားအဆုံး ဆရာဝန်ကတော့ ည (၁၂)နာရီလို့ ပြောပါတယ်။

အခု မနက် (၅)နာရီခွဲနေပြီ ဆုံးသွားတာ အချိန်ဟာ ခြောက်နာရီနားနီး နေပြီပေါ့၊ အခုထိ ပျော့ပျော့ပြောင်းပြောင်းပဲ။

သစ္စာအသိကို ရှိအောင်မလုပ်ဖြစ်နိုင်ရင် သေပြီး နာရီဝက်ဆို တောင့်သွားပြီပေါ့။

ဒါကြောင့် သူငယ်ချင်းသံယောဇဉ်နဲ့ ပူဆွေးကြတာကို အန်တီက စာနာ ပေမယ့် သမီးလေးဟာ အရိယာ သူတော်စင်မလေးမို့ ဂုဏ်ယူအားကျ အတုယူဖို့ ကောင်းပါတယ်။

ဒါနဲ့ သမီးလေး တရားအားထုတ်တဲ့ မေ့ရိပ်သာက ဖဲမှာ်ဘီမှာဆို အဲဒီ ရိပ်သာကို အမြန်ဆုံး ဘယ်လိုဆက်သွယ်ရမလဲ သိကြလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်ပိုင်းဖြူမှ -

ဟုတ်ကဲ့ သမီးသိပါတယ် သမီးမှာ ရိပ်သာဖုန်းနံပါတ်ရှိပါတယ်၊

အေးကွယ် ဒါဆိုရင် သမီးပဲ ရိပ်သာကို ဖုန်းဆက်အကြောင်းကြားပါကွယ်၊ ဒါမှ မှတ်တမ်းယူပြီး နောင်လာနောင်သားတွေ သစ္စာအသိ လိုချင်လာအောင် ပြရမှာလေတဲ့ လုပ်လုပ် သမီး ရိပ်သာကို ဖုန်းဆက် -

ဒေါ်အေးနွဲ့စကားအဆုံး ရှင်ပိုင်းဖြူမှ ဖုန်းဆက်အကြောင်းကြားလေသည်။

တစ်နာရီအတွင်းမှာပင် ရိပ်သာမှ ဆရာတော်ကြီး၊ မယ်တော်ကြီးနှင့် ရဟန်း၊ သီလရှင်များအပြင် အသေမဦးခင်အဖွဲ့မှ ဓမ္မအကျိုးဆောင်များ ရောက်လာပြီး ဗီဒီယိုနှင့် မှတ်တမ်းတင်လေသည်။

ပျော့ပြောင်းစွာ ငြိမ်သက်သေဆုံးနေသော ချစ်ရသူကိုကြည့်ရင်း မျိုးမောင်နားထဲတွင် ချစ်သူပြောခဲ့သော နောက်ဆုံးစကားများကို ကြားယောင်နေမိလေတော့သည်။

မနက် (၉)နာရီခန့်တွင် နွဲ့လေးငယ်အား ရေဝေးအအေးတိုက်သို့ ပို့ဆောင်ရန် နာရေးကူညီမှု ကားရောက်လာသည်။

နွဲ့လေးငယ်မိခင်၏ ငိုကြွေးတားမြစ်သံကို ကြေကွဲစွာကျောခိုင်း၍ အလောင်းတင်ကားနှင့်ပင် ရေဝေးသို့လိုက်ပါခဲ့မိလေသည်။ နောက်မှ ကားနှစ်စီးနှင့် နေမျိုးတို့အုပ်စုနှင့် အတူ ပိုင်စိုးမောင်ပါလိုက်လာလေသည်။

ရေဝေးမှ အအေးတိုက်တာဝန်ရှိ စည်ပင်တွင် လိုအပ်သည်များကို ဖြည့်စွက်၍ အသုဘပိုင်ရှင်ကို မေးသံကြားလိုက်သည်။

နေမျိုးမှ -

ဦးမျိုးမောင် -

ဘယ်လိုတော်စပ်သလဲ ဟု တစ်ဆင့်အမေးအဆုံး

သူ့ဇနီးဟု နေမျိုးပြန်ဖြေသံကြား၍



လှမ်းအကြည့် စည်ပင်ဝန်ထမ်း၏ တနာဟန်အကြည့် တစ်ချက်က သံမဏိမြားတစ်စင်းလို ရင်ထဲသို့တိုးဝင်လာသည်အလား ခံစားလိုက်ရလေသည်။

နေမျိုးကမ်းပေးလာသော ပြေစာဖြတ်ပိုင်းအားလှမ်းအကြည့်

သေဆုံးသူအမည် - နွဲ့လေးငယ် နံပါတ် (၇)

အသက် - (၂၂) နှစ်

သင်္ဂြိုလ်မည့်အချိန် - (၁၂) နာရီ (၃၁.၃.၂၀၀၆)

အသုဘပိုင်ရှင် - ဦးမျိုးမောင်

တော်စပ်ပုံ - ဇနီး

အမြင်အာရုံမှုန်ဝါးသွားသည်။

စည်ပင်ရုံးခန်းမှအထွက် လှေခါးပေါ်တွင် အရုပ်ကြိုးပြတ်ထိုင်ချမိသည်။ သူငယ်ချင်းများ အားလုံးလည်း ဖြေသိမ့်စရာစကားမရှိသလို ကိုယ်တိုင်ပင် ကြေကွဲခြင်းများနှင့် .....။

"ညီလေး မျိုးမောင်"

ပိုင်စိုးမောင်ခေါ်သံကြောင့် လှမ်းကြည့်မိသည် - သူကအနားသို့လာကိုင်ရင်း ကိုယ်လည်းညီလေးအတွက် ဖြေမဆည်နိုင်အောင်ခံစားရပါတယ်၊ သွားကြရအောင်လေ - ဖိတ်စာကိစ္စလည်း လုပ်ရအုံးမှာမို့လား၊ ကဲ အားလုံးသွားကြရအောင်နော် - ဆိုရင်းသူ့လက်ကိုတွဲထူလေသည်။

တုန့်ပြန်စကားမဆိုဘဲ အလိုက်သင့် နွဲ့လေးငယ်တို့အိမ်ကို ပြန်လာခဲ့ကြသည်၊ နွဲ့လေးငယ်တို့ အိမ်အဝင်တွင် မိခင်၏စကားသံကို အရင်ဆုံးကြားလိုက်ရပြန်သည်။

ညီမရယ် - ငါမှဒီလိုအဖြစ်မျိုး ဖြစ်ရလေခြင်းလို့ မထင်ပါနဲ့ကွယ် - အစ်မလည်းသမီးလေးအတွက် ခံစားရပါတယ်၊ ဇာတိကြောင့်ဖြစ်ရတဲ့အကျိုးပဲလေ - နောက်ဆုံးတော့ အားလုံးသွားရမယ့်လမ်းပါပဲ၊ ဒါကြောင့်ဇာတိမရအောင် ကြိုးစား

www.burmeseclassic.com



ရမယ်လေ- တိတ်တိတ်-

စကားအဆုံးဒေါ်အေးနွဲ့က သူတို့အုပ်စုကို လှမ်းကြည့်လေသည်။

ရှင်ပိုင်းဖြူမှ မော်ဘီရိပ်သာသို့ သင်္ဂြိုဟ်မည့်အချိန်ကို ဖုံးဆက်အကြောင်းကြားလေသည်။

မတ်လ (၃၁)ရက်နေ့ နံနက် (၁၀) နာရီတွင် သူတို့အုပ်စုက ရေဝေးခန်းမသို့ရောက်ရှိချိန်တွင် နွဲ့လေးငယ်မိဘနှစ်ပါးနှင့် မေမေက မိုးကုတ်အဖွဲ့ချုပ်တွင် ဆွမ်းကပ်ရင်းဖြစ်ကြောင်းကုန်စင် ဆရာတော်ကိုလျှောက်ထားကြလေသည်။

မိုးကုတ်အဖွဲ့ချုပ်ရှိ သံဃာတော်များနှင့် ယောဂီသူတော်စင်များက နွဲ့လေးငယ်အတွက် ရည်စူးပြီးမေတ္တာပို့ အမျှဝေကြသည်- နွဲ့လေးငယ်မိခင်၏ သောကများက မြင်ရက်စရာမရှိ .....၊

ရေဝေးအသုဘခန်းမတွင် မှော်ဘီချမ်းအေးမေ့ရိပ်သာမှ ဆရာတော်ကြီး မယ်တော်ကြီးတို့ ကိုယ်တိုင်ကြွ၍ အသုဘရှုကြသည်။

သီလရှင်သုံးပါးမှပင် နွဲ့လေးငယ်ကို ယောဂီဝတ်စုံလေးနှင့် အသုဘပြင်သည်။ ရေခဲတိုက်မှ ထုတ်လာသော်လည်း ပျော့ပြောင်းသောအနေအထားနှင့် နွဲ့လေးငယ်အား တရားထိုင်ပုံ၊ ဘုရားကန်တော့မှ ခြေ၊ လက်များကို ကွေးဆန့်နိုင်ပုံ ကိုအသေမဦးခင်မေ့ဒါနအဖွဲ့မှ ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးလေသည်။

နွဲ့လေးငယ်၏ ကျောင်းမှသူငယ်ချင်းများ၊ ရိပ်သာမှမေ့မိတ်ဆွေများနှင့် အသုဘမှာစည်ကားလှသည်။ ထိုစဉ်အခြားအသုဘပို့လာသော အဖွားကြီးတစ်ယောက်မှ နွဲ့လေးငယ်၏ ရုပ်ကလပ်အား ဝင်ရောက်ဦးချလေသည်။

အနီးအနားမှလူများက အံ့အားတစ်သင့်ကြည့်နေစဉ် အဖွားကြီးမှ ဒီအသက်အရွယ်၊ ဒီရုပ်ရည်နဲ့ ခေတ်ပညာတတ်ကလေးမက အရိယာလိုသေပြလို့ ကန်တော့တာပါ၊ အသက်နဲ့မဆိုင်ပါဘူး၊ ကလေးမလေးရဲ့သီလ၊ သမာဓိ၊ ပညာဂုဏ်ကိုကန်တော့တာ၊ ဒီခေတ်ဒီအခါဒီလိုမျိုးကလေးကို မသံထမင်း၊ မသိုးဟင်းနဲ့



ရှာတောင်တွေ့ဘို့ မလွယ်ဘူး၊ တစ်ကယ်တစ်ကယ် -ဟုပြောရင်း ထွက်သွားလေသည်။

ရေခဲတိုက်မှထုတ်၍ မည်သည့်အရာမှ ခြယ်သထားခြင်းမရှိသော နွဲ့လေးငယ်၏ မျက်နှာပြင်မှာ သက်ရှိထင်ရှားအလားသွေးရောင်လွှမ်းနေသည်ကလည်း ယုံနိုင်ဖွယ်မရှိ.....၊

ထိုစဉ် ရှင်ပိုင်းဖြူမှ ရုတ်တရက်ထိုင်ချပြီး သူ့သူငယ်ချင်းနွဲ့လေးငယ်ကို ကန်တော့လေတော့သည်။ ခင်ငြိမ်းစံ၊ ပိုးနှင်းဥတို့နှင့်အတူ နေမျိုး၊ ဇင်မောင်၊ ပိုင်စိုးမောင်ပါကန်တော့ကြ၍ ဘေးမှ ပရိတ်သတ်က ကြေကွဲခြင်းပိုကြရဟန်ရှိလေ သည်။

သူ နွဲ့လေးငယ်၏ လက်ဖဝါးလေးကို ညင်သာစွာကိုင်မိသည်၊ ပြောစရာစကားတွေက ရင်ထဲတွင်ဆို့နင့်၍ အပြင်မထွက်နိုင် သွေးရောင်လွှမ်းနေသောပါးပြင် ကိုမွေးရိုက်မိစဉ်ကြာညိုနွံ့သင်းသင်းက ရင်ထဲသို့စီးဝင်လာသည်။

ခင်ငြိမ်းစံ၏ ငိုရှိုက်သံကသိသိသာသာ နားထဲသို့တိုးဝင်လာသည်။ နွဲ့လေးငယ်၏ လက်ဖဝါးကိုင်၍-

ချစ်သူရယ် သေသေချာချာအကွက်ချပြီးမှ ကိုယ်ကိုထားရစ်ခဲ့သလားကွယ် - မြတ်မြတ်နိုးနိုးနဲ့တန်ဘိုးထားပြီး ချစ်ရတဲ့မင့်ဆန္ဒကို ပြည့်ဝအောင်ဖြည့်စွမ်းပါမယ်လို့ ကိုယ်ကတိပြုပါတယ်- စိတ်ချလက်ချသာ ထွက်သွားပါတော့ ချစ်သူရယ် ဟု ရင်ထဲစကားဆိုမိလေသည်။

ချစ်သူလက်ဖဝါးဆီမှ အင်အားပါသောစီးဝင်သလို မိမိခန္ဓာကိုယ်တစ်ခုလုံးတုန်ခါသွား၍ ချစ်သူမျက်နှာလှမ်းအကြည့် မျက်ရည်ကြည်များကာရံထား၍ ညာဖက်သို့အနည်းငယ်စောင်း၍ ပြုံးဟန်ရှိနေသော မျက်နှာပြင်က ပီပြင်ခြင်းမရှိတော့။

ထိုစဉ် -

သား -မောင်မျိုး- တော်လောက်ပါပြီကွယ်၊ မီးသင်္ဂြိုဟ်စက်ဆီပို့ကြရ

www.burmeseclassic.com

www.burmeseclassic.com



အောင်နော် - ဟုမိခင်ကြီးဆိုလာ၍ အသာအယာနောက်ဆုတ်ပေးမိလိုက်သည်။

နွဲ့လေးငယ်မိခင်၏ ကြေကွဲသောငိုရှိုက်သံက နားထဲသို့စီးဝင်ဆဲ - မီးသဂြိုလ်စက်အပေါက်ဝတွင် နွဲ့လေးငယ်၏မိခင်အား နွဲ့လေးငယ်ဖခင်နှင့် သူ့မိခင်ကြီးမှတစ်ဖက်တစ်ချက်ဖေးမ၍ တွဲခေါ်သွားကြသည်။

ကဲ - သက်ဆိုင်သူသုံးလေးယောက်ဘဲအထဲလိုက်ပါ-ဟုတာဝန်ရှိဝန်ထမ်းဆိုလာ၍ နွဲ့လေးငယ်ရပ်ကလပ်နောက်သို့ ဇင်မောင်၊ နေမျိုး၊ ပိုင်စိုးမောင်နှင့်အတူ လှမ်းဝင်ခဲ့လေသည်။

"ကလေးမတစ်ယောက်က အရိုးပြာလိုချင်တယ်လို့လာပြောထားလို့ သဂြိုလ်စက်ထဲမှာ ရှင်းထားပါတယ်"

နေမျိုးမှ -

ဟုတ်ကဲ့ - ကျေးဇူးပါ။

စည်ပင်ဝန်ထမ်းမှ -

ကျေးဇူးတင်စရာမလိုပါဘူး - ကွယ်လွန်သွားတဲ့ကလေးမလေးက ငယ်ငယ်ရွယ်ရွယ်နဲ့တရားနဲ့ သေပြသွားဖို့ ကျနော်တို့တစ်တွေလည်း အားကျဂုဏ်ယူနေတာပါ။

အဲ အားကျလောက်အောင်သေပြသွားတာလေ-ဟု ဆိုလေသည်။

အရိုးပြာအိုးအား ရှင်ပိုင်းဖြူမှယူ၍ ချမ်းအေးမွှေရိပ်သာမှ သီလရှင်ဆရာလေးသို့ကမ်းပေးလေသည်။

သူ့အား နေမျိုးနှင့်ဇင်မောင်မှ တစ်ဖက်ဆီကပ်လျက်ကားဆီသို့ခေါ်သွား လေသည် - ရပ်ထားသောကားအနီး အငယ်လေးကိုတွေ့လိုက်ကြရ၍ -

ဇင်မောင်မှ -

ဟင် - အငယ်လေး - မင်းမထွက်ဖြစ်သေးဘူးလား!

အေး - ရက်နောက်ဆုတ်သွားလို့ - မနက်ဖြန်မှထွက်ရမှာ - ထွက်မို့ကိစ္စရှုပ်နေလို့ ငါဘာမှမသိဘူး - မနက်ကသတင်းစာမှာတွေ့လိုက်ရမှ - ချက်ချင်းပြေး



လာခဲ့တာ - ကြေကွဲတယ်ကွာ၊ဟုငိုသံနှင့် ပြန်ပြောသောအငယ်လေးအား အမိပွါယ် မဲ့ငေးကြည့်မိလေသည်။

နေမျိုးကားမောင်းထွက်စဉ် - သူနှင့်အငယ်လေးနောက်ခန်းမှထိုင်၍ ဇင်မောင်ကနေမျိုးဘေးမှ ပါလာသည်။ တစ်စစီပြန့်လွင့်နေသော စိတ်အစဉ်က အင်းလျားကန်ဘောင်နားအဖြတ် သူဆင်းနေရန်ဆန္ဒဖြစ်လာ၍ နေမျိုးကိုကားရပ်နိုင်းပြီး တစ်ယောက်တည်းဆင်းလာမိသည်။

"သူငယ်ချင်းပြန်ကြစို့ကွာ! မင့်ဒီမှာအချိန်တွေကြာနေပြီဟု ဇင်မောင်အသံကြားမှ အတွေးစရပ်၍ လှည့်ကြည့်မိသည်။

တစ်နေကုန်အပူရှိန်ပြင်းသောနေမင်းသည်ပင် အနောက်ရိုးမကို ခိုဝင်သွားလေပြီ - ပဟမာန်လက်ကျန်လေနုအေးက သူ့ရင်အေးအောင် မစွမ်းဆောင်နိုင်သည်ကတော့အမှန်ပင် -

မင့်အမေက ညရှစ်နာရီခွဲကားနဲ့ပြန်မှာ - နေမျိုးစကားကြားမှ မေမေ့ကိုသတိရမိသည်။ သူတို့အားလုံး နွဲ့လေးငယ်တို့အိမ်မှ ဆီသို့ဦးတည်လိုက်ကြလေသည်၊ ကားပေါ်တက်ခါနီး မေမေက -

သား - အရှမ်းခံစားနေရပြီလား! မေမေကိုယ်ချင်းစာပါတယ် - တစ်ချိန်မှာ ခွဲကြရမှာပေမယ့် ခွဲရချိန်ကစောနေတော့ မဖြေနိုင်စရာပဲပေါ့ မေမေစကားအဆုံး ဇင်မောင်မှ -

အန်တီရက်လည်ပြီးမှ ပြန်တာမဟုတ်ဘူး -

ဟင်းဟင်း မေမေ့သမီးလေးက ရက်လည်ဆွမ်းအလွတ်သေတာသားရဲ့ အေးလေ သားတို့ နောက်တော့သိလာမှာပါ - အန်တီမှာလည်း အချိန်နည်းနည်းပဲကျန်တော့တာ - လုပ်စရာရှိတာလေးတွေ လုပ်ရအုံးမှာမို့ပါကွယ်။

ကဲ သားတို့ပြန်ကြ သားတို့ကို အန်တီမှာခဲ့ရအုံးမယ်၊ လုပ်သင့်တဲ့အလုပ်ကို အချိန်ကိုက်လုပ်နိုင်အောင် ကြိုးစားကြ ကဲကဲ - သွားကြတော့ဆိုရင်း ကားပေါ်တွင်တက်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁.၅.၂၀၀၆)

အစားထိုးဖြေသိမ့်နိုင်စရာအကြောင်းကား စိုးစေ့မျှမရှိ - နငယ်သော ကလေးဘဝသာသာတွင် အိပ်မက်မှာရင်းနှီးခဲ့ရသူ- ဆုံဆည်းရမယ်လို့ ယုံကြည်ချက်ကြောင့် ခေါင်းပြူစနလုံးသားမှာပင် ပုံရိပ်ထင်ခဲ့ရသူ- တစ်ကယ်တမ်းကြုံဆုံခဲ့ရ ပုံကလည်း အိမ်မက်၏ အတိတ်အရိပ်နှင့်ထပ်တူညီ .....။

တပ်မက်မှုဆန္ဒအား ဦးစားပေးရွေးချယ်ခဲ့ခြင်းမဟုတ်သည်ကိုလည်း ကိုယ်တိုင်ပင်အသိဆုံး .....၊

အေးချမ်းပျော်ရွှင်ခြင်းအတိနှင့် ပြီးပြည့်စုံသောဘဝအစဟု သတ်မှတ်စဉ် မှာပင် အမှတ်မထင် တစ်ခြမ်းဖဲ့ထားရစ်ခဲ့သော ချစ်သူအား ပြီးမာန်မဖွဲ့ဘဲစိမ်းရက်လေခြင်းလို့ပင် အပြစ်ဖွဲ့မှတွေးရက်ခဲ့သည်ကိုလည်း ကိုယ်တိုင်ပင် အံ့သြမဆုံး-

မျိုးမောင်- မင်းနေ့ခင်းစာစားတာလည်းမတွေ့ဘူး၊ ရုတ်တရက်နေမျိုး စကားသံကြောင့်-

ငါဆာမှန်း မဆာမှန်းကိုမသိတော့သလိုပဲ လာပါကွာ၊ နွဲ့လေးငယ်တို့ အိမ်မှာ မစားချင်ရင်လည်း အပြင်ထွက်စားရအောင်- နေမျိုးစကားအဆုံး အပြုံးနှင့်ခေါင်းရမ်းပြမိသည်။

သူ့ကိုကြည့်၍ ဇင်မောင်မှ-

မဟုတ်သေးဘူးထင်တယ်- စားချိန်လေးတော့မှန်ဖို့လိုတယ်- ငါတို့လည်းမင့်လောက်ထပ်တူခံစား မဟုတ်တောင် ရင်ကိုတော့ တစ်ကယ်ကိုအပြင်းစားထိတာဘဲလေ-

အစားမမှန်လို မင့်လဲရင် မလွယ်ဘူးကွ၊ ဒါကြောင့် ဆာတာမဆာတာ စားချင်တာ မစားချင်တာထက် အာဟာရအတွက်တော့ စားသင့်တယ်ကွာ၊

ဇင်မောင်စကားအဆုံးတွင် သူတို့သုံးယောက်ဆီသို့ လှမ်းလာသော ပိုင်စိုးမောင်အား သတိပြုမိကြသည်။



မျိုးမောင် ငါစကားနည်းနည်းပြောချင်လို့

သူ့နားဝင်ထိုင်ရင်း စကားပြောခွင့်တောင်းသော ပိုင်စိုးမောင်အား ခေါင်းငြိမ့်ပြမိလိုက်သည်။

ဒီလိုအချိန်မှာ ပြောသင့်တယ်ထင်လို့-

အခု ငါပိုင်စိုးမောင်ဆိုတဲ့ဘဝနဲ့ လောကအလယ်မှာ ရပ်တည်နိုင်အောင် ငါကလည်းမတောင်းဘဲ မင့်ကလည်း မပေးဘဲနဲ့ ရခဲ့တာကို ကျေးဇူးတင်ကယ်လို့ အရင်ပြောပါရစေကွာ၊

ပိုင်စိုးမောင်၏စကားအဓိပ္ပါယ်ကို သူသဘောမပေါက် နေမျိုးနှင့် ဇင်မောင်ကငြိမ်သက်စွာ နားထောင်နေဟန်-

ဘယ်လိုမိန်းမမျိုးမှ တစ်ကယ်ပေးဆပ်ဖို့မပြောနဲ့ စိတ်ကူးနဲ့တောင် မလုပ်နိုင်တဲ့အရာကို ပေးဆပ်ခဲ့တဲ့-

ပိုင်စိုးမောင်စကားမဆုံးမီ သူ့ဟမ်းဖုန်းမှ အသံမြည်လာလေသည်။

ခဏကွာ၊

ဟု ပိုင်စိုးမောင်အားလှမ်းပြောရင်း

ဟုတ်ကဲ့ ကျနော် မျိုးမောင်ပါ-

□ □ □ □ □

အခုလား၊

လာကွာ မင့်အိမ်သွားရအောင်-

ထလိုက်ရန်ပြင်သော ဇင်မောင်အား-

မင့်တို့နှစ်ယောက် ဒီမှာနေခဲ့အုံး-

လာ- နေမျိုးဟု ရှေ့မှဦးဆောင်ထွက်မိသည်။

အိတ်ထဲသို့ အဝတ်အစားထည့်နေစဉ်-

www.burmeseclassic.com

www.burmeseclassic.com



ဟောကောင်၊ ဘာလဲကွ- မင့်ဟာက-

ခုနက မိတ္ထီလာက ငါ့သူငယ်ချင်း သန်းညွန့်ဖုန်းဆက်တာ - ဘာတဲ့လဲ-

မသိဘူးကွ- အရေးကြီးတယ်- ချက်ချင်းမိတ္ထီလာကိုလာခဲ့ပါတဲ့-

ကားဂိတ်တွင်သူသန်းညွန့်ဆီ ဖုံးခေါ် ကြည့်မိသည်။

စက်ပိတ်ထားသည် ခေါ်ဆို၍မရနိုင်ပါဟု ထပ်တလဲလဲကြားနေရသည် နေမျိုးမှ .....၊

မင့်ဖုံးခဏဆို၍ သူခေါ်သည့်ဖုံးနံပါတ်ကို မှတ်နေသည်၊ ည (၇) နာရီ (၃၀) မိနစ်ကားနှင့် မိတ္ထီလာပြန်ခဲ့ရသည်။

ကားပေါ်တက်ခါနီး -

နေမျိုး- နွဲ့ဇလေးငယ်မိဘတွေမေးရင် အကျိုးအကြောင်းပြောပြလိုက်ကွာ- နွဲ့ဇလေးငယ်ကိုစွပြီးတဲ့အထိ နေပေးနော်ဟု မှာလျှင်နေမျိုးမှ စိတ်မပူနဲ့- စိတ်ချသွား၊ ဒီမှာဒို့သူငယ်ချင်းတွေ အားလုံးရှိတယ်-

ည (၉) နာရီ (၃၀) ခန့်တွင် နေမျိုး- သန်းညွန့်နှင့် ဖုံးအဆက်အသွယ် ရလေသည်။

ဟုတ်ကဲ့အမိန့်ရှိပါ-

ကျနော် မျိုးမောင်သူငယ်ချင်းနေမျိုးပါ-

ဩ- ကိုနေမျိုး- မောင်မျိုးရော-

(၇) နာရီ (၃၀) ကားနဲ့ပါသွားပြီ-

ဟုတ်လား၊ ကျနော့ဖုံးမှာ မက်ဆေ့ရတယ်- သူ့ကိုမပြောရက်လို့

ဟင်- ဘာကြောင့်လဲ-

ဆရာမကြီး- အဲ သူ့အမေဆုံးသွားပြီ-

ဗျာ-

ဟုတ်တယ်- သူ့ကိုမပြောရက်လို့- သူသိရင်လမ်းမှာ အရမ်းခံစားနေရမယ်လေ-



နေမျိုးတုန့်ပြန်စကားမဆိုမိ- သူငယ်ချင်းအတွက် ခံစားရမှုက ကြီးမားသောအပုလိုင်းကြီး ရင်ဘတ်ထဲသို့ အရှိန်ပြင်းပြင်းတိုးဝင်လာသကဲ့သို့ပင်-

မိတ္ထီလာအိမ်သို့ သူရောက်လျှင် အရင်ဆုံးပြေးထွက်လာသူက သိမ်းထွေး သူငယ်ချင်း ဆရာမကြီးဆုံးပြီကွ၊ဟု ပြောရင်း ရှိုက်ကြီးတစ်ငင်ငိုလေသည်။

အကြားအာရုံတွင် ဝေဝါးဝါး- အလျှင်အမြန်အိမ်ထဲသို့ လှမ်းဝင်လိုက်မိသည်။

ဆရာမကြီးရဲ့ ဆရာမကြီးချစ်တဲ့သားလေး ပြန်လာပြီ ထကြည့်ပါအုံး ဆရာမကြီးရဲ့ ငိုကြွေးသံကနားထဲသို့ တိုးဝင်လာပြန်သည်။

ကုတင်ပေါ်တွင် ယောဂီဝတ်စုံအညိုရောင်နှင့် မေမေကငြိမ်သက်စွာ ရှိနေသည်၊ ညာဘက်သို့ အနည်းငယ်စောင်း၍ ပြုံးရောင်သန်းနေသော မေမေ့မျက်နှာကြောင့် နွဲ့ဇလေးငယ်ကို သတိရစိတ်ဖြစ်မိရပြန်သည်။ ပုံစံတူသေဆုံးခြင်းလူတွေသေရင် ဒီလိုပုံစံဘဲလားဟု မဆီမဆိုင်အတွေးဝင်မိပြန်သည်၊

အသာအယာအနားတိုး၍ မိခင်၏ညာလက်ကိုကိုင်ထားမိပြန်သည်။

ပျော့ပျော့ပျောင်းပျောင်း .....၊

မေမေရယ်ဟုတမိသော်လည်း ပြောရန်စကားမရှိပြန် အမြင်အာရုံသည် မျက်ကြည်လွှာကို ဖုံးထားသောမျက်ရည်နွေးများကြောင့် မှုန်ဝါးဝါး-

သူငယ်ချင်းဟုအသံနှင့် ပခုံးကိုလာကိုင်သူကို မော့ကြည့်မိတော့ သန်းညွန့်-

မေမေ့လက်ကို ရင်ဘတ်ပေါ်အသာပြန်တင်ရင်း သန်းညွန့်နောက်သို့ လိုက်ပါခဲ့မိသည်။

ဘယ်လိုဖြစ်တာလဲကွာ၊

အေး -ဘယ်လိုဖြစ်မှန်းမသိအောင်ကို အံ့ဩဘို့ကောင်းတယ်ကွာ၊

သူရန်ကုန်ကပြန်ရောက်တော့ မနက်ခုနစ်နာရီထိုးခါနီးပြီကွ၊ ငါနဲ့

www.burmeseclassic.com

www.burmeseclassic.com



သိမ်းထွေးရေချိုးပြီး ပွဲရုံသွားဖို့ပြင်တုန်းပေါ့-

သားတို့ ပွဲရုံသွားကြတော့မလို့လား၊ ခဏနေကြအုံးကွယ်-အမေပြော စရာနည်းနည်းရှိလို့တဲ့၊ ဆရာမကြီးအဲလိုပြောတော့ ငါတို့နှစ်ယောက်လည်း ဈေးကိုမသွား သေးဘဲစောင့်နေရတာပေါ့-

ထိုင်ကြလေ- သားတို့ရဲ့ဒီနေ့ဈေးပြီးတစ်ရက်ဘဲ ဖြေးဖြေးပေါ့တဲ့- သား တို့အရောင်းအဝယ်ကောင်းရဲ့လား၊လို့မေးတော့ သိမ်းထွေးက ကောင်းပါတယ် အမေလို့ ပြန်ဖြေတယ်ကွ၊

အဲတော့ ဆရာမကြီးက ဘာပြောတယ်မှတ်လဲ-

ကောင်းပါတယ်ဆိုတာ အမြတ်တွေအများကြီးရလို့ ပြောတာလားတဲ့-

မင့်သိသားဘဲ့ကွာ၊ ငါတို့နှစ်ယောက်က ဆရာမကြီးလက်ထွက်- အမြတ်နည်းနည်းနဲ့ များများရောင်းရအောင်ဘဲ့လေကွာ-

အဲဒီမှာ မဆီမဆိုင် ပြောတာကတော့

အမေမှာ သားလေးယောက်ရှိတယ်တဲ့-

တစ်ယောက်ကတော့ အမေ့စေတနာသန့်သန့်ဘဲပေးခဲ့ရတာ-

အခြားတာဝန်မယူရတော့ ထားလိုက်ပါတော့တဲ့-

သားတို့နှစ်ယောက်တော့ အမေဝမ်းနဲ့မလွယ်ရပေမယ့် ဝမ်းနဲ့လွယ်ခဲ့ ရတဲ့ အမေ့သားမောင်မျိုးလို တစ်တန်းထဲဘဲ့တဲ့- သမုတိနယ်မှာ ဒီသားသုံး ယောက်ကို အမေတန်းတူဘဲ့ထားတယ်- အဲတော့ အမေပြောတာသေချာမှတ် ကြတဲ့-

မင့်တို့သူငယ်ချင်းကတော့ ထိရက်တော်တော်နာအောင် လောကဓံက ရိုက်လိုက်လို့ အတော်ကိုခံစားနေရပုံဘဲ့တဲ့-

အကြောင်းကြောင့်ဖြစ်လာတဲ့ အကျိုးတရားကို ဘယ်လိုရှောင်လွှဲလို့ ရမှာလဲတဲ့- ထိမှနာ- နာမှသိဆိုရိုးစကားလည်း ရှိခဲ့တာပဲမို့ ထိရက်ပြင်းပြင်းနဲ့ နာရတာမို့ သိဘို့မဝေးတော့ဘူး ထင်ပါတယ်တဲ့.....၊



သားတို့ငယ်ငယ်က လိုက်တမ်းပြေတမ်းကစားခဲ့ကြတာကို ပြန်တွေး ကြည့်စမ်းတဲ့-

ပြေးတဲ့အလှည့်မှာ နောက်ကလူမမီအောင် အားစိုက်ပြေးရတော့ မမောဘူးလားတဲ့- အဲလိုက်တဲ့အလှည့်ကျရင်လည်း ပြေးသူကိုမီဖို့အားစိုက်ရ တော့မောတာပါဘဲ့တဲ့- ဒါပေမယ့် ပြေးတဲ့သူရော လိုက်တဲ့သူပါ ဇောကပ်နေ တော့ ဒီအမောကို မောမှန်းမသိကြပါဘူးတဲ့-

ပြိုင်ပွဲကအပြင်ထွက် ဘေးကကြည့်မှ ဒီအမောကိုမြင်နိုင်မှာတဲ့- အခု သားတို့လည်း ရောင်းလိုက်၊ ဝယ်လိုက်၊ မြတ်လိုက်၊ ရှုံးလိုက်နဲ့မောမှန်းသိကြ မှာမဟုတ်ဘူး- အေး ကြောင်းကျိုးချိန်ခါကျလာရင်တော့ ဒီအမောတွေကို မြင် အောင်ကြည့်ဖို့လိုမယ်လို့ အမေထင်တယ်၊

အမေ့သားတွေဟာ လူညံ့တွေမဟုတ်မှန်း အမေသိပါတယ်တဲ့- အခြေ အနေအရ အချိန်အခါမတူကြပေမယ့် တစ်ကယ့်ဖမ်းကိုင်ရမယ့် ပန်းတိုင်ကိုတော့ အရောက်လှမ်းနိုင်ကြမှာပါတဲ့.....၊

အခုအမေပြောတဲ့စကားတွေကို တစ်ချိန်ချိန်မှာ သားတို့နားလည်လာ ကြမှာပါ- ကဲ ကဲ သွားကြတော့ အမေလည်း ပင်ပန်းလှပြီကွယ် နားချင်ပြီ။

ဩ သားတို့ ဘယ်အရာကိုမှ အစွန်းမရောက်ဖို့တော့ လိုတယ်နော်- သွားကြ သွားကြတဲ့-

သန်းညွန့်မှ အမေနောက်ဆုံးပြောခဲ့တဲ့စကားများကို သူ့ကိုပြန်ပြောပြ ပြီးသက်ပြင်းရှည်တစ်ချက်ချပြီး တွေဝေငြိမ်သက်နေလေသည်။

မေမေအသုဘချမည့်နေ့တွင် မိတ္ထီလာမိုးကုတ်ဓမ္မရိပ်သာမှ ဓမ္မမိတ် ဆွေများအားလုံးနီးနီးမို့ လူများသလို တစ်ချိန်က မေမေ့တပည့်ဟောင်းများ၊ ဈေးသူဈေးသားများနှင့် လူစည်ကားလွန်းလှလေသည်။

ဓမ္မရိပ်သာမှ မှတ်တမ်းတင်အဖွဲ့မှ မေမေ့ရဲ့ ရုပ်ကလပ်ကို နွဲ့ငယ်ငယ် တုန်းကလိုပင် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ဗီဒီယိုရိုက်၍ မှတ်တမ်းပြုကြလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မရိပ်သာမှ ဆရာတော်ကြီးက အသေမဦးခင်ညက်ဦးအောင် ကြိုးစားသွားနိုင်ခဲ့တဲ့ ဒကာမကြီးဘဲ့ အားကျအတုယူဖို့ကောင်းတယ် - မေမေ့လျော့လျော့နဲ့ အသုဘမပို့ကြနဲ့ မြင်အောင်ကြည့်ပြီး လိုက်နိုင်အောင်ကြိုးစားကြလို့ မိန့်လေသည်။

မသေခင်ကတည်းက သရဏဂုံမြဲပြီး အရိယာလမ်းကို ကြိုးစားအားထုတ်ရောက်အောင်သွားနိုင်ခဲ့တာမို့ သေမှ သရဏဂုံ အတင်လွတ်သလို ရက်လည်ဆွမ်းသွတ်လွတ်တဲ့ ဒကာမကြီးဘဲ့ သာဓု သာဓု သာဓု

ဆရာတော်ကြီးထပ်မိန့်ပြီးလျှင် အသုဘပရိတ်သတ်အားလုံး ခဏကြာငြိမ်သက်သွားကြလေတော့သည်။

နောက်တစ်နေ့ရင်နီးပါတ်သက်ရာ ဆွေမျိုးမိတ်ဆွေတစ်ချို့ရှိနေချိန်တွင် ဖေဖေအာမ နှစ်ဝမ်းကွဲတော်သော ကြီးမေကြီးမှ -

သားမောင်မျိုး ဒီမှာ သားအမေပေးထားခဲ့တာ -

သူ့သားကိုပေးပေးပါတဲ့ - ဆိုရင်းခေါင်းအုံးတစ်လုံး လာပေးလေသည် တစ်ချို့ကလည်း အဖိုးတန်ပစ္စည်းများထည့်၍ သားကိုပေးခဲ့တာဖြစ်မည်ဟု တီးတိုးထင်မြင်စကားဆိုကြလေသည်။

ကဲ သားမောင်မျိုး အထဲမှာ ဘာတွေထည့်ထားခဲ့သလဲလို့ ဖွင့်ကြည့်အုံး

ခေါင်းအုံးကိုခွဲ၍ လဲမွေ့ကြားမှာတွေ့လိုက်ရသည်က အားလုံးထင်ထားသော အဖိုးတန်ရတနာပစ္စည်းများမဟုတ် -

ဆယ်လက်မ - တစ်ပေအရွယ်ရှိ ပလပ်စတစ်လောင်းထားသော ပဋ္ဌာန်းသမုပ္ပါဒ် စက်ဝိုင်းဒေသနာစာရွက် -

ရင်မှာအင်အားပါသော ရိုက်ခတ်ခြင်း ဝေဒနာခံစားမိရသည်။ ပိုက်ဆံအိတ်အတွင်းမှ နွဲ့လေးငယ်ပေးခဲ့သော စက်ဝိုင်းဒေသနာနှင့် အရွယ်အကြီးအသေးသာကွာခြားသည်မို့ အံ့ဩခြင်းကြီးစွာနှင့် တုန်လှုပ်သွားခဲ့ရသည်ကတော့ အမှန်ပင် .....!



မိမိကိုယ်ကို ထူးထူးခြားခြားသတိပြုမိသည်က စိတ်အစဉ်က အချိန်တိုင်းလိုလို ပဋ္ဌာန်းသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်ကိုသာ ရောက်နေမိခြင်းဖြစ်သည်။ ရက်ပိုင်းသာခြား၍ မိမိဘဝအတွက် အလေးထားရဆုံးသူနှစ်ယောက်ဖြစ်သော မိခင်ကြီးနှင့် ချစ်ရသူ၏ ခွဲခွာသွားရခြင်းသည်ပင် လျော့ပါးသွားသည်အလား!

ထိုစဉ်က စိတ်သည်အချိန်တစ်ခုအတွင်း အကြောင်းအရာတစ်ခုသာ ခံစားနိုင်သည်ကိုလည်း မသိသေးသည်မှာလည်း အမှန်ပင် -

ညွန့်ကြီး၊ သိမ်းထွေး

ငါရန်ကုန်ပြန်တော့မယ် -

ဟင် - ဆရာမကြီးရက်တောင်မလည်သေးဘူး - ဟိုမှာဘာကိစ္စများအရေးတစ်ကြီးရှိလို့လဲ -

တုန့်ပြန်စကားမဆိုမိ -

ငါ ဒီနေ့ဘဲပြန်မယ် -

သန်း ညွန့်မှ တစ်စုံတစ်ရာပြောဟန်ပြင်ပြီးမှ သက်ပြင်းတစ်ချက်ရှိုက်ရင်း .....!

အေးလေ မင့်ပြန်မယ်ဆို ငါတို့လိုက်ပို့မယ် -

ဘယ်ကိုလဲ

ကားဂိတ်ကိုလေ -

မပို့နဲ့ ငါ့ဟာသာဘဲ့သွားပါရစေ -

သိမ်းထွေးမှ -

မင့်ကလည်းကွာ! ဒီမှာဆရာမကြီး မရှိတော့ရင် လုပ်ငန်းကိစ္စတွေက မင့်နဲ့တိုင်ပင်ရအုံးမှာ -

ဟာ မလိုပါဘူးကွာ! အရင်လည်း မင့်တို့ဘဲ့ဦးစီးလုပ်နေကြတာဘဲ့ -

မဟုတ်သေးဘူးလေကွာ -

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ် – ကျန်နေတဲ့ကိစ္စတွေကို မင့်တို့နှစ်ယောက်တိုင်ပင်ပြီး ဆက်လုပ်ကြပါကွာ၊

သူ့စကားအဆုံး သိမ်းထွေးမှ စိတ်ရှုတ်ဟန်နှင့် ခေါင်းကိုကုပ်ဖွ သက်ပြင်းချလေသည်။ ထိုစဉ် သန်းညွန့်မှ –

အေးလေ – ဒါတွေက ဖြစ်အောင်လုပ်နိုင်ပါတယ် – မင့်ကိုတော့ ကားဂိတ်လိုက်ပို့ပါရစေ.....၊

မပို့နဲ့ကွာ၊ ပို့ပြီးရင် မင့်တို့ကျန်နေခဲ့ကြမှာ – အခုကတည်းက ငါတစ်ယောက်တည်း သွားပါရစေကွာ၊

ငါ့ကိုနားလည်ပေးကြပါကွာ –

ဘာတော့သွားမှာလဲ –

အခုဘဲ –

ဘယ်ကားနဲ့သွားမှာလဲ –

ရရာကားနဲ့ပေါ့ သူ့စကားအဆုံး.....၊

နှစ်ဦးသား တနာနားလည်ဟန်အကြည့်နောက်တွင် ဖြေသိမ့်စကားရှာရ ဟန်မတူ။

□ □ □ □ □

# အခန်း (၁၁)
# အကြောင်း အကြောင်းမှသည် အကျိုးဆီသို့

ကားဝင်းထဲရောက်ရောက်ခြင်း ထွက်တော့မည့်ကားမို့ နောက်ဆုံးခုံတွင် သာနေရာရသည်။ ပိုက်ဆံအိတ်အတွင်းမှ နွံ့လေးငယ်ပေးခဲ့သော စက်ပိုင်းဒေသနာ တော်အား ကြည့်လာခဲ့မိသည်။ မွေအသုံးအနှုန်းများကို စိတ်အစဉ်၌ အလွတ်နီးပါး မှတ်မိနေသော်လည်း နားလည်နိုင်ခြင်းကား အလျှင်းမရှိ – ရက်ပိုင်းအတွင်း စိတ်ပန်း ကိုယ်ကြေဖြစ်ရခြင်း ဒဏ်ကြောင့် ကားပေါ်တွင် အိပ်ပျော်သွားရပြန်သည်။

အိပ်မက်ထဲတွင်လည်း စက်ပိုင်းဒေသနာတော်သာ နေရာယူနေပြန်သည်။

"ဝုန်း"

သွားစီးလာသောကားက ဖြူးမြို့ ရပ်ရှင်ရုံအလွန်တွင် အသံတစ်ချက် ပြင်းပြင်းမည်၍ ထိုးရပ်သွားလေသည်။

ကားစပယ်ယာမှ အောက်ဆင်းကြည့်ပြီး ကားပေါ်ပြန်တက်၍ ခရီးသည်များခင်ဗျား – ကျွန်တော်တို့ကားစက်ချို့ယွင်းမှုတစ်ခုဖြစ်ပွားပါ၍ ပြုပြင်ရန် အချိန်နှစ်နာရီလောက်ကြာနိုင်ပါသည်၊ သို့အတွက်ပါကြောင့် တန်ဖိုးရှိသော မိမိတို့၏ ပစ္စည်းများကိုယူ၍ ခေတ္တစောင့်ဆိုင်းပေးကြပါရန် မေတ္တာရပ်ခံပါသည်ခင်ဗျား – ဟု ဆိုလေတော့သည်။

အများနှင့်ရော၍ ကားပေါ်မှဆင်းပြီး အရှေ့အရပ်ဘက်သွားရာ လမ်းအတိုင်း ဦးတည်ချက်မဲ့ လျှောက်လာမိခဲ့လေသည်။

ဆယ်မိနစ်ခန့်မှ လျှောက်မိစဉ် –

လူအများအစုလိုက် ဝင်ထွက်သွားလာနေ၍ ကြည့်မိလိုက်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ပဋ္ဌာနသမုပ္ပါဒ်သင်တန်း တရားပွဲ (၇) ရက်စခန်း၊ ဖြူး ဓမ္မရိပ်သာဟု ကြော်ငြာဆိုင်းဘုတ်တွေ့ရှိ၍ အထဲသို့ ဝင်ကြည့်မိလိုက်လေသည်။

လူအများ စာရင်းပေးနေသော နေရာ အသာရပ်ကြည့်နေမိစဉ်

"လူလေး တရားစခန်းဝင်မလို့လား၊ ဒီမှာ စာရင်းပေးလေဟု ဆိုလာသော ဦးလေးကြီးအနီး တိုးကပ်လိုက်ပြီး ဘယ်လိုစာရင်းပေးရမှာလဲ -

ဩ လူလေးက အခုမှ အသစ်ထင်တယ် အရင်က စခန်းမဝင်ဖူးဘူးနဲ့တူတယ်၊ လေသံအေးအေးနှင့် တရားစခန်းဝင်လျှင် လိုအပ်သောအသုံးအဆောင်များနှင့် စည်းကမ်းချက်များ ပြောပြလေသည်။

တရားစခန်း ဓမ္မာရုံထိပ်၌ ချောက်ပေ × ရှစ်ပေပတ်လည်ရှိ ပဋ္ဌာနသမုပ္ပါဒ်စက်ဝိုင်း ဒေသနာကို တွေ့လိုက်ရ၍ ဆုံးဖြတ်ချက်တစ်ခု ပိုင်နိုင်စွာချ၍ တရားဝင်မည့် ယောဂီစာရင်းတွင် မိမိနာမည်ပေးလိုက်လေသည်။

အလျင်အမြန်ကားဆီပြန်သွား၍.....၊

ကျွန်တော် ဆက်မလိုက်တော့ဘူးဟု ကားစပယ်ယာကိုပြောကာ အိတ်ယူပြီး ဆိုက်ကားတစ်စီးငှား၍ လိုအပ်သော အသုံးအဆောင်များဝယ်ကာ စခန်းဝင် ရောက်ဖြစ်ခဲ့လေတော့သည်။

တရားပြသည့် ဦးဇင်းဘွဲ့တော်က ဦးဝါသဝ (ဓမ္မာစရိယ)

သက်တော်က သုံးဆယ်ကျော်ဘဲဖြစ်မည့်ဟု ခန့်မှန်းမိသည်။

တရားဝင် ခုနစ်ရက်တွင် ဦးဇင်းလေးမှ ဤရှစ်သွယ်ကို စက်ဝိုင်းကို ဒုတ်ထောက် ခွက်မှောက်နှင့် သေချာရှင်းအောင် ဟောကြားတော်မူလေသည်။

တရားပွဲအပိတ်နေ့တွင် ဦးဇင်းလေးမှ

ဒီတရားပွဲကို ဦးဇင်းရဲ့ ကျေးဇူးတော်ရှင် ဆရာတော်ကြီး ဦးဇောတဟော ဖို့ပါဘဲ၊ ဆရာတော်ကြီးရဲ့ ကျန်းမာရေးကြောင့် ဦးဇင်းက အစားလာဟောပေးရတာပါ၊ သစ္စာတရားတွေ ကြားနာသင်ယူမှတ်သားချင်ရင် ဦးဇင်းတို့ကျောင်း မော်ဘီစက်မှုဇုန်မှာ ရှိတယ်၊ တစ်နှစ်ပတ်လုံး တရားဝင်လို့ရတယ်၊ အထူးစခန်းပွဲ



တွေကတော့ သကြံန်၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်နဲ့ ဒီဇင်ဘာကျောင်းပိတ်ရက်တွေမှာ ငါးကြိမ်ရှိတယ်ပေါ့။

အထူးစခန်းပွဲ ဝင်ချင်ရင်ဖြစ်ဖြစ်၊ တစ်နှစ်လုံးအားထုတ်ချင်ရင် ဖြစ်ဖြစ်လာ ခဲ့ကြဖို့ ဖိတ်ခေါ်ပါတယ်ဟု မိန့်လေသည်။

ဘယ်လိုလဲ - ယောဂီသူတော်စင်အပေါင်းတို့ - လာကြမလား၊ ဦးဇင်းတို့က သစ္စာတရားအတွက် အမြဲတမ်းတံခါးဖွင့်ထားတယ်နော်ဟု ထပ်ဆင့်မိန့်ပြန်လေသည်။

ဖြူးဓမ္မရိပ်သာမှ တရားစခန်းပွဲအပြီး ရန်ကုန်သို့ပြန်လာဖြစ်ခဲ့သည်။

ပဋ္ဌာနသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်ကို သိချင်သောဆန္ဒသည် တရားစခန်းဝင်ပြီးချိန်၌ သစ္စာတရားအပေါ်၌ သဒ္ဓါစိတ်သို့ ကူးပြောင်းသွားခဲ့သည်ကို ကိုယ်တိုင်ပင် သတိမမူမိခဲ့သည်ကတော့အမှန်ပင်.....၊

ရန်ကုန်အဝင် ထောက်ကြန့်လမ်းဆုံတွင် ကားပေါ်မှဆင်း၍ လက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်း ရှေ့ဆက်ရမည့်ခရီးကို ကျစိမ့်တစ်ခွက်နှင့် တွေးမိရပြန်သည်။

မိတ္ထီလာမှ ရန်ကုန်အပြန်လမ်းတွင် ကိုးရက်ကြာ အဆက်အသွယ်ပြတ်နေသော သူငယ်ချင်းများ မျက်နှာကိုတွေးမြင်မိရင်း အိတ်ထဲမှာ ဟမ်းဖုန်းထုတ်၍ ဆက်သွယ်ရန် အကြံရမိပြန်သည်။

ဘက်ထရီအားမရှိတော့သောဖုန်းကို ပြန်သိမ်း၍ သကြံန်အပြီးအလုပ်အင်တာဗျူးအတွက် နိုင်ငံခြားသားနှင့်တွေ့ရမည်ကို သတိရ၍ ရန်ကုန်သို့သွားရန် တွေးမိလိုက်လေသည်။

ထိုစဉ်မှာပင် ဖြူးတရားစခန်းတွင် ဦးဇင်းလေး မိန့်ကြားခဲ့သော ဝဋ်သုံးဝနှင့် ကာလသုံးဖြာကို ကြားယောင်မိပြန်သည်။

ရန်ကုန်သွား အလုပ်ရလျှင်ရော - လည်ရဦးမှာပင်၊ ရှည်လျားလှတဲ့ သံသရာကြီးထဲမှာ လည်ခဲ့ရပေါင်းများလို့ မရေတွက်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝများအကြောင်း ဟောကြားခဲ့သော ဦးဇင်းလေး၏တရားသံက နားထဲ တိုးဝင်လာသည်။

နောက်ဆုံးစဉ်းစားမိသည်က ထောက်ကြန့်လမ်းဆုံသည် သူ့အတွက် တွေဝေလမ်းခွဲဖြစ်လေပြီ လည်ချင်ရင် ရန်ကုန်ဘက်သွား -

ထွက်ချင်ရင်တော့ .....၊

နိုင်မာသော ဆုံးဖြတ်ချက်ချ၍ လက်ဖက်ရည်ဖိုး ရှင်းလိုက်သည်။ တိုက်ကြီး၊ တိုက်ကြီးဟု အော်နေသော စပယ်ယာအား လိုက်ဦးမယ် ပြော၍ အမှတ် (၄) ချမ်းအေး မိုးကုတ်မွေ့ရိပ်သာ မော်ဘီသို့ ဦးတည်လိုက်လေသည်။

ရိပ်သာမှာ သင်္ကြန်အထူးစခန်းပွဲမို့ ယောဂီဦးရေက ထောင့်လေးငါးရာရှိမည်ဟု ခန့်မှန်းမိသည်။

တစ်ကြိမ်တရားစခန်းဝင်ဖူးပြီမို့ စာရင်းပေး အမျိုးသားယောဂီအဆောင်တွင် နေရာယူလိုက်လေသည်၊

စခန်းပွဲတွင် ဆရာတော်ဦးကေတုမှ အင်္ဂါတစ်ဆယ့်နှစ်ပါးကို သရုပ်ပြနည်းဖြင့် ဟောကြားလေသည်။

ဆရာတော်က စားပွဲခုံပေါ်တွင် ခွက်မှောက်၊ စက်ဝိုင်းဒုတ်ထောက်ဝိုက်ဘုတ်မှာ စာရေး၍ တရားနာပရိသတ် ရင်ထဲရောက်အောင်ဟောကြားလေသည်။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်၏ ဓမ္မများ၏ တရားကိုယ်များကို နားလည်ရှင်းလင်းသိမြင်ခဲ့ရလေသည်၊

ညတရားပွဲတွင်လည်း မယ်တော်ကြီး ဒေါ်ဝိမလစာရီက ငရဲကြီးရှစ်ထပ်၊ တေဘုမ္မာ၊ ဘဝသံသရာ၊ တရားတော်ကြီးများကို ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်နှင့်တွဲ၍ သစ္စာအသိများ ရင်ထဲရောက်အောင် ဟောကြားလေသည်။

ရင်မှဆန္ဒအလိုကျမှုကြောင့် ကျေနပ်ပီတိဖြစ်ရသည်ကတော့ အမှန်ပင်။ တရားစခန်းပွဲပြီးချိန် ပျော်ရွှင်စွာ နေအိမ်ပြန်ရန် ပြင်ဆင်နေသော ယောဂီများကိုကြည့်ရင်း ကိုယ်နှင့်မဆိုင်သလို ခံစားရပြန်သည်။



"ဒကာလေး ဘယ်မှာပြန်မှာတုံးဟာ အမေးစကား ဆိုလာသော ဦးဇင်းလေးကို လက်အုပ်ချီရင်း .....၊

တပည့်တော် မပြန်ပါဘူးဘုရား၊ နေ့စဉ်ပုံမှန် အာစိဏ္ဏကံစခန်း ဆက်ဝင်ဦးမှာပါ ဘုရားဟု လျှောက်ထားမိလျှင် ဦးဇင်းမှ အံ့သြဟန်ကြည့်၍ သာဓု၊ သာဓု၊ သာဓုဟု သုံးကြိမ်ရွတ်ကာ -

ရင်မှသဒ္ဓါစိတ်၏ အရှိန်အဟုန်ကြောင့် တစ်လအတွင်းမှာပင် စာပဋိစ္စသမုပ္ပါဒ်ကို အတိုင်းအတာတစ်ခုအထိ သဘောပေါက်နားလည်ခဲ့ရလေသည်။ ဦးဇင်းလေး ဦးဝါသဝအား -

အရှင်ဘုရား - တပည့်တော် သာသနာ့ဘောင်ထဲဝင်လိုပါတယ်ဘုရားဟု လျှောက်ထားမိလျှင် ဦးဇင်းလေးမှ -

တကယ်လား ဒကာလေးရဲ့

မှန်လှပါဘုရား -

အေးအေး ဒါဆိုရင် ဦးဇင်း ဆရာတော်ကြီးကို လျှောက်ထားပေးမယ်၊ ခုဘဲ လိုက်ခဲ့ဟုမိန့်လျှင် အသာအယာပင် ဦးဇင်းလေးနောက်ပါးမှ ဆရာတော်ကြီးထံလိုက်သွားခဲ့လေသည်။

ဦးဇင်းလေး လျှောက်ထားပေးလျှင်

ဆရာတော်ကြီးထံမှ သူ့ကို ပြုံးကြည့်ရင်း

အေး အေး သာသနာ့ဘောင်ဝင်ချင်ရင် ဝင်ရမှာပေါ့၊ အခုတော့ လူဝတ်နဲ့ဘဲ နောက်တစ်လလောက် အားထုတ်ကြည့်ပါဦး တပည့်ရဲ့ဟု မိန့်လာ၍ မချင့်မရဲနှင့် ပြန်လာခဲ့ရလေသည်၊

နောက်တစ်လပြည့်၍ ဆရာတော်ကြီးကို ကိုယ်တိုင်သွားလျှောက်သောအခါ ဆရာတော်ကြီး ပြုံးတော်မူ၍ ကြိုးစား အေးအေး ပစ္စည်းလေးပါး ရဟန်းအသဘောကောရှိပြီလားဟု အမေးစကားမိန့်လာ၍

မရှိပါဘူးဘုရား - ဟု လျှောက်ထားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဲပါ ငါ့တစ်ပည့်ရယ် နောက်တစ်လလောက် လူဝတ်နဲ့ အားထုတ်လိုက်ပါဦးဟု မိန့်ပြန်လေသည်။

နောက်တစ်လပြည့်၍ ဆရာတော်ကြီးထံ သာသနာ့ဘောင် ဝင်ခွင့်ပေးပါရန် လျှောက်ထားမိသောအခါ ဆရာတော်ကြီးက ပစ္စည်းလေးပါး ဒကာရှိပြီးလားဟု အမေးစကားမိန့်လျှင် -

တပည့်တော်မ ပစ္စည်းလေးပါး ဒကာပါဘုရားဟု နောက်မှ လျှောက်ထားသံကြား၍ လှည့်ကြည့်မိရာ သီလရှင်ဆရာမကြီး ဒေါ်ဝိမလစာရီကို ကြည်ညိုဖွယ် ဖူးတွေ့လိုက်ရလေတော့သည်။

ဤသို့ဖြင့် ဝါဆိုလပြည့်နေ့ အထူးတရားစခန်းအဝင်နေ့တွင် အခြားသော ဒုလ္လဘရဟန်းများနှင့်အတူ သိမ်ဝင်၍ ဦးပညောဘာသဘွဲ့နှင့် ရဟန်းဘဝ စခဲ့ရလေတော့သည်။ ဝါဆိုစခန်းပွဲအပြီး နောက်တစ်ရက်တွင် ရဟန်းဒကာဖြစ်တော်မူသော သီလရှင်ဆရာမကြီးမှ -

သား ဦးဇင်း၊ မယ်တော်ကြီးလျှောက်ထားပါရစေ - ဟု မိန့်လာ၍ အမိန့်ရှိပါမယ်တော်ကြီး -

ဒီလိုသားဦးဇင်းရဲ့ သာသနာသုံးရပ်ကို လျှောက်ချင်လို့ပါ။

ပရိယတ္တိသာသနာ၊ စာပေပိဋကတ်သင်ကြားမှု ကန်ဘောင်ကြီးလို့ သဘောထား၊ နောက်ပဋိပတ္တိသာသနာ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်မှုရေပေါ့ကွယ်၊ နောက်ဆုံးက ပဋိဝေဓသာသနာ မင်္ဂဖိုလ်နိဗ္ဗာန်တရားမှန်ကို မျက်မှောက်ပြုမှု ကြာရိုးကြာစွယ် ကြာဖူးပွင့်ပေါ့ဘုရား။

ကန်ဘောင်ကြီး ခိုင်ခန့်ပြီး ရေကြည်ရေသန့်ရှိနေခဲ့ရင် ကြာဖူးကြာပွင့် ကြာနွယ်တွေရဲ့ ပြီးပြည့်စုံမဲ့ သဘောပါပဲဘုရား။

သားဦးဇင်း ငယ်သေးတော့ ပရိယတ္တိသာသနာ ဖြစ်တဲ့ စာပေသင်ကြားစေချင်သေးတယ်ကွယ် -

မှန်လှပါ့မယ်တော်ကြီး - မယ်တော်ကြီးဆန္ဒအတိုင်း ဦးဇင်းကြိုးစား



မဆောင်ရွက်ပါ့မယ်။

သာဓုပါသားဦးဇင်းရယ် ဒကာ ဒကာမတွေကပ်တဲ့ဆွမ်းကို ဘုန်းပေးပြီး မတော့ သူတို့တွေအတွက် ပြန်ပေးရမယ်တရားတော်တွေအတွက် စာတတ်ဖို့လို မယ်လေ။

မယ်တော်ကြီး မိန့်ကြားပြီးသည့်နေ့မှစ၍

ပထမငယ် တစ်နှစ်၊

ပထမလတ် တစ်နှစ်၊

ပထမကြီး တစ်နှစ်တွင် ထူးချွန်စွာ ပထမကျော်ရ၍ အောင်မြင်ခဲ့ပြန်သည်။ နောက်တစ်နှစ်တွင် သုံးကျမ်းစွဲ သာသနဓဇသီရိပဝရ ဓမ္မာစရိယ အောင်မြင်ခဲ့၍ မယ်တော်ကြီးက ဂုဏ်ယူမဆုံး .....၊

ဦးပညောဘာသဟု ဘွဲ့တော်နှင့်လိုက်အောင် ပညာအရာရှိ ထူးချွန်သူဟု ချီးမွမ်းကြလေသည်။

ချီးမွမ်းသံများ၌ မသာယာမိသော်လည်း ရဟန်းဘဝအစ သိမ်အထွက်ကို ပြန်တွေးမြင်ယောင်မိလေသည်။

သာသနာ့ဘောင်ဝင်မည်ဟု ဆုံးဖြတ်ပြီးသည့်အချိန်မှစ၍ ဦးယောသိတ ရေးသားခဲ့သော (၂၂၇) သွယ်သော ရဟန်းသိက္ခာသုတ်ကို ကြိမ်ဖန်များစွာဖတ်မှတ်ခဲ့ခြင်းကြောင့် ရှေ့သုံးပေအကွာမြေပြင်ကို မျက်လွှာချ၍ ရှေ့မှသံဃာတော်များနောက်သို့ ခြေလှမ်းတစ်လှမ်းပျက်သုံးကြိမ်နှင့် သိမ်ဆင်းလောင်းအလှူခံခဲ့လေသည်။

မိမိသီတင်းသုံးရမည့် ကျောင်းဆောင်အရောက် သပိတ်ချ၍ ထိုင်မည့်အပြုမှာပင် တပည့်တော်တို့ကို ဝင်ခွင့်ပြုပါဘုရားဟု လျှောက်ထားသံကြား၍ အကြည့်လွှတ်မိစဉ် မိတ္ထီလာမှ သူငယ်ချင်းများဖြစ်သော သန်းညွန့်၊ သိမ်းထွေးတို့နှင့်အတူ ဖေမျိုး၊ ဇင်မောင်၊ ပိုင်စိုးမောင်နှင့်အတူ အသက် (၅၀) ကျော် ဒကာကြီး တစ်ဦးပါ တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သြ ဒကာလေးတို့ဝင်ကြပါ- ဟို ဒကာကြီးလည်း ထိုင်ပါ၊

ဦးချအပြီးဇင်မောင်မှ -

ဘယ်လိုလုပ်လိုက်တာလဲ ဦးဇင်းရယ်၊ ဟို မိတ္ထီလာသားတွေရော တပည့်တော်တွေမှာပါ ရန်ကုန် မိတ္ထီလာ ပျားပန်းခတ်ဖြစ်ခဲ့ရပါတယ်၊

နေမျိုးအဖေဆို သတင်းစာမှာပါ ထည့်ဖို့ စီစဉ်နေပြီ - တိုက်တိုင်ဆိုင်ဆိုင် မိတ္ထီလာက ဦးဇင်းစီးသွားတဲ့ကား စပယ်ယာလေးနဲ့ စကားစပ်မိမှ အစတွေ့ခဲ့ရတာပါဘုရား၊ ဒါတောင် ဖြူးနဲ့မှော်ဘီကြား မနည်းအစပြန်ရှာခဲ့ရပါတယ်ဘုရား။

အင်း ဒကာလေးတို့ ဦးဇင်းအတွက် အတော်ပင်ပန်းခဲ့ကြမှာပေါ့ -

ဦးဇင်းလည်း မယ်တော်ကြီး ပေးခဲ့တဲ့ အစလေးအပေါ်မှာ သိချင်တဲ့ ဆန္ဒက ပြင်းထန်နေချိန်မှာပဲ ဦးဇင်းစီးလာတဲ့ကားက ဖြူးမြို့မှာပျက်ပြီး ရင်မှဆန္ဒ အကောင်အထည်မဖော်နိုင်အောင် ဖြစ်ခဲ့ရတယ်လေ၊ အခုအချိန်မှာ စဉ်းစားကြည့်တော့မှ ကြောင်းကျိုးချိန်ခါကျလာတယ်ပဲလို့ ရင်မှာသိခဲ့ရတယ်လေ -

ဖြူးမြို့ဓမ္မရိပ်သာမှ တရားစခန်းဝင်ပြီးသည်မှ လက်ရှိအချိန်ထိ ကြုံတွေ့ရပုံများကို ပြောပြလိုက်မိလေသည်။

နေမျိုးမှ ဘာပဲဖြစ်ဖြစ်ဦးဇင်းရယ်၊ ခုလို သက်ရှိထင်ရှား ရဟန်းဘဝနဲ့ တွေ့ရတာပဲ ဝမ်းသာလှပါပြီဘုရား၊ ရက်ပေါင်းတစ်ရာနီးပါးဆိုတော့ လူ့လောကကိုများ အရှုံးပေးသွားပြီလားလို့ တွေးရင်း စိတ်ပူခဲ့ရပါတယ်ဘုရား -

အရှင်ဘုရား ကြုံဆုံခဲ့ရပုံကလည်း ဖြေသိမ့်နိုင်စရာမရှိတဲ့ ကြေကွဲမျိုးတွေဆိုတော့ တပည့်တော်တို့အားလုံး မှန်းဆတွေးရင်း အပူကြီးခဲ့ရတာပါဘုရား -

ဦးဇင်းငယ်က စကားမဆို ငြိမ်သက်၍ သီတင်းသုံးနေလေသည်။

ထိုစဉ် ပိုင်စိုးမောင်မှ - ဦးဇင်းဘုရား တပည့်တော်လျှောက်ထားပါရစေ ဘုရား -

ဦးဇင်းငယ်မှ အကြည့်တစ်ချက်လွှတ်၍

လျှောက်လေ ဒကာလေးဟု တည်ငြိမ်စွာမိန့်လေသည်။



ဒီ ဒကာကြီးက တပည့်တော်ရဲ့ ပါပါကြီးပါဘုရား - ဦးဘမောင်လို့ ခေါ်ပါတယ်ဘုရား၊ ဒကာကြီးဟာ အရှင်ဘုရားရဲ့ဟု ဆက်မလျှောက်ပဲ ပိုင်စိုးမောင်မှ ဦးဘမောင်ကို လှည့်ကြည့်လေသည်။

ဦးဇင်းငယ်မှ ဒကာကြီးဦးဘမောင်ကို လှမ်းအကြည့် မျက်ရည်ကြည်များ ဝေဝိုင်းလျှက် သူ့ကို လက်အုပ်ချီး ပူဇော်နေဟန်ကို တွေ့လိုက်ရ၍ ရင်၌အမည်မသိ ဝေဒနာတစ်ခုတိုးဝင်သလို ခံစားခဲ့လေသည်။

တပည့်တော်နာမည် ဦးဘမောင်ပါဘုရားဟု အစချီ၍ ဖြစ်ကြောင်းရယ် ကုန်စင် တင်လျှောက်လေသည်။

နေမျိုး၊ ဇင်မောင်၊ ပိုင်စိုးမောင်တို့မှ ဦးဇင်းလေး၏ တုန့်ပြန်အမိန့်ကို ရင်ခုန်စွာ နားစွင့်နေဟန် ငြိမ်သက်နေကြလေသည်။

အင်း လောကဇာတ်ဆရာဟာ အပြင်မှာ စာရေးဆရာတွေ မတွေးနိုင်လောက်တဲ့ ဇာတ်ရပ်တွေကို အကောင်းဆုံးဖန်တီးနိုင်ဟန်ရှိတယ်။

ဦးဇင်းလူ့မှန်းသိတတ်စသူများတွေ အဖေခေါ်တာတွေ့ရရင် အဖေလို့ခေါ်ချင်တဲ့ ဆန္ဒဟာ အချိန်တော်တော်များများ ရင်ထဲမှာ စိုးမိုးခဲ့ပါတယ်၊ အိပ်မက်မှာတောင် အဖေလို့ ယောင်ယမ်းခေါ်ခဲ့မိတဲ့အကြိမ်တွေတောင် မမှတ်မိလောက်အောင်ပါပဲ၊ ခုတော့ ရက်ပေါင်း တစ်ရာကျော်လောက် သစ္စာတရားတွေ ကြားနာဖတ်မှတ်ခဲ့မိပြီး ပညတ်နဲ့ ပရမတ်ပိုင်းခြားနိုင်ချိန်မှာ အဖေရယ်လို့ ပေါ်လာတော့ ထူးထူးခြားခြား မခံစားရတော့ပါဘူး၊ ဘာကြောင့်လဲ သိလား ဒကာကြီး -

ဦးဘမောင်မှ ညင်သာစွာ ခေါင်းရမ်းလေသည်။

အဖေ အမေ သားသမီး ပုဂ္ဂိုလ်၊ သတ္တဝါ၊ အသက်၊ ဇီဝ၊ ဝိညာဉ်၊ လိပ်ပြာဆိုတာတွေဟာ ပညတ်တွေမို့ပဲ၊ သမုတိနယ်မှာ သုံးလို့ရအောင် ပညတ်ထားတာ အဲဒါကို သုံးရုံမဟုတ်ပဲ စွဲနေကြတော့ အယုတ်သစ္စာနစ်ပါးနဲ့ပဲ လည်နေကြတာပေါ့ စွဲရုံတင်မက ငါဆိုတဲ့ ဒိဋ္ဌိနဲ့ တွဲလိုက်ကြတော့ လည်ယုံတင်မရပ်တော့ဘူး ပြုတ်ပါသွားကြရတော့တာပဲ၊ ဦးဇင်းအခု မိန့်တာကို ဒကာကြီးရော၊ ဒကာလေးတို့ပါ

www.burmeseclassic.com

www.burmeseclassic.com



သိပ်နားလည်ကြမှာမဟုတ်ဘူး၊ အဲတော့ ဦးဇင်းတစ်ခုတိုက်တွန်းချင်တယ် ဒီနေ့ စခန်းပွဲအဝင်နေ့ စာရင်းပေးပြီး သစ္စာတရားတွေနာသွားကြ၊ စခန်းပွဲကို သုံးလေးကြိမ်လောက်ဝင်လိုက်ရင် စာပဋိစ္စသမုပ္ပါဒ်ကို အတိုင်းအတာတစ်ခုအထိ နားလည်လာကြလိမ့်မယ်၊ အဲဒီအချိန်ကျမှ ဦးဇင်းအခု မိန့်တာတွေကို သဘောပါလာလိမ့်မယ် ဦးဇင်းလေး စကားအဆုံး သန်းညွန့်မှ -

ဦးဇင်း တပည့်တော် လျှောက်ပါရစေဦးဘုရား

လျှောက် ဒကာလေး -

မိတ္ထီလာက ဦးဇင်းတို့ပွဲရုံလုပ်ငန်းတွေကို -

သန်းညွန့်စကားအဆုံးမီ ဦးဇင်းငယ်မှ လက်ကာပြ၍ -

ဦးဇင်း အဲဒီပွဲမှာ မပါတော့ဘူး၊ သစ္စာအလုပ်ကို ဦးလည်မသုန် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒကာလေးတို့လည်း ဆရာမကြီးသားတွေပဲ ဆရာမကြီးမရှိတော့ ဒကာလေးတို့ လူတန်းစေ့နေနိုင်ဖို့ အသက်ရှင်ရပ်တည်ဖို့ ကိုယ့်ဖာသာ ဆုံးဖြတ်လုပ်ကြပါတော့ .....၊

ဦးဇင်းအတွက် ဘာမှ ထည့်မတွက်နဲ့၊ သင်္ကန်းသုံးစုံ၊ သပိတ်တစ်လုံး ယပ်တစ်ချောင်းရှိရင် ပြည့်စုံနေပါပြီ၊ ဒါပေမယ့် ဒကာလေးတို့လုပ်နေတာ တစ်ဘဝစာနော်၊ တင်းတိမ်နေလို့မရဘူး၊ အဲဒါကို ပြည့်စုံပြီလို့ထင်မနေကြနဲ့၊ အားလုံးကိုပြောတာပါပဲ၊ ကဲ တရားစခန်းဝင်ကြမယ်မဟုတ်လား၊ ဝင်မယ်လို့ စိတ်ကူးရင် သွား စာရင်းပေးကြ၊ လိုအပ်တာ ဦးဇင်းကိုလာပြော အိမ်တွေကိုလည်း တရားစခန်းဝင်မယ်လို့ အကြောင်းကြားလိုက်ကြဦးပေါ့ဟု မိန့်၍ မျက်လွှာချ ငြိမ်သက်သီတင်းသုံးနေမိလေသည်။

ဦးဘမောင် အပါအဝင် နေမျိုးတို့တစ်အုပ်စုလုံး ရည်ရွယ်ထားခြင်းမရှိပဲ ဝါဆိုအထူးတရားစခန်းပွဲ ဝင်ဖြစ်ခဲ့ကြလေသည်။ တရားစခန်းပွဲအပြီး နေမျိုးမှ

ဦးဇင်း ဘယ်လောက်ကြာအောင် သီတင်းသုံးဖို့ ရည်ရွယ်ထားပါသလဲဘုရားဟု လျှောက်ထားလေသည်။ ကျန်သူများကလည်း ဦးဇင်းငယ်၏ ခွန်းတုန့်



အမိန့်စကားကို ငြိမ်သက်စွာ နားစွင့်နေကြ၏။

အင်း သာသနာ့ဘောင်မှာ ပျော်သလောက်ပေါ့၊ တည်ငြိမ်စွာမိန့်၍ သက်ပြင်းကိုယ်စီ ရှိုက်ရင်း ဦးခိုက်ကန်တော့လိုက်ကြလေသည်။

ဦးဇင်းလေးကို အကြောင်းပြု၍ သူတို့တစ်ဖွဲ့လုံးအပြင် ခင်ငြိမ်းစံ၊ ရှင်ပိုင်းဖြူ၊ ပိုးနှင်းဥတို့လည်း အထူးစခန်းပွဲများအားလုံးလိုလိုပင် တရားဝင်ဖြစ်ကြရလေတော့သည်။

ဦးဇင်းငယ်ကား သူ၏ဝိပဿနာသင်တန်းဆရာလည်းဖြစ်၊ ရဟန်းဒကာလည်းဖြစ်တော်မူသော သီလရှင်ဆရာမကြီးဆန္ဒအတိုင်း ပရိယတ္တိသာသနာအတွက် စာပေသင်ကြားခြင်းကို အားထုတ်ကြိုးစားသလို သူသိထားသော သစ္စာအသိကို ရှိလာအောင်အမြဲ သတိနှင့်နေထိုင်သွားလာစားသောက် သီတင်းသုံးတော်မူသည်။

လှူဒါန်းသော ဝတ္ထုငွေကို စိုးစေ့မျှမကိုင်၊ အသေမဦးခင်အဖွဲ့မှ အကျိုးတော်ဆောင် ဒကာကြီး ဦးဝင်းဇင်ကို ကိုင်စေသည်။ လိုအပ်သော အသုံးအဆောင်၊ စာအုပ်များကို လည်း ဦးဝင်းဇင်မှပင် ဝယ်ယူလှူဒါန်းပေးလေသည်။ ပိုလျှံသော ဝတ္ထုငွေအား တရား ရိပ်သာသို့ အကုန်လှူဒါန်းသည်။

ဦးဇင်းလေး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ကြောင့် ယောဂီသူတော်စင်တို့၏ကြည်ညိုလေးစားအပူဇော်ခံခြင်း အတိုင်းအဆမရှိ .....။

တရားနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားလျှင် စိတ်ရှည်လက်ရှည် သေချာ ရှင်းလင်းအောင် ဖြေကြားပေးသည် လောကဝတ်စကားကား လုံးဝမဆို၊ ကိုယ်ပိုင်အချိန်တွင် တရားနှင့်သာ ပျော်မွေ့နေလေ့ရှိသည်။

ဦးဇင်းလေးရဟန်းနှစ်ဝါအရတွင် နေမျိုး၊ ပိုင်စိုးမောင်၊ ဇင်မောင်တို့က သစ္စာတရားကို သဒ္ဓါစိတ်ပြင်းထန်ချိန် လောကဒဏ်တရားကို ငြီးငွေ့လာအာ သာသနာ့ဘောင်သို့ ပျော်သလောက်ဝင်မည် ကြွေးကြော်၍ ရဟန်းဖြစ်ကြသည်။ ရှင်ပိုင်းဖြူကလည်း သီလရှင်ဝတ်၍ သစ္စာအလုပ်ကို အားထုတ်နေလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

တစ်နေ့ ဦးဇင်းလေးလူ့ဘဝတွင် ဖခင်တော်စပ်ခဲ့သူ ဦးဘမောင်မှ-

အရှင်ဘုရား တပည့်တော်လူ့ဘောင်လောကမှကြိုးစားရှာဖွေထားတဲ့ ပစ္စည်းဥစ္စာများ အမွေဆက်ခံနိုင်ရန် စဉ်းစားတော်မူပါဟု လျှောက်ထားလေသည်။

ဒကာကြီး လောကီချမ်းသာဟာ ဦးဇင်းနဲ့တော့ဆန့်ကျင်ဘက်ဖြစ်နေပြီ ဒါပေမယ့် ဒကာကြီးလှူဒါန်းချင်တယ်ဆိုရင် ဆရာတော်ကြီး ဦးကေတုရဲ့ဆန္ဒကို အကြောင်းပြုပြီး ဦးဇင်းအလှူခံပါမယ်၊ ဦးဇင်းတို့ ရဟန်းတော်တွေဟာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ချမှတ်ခဲ့တဲ့ ဝိနည်းတော်တွေကို အသက်ထက်ပင် တန်ဖိုးထားထိန်းသိမ်းရပါတယ်။

အဲဒီမှာယောဂီသူတော်စင်များအပေါ် ဂရုဏာထား တရားပြ တရားဟောရာမှာ ဝိနည်းတော်ကိုထိခိုက်တဲ့ ကိစ္စများပေါ်လာတတ်ပါတယ်၊ ဒေသနာတဲ့အပြစ်ဆိုရင် ရဟန်းတော်အချင်းချင်း ဒေသနာကြားဖြေနိုင်ပေမယ့်- ဝင်္ဂဆောက်တည်မှ ပြေပျောက်မယ့်အဖြစ်မျိုးရခဲ့ရင်တော့ တစ်ပါးတည်း ဝင်္ဂဆောက်တည်ရတယ်၊ ဒါကြောင့် ဦးဇင်းတို့ ကျောင်းနဲ့ဆက်စပ်နေတဲ့ ကျောင်းအနောက်ဘက်က မြေကွက်လပ်ကို ဒကာကြီးက သာသနာမြေဖြစ်တဲ့ အထိဆောင်ရွက်ပြီး ဝင်္ဂကျောင်းတွေဆောက်ပြီး လှူဒါန်းစေချင်တယ်။

လှူဒါန်းတဲ့အခါမှာလည်း ငါ့သားဦးဇင်းပြောလို့ လှူဒါန်းတာမျိုးမဟုတ်ဘဲ- သာသနာအကျိုးသယ်ပိုးနေတဲ့ ရဟန်းတော်တွေဝင်္ဂဆောက်တည်ပြီး အပြစ်များဆေးကြောနိုင်ပါစေဆိုတဲ့ ဆန္ဒနဲ့လက်ရှိခန္ဓာကို မတွယ်တာတဲ့စိတ် နောက်လာဘဝကို မတောင်းတတဲ့စိတ်၊ နိဗ္ဗာန်ရဲ့အထောက်အပံ့ဖြစ်ရကြောင်း ရည်မှတ်ပြီးလှူဒါန်းစေချင်တယ်၊ ဒကာကြီးလည်း သစ္စာတရားတွေကြားနာပြီး ပြီဘဲ့၊ အမြတ်ဆုံးအလှူဖြစ်အောင် စွမ်းဆောင်စေချင်တယ်။

မှန်လှပါဘုရား ဒီနေ့ဘဲ့တပည့်တော် အလှူအတွက် စတင်ပါတော့



မယ်ဘုရား။ ဟု ဝမ်းသာကြည်နူးဟန်နှင့် လျှောက်ထားဦးခိုက်ပြီးပြန်သွားလေသည်။

သဒ္ဒါအားကောင်းကောင်းတွင် ငွေအားလူအားအပြည့်နှင့် နေ့ညကြိုးစားအားထုတ်သော ဒကာကြီးဦးဘမောင်၏ စေတနာအစွမ်းကြောင့် ဆယ်လအတွင်းမှာပင် ဝင်္ဂကျောင်းတော်လေးများ အစီအရီပြီးမြောက်သွားလေသည်။

ဦးဇင်းဘုရား- ဒီနေ့ ဝင်္ဂကျောင်းတော်တွေအတွင်းမှာ သန့်ရှင်းရေး ဝင်ပြီးရင် တပည့်တော်ရေစက်ချလှူဒါန်းနိုင်ပါပြီဘုရား-

ဩ- ဒကာကြီးရယ် ဒီအလှူကို လှူဒါန်းမယ်လို့ ဆုံးဖြတ်ပြီးကတည်းက ကိုယ်၊ စိတ်၊ နှလုံး၊ သုံးပါးနဲ့ ဆောင်ရွက်ခဲ့တာဘဲ့၊ အောင်မြင်စွာပြီးမြောက်သွားတဲ့ အလှူအတွက် (၃၁) ဘုံသားတွေကို အမျှဝေလိုက်ရင်ဘဲ့ အလုံးစုံပြီးပြည့်စုံသွားပြီပေါ့။

ဦးဇင်းလေး သာသနဓဇသီရိပဝရ မဟာစရိယာ အောင်မြင်သည့်နှစ်မှာပင် ဝါခေါင်လအထူးစခန်းပွဲကျင်းပရန် သုံးရက်အလိုတွင် ဆရာတော်ဦးကေတုမှ သူ့ကျန်းမာရေးအခြေအနေကြောင့် စခန်းပွဲ (၁၄) ရက်တွင် သူ့ကိုယ်စား တရားပြရန် တာဝန်ပေးလေသည်၊ တရားစခန်းအဝင်နေ့ ဩဝါဒခံယူပွဲမှာပင် ဦးဇင်းလေးက ထူးထူးခြားခြား မိန့်စကားဆိုလာသည်

တရားစခန်းဝင်ပြီးတရားရှာ တရားအလုပ်အားထုတ်ကြမယ့်ယောဂီသူတော်စင်အပေါင်းကို ဦးဇင်းက ဒီ (၁၄) ရက် ဝါခေါင်လအထူးစခန်းပွဲမှာ ဆရာတော်ကြီးဦးကေတုကိုယ်စား ယောဂီသူတော်စင်တို့ကို တရားပြပေးရမှာဘဲ့ ဆရာတော်ရဲ့ ကျန်းမာရေးအခြေအနေအရ ဦးဇင်းကို သူ့ကိုယ်စားတရားပြဘို့ မိန့်တော်မူလို့ တရားပြမွကာထိကအသစ်ရဲ့ ပထမဆုံးသစ္စာတရားပွဲပါဘဲ့- (၁၄) ရက်မှာ ဦးဇင်းကတနေ့ကိုသုံးကြိမ်နှုန်းနဲ့ လေးဆယ့်နှစ်ကြိမ်တရားပြမှာပေါ့- တစ်ခုကြိုတင်ပြီးယောဂီသူတော်စင်တို့ကို တောင်းပန်ချင်တာကတော့ သီလပေးအချိန်မှာဘဲ့ ဦးဇင်းမွေ့သာန ပလ္လင်ပေါ်မှာ သက်နှံးရုံပြီး သီလပေးပြီးကျန်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန် ပဋိစ္စသမုပ္ပါဒ်သင်တန်းတရား ဟောပေးပါ့မယ်၊ မနက်အစောတစ်ချိန် နဲ့ ညတရားပွဲကိုတော့ ဒီစားပွဲခုံမှာ ရပ်၊ ခွက်မှောက် စက်ပိုင်းဒေသနာတော်ကြီးကို ဒုတ်ထောက်၊ ဝိုက်ဘုတ်မှာစာရေးပြီး ဟောပေးရမှာဆိုတော့ သက်န်းရုံနဲ့ဖြစ်မယ် မထင်ဘူး၊ လက်ကတော့ထိုးနဲ့ဆို တရားပြရာမှာဦးဇင်းအတွက် သိပ်အဆင် ပြေမယ်မထင်လို့ ကြိုတင်အသိပေးတောင်းပန်ရတာပါ။ ဦးဇင်းသိထားရတဲ့ သစ္စာအသိတွေကို သရုပ်ပြနည်းနဲ့ ယောဂီသူတော်စင်တို့ဆီကို အရောက်ပေး ချင်တာမို့ သက်န်းရုံပလ္လင်ပေါ်ထိုင်ဟောမပေးနိုင်တာကို ခွင့်လွှတ်စေချင်ပါတယ် ခွင့်လွှတ်ကြမယ် မဟုတ်လား.....။

ခွင့်လွှတ်ပါတယ်ဘုရား-

ဒါကဦးဇင်းဘက်ကအပိုင်းပေါ့- ယောဂီသူတော်စင်တို့ဘက်ကတော့ တရားစခန်းလာတာတူကြပေမယ့် လာခဲ့တဲ့အရပ်က ကိလေသာတောမို့ မာန်၊ မာန၊ မာယာ၊ဂုဏ်၊ ပကာသနတွေကတော့ ကပ်ညိလာမှာမလွဲပါဘူး- အခြေ အနေနဲ့အချိန်အခါအရ အနည်းအများဘဲကွာကြမှာပါ။

တရားဆိုတာကို အလွယ်ဆုံး၊ အတိုဆုံး၊ အရှင်းဆုံး အဓိပ္ပါယ်ဖွင့်ရရင် တော့ မတရားတာတွေရဲ့ ဆန့်ကျင်ဘက်လို့ဆိုရမယ်ထင်တယ်၊ ဦးဇင်းစောစော ကပြောတဲ့ မာန်၊ မာန၊ မာယာ၊ဂုဏ်၊ ပကာသနတွေဟာ မတရားခြင်းရဲ့အခြေခံ အပိုင်းအစတွေဘဲ၊ တရားစခန်းမှာ တရားဝင် တရားရှာကြမယ့်ယောဂီတွေ အတွက် အဲဒီအကြောင်းတရားတွေဟာ တရားရဖို့ အဟန့်အတားတွေဘဲ။

ဒါကြောင့် ဦးဇင်းတို့ရိပ်သာအဝင်မုခ်ဦးထိပ်မှာ မအို၊ မနာ၊ မသေခင် တရားဝင်ဆိုတဲ့ ဆိုင်းဘုတ်လေးတွေရှိတယ်၊ ဆိုင်းဘုတ်လေးရဲ့ရှေ့ ပြည်လမ်းမ ကြီးပေါ်မှာ အဲဒီအကြောင်းတရားတွေကို ဆောထားခဲ့ကြပါ- တရားစခန်းပြီးလို့ မယ်တော်ကြီးဒေါ်ဝိမလစာရီဟောတဲ့ ဒွန်းစဏ္ဍားရွာကိုယောဂီတို့ပြန်တဲ့အချိန် ကျမှ ပြန်ခေါ်သွားကြပေါ့၊ ကိလေသာတောမှာတော့ အဲဒီအကြောင်းတရားတွေ မရှိလို့မဖြစ်ဘူး မဟုတ်လား- ဦးဇင်းပြောတာသဘောပါရဲ့လား။



"ပါပါတယ်ဘုရား"

ဒါဆိုထားခဲ့ကြမယ်ပေါ့-

"ထားခဲ့ပါမယ်ဘုရား"

ယောဂီတို့ကထားခဲ့မယ်လို့ပြောတဲ့အချိန်မှာ ဓမ္မရုံထဲရောက်နေပြီ၊ အဲဒီအကြောင်းတရားတွေက ဓမ္မရုံထဲထိပါလာနေပြီ- ဒါကြောင့်ဩဝါဒခံယူပြီး အဆောင်ပြန်ဘို့ဓမ္မရုံပေါ်ကဆင်းရင် ကိုမာနတို့အုပ်စုရေ၊ တရားပွဲမပြီးမခြင်း ပြည်လမ်းမပေါ်က စောင့်နေကြဆိုပြီး ပြန်လွှတ်ကြ သဘောပါရဲ့လား။

"ပါပါတယ်ဘုရား"

အဲဒီအကြောင်းတရားတွေကို ပြည်လမ်းမပေါ် ပြန်လွှတ်ပြီးရင် ယောဂီ တို့ရဲ့ စိတ်သဏ္ဍာန် စိတ်အစဉ်ကို မြေသားသဏ္ဍာန်ထားဘို့လိုသေးတယ်၊ မြေသား ဟာ သူ့အပေါ်ဘယ်လိုနင်းနင်း ဘယ်လိုအဆောက်အဦးဆောက်ဆောက် ကျေကျေနပ်နပ်ခံယူတယ်၊ သစ်ပင်စားပင်တွေစိုက်လည်း အကောင်းဆုံး သီးပွင့်ပြီး တုန့်ပြန်မှုပေးသေးတယ်၊ နောက်ဆုံးအညစ်အကြေးစွန့်ရင်တောင် မှ အုံပြုံးမပျက်ဘူး။

ယောဂီတို့လည်း တရားစခန်းဝင်ချိန်မှာ မြေသားသဏ္ဍာန်စိတ်အစဉ် ထားကြည့် တရားရဖို့ကြီးမားတဲ့အထောက်အပံ့ရသလို ကိုယ်တိုင်လည်း ပေးဆပ်ရခြင်းအတွက် ကျေနပ်ကြည်နူးမှုရမှာမလွဲဘူး- ဦးဇင်းပါးစပ်ဖျားမှာ လမ်းမဆုံးကြနဲ့၊ ကိုယ်တိုင်စမ်းသပ်ကြည့် သဘောပါရဲ့လား-

"ပါပါတယ်ဘုရား"

တရားပွဲအတွင်းမှာ ဦးဇင်းဟောတဲ့တရားအပေါ် အဓိပ္ပါယ်မပေါက်၊ နား မရှင်းရင် အဆောင်ပြန်ရောက်ရင် ကိုယ်နားမရှင်း အဓိပ္ပါယ်မပေါက်တဲ့ အပိုင်းကို စာရွက်ပေါ်မှာဦးဇင်းကိုပြန်မေး၊ အဲဒီစာရွက်ကို အဆောင်မှူးတွေကတဆင့် ဦးဇင်း ဆီပို့ - ဦးဇင်းပြန်ရှင်းပေးမယ်၊ ဘာမှအားနာစရာမလိုဘူး၊ အဲဒီအားနာခြင်းဟာ လည်း တရားရဖို့အဟန့်အတားတစ်ခုဘဲ သဘောပါရဲ့လား-

www.burmeseclassic.com

www.burmeseclassic.com



" ပါပါတယ်ဘုရား "

ကဲ ကဲ အဆောင်ပြန်နားကြတော့ ဦးဇင်းမိန့်တာတွေ ကြားမျောက်မလုပ်ကြနဲ့၊ အဲဒါယောဂီတို့အတွက်နော်။

" မှန်လှပါဘုရား "

□ □ □ □ □

ကဲ တရားပွဲစကြရအောင်

တရားပွဲမစခင် မူလတရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောတဿ သုံးကြိမ်နှင့်ညီညာဖြဖြကန်တော့ကြပါ အုံးစို့ -

နမောတဿ - - - - -

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုကန်တော့ပြီးတော့ ပဋ္ဌိစ္စသမုပ္ပါဒ်မပြတ်လည်ရာ သံသရာမှ လွတ်မြောက်ရာလွတ်မြောက်ကြောင်း အကျင့်ကောင်းတရားများကို ပါဠိမျက်စောင်းထိုးမြန်မြန်ပြန်သက်သက်နှင့် ဂရုဏာထားဟောပြောပြသပေးခဲ့သော ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီးကို မူလနှစ်ဖြာလက်ဆောင်ပုဒ်ဖြင့် ညီညီဖြဖြ ကန်တော့ကြပါအုံးစို့ရဲ့-

မူလနှစ်ဖြာ - - -

ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာ ပါဠိစကားသုံးလုံးဆက်စပ်ထားတာ -

ပဋ္ဌိစ္စ = အကြောင်းကိုစွဲ၍

သံ = ကောင်းစွာ

မုပ္ပါဒ် = အကျိုးဖြစ်သည်

ဒါကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာ မြန်မာပြန်လိုက်ရင် အကြောင်းကိုစွဲ၍ ကောင်းစွာအကျိုးဖြစ်သည်ပေါ့ -



ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ခန္ဓာလည်ပုံ၊ ပြတ်ပုံကို ကြောင်းကျိုးဆက်စပ်တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်ကြီး အသွယ်ရှစ်သွယ်နဲ့ ရေးဆွဲတရားပြခဲ့တာ- ဦးဇင်းတို့လို ယောဂီတို့လို လူနုံ၊ လူညံ့၊လူဖျင်းတွေ နားလည်လွယ်အောင်ပေါ့၊ ဘယ်လောက်များကျေးဇူးကြီးမားသလဲလို့ မေးစရာတောင်မလိုအောင်ပါဘဲ။

ဒီနေ့ ယောဂီသူတော်စင်တို့ကို ဦးဇင်း ကျေးဇူးဆပ်မယ့်တရားကတော့ ဤရှစ်သွယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်ကြီးကို အသွယ်ရှစ်သွယ်နဲ့ တည်ဆောက်ထားတာပေါ့။

ကဲ ဦးဇင်းတို့က အပြင်ဘက်ဆုံးအသွယ်ဖြစ်တဲ့ ဝဋ်လိုင်းတစ်သွယ်ဘာတဲ့ -

" ဝဋ်လိုင်းတစ်သွယ်ပါဘုရား "

ယောဂီသူတော်စင်အပေါင်းတို့ စက်ဝိုင်းဒေသနာတော်ကြီးကို ကြည့်လိုက်ကြပါဦး၊ စက်ဝိုင်းရဲ့အပြင်ဘက်ဆုံး အပြာရောင်နဲ့ ရေးဆွဲထားတဲ့အသွယ်ကို စက်ဝိုင်းရဲ့(၁) နံပါတ်အကွက် အပြင်ဘက်ဆုံး အပြာရောင်လိုင်းမှာ ဘာတွေ့ကြရတုန်း -

" ကိလေသာဝဋ် (၃)ပါးပါဘုရား "

အေး ဟုတ်တယ် အဲဒီမှာ ဦးဇင်းတစ်ခုပြောချင်သေးတယ်၊

ပုထုဇဉ်လူသားတွေက ကိလေသာဆိုတဲ့ အသုံးအနှုန်းကို ကြားရင် သွေးသားဆန္ဒတစ်ခုကိုပဲ စွဲမှတ်ထားကြတယ်၊ အစိတ်အပိုင်းတစ်ခုအနေနဲ့ မှန်ပေမယ့် မပြည့်စုံဘူးနော်၊ ကိလေသာဝဋ်ဆိုတာကို ပြည့်စုံနားလည်သဘောပေါက်အောင် စက်ဝိုင်းဒေသနာတော်ကြီးကို ကြည့်လိုက်ကြပါဦး။

အပြာရောင်လိုင်းထဲမှာ ကိလေသာဝဋ် (၃)ပါးကို ဆရာတော်ကြီးက ဉာဏ်တော်နဲ့ အနီရောင်ကြိုးမျှားလေးနဲ့ သွယ်တန်းပြထားတာကို တွေ့ကြရဲ့လား ယောဂီတို့ .....၊

www.burmeseclassic.com

www.burmeseclassic.com



" တွေ့ပါတယ်ဘုရား "

ကြည့်လိုက်ကြပါဦး အနီရောင်မျှားကြီးလေးဟာ ဘယ်ဓမ္မကို ဖြတ်သွားသလဲလို့ ဟော့ တွေ့ပြီ အဝိဇ္ဇာတဲ့ဘာတဲ့ -

" အဝိဇ္ဇာပါဘုရား "

အေး ဟုတ်တယ် အဲဒီအဝိဇ္ဇာဆိုတဲ့ ဓမ္မကို တရားကိုယ်ကောက်ရင် မောဟ ဘာတဲ့ " မောဟ " ပါဘုရား

အေး မောဟဆိုတာ တွေဝေတာ ၊ မိန်းမောတာ၊ မသိတာ အင်း ဟုတ်ပါပြီ ဘာကိုတွေဝေတာလဲ ဘာကိုမသိတာလဲ ၊ ဘာကိုမိန်းမောတာလဲ မေးရတော့မယ်လေ မမေးသင့်ဘူးလား !

" သင့်ပါတယ်ဘုရား "

သစ္စာလေးပါးကို တွေဝေတာ၊ သစ္စာလေးပါးကို မိန်းမောတာ၊ သစ္စာလေးပါးကို မသိတာ၊ ဟော့ အဖြေထုတ်တော့မယ်နော်၊

အဝိဇ္ဇာဆိုတာ သစ္စာလေးပါးကို မသိတာ ဘာတဲ့

" သစ္စာလေးပါးကို မသိတာပါဘုရား "

စက်ဝိုင်းဒေသနာတော်ကြီးကို ကြည့်ကြပါဦး၊ အဝိဇ္ဇာအောက်ကပ်လျက် အသွယ်က ဘာလဲ

" လွန်လေပြီးသော အတိတ်ကာလပါဘုရား "

အေး အေး (၁)နံပါတ် အတွက်ထဲမှာ မြားကြီးနီးလေးပြချက်က ကုန်သွားပြီပဲ၊

အဲဒီတော့ ဝင်္ဂလိုင်းကို ပြန်သွားကြည့်ကြဦးစို့ရဲ့၊

" မှန်လှပါဘုရား "

ကိလေသာဝဋ် (၃)ပါးကနေ အပြာရောင်အသွယ်ထဲ ဆက်သွားကြည့်လိုက်တော့ ဟော့ တွေ့ပြီ ကမ္မဝဋ် (၂)ပါး ဘာတဲ့

ဒီနားမှာ ဦးဇင်းတစ်ခုပြောရဦးမယ် ပစ္စယာ ဘာလဲ



" ပစ္စယာပါဘုရား "

အေး အေး အဲဒီ ပစ္စယာကို မြန်မာပြန်တော့ ကြောင့်တဲ့

အဝိဇ္ဇာ ပစ္စယာ သင်္ခါရ ဟုတ်ပြီနော်

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ရပါတယ်ပေါ့ သဘောပါရဲ့လား

" သဘောပါပါတယ်ဘုရား "

ကမ္မဝဋ် (၂)ပါးကို ကြည့်တော့ သူ့မှာလည်း မြားကြီးနီလေးရှိနေပြန်တာပဲ၊ ကဲ ကဲ မြားကြီးနီလေးအတိုင်း လိုက်ကြည့်လိုက်ပါဦး ဘာတွေ့တုန်း

" သင်္ခါရပါဘုရား "

အေး အေး အဲဒီသင်္ခါရဆိုတဲ့ ဓမ္မဟာ မြန်မာပြန်ကြည့်တော ပြုလုပ်တဲ့သဘောပါ၊ ပြန်စရရင် လွန်လေပြီးသော အတိတ်ကာလက သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာရဲ့ဦးဆောင်မှုနဲ့ ကံ သင်္ခါရတွေပြုခဲ့ကြတယ်ပေါ့ ဒီအထိသဘောပါရဲ့လား

" သဘောပါပါတယ်ဘုရား "

အေး အေး အဲဒီသင်္ခါရကို ပြုလုပ်တဲ့အကြောင်းကိုမှီပြီး (၃)မျိုး ခွဲခြားထားတယ်ကွဲ့

ပုညာဘိသင်္ခါရ

အပုညာဘိသင်္ခါရ

အာနေဥ္စာဘိသင်္ခါရ

ပုညာဘိသင်္ခါရကို အလွယ်ဆုံးမြန်မာပြန်ရင်တော့ သစ္စာကို မသိပဲ ကောင်းမှုကုသိုလ်တွေကို လွန်ကဲစွာပြုလုပ်တယ်ဆိုတဲ့သဘောပေါ့

သစ္စာမသိပဲ ဒါန၊ သီလတွေ လွန်ကျူးစွာပြုတော့ သင်္ခါရပစ္စယာ ဝိညာဏ်တဲ့၊ လူဝိညာဏ်၊ နတ်ဝိညာဏ်၊ ရူပဗြဟ္မာဝိညာဏ်ရရမှာပေါ့ နိဗ္ဗာန်မရဘူးနော် - လူဝိညာဏ်ကြောင့် လူမသာ၊ နတ်ဝိညာဏ်ကြောင့် နတ်မသာ၊ ဗြဟ္မာဝိညာဏ်ကြောင့် ဗြဟ္မာမသာ အိုနာသေလွတ်ရဲ့လား ယောဂီတို့ -

" မလွတ်ပါဘူးဘုရား "

www.burmeseclassic.com

www.burmeseclassic.com



မလွတ်ဘူးဆိုရင် ဒုက္ခသစ္စာပဲပေါ့

" မှန်လှပါဘုရား "

အပုညာဘိသင်္ခါရ - သစ္စာကိုမသိပဲ အကုသိုလ်အလုပ်တွေ လွန်ကျူးစွာပြုလုပ်တာ သေသည့်၏အခြားမဲ့၌ အပါယ်လေးပါး ဝိညာဏ်လာရမှာပဲ

အာနေဉ္ဇာဘိသင်္ခါရ - ဈာန်သမာဓိအလုပ်တွေကို သစ္စာမသိပဲ လွန်ကျူးစွာပြုလုပ်တာ -

ဒါလည်းပဲ နိဗ္ဗာန်မရောက်နိုင်ဘူးကွယ် ဒါတွေက အတိတ်အကြောင်းတစ်လွှာက ဖြစ်စဉ်တန်းပေါ့ -

အဝိဇ္ဇာကို ဖြတ်လာတဲ့ မြားနီကြီးစရဲ့နောက်ဆက်ကြည့်ကြပါဦးစို့

ဘယ်အကွက်မှာ သွားတွေ့သလဲ ကြည့်ကြပါဦး ယောဂီတို့ -

" မှန်လှပါဘုရား (၃)အကွက်မှာပါဘုရား "

ဩ အေးအေး (၃)အကွက် ပစ္စုပ္ပန်အကြောင်းတစ်လွှာမှာ တွေ့ရတာပေါ့၊ အဲဒီမြှေကို ရှုတ်ကြည့်ကြပါဦး " တဏှာပါဘုရား "

နောက်မြှေကရောကွဲ " ဥပါဒါန်ပါဘုရား "

တဏှာကို တရားကိုယ်ကောက်တော့ လောဘ - လိုချင်တာ၊ ပိုင်ချင်တာ၊ ဥပါဒါန်ကို တရားကိုယ်ကောက်တော့ လောဘအကြီးစား - စွဲလန်းတာ

ဒါဆို ကိလေသာဝဋ် (၃)ပါး စုံပြီပေါ့၊ " စုံပါပြီဘုရား "

ကိလေသာဝဋ် စုံပြီဆိုတော့ ကမ္မဝဋ် (၂)ပါးက တစ်ပါးကျန်သေးတယ် ကမ္မဝဋ် မြားနီကြီးကနေ လိုက်ကြည့်ကြပါဦး၊ ဟော့ တွေ့ပြီ ဘာတဲ့ " ကမ္မဘဝပါဘုရား " အေးအေး ဟုတ်ပြီ ဒီအထိတော့ သဘောပါတယ်နော်

" သဘောပါပါဘုရား "

အေးအေး ဝဋ်သုံးဝဆိုတော့ နောက်ဝဋ်တစ်ပါးကျန်နေသေးတယ်၊ (၁)နံပါတ်အကွက်နဲ့ (၃)နံပါတ်အကွက်မှာ ဝဋ် (၂)ပါးတွေ့ထားရတော့ ကျန်ဝဋ်တစ်ပါးကို (၂)နံပါတ်အကွက်နဲ့ (၄)နံပါတ်အကွက်မှာ ရှာကြည့်ကြပါဦးစို့ရဲ့



" မှန်လှပါဘုရား "

ဝဋ်လိုင်းကို ပြန်ကြည့်တော့ ကျန်နေတဲ့ ဝဋ်တစ်ပါးက ဝိပါကဝဋ်တဲ့ သူက ဘယ်နှစ်ပါးရှိတုန်းကွဲ့ " ရှစ်ပါးပါဘုရား "

အေးအေး အဲဒီရှစ်ပါးကို ရွတ်ကြည့်ကြပါဦး -

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာမရဏပါ ဘုရား၊ အဝိဇ္ဇာဆိုတဲ့ သစ္စာမသိခြင်းဦးဆောင်မှုနောက်မှာ ကံသင်္ခါရတွေ ပြုတော့ ဝိပါကဝဋ် (၈)ပါး ရရတော့တာပဲပေါ့ သဘောပါတယ်နော်

ပစ္စုပ္ပန်အကျိုးတစ်လွှာမှာရတာနော်၊ အတိတ် အဝိဇ္ဇာဦးဆောင်မှုကြောင့် ရခဲ့တဲ့ပစ္စုပ္ပန်အကျိုးတွေပေါ့။

ပစ္စုပ္ပန်အကြောင်းတရားတွေကို တဏှာ ဦးဆောင်ပြန်တော့ အနာဂတ်ကာလမှာလည်း ဝိပါကဝဋ် (၈)ပါး ရနေဦးမှာပဲ ဒီအထိသဘောပါရဲ့လား၊

" သဘောပါပါတယ်ဘုရား "

သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာဆိုတဲ့ အယုတ်သစ္စာနှစ်ပါးထဲ ပြိုင်လည်နေတာမို့ မဆုံးနိုင်အောင် ပွတ်နေကြရတာပဲ သဘောပါရဲ့လား။

အေး အေး အချိန်စေ့သွားပြီမို့ ဒီနေ့ ဒီလောက်နဲ့ပဲ တော်ကြပါဦးစို့

တစ်နေ့ သုံးကြိမ်နှုန်းနှင့် (၇)ရက်ကြာသောအခါ တရားချိန် (၂)ချိန်အရတွင် စာပဋိစ္စသမုပ္ပါဒ် (ဝါ) ဉာတပရိညာ (သိမှုနှင့်ပိုင်းခြားသိခြင်း) အပိုင်းရပ်၍ တရားရှစ်ရက်မြောက်နေ့တွင် တီရဏပရိညာ (ပွားမှုနှင့်ပိုင်းခြားသိခြင်း) ကို စတင်၍ ဟောကြားလေသည်။

ယောဂီအသစ်များ သာမက ယောဂီအဟောင်းများကပင် ဦးဇင်းလေး၏ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ ရှင်းလင်းဟောကြားခြင်းအပေါ် နှစ်ထောင်းအားရ ကျေနပ်မှုများနှင့် တရားပီတိဖြစ်ရလေသည်။

မယ်တော်ကြီး ဒေါ်ဝိမလစာရီကပင် သားဦးဇင်း ဟောတဲ့ ပဋိစ္စသမုပ္ပါဒ် သင်တန်းတရားနာရတာ ကြက်သီးမွေးညှင်းထလောက်အောင် ကျေနပ်ပီတိဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရကြောင်း နှုတ်မှဖွင့်ဟချီးကျူးလေသည်၊

တရားစခန်းဝင်ယောဂီများ နေ့ဆွမ်းစားနေစဉ် ဆရာမကြီးဒေါ်ဝိမလစာရီ ကြွလာပြီး အာဟာရအတွက် သင့်တင့်ကြပါရဲ့လားဟု မေးလေသည်။

ယောဂီများက သင့်တင့်ပါကြောင်း ပြန်လည်လျှောက်ထားလျှင် တရားနာရတာကော အဆင်ပြေကြပါရဲ့လား အမေးစကားထပ်မံဆို၍ ယောဂီများက အလွန်ပင် ကျေနပ်မှုဖြစ်ရပါကြောင်း ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်ကြီးကို သေသေချာချာသိနားလည်ရ၍ တရားနာရင်းမှာပင် တရားအပေါ် ပီတိအဟုန် ပြင်းစွာခံစားကြရပါကြောင်း လျှောက်ထားကြလေသည်၊

မယ်တော်ကြီး ဒေါ်ဝိမလစာရီက ကြည်လင်သောအပြုံးနှင့် ကောင်းမှာပေါ့ အဲဒါ ကျွန်မသားလေ မအေတူသားပဲ မဟုတ်ဘူးလားဟု ပီတိအသံနှင့် မိန့်ကြားပြီး အဆောင်သို့ ပြန်ကြွသွားလေသည်၊

ဆရာတော်ကြီး ဦးကေတုမှာလည်း ဦးဇင်းငယ်က ခေတ်ပညာလည်းတတ်၊ ဘုန်းကြီးစာလည်းတတ်၊ ဉာဏ်ကလည်းကောင်း၊ အရွယ်ကလည်းငယ်၊ သစ္စာတရားအပေါ်မှာလည်း သဒ္ဓါစိတ်ပြည့်၊ မကောင်း ဘယ်ခံနိုင်မှာတုန်းဟု မိန့်ကြားလေသည်။

ယောဂီသူတော်စင်အပေါင်းတို့ ဒီနေ့ဟာ စခန်းဝင်တာ နှစ်ရက်မြောက်နေ့ ရောက်လာပြီ ကျန်ခဲ့တဲ့ (၇)ရက်က စာပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်ကြီးနဲ့ ဒုတ်ထောက်၊ ခွက်မှောက်၊ ပွိုက်ဘုတ်မှာ စာတင်ပြီး ကြားနာမှတ်သားခဲ့ကြပြီးပြီ၊ ယောဂီတို့ရဲ့ သဒ္ဓါစိတ်နဲ့ ဉာဏ်အလိုက် အတိုင်းအတာတစ်ခုအထိ နားလည်ခဲ့ကြပြီလို့ ဦးဇင်းထင်တယ်။

ဒီနေ့တော့ သိထားတဲ့ အသိကိုရှိအောင် ဘယ်လိုသတိထားအားထုတ်ကြရမယ်ဆိုတာကို ဦးဇင်းဟောပေးမယ်၊ စာထဲကအတိုင်း အကျယ် (အဲ) အရှည်မဟောဘူး ဦးဇင်းကိုယ်တိုင် အားထုတ်ခဲ့တဲ့အတိုင်းမို့ အကျဉ်းပဲဖြစ်မယ်၊

အကျဉ်းပဲဆိုလို့ အားလျော့သွားကြပြီလား ! အားမလျော့ကြပါနဲ့၊



အဲဒီအကျဉ်းကိုပဲ စနစ်တကျ ဖွဲ့ရှိရှိနဲ့ အားထုတ်ကြည့်ကြပါ ဘယ်မှတိုင်းအတာထိ ခရီးရောက်မယ်ဆိုတာ ကိုယ်တိုင်သိလာရပါလိမ့်မယ်။

မုသာဝါဒကံဆိုတာ ကိုယ်ကလွဲပြီး အခြားသူတွေအပေါ်မှာ ကျူးလွန်လို့ရမယ်၊ ကိုယ်ဖာသာကိုယ် ဘယ်တော့မှ ကျူးလွန်လို့မရဘူး၊ ဦးဇင်းဘာလို့ ဒါကို ထည့်ဟောသလဲဆိုတာ ယောဂီသူတော်စင်တွေကို ကိုယ်တိုင်အလုပ်လာတဲ့ အခါ သိလာပါလိမ့်မယ်၊ အလုပ်ဆိုတာ သစ္စာအလုပ်ကိုပြောတာနော်၊ ငါ့သား၊ ငါ့မယား၊ ငါ့သမီး ၊ ငါ့မိသားစုအတွက်လုပ်တဲ့ သမုတိနယ်က အလုပ်တွေကို ပြောတာ မဟုတ်ဘူးနော်၊ သဘောပါကြရဲ့လား။

" သဘောပါပါတယ်ဘုရား "

အအေး ထိုင်ပုံထိုင်နည်းအဆင့်ဆင့်ကိုတော့ ဦးဇင်း အသေးစိတ်မဟောတော့ဘူး၊ ဦးဇင်းတို့ရဲ့ ဆရာဖြစ်တဲ့ ဆရာတော်ကြီး ဦးကေတုက သံရုပ်ပြနည်းနဲ့ ဟောကြားထားတာ DVD , VCD အခွေတွေရှိနေပြီ၊ အသေမဦးခင် အဖွဲ့က ဒကာကြီးဦးဝင်းဇင်ကလည်း စာအုပ်အဖြစ်ထုတ်ခဲ့ပြီးပြီ၊ ဒါကြောင့် ဦးဇင်းဟောရင် အဲဒီအနေအထားလောက် ပြည့်စုံမှာ မဟုတ်ဘူး၊ သဘောပါကြရဲ့လား !

" သဘောပါပါတယ်ဘုရား "

ဦးဇင်းက ဆရာတော် ဦးကေတုရဲ့အခွေတရားနာ၊ ဒကာကြီးဦးဝင်းဇင်စီစဉ်တဲ့ စာအုပ်ဖတ်ပြီး ဦးဇင်းကိုယ်တိုင် လေ့ကျင့်အားထုတ်ခဲ့တာပဲ ဟောပေးမှာ သေသေချာချာ ဂရုစိုက်နာကြပါလို့ ဦးဇင်းက မေတ္တာရပ်ခံချင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ယောဂီတို့ သွားသလောက် ခရီးရောက်စေချင်လို့ပါပဲ သဘောပါကြရဲ့လား!

" သဘောပါပါတယ်ဘုရား "

သိထားတဲ့သစ္စာအသိကို ရှိလာအောင် အားထုတ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီဆိုရင် ပထမဆုံး သစ္စာတရားအပေါ်မှာ အကြွင်းမဲ့ ယုံထားရတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



တရားထိုင်ချိန်ကို နံနက်ခြောက်နာရီလို့ သတ်မှတ်လိုက်ရင် နံနက်လေးနာရီ နောက်ပိုင်း ရေမသောက်မိစေတော့နဲ့၊ တရားထိုင်ဖို့ မိနစ် (၂၀) လောက် အလိုကျရင် အပေါ့အလေး ကိစ္စတွေရှင်း၊ ပြီးရင် ကိုယ်လက်သုတ်သင် (၁၀)မိနစ်လောက်အလိုကျရင် အသက်ဝဝရှူပြီး စကြံန်လျှောက် ခြောက်နာရီထိုးလို့ တရားစထိုင်ပြီဆိုရင် ဘုရားရှင်ဆီမှာ တရားတောင်းပြီး သမာဓိအရင်ထူထောင်တော့ အဲဒီမှာ ဦးဇင်းကတော့ ဂဏာဆိုတဲ့ ဂဏန်းသချာနည်းနဲ့ သမာဓိထူထောင်တယ်၊ နှာသီးဖျားမှာ ဝင်လေဝင်ပြီဆိုရင် ပြင်ပလေက နှာသီးဖျားကိုအေးတဲ့အထိ စသိစေတယ်၊ အဲဒီဝင်လေကို ဖြည်းဖြည်းချင်းရှူသွင်း အဆုတ်ထဲမှာလေပြည့်သွားရင် ဆက်မရှူနိုင်တော့ဘူး၊ နှာသီးဖျားမှာ စသိတဲ့ဝင်လေရဲ့အသိကို ဆက်မရှူနိုင်တော့လို့ ရပ်သွားတဲ့အချိန်ထိကို ဝင်လေသိ - အဆုတ်ထဲကလေအပြင်ပြန်ရှူထုတ်လိုက်တော့ ခန္ဓာကိုယ်အပူရှိန်ကြောင့် နွေးတဲ့အသိ နှာသီးဖျားမှာ သိလာရတယ်၊ အဆုတ်ထဲကလေ ဆက်ထုတ်စရာမရှိ ထွက်လေထွက်မှုရပ်တန့်သွားတယ်၊ နွေးတဲ့အသိကနေ ရပ်တန့်သွားတဲ့အသိကို ထွက်လေသိလို့မှတ်၊ အဲဒီဝင်လေသိ၊ ထွက်လေသိတစ်ကြိမ်ကို (၁)လို့မှတ်၊ ခုထိ ဦးဇင်းပြောတာ သဘောပါရဲ့လား !

" သဘောပါပါတယ်ဘုရား "

ဝင်လေသိ၊ ထွက်လေသိနှစ်ကြိမ်ကို (၂)ပေါ့၊ အဲဒီလို အကြိမ်အရေအတွက်ရှစ်ကြိမ်က ဆယ်ကြိမ်အထိ ကိလေသာကြားမညိုနိုင်ရင် သမာဓိရပြီ အဲဒီသမာဓိကို ခဏိကသမာဓိလို့ခေါ်တယ်။

ယောဂီတို့ တကယ်လက်တွေ့လုပ်ကြည့်ရင် (၃) (၄)လောက်ဆိုကိလေသာကကြားညိုချင်ပြီ၊ အဲဒီလိုကြားညိုပြီလို့ သိလိုက်ရင် (၁)ကပြန်စ - ဘယ်နှစ်ကြိမ်လို့ သတ်မှတ်ချက်မရှိဘူး၊ အမှတ်စဉ် (၈)ကနေ (၁၀)ထိကို ကိလေသာကြားမညိုခဲ့ရင် ရှေ့ဆက်တက်လို့ရပြီ။

ဒီထဲမှာ ယောဂီအဟောင်းတွေလည်း အများကြီးပါတယ်၊ အဲဒီအထဲမှာ



သမာဓိရအောင် ကောင်းကောင်းထူထောင်နိုင်တဲ့သူတွေပါသလို၊ မထူထောင်နိုင်သေးတဲ့ သူတွေလည်း ပါမှာပဲ၊ ဒီတော့ ယောဂီအဟောင်းတွေရော အသစ်တွေပါ သမာဓိထူထောင်နည်းကို စပြီး လက်တွေ့ကျင့်ကြစို့၊ ကိုယ့်ဖာသာကိုယ် ဦးဇင်းဟောတဲ့ ခဏိက သမာဓိထူထောင်နိုင်သလားဆိုတာ အခြားမမေးနဲ့ ကိုယ့်ဖာသာကိုယ် ပြန်မေး၊ မုသာဝါဒကံဟာ ကိုယ့်ကိုယ်ကို ကျူးလွန်လို့မရဘူး၊ ဦးဇင်းပြောတာ သဘောပါရဲ့လား !

" သဘောပါပါတယ်ဘုရား "

ကဲ ကျန်တဲ့အချိန်လေးကို သမာဓိထူထောင်နည်းလေ့ကျင့်ကြမယ် ဒီအခြေခံအုတ်မြစ် မခိုင်ပဲ အပေါ်ဆက်တက်လို့မရဘူး၊ ကဲ ကြိုးစားအားထုတ်ကြည့်ကြရအောင်၊

ယောဂီသူတော်စင်အပေါင်းတို့ သမာဓိထူထောင်ဖို့လေ့ကျင့်ခဲ့တာ (၃) ရက်တောင်ရှိခဲ့ပြီ၊

တစ်ရက်ကို သုံးချိန်ဆိုတော့ သမာဓိထူထောင်ရုံတင် ကိုးကြိမ်ရှိသွားပြီပေါ့၊

" ဒကာကြီး ဦးစိန်မောင် "

သမာဓိထူထောင်တဲ့လုပ်ငန်းစွင် အဆင်ပြေပြီလား !

" မှန်လှပါဘုရား ကြိုးစားအားထုတ်ပေမယ့် ကိလေသာက ကြားညိုလွန်းလှပါတယ်ဘုရား "

ဦးဇင်းငယ်မှ ပြုံး၍ -

တစ်ချိန်လုံး တောအတွင်းမှာ အထိန်းအကွပ်မရှိ ကြီးပြင်းလာတဲ့ မြင်းရိုင်းလိုပေါ့၊ အခုမှ ကကြိုးတတ် အစီးသင်ရတာ ဘယ်လွယ်နိုင်ပါ့မလဲ၊ အားမလျော့ကြပါနဲ့၊ ကြိမ်ဖန်များစွာလေ့ကျင့်အားကောင်းလာရင် ဖြစ်ကိုဖြစ်လာမှာပါ၊

တရားစခန်းဆိုတာ သစ္စာအသိတွေ သိလာအောင် သိလာတဲ့အသိတွေကို ရှိလာအောင် ဘယ်လိုကျင့်ကြံနေထိုင် ကြိုးစားအားထုတ်ရမယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



သင်ပေးတဲ့ သင်တန်းကျောင်းပဲ၊ တရားစခန်းဝင်ရုံနဲ့ တရားထူးတရားမြတ်တွေ ဘယ်မှာလာ လွယ်လွယ်နဲ့ ရနိုင်ပါ့မလဲ၊ ကြိမ်ဖန်များစွာ အသိ၊ သတိ၊ ဝီရိယ အရှိန် ညီပေါင်းစပ်နိုင်မှုရမယ်လေ၊ ဒါကြောင့် ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောခဲ့တာပါ၊ ဝိမုတ္တိတပတ်ပြန်လည်တဲ့ ဝိပဿနာခေတ်မှာ လူဖြစ်လာတဲ့ ဦးဇင်းတို့ယောဂီသူတော်စင်တို့တစ်တွေဟာ နေယျပုဂ္ဂိုလ်တွေပဲ၊ အကျဉ်းဟောရုံနဲ့လဲ မသိ၊ အကျယ်ချဲ့ဟောလဲ မသိ၊ ထပ်ပြန် တလဲလဲ ကြိမ်ဖန်များစွာဟောမှ အမိပ္ပါယ်သိလာတဲ့သူတွေမို့လေ၊ အဲဒီလိုလူတွေ ကို နေယျပုဂ္ဂိုလ်လို့ခေါ်တယ်၊ ဘုရားဟောပြော တရားတော်ကို သင်သော်မယွင်း နာယူခြင်းနှင့် ရှင်းလင်းအောင်မေးမြန်း ဆွေးနွေးလျက် ကြံတွေးစဉ်းစား ဘာဝနာ ပွားမှ တရားရမှု ထိုသည်သူခေါ်ယူ နေယျပုဂ္ဂလတဲ့ အားမလျော့နဲ့နော် ဒကာကြီး ဦးစိန်မောင်.....၊

"မှန်လှပါဘုရား"

ကဲကဲ ခဏိက သမာဓိထူထောင်နိုင်ပြီဆိုရင် ဝိပဿနာဘက်ကူးကြရ အောင်၊ သမာဓိထူထောင်စဉ်က ဝင်လေသိ - ထွက်လေသိနော်၊ ဝိပဿနာဘက် ပြောင်းတော့ ဝင်တဲ့လေဟာ ဝင်သွားပြီး ဆက်မဝင်နိုင်တော့တဲ့ အခြေအနေမှာ ရပ်မသွားဘူးလား။

"ရပ်သွားပါတယ်ဘုရား"

ရပ်သွားတာဟာ ဝင်လေပျက်သွားတာပဲပေါ့ ကူးပြီးနော် ဝင်လေသိက နေ ဝင်လေပျက် သဘောပါကြရဲ့လား !

သဘောပါပါတယ်ဘုရား

ထွက်လေလည်း ဒီသဘောအတိုင်းပဲပေါ့၊ ထွက်လေသိကနေ ထွက် လေပျက်ပေါ့။

ဦးဇင်းတို့က မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယအတိုင်း အားထုတ်ကြမှာဆိုတော့ စိတ္တာနုပဿနာနည်းပေါ့၊ ဒါကြောင့် အိမ်သည်စိတ် အဲ



သက်စောင့်စိတ်ဖြစ်တဲ့ လေကိုထုတ်သောစိတ်၊ လေကိုသွင်းသောစိတ်၊ ရှုစိတ် ပျက်၊ ထုတ်စိတ်ပျက်ပေါ့၊ သဘောပါကြရဲ့လား !

"သဘောပါပါတယ်ဘုရား"

အိမ်သည်စိတ်ပျက်စဉ်တန်းကို ရှုမှတ်နေတုန်းမှာပဲ အပြင်ဧည့်သည် စိတ် (၅)စိတ်နဲ့ အတွင်းဧည့်သည် စိတ် (၆)စိတဟာ အကြောင်းတိုက်ဆိုင်သလို တစ်စိတ်ပြီး တစ်စိတ်ပေါ်နေမှာပဲ၊ အဲဒီပေါ်လာတဲ့ စိတ်ကို သိလိုက်တဲ့အချိန်မှာ ပျက်နေပြီမို့ ဦးဇင်းက အတိုဆုံးနဲ့ နားလည်လွယ်အောင် မှတ်ထားလိုက်တယ်၊ ပစ္စုပ္ပန်တည့်တည့်မှာ ပျက်နေတဲ့ပျက်စဉ်တန်းကို လိုက်လိုက်သိပေးနေတဲ့စိတ်၊ လိုက်လိုက်သိပေးနေတဲ့ဉာဏ်ကို ဝိပဿနာဉာဏ်လို့ခေါ်တယ်လေ -

"သဘောပါကြရဲ့လား"

သဘောပါပါတယ် - တရားရှာတဲ့အချိန်တွေမှာ တွေးတောကြံစည်စိတ် ဟာ တရားရဖို့ အကြီးဆုံးအဟန့်အတားပဲ၊ ကဲ အချိန်စေ့ပြီမို့ ဒီနေ့ တော်ကြဦးစို့။

"သာဓု၊ သာဓု၊ သာဓုပါဘုရား။"

ယောဂီသူတော်စင်အပေါင်းတို့ ဦးဇင်းတို့ (၁၄)ရက် ဝါခေါင်အထူး တရားစခန်းပွဲဟာ ဒီနေ့နောက်ဆုံးနေ့၊ မနက်ဖြန် မနက်အာရုံဆွမ်းစားပြီးရင် ယောဂီတို့ဟာ ကိုယ်အိမ်လို့ ပညတ်ထားတဲ့နေရာအသီးသီးကို ပြန်ကြရတော့မှာ ပေါ့၊ ယောဂီတို့ စခန်းပွဲရက်မှာ ကျောင်းရှေ့ပြည်လမ်းမဘေး ပို့ထားခဲ့တဲ့ မာန်၊ မာန၊ မာယာ၊ ဂုဏ်၊ ပကာသနတွေကလည်း စောင့်နေကြလောက်ပြီ၊ ဦးဇင်း ရဲ့ ရဟန်းမယ်တော်ကြီးလည်းဖြစ်၊ သစ္စာတရားတွေ ဟောပြောသင်ကြားပေးတဲ့ ဆရာလည်းဖြစ်တဲ့ သီလရှင်ဆရာမကြီးဒေါ်ဝိမလစာရီ ပြောတဲ့ ဒွန်းစဏ္ဍားရွာကို ပြန်ကြရတော့မှာလေ.....၊

ဒွန်းစဏ္ဍားရွာပြန်ရင် အဲဒီ မာန်မာန၊ မာယာ၊ ဂုဏ်၊ ပကာသနတွေအို ပြန်ခေါ်မသွားလို့မရနိုင်ဘူး၊ သူတို့ရှိမှ ရပ်တည်နိုင်မှာလေ - သမုတိနယ်တိုး ဟုတ်ရဲ့လား ! ဒကာကြီးဦးစိန်မောင်

www.burmeseclassic.com

www.burmeseclassic.com



" ဟုတ်ပါတယ်ဘုရား "

အင်း အင်း ဒါပေမယ့် ယောဂီတို့ဟာ သစ္စာအသိ သိသွားကြပြီ ရှိလာအောင်လည်း ကြိုးစားအားထုတ်ကြတော့မယ်၊ သစ္စာအသိ မသိသေးတဲ့သူတွေနဲ့တော့ နှိုင်းဆလို့မရအောင် ကွာခြားသွားပြီပေါ့၊ သမုတိနယ်ကနေ ဒီဘက်ကို ကူးလာနိုင်အောင် ကြိုးပမ်းနိုင်သူတွေဖြစ်ကြပါစေလို့ ဦးဖင်းဆန္ဒပြုပေးပါတယ်။

ဦးဖင်းက ရဟန်းဝါ (၅)ဝါပဲ ရသေးတယ်၊ ရဟန်းခံစဉ်ကတည်းက ဒီရိပ်သာမှာဆိုတော့ အထူးတရားစခန်းပွဲကို ဒီအကြိမ်နဲ့ပါဆိုရင် (၂၆)ကြိမ်တောင် ကြုံခဲ့ရပြီးပြီ။

စခန်းပွဲပြီးလို့ မနက်ဖြန်ပြန်ရတော့မယ်ဆိုရင် တချို့များ အိပ်ယာတောင် ကြိုသိမ်းထားကြတယ်၊ ပုံမှန်စီးမျောနေတဲ့ ကိလေသာတောကို ပြန်ချင်စိတ်များပုံများလေ .....၊

ဦးဖင်းတို့ ရိပ်သာမှာ တရားဝင်ယောဂီတွေကို ဆွမ်းစရိတ် အလှူမခံဘူး သစ္စာတရားတွေ ကြားနာမှတ်သားချင်ပေမယ့် ဆွမ်းစရိတ်မရှိလို့ တရားစခန်း မဝင်နိုင်မှာစိုးလို့ ဆရာတော်ကြီးဦးကေတုက စေတနာ၊ မေတ္တာထား ဆောင်ရွက်ပေးတာပဲ။

တရားစခန်းဝင်ချိန်မှာ ယောဂီတွေ ကျန်းကျန်းမာမာနဲ့ တရားအားထုတ်နိုင်အောင်လို့ အာဟာရမျှတအောင်လည်း မယ်တော်ကြီးက အလေးထား ဆောင်ရွက်ပေးတာလည်း ယောဂီတို့ အသိဆုံးပါပဲ၊ တရားစခန်းပွဲပြီးရင်တောင် အိမ်ပြန်နိုင်ဖို့ ကားတွေ စီစဉ်ပေးတာလည်း မယ်တော်ကြီးပဲလေ၊ အဲဒါတွေ အားလုံးဟာ ယောဂီတို့ သစ္စာအသိတွေ ရစေချင်တဲ့ ဆန္ဒရဲ့ပြုရပ်ပဲလေ။

ဒါကြောင့် ကိုယ်အိမ်ကိုယ်ပြန်ရောက်ရင်လည်း တရားတစ်ချိန်နာ၊ တစ်ချိန်ထိုင်နိုင်အောင်တော့ ကြိုးစားကြပါလို့ ဦးဖင်းက တိုက်တွန်းရင်း တရားပွဲ အဆုံးသတ်လိုက်ပါတယ်။

" သာဓု သာဓု သာဓု "

## အခန်း (၁၂)
## အသိ - သတိ - အရှိမှသည် ထွက်လမ်းဆီသို့

ရပ်ဝေး ရပ်နီးမှ တရားနာ၊ တရားရှာကြတဲ့ ယောဂီသူတော်စင်အပေါင်း တို့သည် ဒီဘဝ၊ ဒီခန္ဓာမဆုံးခင်မှာပင် မဂ်ဆိုက်ဖိုလ်ဝင် နိဗ္ဗာန်မြင်နိုင်ကြပါစေ။

နောက်တစ်နေ့ အာရုံဆွမ်းစားပြီး ယောဂီများမပြန်မီ အစုလိုက်၊ အစုလိုက်၊ ဦးဖင်းလေးအား လှူဖွယ်ဝတ္ထုများ ကပ်လှူကြသည်။ ဝတ္ထုငွေကို စာအိတ်အတွင်းထည့်၍ ပန်းကန်ပြားပေါ်တင်လှူနိုင်ရန် ဒကာကြီး ဦးဝင်းဖင်မှ စီစဉ်ပေးရသည်။

ရဟန်းခံသိမ်ထွက်ပြီးကတည်းက ဦးဖင်းလေးက ဝတ္ထုငွေမကိုင်တော့ နေ့လည်ဘက် သံပုရာရည်ကပ်လျှင်ပင် ဘုဉ်းမပေး -

ဝိနည်းကို အထူးဂရုထားစောင့်ထိန်းဟန်ရှိသည်။

တရားစခန်းဝင်ယောဂီများပြန် နံနက်ကိုးနာရီခွဲခန့်တွင်

ဒကာကြီးဦးဝင်းဖင်

ဘုရား

ဦးဖင်း ဓမ္မပူဇာအလှူငွေထဲက ရဟန်းငါးပါးစာ သင်္ကန်းပရိက္ခရာဝယ်ပေးပါဦးလား !

" မှန်လှပါဘုရား "

ဆရာတော် ဦးဇောတိက ရေးသားခဲ့တဲ့ (၂၂၇) သွယ်သော သိက္ခာပုဒ် (၅)အုပ်လည်း ဝယ်ခဲ့ဦးနော်

" မှန်လှပါဘုရား "

" ဒီနေ့နော် ဒကာကြီး "

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါဘုရား"

နေ့လည်နှစ်နာရီခန့်တွင် ဦးဇင်းမှာကြားသည်များဝယ်၍ ဒကာကြီး ဦးဝင်းဇင် ပြန်ရောက်လာသည်။ ဦးဇင်းက သူ့ခေါင်းရင်းကုတင်ထိပ်တွင် ထားရန် နေရာပြ၍ ဦးဝင်းဇင်မှ နေရာတကျ ထားပေးလိုက်လေသည်။

"ဒကာကြီး"

"ဘုရား"

မွေ့နံ့ပတ်သက်တဲ့ စာအုပ်တွေ၊ တိတ်ခွေတွေကို ယောဂီတွေဆီ ဖြန့်ချိနိုင်တာလဲ တရားဟောသလို ကုသိုလ်ထူးရပါတယ်

"မှန်လှပါဘုရား"

ဒါပေမယ့် ဦးဇင်းလေးက ဆက်မမိန့်ပဲနဲ့ ခေတ္တငြိမ်နေသည်။

အဲလောက်နဲ့ မပြည့်စုံသေးဘူး ဒကာကြီး

"မိန့်တော်မူပါဘုရား"

ဒကာကြီး သိထားတဲ့ သစ္စာအသိတွေကို ရှိလာအောင် ကြိုးစားအားထုတ်ဖို့လိုသေးတယ်လေ

"မှန်လှပါဘုရား"

ကွေးသောလက် မဆန့်မီတဲ့ တော်ကြာကိုယ်ကျိုးနည်းပေါ့ အဖြစ်မျိုးကြုံနေမှာ ဦးဇင်းက စိုးရိမ်လို့ပါ

"တပည့်တော် သဘောပေါက်ပါပြီဘုရား"

ဒကာကြီးလည်း ပင်ပန်းရောပေါ့ နားနားဟု မိန့်၍ အသာ ဦးခိုက်ကာ ထွက်သွားခဲ့လေသည်။

ညနေပိုင်း (၅)နာရီအချိန်တွင် ဦးဇင်းလေးသည် ဆရာတော် ဦးကေတုအား သွားရောက်ဦးခိုက်လေသည်။

ဆရာတော်ဦးကေတုမှ -

"မောင်ပဥ္စင်း (၄၂)ရှိန်ဟောလိုက်ရလို့ ပင်ပန်းသွားပြီလား"



"မပင်ပန်းပါဘူးဘုရား"

ဦးဇင်းတရားတွေ နာပြီး ဦးဇင်းမယ်တော်ကြီး အတော်ကျေနပ်နေလေရဲ့

"မှန်လှပါဘုရား တပည့်တော်ကို ဘာများနိုင်းဖို့ရှိပါသေးလဲဘုရား"

"မရှိပါဘူးမောင်ပဇင်းရယ်"

"ဒါဆို တပည့်တော် နားပါရစေဘုရား"

"နားနား မနားခင် ဦးဇင်းမယ်တော်ကြီးကို သွားတွေ့လိုက်ပါဦး"

"မှန်လှပါဘုရား"

"သားဦးဇင်းကြွလာတယ် အမေအေးဘုဉ်းပါဘုရား"

"နေနေ မယ်တော်ကြီး ဦးဇင်း ပြည့်စုံပါတယ်"

သားဦးဇင်း တရားတွေနာရတော့ မယ်တော်ကြီး တရားပီတိဖြစ်ရပါတယ်၊ သားဦးဇင်းက ကျက်ဟောမှ မဟုတ်တာပဲ၊ မယ်တော်ကြီး ထင်ထားတာထက် အများကြီးပိုနေတာပဲ၊

"ကျေးဇူးတင်ပါတယ် မယ်တော်ကြီး"

"မယ်တော်ကြီး"

"ဘုရား"

"ဦးဇင်း ဘာများဆောင်ရွက်ပေးဖို့ရှိပါသေးလဲ"

"မရှိပါဘူးဘုရား"

"ဒါဆို သားကို နားခွင့်ပေးပါ မယ်တော်ကြီး"

ဟုတ်တာပေါ့ သားဦးဇင်း ပင်ပန်းနေပြီပဲ နားနား စိတ်ချလက်ချသာ နားပါ သားဦးဇင်း

"သားကိုခွင့်ပြုပါ မယ်တော်ကြီး"

ကြွပါဘုရားဟုဆို၍ မယ်တော်ကြီးက သားဦးဇင်းကို ဦးချတော်မူသည်။

"ဦးဇင်းကြီး"

"ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဦးပညာသာမိ တဖြစ်လဲ ဦးဘမောင်မှ သားဦးဇင်းခေါ်သံကို တုန့်ပြန်ထူး လေသည်။

ဒုက္ခကို ဒုက္ခမှန်းသိရင် ဒုက္ခနဲ့ဝေးအောင် ဒုက္ခငြိမ်းအောင် ကြိုးစား အားထုတ်ဖို့ မမေ့နဲ့နော်

" မှန်လှပါဘုရား "

သမုတိနယ်မှာ ဒုက္ခပင်လယ်ဝေခဲ့ပြီးပြီပဲ ဒီဘက်နယ်ကိုရောက်အောင် လှေလှော်ကူးခတ်ဖို့ လိုမယ်ထင်လို့ပါ

" တပည့်တော် သဘောပေါက်ပါတယ်ဘုရား "

" သာဓု၊ သာဓု၊ သာဓု တပည့်တော်ကို ခွင့်ပြုပါဦး ဦးဇင်းကြီး "

" မှန်လှပါဘုရား "

ဝင်္ကျောင်းလှူပြီး သာသနာ့ဘောင်ဝင်ခဲ့သော ဦးဇင်းကြီးသည် သားဦးဇင်း၏အမိန့်ကို သေရှာနားလည်ဟန်နှင့် ဦးခိုက်လိုက်လေသည်။

ဦးဇင်းလေးသည် ကျောင်းရှိသံဃာတော်များအား သူ့ကိုလှူဒါန်းထား သော သင်္ကန်းများအား တစ်ပါးဆီကိုယ်တိုင်လိုက်လှူလေသည်။

ဦးနန္ဒ၊ ဦးဇဝန၊ ဦးပညာစက္က တဖြစ်လဲ နေမျိုး၊ ဇင်မောင်၊ ပိုင်စိုးမောင်တို့ က ဦးဇင်းလေးအား ဦးခိုက်ကြသည်။

အရှင်ဘုရားတရားတွေ နာရတာ တရားအပေါ်မှာ ကျေနပ်ပီတိဖြစ်ရပါ တယ်ဘုရားဟု ဦးနန္ဒမှ လျှောက်သည်။

ဦးဇင်းလေးမှ -

ဦးဇင်းတို့ စာဝါတွေလိုက်ရလို့ ပင်ပန်းတယ်ဆိုပြီး အလုပ်တရားဘက် မလျှော့မိစေနဲ့နော်

" မှန်လှပါဘုရား "

" ဦးဇင်းကို ခွင့်ပြုပါဦး "

" မှန်လှပါဘုရား "



ဒေါ်ခေမာ၊ ဒေါ်ဝဏ္ဏသိင်္ဂီ၊ ဒေါ်နန္ဒမာလ တဖြစ်လဲ ခင်ငြိမ်းစံတို့နှင့် ဆုံလျှင် ဦးဇင်းလေးမှ -

ဆရာလေးတို့ -

" ဘုရား "

" သွားမှာလား ခရီးဆုံးထိရောက်အောင်သွားကြပါ "

" နားမှာလား တစ်ခါတည်း အပြီးနားလိုက်ပါ "

" မှန်လှပါဘုရား "

ညဘက် သံဃာတော်များ ဒေသနာကြားပြီး ဦးဇင်းလေးသည် သူ သီတင်းသုံးရာ ဝင်္ကျောင်းဆောင်သို့ တည်ငြိမ်စွာကြွသွားလေသည်။

မနက်အာရုံဆွမ်းချိန်တွင် ဦးဇင်းရောက်မလာ၍ နေရာလွတ်နေလေ သည်။ ဦးဇင်းလေးခတော့ အတော်ပင်ပန်းသွားပြီထင်တယ်၊ အာရုံဆွမ်းတောင် လာပြီး ဘုဉ်းမပေးဘူးဟု ဆရာတော် ဦးကေတုမှ မိန့်သည်။

ဆွမ်းဘုဉ်းပြီးချိန် ဆရာတော် ဦးကေတုမှ

" ဦးနန္ဒ "

" ဘုရား "

" ဦးဇင်းလေးသွားကြည့်စမ်းပါဦး ပင်ပန်းပြီး ဖျားများနေသလားလို့ "

" မှန်လှပါဘုရား "

ခဏအကြာ ဦးနန္ဒပြန်လာ၍

ဦးဇင်းလေး တရားထိုင်နေပါတယ်ဘုရားဟု လျှောက်လေသည်။

" ဩ အေး အေး "

နေ့ဆွမ်းချိန်တွင်လည်း ဆွမ်းစားဆောင်သို့ ဦးဇင်းလေး ကြွမလာ

" ဦးဇဝန "

" ဘုရား "

" ဦးဇင်းလေး သွားကြည့်ပါဦးလား "

www.burmeseclassic.com

www.burmeseclassic.com



“မှန်လှပါဘုရား”

“ဦးဇင်းလေး တရားထိုင်နေပါတယ်ဘုရား”

“ဟော့ တရားဖြတ်ရင် ဆွမ်းချိန်လင့်နေလိမ့်မယ် ဒီအချိုရည်ဗူးလေး ဘေးမှာ သွားကပ်ထားလိုက်ကြဦး”

“မှန်လှပါဘုရား”

ညဘက် ဒေသနာကြားချိန်တွင်လည်း ဦးဇင်းလေး ရောက်မလာ

နောက်နေ့မနက် အာရုံဆွမ်းချိန်ကြွမလာပြန်၍ ဆွမ်းဘုဉ်းပေးအပြီး ဆရာတော်ဦးကေတုမှ -

ဦးဥွင်းတို့ လိုက်ခဲ့ကြဦး ဦးဇင်းလေးအခြေအနေသွားကြည့်ကြရအောင် ဆိုကာ ဦးဆောင်ကြလေသည်။

အရှင်ဘုရား ခန္ဓာကိစ္စများ ဆောင်ရွက်ရန် တရားဖြတ်ပါတော့ဘုရား

ဦးဇင်းလေးက တုန့်ပြန်မှုမရှိ -

အရှင်ဘုရား တရားဖြတ်ပါတော့ဘုရားဟု ဦးနန္ဒမှ လက်မောင်းကို ကိုင်၍ လျှောက်ထားလေသည်။ ဦးနန္ဒ လက်အလွတ် ဦးဇင်းလေးက ဘေးဘက်သို့ ညင်သာစွာ လဲကျသွားလေသည်။

ဟဲ့ ဟဲ့ မောင်ဥွင်းတို့ ကုတင်ပေါ်တင်ကြစမ်းပါဦးဟု ဆရာတော် ဦးကေတုမှ မိန့်လေသည်။

“ဦးဇဝန”

“ဘုရား”

“ဆေးခန်းတာဝန်ကျ ဆရာဝန် မရောက်သေးဘူးလား”

ဦးဇဝန အလျင်အမြန် ဆေးခန်းဘက်ထွက်သွားလေသည်။

ဦးဇဝနနှင့်အတူ ဆေးခန်းတာဝန်ကျ ဆရာဝန် ပါလာပြီ ဦးဇင်းလေးအား စမ်းသပ်လေသည်။ နောက်ဆုံး ဓါတ်မီးငယ်နှင့်မျက်စေ့ကို ထိုးကြည့်ပြီး ဆရာဝန်မှ သက်ပြင်းတစ်ချက်ချ၍ လျှောက်ထားလေတော့သည်။



“ဦးဇင်းလေး ပျံလွန်တော်မူပါပြီဘုရား”

ထိုသတင်းကား တောမီးပမာ ပြန့်သွားလေသည်။ မော်ဘီ၊ ရန်ကုန်၊ တိုက်ကြီး အစရှိသောမြို့များမှ ဒကာ၊ ဒကာမများ အပြေးအလွှားရောက်လာကြလေသည်။

ရိပ်သာစည်းကမ်းအရ တရားတစ်ချိန်ဖျက်၍ သင်္ဂြိုဟ်ရမည့်ဖြစ်သော်လည်း ဦးဇင်းလေး၏ အရိယာသေဟန်ကြောင့် ရက်ရွှေ့လိုက်ရလေသည်။

ပျော့ပြောင်းဟန် သွေးရောင်လွှမ်းမျက်နှာတော်ကြောင့် ရာပနကို အခမ်းအနားနှင့် ဒကာ၊ ဒကာမများက စီစဉ်ခွင့်ပေးပါရန် ဆရာတော် ဦးကေတုကို လျှောက်ထားကြလေသည်။

ဆရာတော်မှ သေချာစဉ်းစားတော်မူပြီး တစ်လသတ်မှတ်ပေးလိုက်လေသည်။ ဦးဇင်းလေး၏ ရုပ်ကလပ်အား ဝင်္ကျောင်းများအလယ်တွင် စီစဉ်ထားလေသည်။

ထူးခြားစွာ ရှည်ထွက်နေသော ဆံတော်များကို တစ်ပါတ်တစ်ကြိမ်ရိတ်ပေးရလေသည်။ ခြေသည်း၊ လက်သည်းတော်များကိုလည်း ညှပ်ပေးနေရပြန်သည်။

တစ်လပြည့်သည့်နေ့တွင် ဝင်္ကျောင်းအလယ်၌ပင် မီးသင်္ဂြိုဟ်လိုက်ရလေသည်။ အရိုးပြာကိုယူ၍ ထိုနေရာ၌ပင် အရိုးအိုးစေတီတည်ထားလိုက်ကြလေတော့သည်။

နောက်တစ်နှစ် ဝါခေါင်လ အတူးစခန်းပွဲအပြီး ဦးဇင်းလေးပျံလွန်တော်မူသည် တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျောင်းရှိ သံဃာတော်များ စုပေါင်း မေတ္တာသုတ်ရွတ်ပွဲ ကျင်းပလေသည်။

ထိုနေ့ နံနက်ခုနစ်နာရီအချိန်တွင်

– တပည့်တော်တို့ ရဟန်းခံချင်လို့ပါဘုရားဟု ဒကာနှစ်ဦးလာရောက် လျှောက်ထားလေသည်။ ဦးနန္ဒမှ -

www.burmeseclassic.com

www.burmeseclassic.com



ဒကာကြီး ဦးသန်းညွန့်နဲ့ ဦးသိမ်းထွေးပါလား ဘယ်လောက်ကြာအောင် ရဟန်းဝတ်ကြမလဲဟု မိန့်သည်။

" တပည့်တော်တို့ သာသနာ့ဘောင်မှာ ပျော်သလောက်ပါဘုရား "

ဆရာတော်ဦးကေတုမှ နေ့လည်သုံးနာရီတွင် သိမ်တက်ရန်အချိန် သတ်မှတ်ပေးလေသည်။

နေ့လည် ဆယ်နှစ်နာရီအချိန်တွင် ဒကာနှစ်ယောက် ထပ်မံရောက်လာ၍ ရဟန်းခံလိုကြောင်း လျှောက်ထားပြန်လေသည်။

" ဦးဇဝနမှ ဒကာကြီးတို့ ကိုသီဟနဲ့ ကိုငြိမ်းချမ်းမှတ်တယ် "

" မှန်လှပါဘုရား "

" ပျော်သလောက်ဝတ်ကြမယ်ပေါ့ "

" မှန်လှပါဘုရား "

နေ့လည်နှစ်နာရီခွဲခန့်တွင် ရောက်လာသူက အငယ်လေး

" တပည့်တော် ရဟန်းခံချင်လို့ပါဘုရား "

ဆရာတော်ဦးကေတုမှ ပြုံးတော်မူ၍

" အေး ငါးပါးတော့စုံပြီပေါ့ "

နေကြပါဦး ဒကာလေးတို့ ရဟန်းခံမယ်ဆိုတော့ ရဟန်းဒကာရော ကွဲ့ သင်္ကန်း ပရိက္ခရာရော စုံကြရဲ့လားကွဲ့ဟု မေးလေသည်၊ ဒကာငါးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ရဟန်းဒကာမရှိပါဘူးဘုရား သင်္ကန်း ပရိက္ခရာလည်း မပါပါဘူးဘုရား" ဟု ညီးငယ်ဟန်ဖြင့် လျှောက်ကြသည်။

အေးအေး ရဟန်းဒကာလည်းရှိပါတယ်၊ ငါးပါးစာ သင်္ကန်း ပရိက္ခရာလည်း စုံပါတယ်၊ ဩ သားဦးဇင်းက တစ်နှစ်တောင် ကြိုစီမံသွားနိုင်တာပဲ

" သာဓု သာဓု သာဓု "

ဒကာကြီး ဦးဝင်းဇင်

" ဘုရား "



ဦးဇင်းလေး အခန်းဖွင့်ပြီး သင်္ကန်းပရိက္ခရာတွေ သွားယူခဲ့တော့ သုံးနာရီ ထိုးခါနီးပြီ၊ ဦးဇင်းတို့ ဒီဒကာလေးတွေကို ဆံချပေးလိုက်ကြတော့ဟု မိန့်လေသည်။

မယ်တော်ကြီး ဒေါ်ဝိမလစာရီမှ ဦးဇင်းလေး၏ အရိုးအိုးစေတီကို လက်အုပ်ချီရင်း ကြီးမြတ်လှပါပေ သားဦးဇင်းရယ်ဟု ရေရွတ်လေတော့သည်။

စကြာဝဠာ ချမ်းအေးစေတီတော်နှင့် ဦးဇင်းလေး အရိုးအိုးစေတီတော်မှ ငြိမ်းချမ်းသာယာသော ဆည်းလည်းသံများ ပျံ့လွင့်လာလေသည်။

သစ္စာအသိဖြင့် ကိုမျိုး (မင်္ဂလာ)

BURMESE CLASSIC .com

www.burmeseclassic.com